

ဂူးလုံစိမ်း၏ ရှန်ဖုန်ချီ
2003
တက္ကသိုလ်
နေလင်းအောင်
သိုင်းတံခွန်
ဧ-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၅)
ဇော်ရဲအောင်(TZ)
သိုင်းစာစဉ်များpage


40
နေလင်းအောင်
သိုင်းတံခွန်
စာစဉ် ၅

၈၁၉၀

# တက္ကသိုလ်နေ့လင်းအောင်

# သိုင်းတံခွန်

( စာစဉ်-၅ )

တစ်ရက်ဖတ်ခ(  )ကျပ်

နေဝန်းသစ်စာပေ

အခန်း ၁၆၊ တိုက် ၅၇၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာများနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အခန်း ( ၁၀ )

## လျှို့ဝှက်သော ခရီးစဉ်

"သူတို့ အခု ဘယ်မှာလဲ"

"ကျွန်းဆရာကြီးနဲ့ ချွဲဆရာကြီးတို့ဟာ ဒီနေရာက သိပ်မဝေးလှတဲ့ ဘုရားကျောင်းပျက်ကြီးတစ်ခုထဲမှာ စောင့်နေကြပါတယ်၊ ဆရာလေး လိုက်လာရင်တော့ ဆရာကြီးနှစ်ယောက်ဟာ သိပ်ဝမ်းသာမှာ သေချာပါတယ်"

"ကောင်းပြီ၊ ကျုပ်လိုက်မယ်၊ ခင်ဗျားတို့နှစ်ယောက် ရှေ့က လမ်းပြပေတော့"

ကျွန်လုအဖွဲ့သားနှစ်ယောက်သည် အလွန်ပေါ့ပါးဖျတ်လတ်စွာဖြင့် ပြေးလွှားသွက်သွားရာ ရဲဘူးလင်ကလည်း နောက်မှ အမီလိုက်လေ၏၊ မကြာမီ ဘုရားကျောင်းပျက်

ကြီးတစ်ခုရှေ့သို့ ရောက်ရှိလာပြီး ဟင်းလင်းပွင့်နေသော တံခါးမကြီးမှနေ၍ အထဲမှထွက်ပေါ်နေသည့် မီးရောင်ကို တွေ့ရှိလိုက်ရသည်။

တံခါးမကြီးသို့ရောက်သောအခါ ရုံကူလင်အား လာရောက်ဖိတ်ခေါ်သည့် ကျန်လုအဖွဲ့သား နှစ်ယောက်သည် ဆက်မလိုက်တော့ဘဲ ရပ်ကျန်ခဲ့လေ၏။ ရုံကူလင်တစ်ယောက်တည်းသာ အတွင်းသို့ တဖြည်းဖြည်း လှမ်းဝင်သွားသည်။

ဘုရားကျောင်းပျက်၏အခန်းတစ်ခု၌ စားပွဲအစုတ်တစ်လုံး၊ ကုလားထိုင်အစုတ်သုံးလုံး ရှိနေသည်။ စားပွဲပေါ်၌ ဖယောင်းတိုင်တစ်တိုင် မီးထွန်းထားပြီး ကုလားထိုင်အစုတ်နှစ်လုံးပေါ်၌ ကျန်းရှန်ရင်းနှင့်ချင်ဖုန်ဖုံးတို့ ထိုင်နေကြောင်း တွေ့ရသည်။ ကျန်ကုလားထိုင်အစုတ်တစ်လုံးမှာ ရုံကူလင်အတွက် သီးခြားချန်ထားဟန်တူပေသည်။

ရုံကူလင် ဝင်လာသည်ကိုတွေ့သည်နှင့် ကျန်းရှန်ရင်းနှင့် ချင်ဖုန်ဖုံးတို့သည် သုတ်သီးသုတ်ပျာ ထ၍ကြိုဆိုကြ၏။

"ကြွပါ....ကြွပါ....ဆရာလေး ကြွလာတဲ့အတွက် ကျုပ်တို့ သိပ်ဝမ်းသာပါတယ်"

ရုံကူလင်က ခမ်ထန့်ထန့်မေးသည်။

"ခင်ဗျားတို့က ဘာကိစ္စနဲ့ ကျုပ်ကို ခေါ်လာရတာလဲ"

ကျန်းရှန်ရင်းနှင့် ချင်းဖုန်ဖုံးတို့သည် ရုံကူလင်၏လေသံကို စိတ်ဆိုးပုံမရပေ။ ချင်ဖုန်ဖုံးက ရင်းနှီးခင်မင်သောလေသံဖြင့် ပြောသည်။



"ဩော်....ဆရာလေးက ကျုပ်တို့ကို သဖွာဖောက်တွေဆိုပြီး အဖက်မလုပ်ချင်ဘူး ဆိုပါတော့လေ"

ရုံကူလင်က ခပ်ရှင်းရှင်းပင် ပြောလိုက်သည်။

"သိုင်းလောကမှာ ဦးထိပ်ထားကြတာကတော့ သစ္စာပဲဗျ၊ ကိုယ့်အဖွဲ့အပေါ်၊ ကိုယ့်ဆရာအပေါ်၊ ကိုယ့်မိတ်ဆွေသူငယ်ချင်းအပေါ် သစ္စာပျက်တဲ့လူကို ဘယ်သူကမျှ အကောင်းပြောဖူးလို့လဲဗျ၊ သစ္စာဖောက်သွားကြတဲ့ ခင်ဗျားတို့အပေါ်မှာ ကျုပ်က ဘယ်လို ဟက်ဟက်ပက်ပက် ရင်းရင်းနှီးနှီး ဆက်ဆံနိုင်မှာလဲဗျာ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦး၊ စဉ်းစားတတ်ရင် ဆိုပါတော့ဗျာ"

ချင်ဖုန်ဖုံးက ဦးခေါင်းကိုခါယမ်းရင်း လက်ကို ဝှေ့ယမ်းပြလိုက်၏။ ရုံကူလင်အား ထိုင်ခုံတွင်ထိုင်ပါ၊ အေးအေးသက်သာ ပြောပြမည်ဆိုသည့်သဘောပင်။ ရုံကူလင်ကလည်း လုံးဝမထိုင်ပေ။ သစ္စာဖောက်များနှင့် တစ်တန်းတည်းထိုင်ပါက သူ့ဂုဏ်သရေကို ထိခိုက်သွားနိုင်သည် အလားပေ။

ကျန်းရှန်ရင်းက....

"မောင်ရင်....ထိုင်ပါ၊ အခု ကျုပ်တို့ မောင်ရင့်ကို ဖိတ်ရတာကလဲ ဒီအကြောင်းတွေကို ရှင်းပြချင်လို့ပဲ၊ ကျုပ်တို့ဟာ ကျန်လုအဖွဲ့ကြီးအပေါ် ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့

ဘူး၊ ကျုပ်တို့လို ဝါစဉ်ကြီးပုဂ္ဂိုလ်တွေ သစ္စာဖောက်ရင် ကျန်လူအဖွဲ့ကြီးဟာ ဘယ်ကောင်းနိုင်ပါတော့မလဲ”

ရုံကူလင် အံ့ဩသွားသည်၊ သူတို့စကားက ဘာစကားလဲ၊ သူတို့ပြောသည့်အဓိပ္ပာယ်က ဘာအဓိပ္ပာယ်လဲ၊

ထို့ကြောင့် ကုလားထိုင်ပေါ်၌ ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။

“ကဲ...ဆိုစမ်းပါဦးဗျာ၊ ခင်ဗျားတို့စကားကိုတော့ ကျုပ်နည်းနည်းစိတ်ဝင်စားလာပြီ”

ကျန်းရှန်ရင်းက တစ်လုံးတည်းသောမျက်လုံးဖြင့် ကြည့်ကာ ချင်ဖုန်ဖုံးအား အချက်ပြလိုက်၏။ ပြောစရာရှိ ပြောပေတော့ဆိုသည့် သဘော၊

ချင်ဖုန်ဖုံးသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး တည်ကြည်လေးနက်သောအသံဖြင့် ပြော၏။

“တကယ်တော့ ကျုပ်တို့ဟာ ကျန်လူအဖွဲ့ကြီးကို ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူး၊ သစ္စာဖောက်မိရင်လဲ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ပေးတဲ့ အပြစ်ဒဏ်မှန်သမျှကို ခပ်ငြိမ်ငြိမ်နဲ့ ခံယူရဲတယ်၊ ဒါပေမယ့်...”

ရုံကူလင်က....

“ခင်ဗျားတို့စကားက ဘယ်လိုလဲ၊ ဒွိဟပါလား”

ချင်ဖုန်ဖုံးက ပို၍လေးနက်စွာ ပြောလာသည်။



“ဒီကိစ္စကို ဖွင့်ပြောရတာ ယုံချင်စရာတောင် မရှိပါဘူး၊ တခြားလူတစ်ယောက်ယောက်က ကျုပ်တို့ကို ဒီလိုလာပြောရင်လဲ ယုံချင်မှ ယုံမိမှာပါ”

ရုံကူလင်မှာ စိတ်မရှည်တော့ပေ၊

“ကဲဗျာ....ပြောမှာသာ ပြောကြပါ၊ ယုံရမှာ မယုံရမှာက ကျုပ် စဉ်းစားရမယ့်အချက်ပါ၊ ပြောစရာရှိတာပြောဖို့က ခင်ဗျားတို့ရဲ့တာဝန်ပါ”

ချင်ဖုန်ဖုံးက....

“ဒီလိုဗျာ.... ကျုပ်တို့စိတ်ထဲမှာ ကျုပ်တို့ရဲ့ ကျန်လူအဖွဲ့ချုပ် ခေါင်းဆောင်ကြီး ဆရာကြီး ဟွာဆယ်ဖုန်တစ်ယောက်တော့ ရန်သူတွေရဲ့ လုပ်ကြံမှုကို ခံသွားရပြီလို့ ထင်နေကြပါတယ်”.

“ဗျာ....”

ချင်ဖုန်ဖုံး၏အသံက ရုံကူလင်၏ နားနှစ်ဖက်ထဲသို့ ယမ်းဗုံးများ ဖောက်ခွဲပစ်သွင်းလိုက်သကဲ့သို့ မြည်ဟည်းထိတ်လန့်သွားစေ၏။ သူ၏ ‘ဗျာ’ ဟူသော အာမေဍိတ်သံက ဘုရားကျောင်းချက်ကြီး၏ ပတ်ဝန်းကျင် အနှံ့ဝေးဝေးသို့တိုင် ပျံ့နှံ့ထွက်သွားသည်၊

အတန်ကြာမှ ရုံကူလင်က မေးခွန်းထုတ်နိုင်သည်။

“သူ....သူ....ဆရာကြီး ဟွာဆယ်ဖုန်ဟာ အသက်နဲ့ကိုယ် မြဲလျက်ပဲ မဟုတ်ဘူးလား”

ရိုက္ကူလင်၏ အံ့သြထိတ်လန့်စွာ မေးလိုက်ပုံကို ကြည့်ပြီး ချင်ဖုန်ဖုံး ကျေနပ်သွားသည်၊ သူကကယ်ရှင်းပြလျှင် ဤပုံစံ အတိုင်းဖြစ်ရမည်ဟု သူ ယုံကြည်ယူဆထားခဲ့သည်။

ချင်ဖုန်ဖုံးက....

"အခု အသက်ရှင်နေတဲ့လူကိုတော့ ဆရာကြီး ဟွာဆယ် ဖုန်အတုပဲလို့ ကျုပ်တို့ ယူဆထားပါတယ်"

ချင်ဖုန်ဖုံးက မသက်မသာ သက်ပြင်းချရင်း....

"ဆရာလေးကို ကျုပ် တစ်ခုမေးမယ်၊ ကျုပ်တို့ ကျန်လု အဖွဲ့ရဲ့ ပထမဆုံး စည်းကမ်းချက်ကို သိပါသလား"

ရိုက္ကူလင် ခေါင်းခါ၏။

"ဟင့်အင်း....မသိပါဘူး"

"ကျုပ်တို့အဖွဲ့ရဲ့ပထမဆုံးစည်းကမ်းချက်ကတော့ဘယ်လို ရန်သူမျိုးကို တွေ့ပါစေ၊ ဘယ်တော့မှ အညံ့မခံရဘူး၊ အသက် သာ အသေခံရမယ်ဆိုတဲ့ စည်းကမ်းချက်ပါပဲ၊ ဒီစည်းကမ်း ချက်ရှိထားတဲ့ ကျန်လုအဖွဲ့လိုသိုင်းအဖွဲ့ကြီးတစ်ခုကို ဘယ်သို ရန်သူက ဝါးမျိုပစ်နိုင်မှာလဲ၊ ဒီတော့ ကျုပ်တို့အဖွဲ့ကို ဝါးမျို ပစ်နိုင်တဲ့ အလွယ်ဆုံး နည်းလမ်းကတော့ ကျုပ်တို့ရဲ့ ခေါင်း ဆောင်ကြီးနဲ့ ခွတ်စွပ်တူတဲ့ လူတစ်ယောက်ကို အစားထိုး ပေးလိုက်ရုံပဲ၊ ဒီလူဟာ ကျုပ်တို့ရန်သူရဲ့ အလိုကျ စီမံဆောင် ရွက်သွားလိမ့်မယ်၊ ကျုပ်တို့အဖွဲ့ဟာ တဖြည်းဖြည်း ရန်သူရဲ့



ရုပ်သေး ဖြစ်သွားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်ကရန်သူ့ ကိုယ်စားလှယ်တော်ဖြစ်နေတာကိုး"

ရိုက္ကူလင်မှာ ငယ်ထိပ်သို့ တူနှင့်အတုခံလိုက်ရသလို ခံစား သွားရ၏။ ဤမျှ နက်နဲ ရှုပ်ထွေးသော အဖြစ်အပျက်များ ဖြစ်လာလိမ့်မည်ဟု သူ ယောင်၍မျှ မတွေးမိခဲ့ချေ။

ချင်ဖုန်ဖုံးက....

"ကျုပ်တို့က ဒီလို ပြောလိုက်တော့ ဆရာလေးအနေနဲ့ ယုံချင်မှယုံမယ်၊ ဒါပေမယ့် ခက်နေတာက ဖြစ်နေတာကလဲ ဒီအတိုင်းမို့ပဲ၊ ဒီတော့ ကျုပ်တို့ ဘာလုပ်ကြရမလဲ"

ချင်ဖုန်ဖုံးသည် စကားပြောရာ၌ ပို၍ လိုက်လိုက်လှဲလှဲ ရှိလာသည်။

"ကျုပ်တို့ဟာ ကျုပ်တို့အဖွဲ့ကြီးရဲ့ အနာဂတ် တည်တံ့မှု အတွက် ဒီအတိုင်း လက်ပိုက်ကြည့်လို့တော့ဖြစ်မလား၊ ကျုပ် တို့ ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ဒီတော့ သူ တစ်ပါး နားမလည်နိုင်တဲ့ မကြံ့ကောင်း မစည်ရာကိစ္စကြီးကို ကြံစည်ရတော့တာပဲ၊ ကျုပ်တို့ကြံစည်တဲ့ကိစ္စဟာ အမှန်တရား သစ္စာ ဟုတ်မဟုတ်ကို ယောဒိက ဆရာကြီး ကျန်းရှန်ရင်း သက်သေရှိပါတယ်ဗျာ"

ချင်ဖုန်ဖုံး၏စကားမှာငါ့မယုံရင်ငါ့မယားကိုမေးဟူသော စကားကဲ့သို့ ဖြစ်နေ၏၊ သို့သော် တစ်ဖက်က ပြန်၍ ဦးစား

လိုက်လျှင် အဖွဲ့၏ စောင့်ရှောက်ရေးမှူးကြီး ကျန်းရှန်ရင်း အား မည်မျှရှိသေလေးစားကြောင်း၊ ကျန်းရှန်ရင်း၏ ဂုဏ် သိက္ခာ၊ သမာဓိ မည်မျှကြီးမားထည်ဝါကြောင်းကိုလည်း ပြည့်နှံ့နေသည်။

ရုံကျူလင်၏ မျက်နှာသည် ရောက်စကလို တင်းမာမှု မရှိ တော့ပါ။ တဖြည်းဖြည်း ပျော့ပျောင်းနေသည်။ ချင်ဖုန်ဖုံး ပြောနေသည့် စကားများကို သူ ယုံကြည်သွားသောကြောင့် တည်း။

ချင်ဖုန်ဖုံး၏စကားကြောင့်ချည်း ယုံကြည်ခြင်းမဟုတ်ပေ။ စိတ်ပါလက်ပါ လှိုက်လှဲစွာ ပြောကြားနေသည့် သူ၏ အမူ အရာကြောင့်လည်း ဖြစ်သည်။ အမူအရာသည် စကားလုံး ထောင်သောင်းထက် ကျယ်လောင်သည်ဟူသော စကားပုံပင် ရှိသည် မဟုတ်ပါလော။

ထို့ကြောင့် ရုံကျူလင်သည် တစ်ဖက်က ဟွာအယ်ဖုန်၏ အပြုအမူ အပြောအဆိုများကို အလေးစိတ် ပြန်လည်၍စဉ်းစား ကြည့်၏။ ယခင်ယခင်က ခေါင်းဆောင်ကြီးဟွာကို သူ မတွေ့ မြင် သိရှိဖူးပေ။ သို့သော် သူ တွေ့ရှိခင်မင်လေးစားခဲ့ရသည့် ခေါင်းဆောင်ကြီးဟွာသည် ရိုးသားမှု၊ တည်ကြည်မှု၊ သမာဓိ ရှိမှု၊ သိက္ခာရှိမှု၊ သိမ်မွေ့မှုများ အပြည့်အဝရှိနေကြောင်း ပြန်လည်တွေးတောမိ၏။ ကောက်ကျစ်စဉ်းလဲမှု ဟူ၍ လုံးဝ မရှိပေ။

ရုံကျူလင်သည် ဦးခေါင်းကို လေးပင်စွာ ခါယမ်းရင်း....



“ခင်ဗျားတို့ပြောတာ မဖြစ်နိုင်ဘူးဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တွေ့ခဲ့ရတဲ့ ခရီးတစ်လျှောက်လုံး ဆရာကြီး ဟွာဆယ်ဖုန်ရဲ့ အပြုအမူ အပြောအဆိုမှန်သမျှဟာ လူအများ ကြည်ညို လေးစားလောက်အောင် တရားမျှတမှု၊ ရိုးသား ဖြောင့်မတ်မှု အပြည့်အဝ ရှိနေလို့ပါပဲဗျာ”

ချင်ဖုန်ဖုံးက လက်ဝါးဖြင့် စားပွဲကို ဖြန်းခနဲ ရိုက်လိုက် လေသည်။

“အဲဒါကို ပြောတာပေါ့ဗျ၊ ကျုပ်တို့အဖွဲ့ချုပ် ခေါင်း ဆောင်အတုဟာ ကျုပ်တို့အဖွဲ့ချုပ် ခေါင်းဆောင်ကြီး ဟွာ ဆယ်ဖုန်နဲ့ ထပ်တူဖြစ်အောင် သရုပ်ဆောင်နေနိုင်တယ်၊ ကုန် ကုန်ပြောလိုက်မယ်ဗျာ၊ ကျုပ်ကို ခေါင်းဆောင်ကြီးကအမှတ် တမဲ့ပြောတတ်တဲ့ အပြောအဆိုကလေးတွေတောင် ဒီအတုက လိုက်ပြီးပြောတတ်တယ်၊ ပြောနိုင်တယ်၊ ဒီလောက် အစစ်နဲ့ မခြား ဟန်ဆောင်နိုင်ခဲ့တော့ ကျုပ်တို့ကျန်လူအဖွဲ့သားတွေ ကို ကောင်းကောင်းကြီး လိမ်နိုင်ခဲ့တာပေါ့ဗျာ”

ရုံကျူလင်မှာ စကားမပြောနိုင်တော့ဘဲ စဉ်းစားခန်းဝင် နေမိတော့သည်။

အတန်ကြာမှ....

“ကျုပ် တစ်ခုမေးမယ်ဗျာ”

ချင်ဖုန်ဖုံးက....

"မေးပါ...မေးပါ၊ ကျုပ်တို့ရဲ့အခက်အခဲကို ဆရာလေး ကိုယ်တိုင် သဘောပေါက်နားလည်သလို့ ကျုပ်တို့ ဝမ်းသာ ပါတယ်၊ မရှင်းတာရှိရင် မေးပါဗျာ"

"လူတစ်ယောက်က တခြားတစ်ယောက်နဲ့ တူအောင် လုပ်မယ်ဆိုရင် သားရေမျက်နှာဖုံးအတု စွပ်ရုံကလွဲပြီး ဘာ လုပ်နိုင်ဦးမှာလဲ၊ တခြားလုပ်နိုင်တာ ရှိသေးသလား"

"ရှိမယ်မထင်ပါဘူး"

"အေးဗျာ...ကျုပ် သူနဲ့ သွားသွားလာလာ လုပ်နေတဲ့ တစ်လျှောက်လုံး သားရေမျက်နှာဖုံးအတု စွပ်ထားတာ တစ် ခါမှမတွေ့ရပါဘူး၊ အဲဒါကို ဘယ်လိုစဉ်းစားကြမလဲ"

ချင်ဖုန်ဖုံးက ခေါင်းညိတ်၏။

"ဟုတ်ကဲ့...ကျုပ်တို့လဲ ဒီအချက်ကို ထည့်တွက်ပါ တယ်၊ ဒါပေမယ့် ဒီအချက်ကို ကျုပ်တို့လဲ ဘယ်လိုမှ မဖြေ ရှင်းနိုင်အောင် ဖြစ်နေခဲ့ရပါတယ်၊ လောကကြီးမှာ ဒီလို ချွတ်စွပ်တူနိုင်တဲ့လူများ ရှိသေးသတဲ့လားဗျာ"

ချင်ဖုန်ဖုံးမှာ ရုံကူလင်အား ရှင်းပြရင်းမှ သူ့ဘာသာ စိတ်ပျက်လက်ပျက် ညည်းတွားနေတော့သည်။

ရုံကူလင်က...

"သားတော့ဗျာ၊ အခု ခင်ဗျားတို့အကြံအစည်က ဘယ်လို လဲ"



"ကျုပ်တို့အကြံအစည်က ဒီဟွာဆယ်ဖုန်အတုရဲ့ သိုင်း ပညာကို စစ်ဆေးဖို့ပဲ၊ ကျုပ်တို့အစီအစဉ်က အောင်မြင်လု ဖြစ်နေပါပြီ၊ ဒါပေမယ့် ဖြစ်ချင်တာတော့ဗျာ၊ ဟို ခြေပြတ် လက်ပြတ် ချိုင်းထောက်ရှင်ဟာ ဘယ်ကနေဘယ်လို ဆိုက် မြိုက်မြိုက် ရောက်လာမှန်းမသိဘူး၊ ဟွာဆယ်ဖုန်ရဲ့ သိုင်းပညာ ကိုလဲ မစစ်ဆေးရတော့ဘူး၊ အစီအစဉ်အားလုံး သဲထဲ ရေသွန် ဖြစ်ကုန်တော့တာပဲဗျာ"

ရုံကူလင်က...

"သြော်...ဒါဖြင့် ခင်ဗျားတို့က ဒီညက အစီအစဉ်ကို တမင်စီစဉ်ခဲ့ကြတာပေါ့"

ချင်ဖုန်ဖုံးက ခေါင်းညိတ်၏။

"မှန်တယ်"

ရုံကူလင်က လေးလေးနက်နက် ပြန်ဖြေသည်။

"ကဲ...တစ်ဖက်က ဒီလိုပြန်တွေးရင်ကော မဖြစ်နိုင်ဘူး လားဗျာ"

"ဆရာလေး...တွေးချင်တာ တွေးပြီး မေးပါ၊ ကျုပ်တို့ က ပြန်ဖြေရှင်းဖို့ အသင့်ပါပဲ၊ ကျုပ်တို့ အခုဖြစ်နေတဲ့ ပုံစံက ကျုပ်တို့ မရိုးသားတဲ့ပုံစံမျိုး ဖြစ်နေပေမယ့် ကျုပ် တို့ရဲ့ကိုယ်စောင့်နတ်တွေက ကျုပ်တို့ရဲ့ရိုးသားစင်ကြယ်မှုကို သိရှိနေပါတယ်ဗျာ"

"ဒီလိုဗျာ၊ ဒီညမှာ ခင်ဗျားတို့က အသာစီးရနေတယ်၊ ခေါင်းဆောင်ကြီးဟွာဆယ်ဖုန်ကိုသတ်ပြီး ခေါင်းဆောင်ကြီး နေရာကို လုယူလိုက်ရင် ဘယ်သူက ဘာပြောနိုင်မှာလဲ၊ အခုကိစ္စက မမျှော်လင့်တဲ့အဖြစ်အပျက်တစ်ခုကြောင့် ပျက်ပြားသွားခဲ့ရတာ မဟုတ်လား"

ချင်ဖုန်ဖုံးက ခါးသီးစွာပြောလေ၏။

"ကြံကြံဖန်ဖန်ဗျာ၊ ကျုပ်တို့က ဒီလိုသစ္စာမဲ့တဲ့လူတွေမှ မဟုတ်တာ၊ အခုလို သရုပ်ပါမလုပ်ဘဲနဲ့၊ ဆရာကြီးဟွာ ခင်ဗျား ဆရာကြီးရဲ့သိုင်းပညာကို စမ်းသပ်စစ်ဆေးပါရစေ၊ ဒါမှ ဆရာကြီးဟွာဆယ်ဖုန်အစစ် ဟုတ် မဟုတ် သိနိုင်ပါလိမ့်မယ်လို့ပြောသို့ ဖြစ်မလားဗျာ"

ရုံကူလင်က....

"ဒါဖြင့် ဒီညကိစ္စမှာ ဆရာကြီးဟွာဆယ်ဖုန်ရဲ့ သိုင်းပညာကို စစ်ဆေးရုံပဲဆိုပါတော့၊ သူက သိုင်းပညာ သိပ်ကောင်းနေရင် ခင်ဗျားတို့ ဘယ်လိုလုပ် အတုနဲ့အစစ် ခွဲခြားနိုင်ပါ့မလဲဗျာ"

ချင်ဖုန်ဖုံးက ပထဦးဆုံးအကြိမ် ကျေနပ်သဘောကျစွာ ရယ်မောလေတော့၏။

"ဟား....ဟား....ဟား....ဟား....ဒီအချက်ကို ဆရာလေး သဘောပေါက်ထားလို့ ကျုပ်တို့ကို မယုံမကြည် ဖြစ်နေ



တာပါ၊ တကယ်တော့ ကျုပ်တို့အဖွဲ့ချုပ်ခေါင်းဆောင်ကြီး တိုင်းဟာ ခွေးရိုက်တုတ်ကိုအသုံးပြုပြီး 'ခွေးရိုက်တုတ်သိုင်း ဆယ့်ရှစ်ကွက်' ဆိုတာကို တတ်မြောက်ကြပါတယ်၊ သူတို့ အနားယူတော့မယ့်အခါတိုင်း နောက်တက်လာမယ့် ခေါင်းဆောင်သစ်ကို ဒီခွေးရိုက်တုတ်သိုင်း ဆယ့်ရှစ်ကွက် သင်ပေးခဲ့လေ့ရှိပါတယ်၊ ဒီခွေးရိုက်တုတ်သိုင်း ဆယ့်ရှစ်ကွက်ကို ကျန်လုအဖွဲ့ခေါင်းဆောင် အစစ်ကလွဲလို့ တခြား ဘယ်သူမှ မတတ်မြောက်ပါဘူး၊ ဒီတော့ ကျုပ်တို့အနေနဲ့ ဒီဟွာဆယ်ဖုန်ကို ဒီသိုင်းပညာကို တတ် မတတ် စမ်းသပ်စစ်ဆေးလိုက်ရုံနဲ့ အတုနဲ့အစစ် ခွဲခြားနိုင်လိမ့်မယ်လို့ မျှော်လင့်မိခဲ့ကြပါတယ်"

ရုံကူလင်မှာ ကျိုးကြောင်းဆီလျော်လှသော ချင်ဖုန်ဖုံး၏ စကားများကို ငြင်းပယ်လိုချင်စိတ်မရှိဘဲ ဖြစ်လာရသည်။ မိမိသာ သူတို့နေရာသို့ရောက်သွားလျှင် သူတို့အဖွဲ့ချုပ်ကြီး၏ ရေရှည်တည်တံ့မှုအတွက် ဤကဲ့သို့ပင် စိုးရိမ်မိလိမ့်မည်ဟု တွေးမိသည်။

"ဒါနဲ့ စကားမစပ်ဗျာ၊ ဟိုထမ်းစင်ပေါ်က အဘိုးကြီး ကကော ခင်ဗျားတို့ ကျန်လုအဖွဲ့ထဲကပဲလား"

ချင်ဖုန်ဖုံးက ခေါင်းခါပြီး....

"မဟုတ်ပါဘူးဗျာ၊ ဒီလူ့အကြောင်းကို ကျုပ်တို့ ထုတ်ဖော်ပြောဆိုခွင့် မရှိပါဘူး၊ သူ့သဘောတူညီချက် မရဘဲ

ဘယ်အခါမှ မပြောပါဘူးလို့ ကျုပ်တို့ ကတိပေးခဲ့ရပါတယ်၊ ဆရာလေးမေးလို့ အင်မတန်ထူးခြားတဲ့အချက်ကို အခုမှပဲ သတိရတယ်၊အဲဒီဆရာလေးမေးလိုက်တဲ့ ပုဂ္ဂိုလ်ဟာ ကျုပ်တို့ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဟွာဆယ်ဖုန်အစစ်နဲ့ အင်မတန် ရင်းနှီးခင်မင်တဲ့ သူငယ်ချင်း ဖြစ်ပါတယ်၊ ဒီနေ့သူ သူတို့ မျက်နှာချင်း ဆိုင်မိကြပေမယ့် တစ်ယောက်ကိုတစ်ယောက် မသိမြင်သလို ဖြစ်နေတဲ့အချက်ပါပဲ၊ ဒီအချက်ဟာ အင်မတန် စဉ်းစားစရာကောင်းပါတယ်"

ရုံကူလင်မှာ အခြေအနေအရပ်ရပ်ကို နားလည်သဘော ပေါက်စပြုလာ၏။တစ်ခုသောသဲလွန်စကိုမှျသာ ဤအရေး အခင်းကြီးသည် လုံးဝဖြေရှင်း၍ မရနိုင်သည့် အရေးအခင်း ကြီးဖြစ်ကြောင်း ပင်တည်း။

ထိုအခိုက် တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ ခဲ့သည့် ကျန်းရှန်ရင်းက ရုတ်တရက်ဝင်ပြော၏။

"အမှန်အတိုင်းဆိုရင် ဒီလျှို့ဝှက်ချက်တွေကိုမောင်ရင့်ကို ပြောပြဖို့လမ်းမရှိပါဘူး၊ ဒါပေမယ့် မပြောလို့လဲ မဖြစ်ဘူး၊ မောင်ရင်ဟာ ဘာမသိဘာမသိ ဒီသပွတ်အူထဲမှာ ပါလာနိုင် တယ်၊ ကျုပ်တို့က ဟွာဆယ်ဖုန်အဘလို့ ယူဆထားတဲ့လူက မောင်ရင့်ကို တစ်နည်း တစ်လမ်းက အသုံးချလိုက်ရင်လဲ မကောင်းဘူး၊ ကျုပ်တို့အဖို့လဲ မကောင်းဘူး၊ ဒါကြောင့် ဒီလောက်အသေးစိတ် ရှင်းပြရတာပါ"

ချင်ဖုန်းဖုံးက....



"ရှင်းရှင်းပြောရရင် ကျုပ်တို့ဟာဆရာလေးကိုအားကိုး စရာရှိနေလို့ပါပဲ"

"ဗျာ... အားကိုးစရာရှိတယ် ဟုတ်လား"

ရုံကူလင် အံ့ဩသွားသည်၊

ချင်ဖုန်ဖုံးက ဆွေးမြည့်သောလေသံဖြင့် ပြောသည်။

"အခု... ကျုပ်တို့ ကြံစည်တဲ့ကိစ္စကို ကျုပ်တို့ တကယ် ယုံနိုင်တဲ့လူနည်းစုကလေးနဲ့ ပိပိရိရိကြံစည်ခဲ့တာပါ၊အဖွဲ့သား အများစုကြီးကတော့ ကျုပ်တို့ တကယ် သစ္စာဖောက်သွား ပြီလို့ ယုံကြည်ကြမှာ သေချာပါတယ်၊ အခု ခေါင်းဆောင် အတုကလဲ တခြား အဖွဲ့သားတွေ ယုံကြည်အောင် ဒီ အကြောင်းကို ဖြန့်ချိမှာသေချာပါတယ်၊ ကျုပ်တို့ကို တွေ့ရာ သင်္ချိုင်း ခားမဆိုင်းဘဲ ဖမ်းဆီးဖို့ အမိန့်ပေးမှာ သေချာပါ တယ်၊ တကယ်လို့ ကျုပ်တို့ ထာစ်တွေသာ မျှော်လင့်တဲ့ အကြောင်းတစ်ခုခုနဲ့ သေသွားရင် ကျုပ်တို့ဟာ ကျန်လုံ အဖွဲ့ကြီးရဲ့ မှတ်တမ်းထဲမှာ တကယ့်သစ္စာဖောက်တွေအဖြစ် အမည်းစက် စွန်းထင်းကျန်ရစ်မှာ သေချာပါတယ်"

ချင်ဖုန်ဖုံးသည် စကားကိုခေတ္တရပ်လျက်အဝေးသို့ မျှော် ငေးကြည့်သည်။ သူသည် ဤစကားများကို တကယ့်အသည်း နှလုံးမှ ထုတ်ဖော်ပြောနေခြင်းသာဖြစ်ကြောင်း ရုံကူလင် နားလည်လာလေ၏။

"ဒီတော့ ကျုပ်တို့ဟာသစ္စာဖောက်တွေမဟုတ်ကြောင်း၊ ကျန်လုံအဖွဲ့ကြီးကို နှ အတွင်းကကယ်တင်ဖို့ကြိုးစားခဲ့သူတွေ

သာဖြစ်ကြောင်း တစ်ယောက်ယောက်သိထားဖို့လိုပါတယ်၊ ဒီတစ်ယောက်ဟာလဲ ကျုပ်တို့ရဲ့ သစ္စာတရားကို ဖြန့်ချိ ပြောကြားနိုင်စွမ်းရှိတဲ့လူ ဖြစ်ရမယ်၊ ဒီမှာတင် ဆရာလေးကို ကျုပ်တို့ သတိရလိုက်တာပါပဲ၊ နောက် တစ်ကြောင်းက ကျုပ်တို့မရှိတော့တဲ့နောက် ဆရာလေးအနေနဲ့ ကယ်တင်ခွင့် ကြုံရင် ကျုပ်တို့ ကျန်လုအဖွဲ့ကြီးကိုလဲ ကယ်တင်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

သူသည် စကားဆုံးသည်နှင့် သူ၏ အင်္ကျီအိတ်အတွင်းမှ မြားတိုတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။

"ဆရာလေး၊ ဒီမြားကို မြွေခေါင်းမြားလို့ခေါ်ပါတယ်၊ ဒါဟာကျုပ်ရဲ့တစ်ခုတည်းသောလက်နက်ပုန်းပါပဲ၊ ဒီမြားမှာ အဆိပ်ရှိတဲ့မြားနဲ့ အဆိပ်မရှိတဲ့မြားဆိုပြီး နှစ်မျိုးခွဲထားပါတယ်"

သူသည် လက်ထဲမှမြားကို ဖျတ်ခနဲထက်ဝက်ချိုးချလိုက်လေ၏၊ တစ်ဝက်ကို ရုံကူလင်၏ရှေ့သို့ ချပေးသည်။

"ဆရာလေး၊ ဒီမြားတစ်ဝက်ကို ဆရာလေး သိမ်းထားပါ၊ တစ်နေ့ ကျုပ်နဲ့ ဆရာကြီးကျန်းရှန်ရင်းတို့ နှစ်ယောက် တစ်စုံတစ်ခုသော လုပ်ကြံမှုကြောင့် သေသွားရတဲ့ အခါမှာ ဆရာလေးအနေနဲ့ ဒီမြားကိုယူပြီး အုန်းယီဟီတောင်ထိပ်ကို သွားပါ၊ အဲဒီတောင်ထိပ်မှာ ထင်းရှူးပင်အိုကြီး တစ်ပင် ရှိတယ်၊ အဲဒီအပင်အောက်ကနေ 'ကျန်လုအဖွဲ့ကြီး ရေဝတိမ်နစ်ပြီ' လို့သုံးကြိမ်သုံးခါ အော်ပါ၊ ဒါဆိုရင် တစ်ယောက်



ခယောက်က ဆရာလေးကို လာဆက်သွယ်ပါလိမ့်မယ်၊ အခု ကျုပ်ပြောတာက ဆရာလေးအနေနဲ့ အမှန်တရားကို သိချင် စိတ်ရှိရင် သွားဖို့ပြောတာပါနော်"

ချင်ဖုန်ဖုံး၏ စကားဆုံးသည်နှင့် ကျန်းရှန်ရင်းကလည်း သူ့အိတ်ထဲမှ ပစ္စည်းတစ်ခုကို နှိုက်ထုတ်လိုက်သည်။ မတ်စေ့ ကလေးတစ်စေ့ သာတည်း။ သူသည် ထိုမတ်စေ့ကလေးကို ထက်ပိုင်းချိုးချလိုက်ပြီး ရုံကူလင်၏ရှေ့သို့ချပေးလိုက်သည်။

"ကျုပ်က လက်နက် မသုံးပါဘူး၊ ဒီတော့ ဒီမတ်စေ့ ထက်ပိုင်းကျိုးကလေးကို သိမ်းထားပြီး အမှန်တရားအတွက် အမြဲတမ်းသတိရပါလို့ မေတ္တာရပ်ခံပါတယ်"

ရုံကူလင်သည် မြားတိုကလေးနှင့် မတ်စေ့ ထက်ပိုင်းကျိုးကလေးကို အတွင်းအိတ်ထဲသို့ ထည့်သွင်းသိမ်းဆည်းလိုက်၏။

ရုံကူလင်က....

"ကဲ....ခင်ဗျားတို့ နောက်ထပ် ဘာများမှာစရာရှိပါသေးသလဲ"

ချင်ဖုန်ဖုံးက....

"တခြားတော့ မှာစရာမရှိပါဘူး၊ တစ်ခုပဲ သတိပေးပါရစေ၊ ဒီကိစ္စဟာ ဟွာဆယ်ဖုန်အတုနဲ့အစစ် ခွဲခြားတဲ့ကိစ္စ ဖြစ်နေလို့ အခု ကျုပ်တို့ပြောတဲ့စကားတွေကို ဆရာလေးရဲ့ ဝမ်းထဲမှာ သိမ်းထားစေချင်ပါတယ်၊ ရွှေငွေနဲ့ မြွေဟောက်၊

ကျွန်းနဲ့သို့ ကွဲပြားသွားရင်တော့ ဆရာလေး ကြိုက်သလို ပြောနိုင်ပါတယ်''

ရုံကူလင်က ခေါင်းညိတ်၏။

''ကောင်းပါပြီ၊ ကျုပ် မှတ်ထားပါမယ်၊ ကျုပ်ကို သွားခွင့်ပြုပါတော့''

ထိုအခါ ကျွန်းရှန်ရင်းရော ချင်ဖုန်ဖုံးတို့ပါ မဝံ့တတ်ထ၍ နှုတ်ဆက်ကြ၏။

''ကောင်းပါပြီ...ကောင်းပါပြီ၊ ခုလို ကျုပ်တို့မျက်နှာကို ထောက်ထားပြီး လာရောက်နှားထောင်တဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်၊ သိုင်းလောကအကျိုးအတွက် ရှေ့ရှောက်ဆောင်ရွက်နိုင်ပါစေဗျာ''

ရုံကူလင်သည် ဘုရားကျောင်းပျက်အတွင်းမှ ပြေးထွက်လာခဲ့ရာ ဖဓယာင်းတိုင်၏မီးရောင်ကလေးသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားခဲ့ရလေ၏။ သူသည် ပြေးလွှားရင်း တစ်ကိုယ်တည်း ရေရွတ်လာမိသည်။

## အခန်း ( ၈၉ )

### ခရီးသွားလေးဦး

''အင်း....သိုင်း လောကရဲ့ အဖြစ်အပျက်တွေကတော့ တကယ်ထူးပေ ဆန်းပေ အဖြြစ်အပျက်တွေပါပဲ''

''ဟား....ဟား....ဟား....ကျုပ်တူကြီးက အခုမှ သိသလား၊ ဘာတွေထူးဆန်းနေသလဲ၊ ကျုပ်ကို အသိမပေးနိုင်ဘူးလား''

ရုံကူလင်သည် ရုတ်တရက်ငေးတန့်ပြီး ကြည့်လိုက်ရာ ခြေပြတ်လက်ပြတ်ချိုင်းထောက်ရှင် ဖြစ်နေကြောင်း အံ့သြဖွယ်ရာ တွေ့မြင်လိုက်ရလေ၏။

''ဟာ... ဘဘကြီးပါလား''

"ဟေ့....ဟိုသူတောင်းစားတွေက မင်းကို ဘုရားကျောင်းပျက်ထဲခေါ်ပြီး ဘာလုပ်တာလဲကွ"

ပိုင်စိုးပိုင်နင်း မေးလိုက်သည့် ချိုင်းထောက်ရှင်အဘိုးကြီး၏စကားကြောင့် ရုံကူလင်ထိတ်လန့်သွားသည်။ သို့သော် ချက်ချင်း စိတ်အေးသွားသည်။ ဤအဘိုးကြီးသည် ဘုရားကျောင်းပျက်အတွင်း ပြောနေသည့် စကားများကိုသာ သိရှိထားခဲ့လျှင် ယခုကဲ့သို့ ထုတ်ဖော်မေးမြန်းနေလိမ့်မည်မဟုတ်ချေ။ သူ ဤသို့ထုတ်ဖော်မေးမြန်းခြင်းကမူ မကြားမသိ၍သာ ဖြစ်ရပေလိမ့်မည်။

ရုံကူလင်က မယုတ်မလွန် ဖြေလိုက်သည်။

"အလကားပါ ဘဘကြီးရာ၊ သူတို့အဖွဲ့ဘဲက ပဋိပက္ခအကြောင်းတွေ ရှင်းဖွင့်နေတာပါ"

ချိုင်းထောက်ရှင်က....

"ကဲ....သူများအကြောင်းတွေထားပါတော့ကွာ၊ မင်းက ဘယ်ကိုခဲလျှောက်ပြီး ခြေဦးလှည့်မလို့လဲ"

"ဘဘကြီးက ဘာလုပ်မလို့လဲ"

"ဟာ....ကျလဲကျတဲ့ကောင်ပဲ၊ ငါက မင်းကို လိုက်ပြီး စောင့်ရှောက်နေရတာကွာ၊ မင်းက ကိုးကျင်း ကိုးကျင်း လျှောက်သွားနေတော့ ငါ့မှာ မင်းနောက်က တကောက်ကောက် လျှောက်လိုက်နေရတာပေါ့"



"ဒါဖြင့်လဲ ဘဘကြီးကို ကျွန်တော် ဒုက္ခမပေးချင်တော့ပါဘူးဗျာ၊ ဘဘကြီး အလိုရှိတဲ့နေရာကိုသာ သွားပါတော့၊ ကျွန်တော့်နောက်လဲ လိုက်မနေပါနဲ့တော့"

"ဘာကွ၊ ငါ ကတိပေးထားရတာက မင်းမဟုတ်ဘူး၊ ရွှေဟင်္သာဂူက မိန်းကလေးကွ"

"ဒါဖြင့် ဘဘကြီးသဘောက ဘယ်လိုများ ဖြစ်စေချင်ပါသလဲဗျာ"

"ငါလဲ အဲဒါပဲ စဉ်းစားနေတာပဲ၊ ငါ့ကတိလဲ မပျက်ရအောင်၊ မင်းလဲ ဒုက္ခမရောက်အောင်၊ ငါလဲ မင်းနောက်ကို တကောက်ကောက်မလိုက်ရအောင် တစ်ခုခုတော့ စဉ်းစားမိဘယ်ကွ"

"ပြောပါ၊ ဆရာကြီးရဲ့သဘောကို ပြောပါ"

"အကောင်းဆုံးနည်းကတော့ လျှို့ဝှက်တဲ့နေရာတစ်ခုမှာ မင်းကို ချုပ်ထားမယ်၊ တစ်နှစ်ပြည့်တော့ မိန်းကလေးရှေ့ခေါ်သွားပြီး ငါတာဝန်ကျေကြောင်း ပြလိုက်မယ်၊ ဒါဆို အားလုံးအတွက် ကောင်းမယ်နဲ့တူတယ်"

ရုံကူလင် ဒေါသထွက်သွားသည်။

"ကြံကြီးစည်ရာဗျာ၊ ဒါက ကျွန်တော့်ကို ကာကွယ်စောင့်ရှောက်တာမှ မဟုတ်ဘဲ"

အဘိုးအိုက ဒေါသတကြီးဖြင့် ပြန်အော်သည်။

"ဟေ့ကောင်.... စကားမရှည်နဲ့၊ ငါးရှာဖို့သွားတဲ့လူ ဟာ ပိုက်ကိုပဲ သုံးသုံး၊ ငါးမျှားတံကိုပဲ သုံးသုံး၊ ခွက်နဲ့ဖဲ ခပ်ခပ် ငါးရဖို့ အရေးကြီးဆုံးပဲကွ၊ တစ်နှစ်အတွင်း မင်း မသေဘူးဆိုရင် ငါ့ကတိက လွတ်ကင်းသွားပြီကွ"

ရုံကူလင်က သူ၏ဓားကို ဆွဲထုတ်လိုက်၏။

"သွားစမ်းပါဗျာ၊ ခင်ဗျားတို့ လောင်းကြေးကြားထဲမှာ ကျုပ်က ကလေးကစားစရာလို လုပ်တိုင်းခံနေမယ်ထင်လား၊ ကျုပ်က လူဗျ လူ၊ ကျုပ်ကို လာပြီး ချုပ်ချယ်လို့မရဘူး"

"ဟေ့ကောင်လေး.... မကြီးကျယ်စမ်းနဲ့၊ မင်းမလိုက် ချင်လဲ လိုက်ရမှာပဲ၊ မင်းကို တစ်နှစ်တိတိချုပ်ထားမယ်၊ ဒါမှ ငါ့အဖို့ တစ်ရန်အေးမှာကွ"

ချိုင်းထောက်ရှင်သည် ရုံကူလင်၏ရှေ့သို့ ရိပ်ခနဲ ခုန် ထွက်လိုက်ပြီး ချိုင်းထောက်ကြီးဖြင့် တားလိုက်၏။

"ဗိုး"

"ရှပ်"

ရုံကူလင်၏ဓားကိုင်လက်သည် လျှပ်စီးလက်သလို ဖျတ်ခနဲ လှုပ်ရှားသွား၏။ အဘိုးအို၏ချိုင်းထောက်သည် နှစ်လက်မ ခန့် ပြတ်သွားသည်။

အဘိုးအိုသည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် သူ့ချိုင်း ထောက်ကို မြေပြင်၌ ပြန်ထောက်လိုက်၏။



"ကောင်းပြီ၊ မင်းရဲ့ဓားကလဲ ထက်မြက်တယ်၊ မင်းဓား သိုင်းကလဲ ထက်မြက်တယ်၊ ဒီအတွက် မင်းကို တစ်ချက် ခွင့်လွှတ်လိုက်မယ်"

သူသည် စကားဆုံးသည်နှင့် ထော့နင်းထော့နင်းဖြင့် ထွက်ခွာသွားသည်။ သူ၏ချိုင်းထောက်သည် အစပထမ တုန်းကလို ဟန်ချက်မညီတော့သဖြင့် ဤသို့ ထော့နင်း ထော့နင်း ဖြစ်သွားခဲ့ရခြင်းပင်။

ရုံကူသင်သည် ချိုင်းထောက်ရှင်၏ကျောပြင်ကို ငေးမော ကြည့်နေသည်။

သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလျှင် သွားချင်းချောင် ကြားပေါင်ရဲတိုက်ကြီးသို့ ခြေဦးလှည့်တော့သည်။

ချောင်ကြားပေါင်ရဲတိုက်၌ ရွှေဓားသခင်ကြီး ဝမ်ဖန် ကြည်တို့ ရှိနေသည်ဟု ဟွာဆယ်ဖုန်က သတင်းပေးခဲ့သည် ဟုတ်ပါလော၊

သူသည် ထိန်ခေရှုကဲ့သို့ ချန်အန်နယ်မြေဘစ်ဝိုက်ကို မကျွမ်းကျင်ပါ။ ထို့ကြောင့် ချောင်ကြားပေါင်ရဲ့တိုက်သို့ ရောက်သင့်သည့်အချိန်၌ မရောက်ဘဲ နောက်ကျ၍ ရောက်ရှိလာသည်။

သူ ရဲတိုက်ဝသို့ရောက်သည်နှင့် ချောင်ဆိန်ရှောင်၊ ဝမ်ဖန်ကြည်နှင့် ထိန်ခေရှုတို့အားလုံး လာရောက်ကြိုဆိုကြသည်။ ချောင်ဆိန်ရှောင်က ရဲတိုက်၏ဧည့်ခန်းဆောင်သို့ ခေါ်ဆောင်သွားပြီး နေရာချပေးသည်။

နေသားထိုင်သားကျသောအခါ ဝမ်ဖန်ကြည်က စတင်၍ စကားပြောလေ၏။

"ဘုမောင်.... ကျန်လုအဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဟွာဆယ်ဖုန်ဟာ ငါ့တူကြီးနဲ့အဘူတူ ရှိနေခဲ့တယ်မဟုတ်လား"

ရုံကူလင်သည် ဟွာဆယ်ဖုန်တို့၏ကိစ္စနှင့် ပတ်သက်ပြီး စကားကုန်ပြော၍ မဖြစ်ကြောင်း ဆင်ခြင်မိလိုက်သည်။ ထို့ကြောင့် ခပ်တိုတိုပင် ဖြေလိုက်၏။

"ဟုတ်ကဲ့၊ ဆရာကြီး ဟွာဆယ်ဖုန်ဟာ ကျွန်တော့်ကို နှုတ်ဆက်ပြီး သူ့အဖွဲ့ဆီကို ပြန်သွားပါပြီ"

ချောင်ဆိန်ရှောင် မျက်မှောင်ကြုတ်သွား၏။

"ဘာ....တယ်လို....သူပြန်သွားပြီ ဟုတ်လား"



ရုံကူလင်က....

"ဟုတ်ပါတယ်၊ ပြန်သွားပါပြီ"

ချောင်ဆိန်ရှောင်က စဉ်းစား၍မရသောလေသံဖြင့် ပြောလေသည်။

"ဘယ်လိုဖြစ်ပြီး ပြန်သွားတာပါလိမ့်"

"ဘာဖြစ်လို့လဲ တိုက်ပိုင်ကြီး၊ အကြောင်းထူးများ ရှိနေလို့လား"

"ဟုတ်တယ်.... ရှိတယ်၊ ခုတလော ချန်အန်တစ်ဝိုက်မှာ ဖြစ်ပျက်နေတဲ့ပြဿနာတွေဟာ အင်မတန် လျှို့ဝှက်ဆန်းကြယ် နေတယ်၊ အဲဒီ ပြဿနာတွေအတွက် 'ထိုင်ပိုင်တောင်'မှာ အစည်းအဝေးကြီးတစ်ရပ် ကျင်းပဖို့ ပြင်ဆင်နေကြတယ်၊ ကျန်လုအဖွဲ့ချုပ်ခေါင်းဆောင်ကြီးဟွာဆယ်ဖုန်ဟာဒီအစည်းအဝေးမှာ အရေးပါအရာရောက်တဲ့ ဧည့်သည် တစ်ယောက် အဖြစ် တက်ရောက်ရမယ်၊ ခုတော့...."

ရုံကူလင် သဘောပေါက်သွားသည်၊ ချောင်ဆိန်ရှောင် စိတ်အေးသွားစေရန် ဖေးဖေးမမ ပြောလိုက်၏။

"ဟုတ်ကဲ့....ဒီအတွက်တော့ သိပ်ပြီး စိုးရိမ်မနေပါနဲ့ဗျာ၊ အချိန်တန်ရင် သူ့ဘာသာ ရောက်လာနိုင်ပါတယ်"

သူတို့သည် အလွှာပသလာပစကားများ အနည်းအကျဉ်း ပြောဆိုကြသည်။

ချောင်ဆိန်ရှောင်က....

"ကဲ....ရုံကူလင်လဲ သိပ်ပြီး ပင်ပန်းလာတယ်၊ ဒီအခန်းထဲမှာပဲ သက်သောင့်သက်သာ နားနား၊ နောက်တက်က အိပ်ဆောင်ထဲမှာပဲ နားနား၊ ကြိုက်သလို နားနိုင်ပါတယ်၊ ကဲ....ကျုပ်တို့ သွားကြရအောင်"

ထိန်ဝေရှက....

"တိုက်ပိုင်ကြီး....မိတ်ဆွေကြီး ရုံကူလင်ကို ကျွန်တော်ပဲ နောက်ကအခန်းထဲ ပို့ပေးလိုက်မယ်"

ချောင်ဆိန်ရှောင်က....

"ကောင်းပါလေရဲ့ဗျာ... အတိုင်းထက်အလွန်ပေါ့၊ ဒီလိုမဟုတ်ဘဲ သူ့ဘာသာသွားနေရင် အထာမကျတဲ ဖြစ်ချင်ဖြစ်နေမယ်"

ဝမ်ဖန်ကြည်နှင့် ချောင်ဆိန်ရှောင်တို့ ထွက်သွားသည်နှင့် ထိန်ဝေရှက ရုံကူလင်အား နောက်ဘက်အဆောင်သို့ ခေါ်လာပြီး နေရာချပေးသည်။ ထို့နောက် ရုံကူလင်နှင့် အနီးကပ်ဆုံးနေရာ၌ထိုင်ပြီး ခပ်တိုးတိုးမေးသည်။

"ရုံကူလင်....ကျွန်တော် သတင်းတစ်ခု ရထားပါတယ်၊ အဲဒါ ဟုတ်လား မဟုတ်ဘူးလား စုံစမ်းချင်ပါတယ်"

"ဘာများလဲဗျာ....မေးပါ၊ကျွန်တော်သိတာဆိုရင် ပြောပြဖို့ ဝန်မလေးပါဘူး"



"ကျွန်လုအဖွဲ့ထဲက မျက်စိတစ်လုံးတည်းရှိတဲ့ ကျန်းရှန်ရင်းနဲ့ ချင်ဖုန်ဖုံးဆိုတဲ့ ပုဂ္ဂိုလ်နှစ်ယောက် ချုန်အန်ကို ရောက်နေတယ်လို့ ကြားပါတယ်၊ ဟုတ်သလား"

ရုံကူလင်မှာ အလွန်တရာ အံ့သြသွားသည်။ ကျန်းရှန်ရင်း၊ ချင်ဖုန်ဖုံးတို့နှင့် သူ တွေ့ခဲ့ရသည်မှာ တစ်ရက်ပင်မပြည့်သေးပါ။ ထိုပုဂ္ဂိုလ်နှစ်ယောက်၏ သတင်းသည် ထိန်ဝေရှ၏ နားထဲသို့ ရောက်ရှိနေပေပြီ၊ သတင်းမှန်ကို ငြင်းဆန်ရန် ဆန္ဒမရှိသဖြင့် ခေါင်းညိတ်၍ ဝန်ခံလိုက်ပါသည်။

"ဟုတ်ပါတယ်၊ သူတို့ ချုန်အန်ကို ရောက်နေကြတယ်"

"ဒါဖြင့် ကျွန်တော်ကြားထားတဲ့ အဖွဲ့တွင်းသစ္စာဖောက်မှုကြီး ဖြစ်ပေါ်တယ်ဆိုတာလဲ ဟုတ်မှာပဲနော်"

ရုံကူလင်မှာပါးစပ်အဟောင်းသားဖြစ်သွားရတော့သည်။ သူ့စိတ်ထဲတွင် ကျိတ်၍ရှုရှုတ်မိ၏။

"အင်း....ဒီလူရဲ့ နား၊ မျက်စိလျင်မှုကတော့ တကယ့်ကို ဩချလောက်တာပဲ"

သူ တကယ်ပြောလိုက်သည့်စကားမှာ....

"ဒါတော့ ကျွန်တော်လဲ တိတိကျကျ မသိပါဘူးဗျာ၊ ဟုတ်ချင်လဲ ဟုတ်မှာပေါ့"

စင်စစ် ကျန်းရှန်ရင်းနှင့် ချင်ဖုန်ဖုံး သစ္စာဖောက်သည့် သတင်းသည်သိုင်းလောကတစ်ခုလုံးကိုအုတ်အုတ်ကျက်ကျက်

ဖြစ်စေနိုင်သည့် သတင်းဖြစ်၏။ ထို့ကြောင့် သူ့နှုတ်မှ အတည် မပြုရဲပေ။ ဘူးကွယ်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း ရုံကူလင် နားလည်ပေသည်။

ရုံကူလင်က ပြန်လည် မေးခွန်းထုတ်လိုက်၏။

''ဒီသတင်းတွေက သွေးပျက်စရာ သတင်းတွေပါပဲဗျာ။ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီသတင်းတွေ ရလာတာလဲ''

''ဟာ .... မရတဲ့ရှိပါ့မလားဗျာ၊ ဟို ဝမ်လူ အရှင်သခင် ဆိုတဲ့လူနဲ့ ဝူကြည်တိုးဘိုးဆိုတဲ့ လူတွေက ချန်အန် သိုင်းလောကကို သွေးပျက်အောင် လုပ်နေကြတာပဲ၊ ဒီတော့ သိုင်းလောကထဲက အနားယူသွားကြတဲ့ ဆရာ့ ဆရာကြီး တွေလဲ အေးအေးဆေးဆေး မနေနိုင်တော့ဘူးပေါ့ဗျာ၊ သိုင်း လောကကနေ စွန့်ခွာထွက်သွားပြီ ဆိုပေမယ့် သံယောဇဉ် တော့ ရှိနေကြသေးတာကလား၊ သူတို့စုံစမ်းတဲ့အထဲက တချို့ တစ်ဝက်ကို သိခဲ့ရတဲ့ သတင်းတွေပါပဲ''

ရုံကူလင်သည် တစ်စုံတစ်ခုကို ထပ်မေးရန် ပါးစပ်ပြင်လိုက် လေသည်။

ထိုစဉ် အခန်းဝ၌ ရွှေဓားသခင်ကြီး ဝမ်ဖန်ကြည် ပေါ် လာလေ၏။

ထိန်ဝေရှုက ရုတ်တရက် မတ်တတ်ရပ်ရင်း....

''ကဲ.... ခင်ဗျားတို့နှစ်ယောက် ပြောစရာရှိရင် ပြောကြ ပါဦး၊ ကျွန်တော်တို့ကိစ္စရှိလို့ အပြင်ကို ခဏသွားပါဦးမယ်''



ထိန်ဝေရှုသည် ရွှေဓားသခင်ကြီး ဝမ်ဖန်ကြည်နှင့် ရုံကူ လင်ကို၏ ကျေးဇူးမကင်းသည့် အဖြစ်ကို သိနားလည်သဖြင့် ထိုနှစ်ဦး လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် ရှောင်ထွက် သွားခြင်းဖြစ်ပေသည်။

ဝမ်ဖန်ကြည် ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း....

''ကျုပ်တူကြီးကို မပြောမပြီးမတီးမပြည်ဆိုတာလို ပြော စရာရှိသေးသကွယ့်''

''ဟုတ်ကဲ့....အမိန့်ရှိပါ ဆရာကြီး''

''ဒီလိုကွယ့်၊ အခု သိုင်းလောကမှာ ဖြစ်လာတဲ့ အခြေ အနေက အင်မတန်ရှုပ်ထွေးနေတယ်''

''ဟုတ်ကဲ့၊ ကျွန်တော်လဲ သဘောပေါက်ပါတယ်''

''ကျုပ်ရဲ့ အာမခံဌာနက ပစ္စည်းပျောက်ဆုံးရုံသက်သက် မဟုတ်တော့ဘူးဆိုတာ ကျုပ် တူကြီး နားလည်မှာပါ''

''နားလည်ပါတယ် ခင်ဗျာ''

''အေး....ဒါဆိုရင် ကျုပ်ပြောချင်တဲ့ အချက်ကို ပြောလို့ ရပါပြီ''

''ဟုတ်ကဲ့....အမိန့်ရှိပါ''

''ကျုပ်တူကြီးရဲ့ မေမေက ကျုပ်ရဲ့ အာမခံပစ္စည်းတွေ ပြန်ရအောင် ကူညီခိုင်းတယ်မဟုတ်လား၊ အခုအခြေအနေက

ဒီပစ္စည်းတွေ ပြန်ရဖို့ မဖြစ်နိုင်တော့ပါဘူး၊ ဒါကြောင့်မို့ ကျုပ်တူကြီးကို အိမ်ပြန်ဖို့ မေတ္တာရပ်ခံပါတယ်"

ရှုံကူလင် အခါင်းခါလေတော့၏။

"မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ လျှို့ဝှက်အသားခံရစ္စည်းကို ပြန်မရဘဲနဲ့ အိမ်ပြန်သွားရင် မေမေက ကျွန်တော့်ကို အကြီးအကျယ်စိတ်ဆိုးတော့မှာပဲ ခင်ဗျာ"

"ဟာ....ဒီလို ဘယ်ဟုတ်မလဲ၊ ကျုပ်ရဲ့ မေတ္တာရပ်ခံချက်အရေးကြီးတာလဲ ရှင်းပြ၊ လက်ရှိသိုင်းလောကမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကိုလဲ ရှင်းပြပြီ၊ ဒါဆိုရင် ကျုပ်တူကြီးရဲ့မိခင်က ကျုပ်ရဲ့မေတ္တာရပ်ခံချက်ကို လက်ခံပါလိမ့်မယ်"

"ဒါဆိုရင် ကျွန်တော့် မေမေဆီကို ပြန်သင့်၊ မပြန်သင့် တွေ့တောလောက် စဉ်းစားခွင့်မရနိုင်ဘူးလား ခင်ဗျာ"

"စဉ်းစားပါ....စဉ်းစားပါ၊ အခု ကိစ္စက ကျုပ်တို့လို အတွေ့အကြုံများတဲ့ လူတောင် ဘာတွေ ဖြစ်မှန်း မသိတဲ့ ယောက်ဘောင်ဘောင် ပေါင်ခတောင်တောင် ဖြစ်နေတယ်၊ မောင်ရင့်လို သိုင်းလောက အတွေ့အကြုံနုနယ်တဲ့ လူအဖို့ ပြောစရာ မရှိတော့ဘူး၊ အချောင်သက်သက် အသက်ဆုံးပါးသွားနိုင်တယ်"

"ဟုတ်ကဲ့...ဆရာကြီးရဲ့ မေတ္တာစေတနာကို လေးစားပါတယ်ခင်ဗျာ၊ မောစောစာပြောသလို ကျွန်တော် စဉ်းစားပါရစေဦး"



"အေး...အေး...စဉ်းစားပါ"

ဝမ်ဖန်ကြည် အပြင်သို့ထွက်သွား၏။ ရှုံကူလင်၏ အခန်းတံခါးကိုပါ အသာအယာ ဆွဲစေ့ပေးခဲ့သည်။ ရှုံကူလင်မှာ ပြန်သင့်မပြန်သင့်ကိစ္စကို အကြီးအကျယ် စဉ်းစားနေရလေတော့၏။

သူ မည်မျှကြာအောင် စဉ်းစားနေသည်မသိ၊ ပြင်းထန်သော တံခါးခေါက်သံ ကြားလိုက်ရမှ အတွေးစများ ပြတ်သွားရသည်။

"ဝင်ခဲ့ပါ၊ တွန်းဝင်လာလို့ရပါတယ်"

တံခါးပွင့်သွားပြီး ထိန်ခေဝရှု ဝင်လာ၏။

"ရှုံကူလင်၊ စောစောက ဦးချောင်တိုက်ပိုင်ကြီး ပြောခဲ့တဲ့ အစည်းအဝေးကြီးကို ကျွန်တော်တို့ တက်ရတော့မယ်၊ တကယ်လို့ ခင်ဗျား လိုက်ချင်တယ်ဆိုရင် ကျွန်တော်တို့နဲ့ ခုတစ်ခါတည်း လိုက်ခဲ့ပေတော့"

"ဟာ....လိုက်တာပေါ့ဗျာ"

"ဘာပစ္စည်းတွေ ယူစရာရှိသေးလဲ"

"ဟား....ဟား....ဟား၊ ကျွန်တော်လဲ ခင်ဗျားလိုပေါ့၊ ဖုတ်ဖက်ခါ ထလိုက်ရုံပါပဲ၊ ဓားတစ်စင်းပါရင် ပြီးတာပဲ ဗျာ မဟုတ်ဘူးလား"

''ဟား... ဟား....ဟား ဟုတ်ပါ့ဗျာ၊ ကျွန်တော်ဆိုရင် တစ်ခါတလေမားတောင်မပါပါဘူး၊ ဒီအတိုင်း ထွက်လိုက် သွားတာပဲ''

သူတို့နှစ်ဦးသည် လူငယ်များ ဖြစ်သည့် အလျောက် တဟားဟား ရယ်မောရင်း အခန်းထဲမှ ထွက်ခွာကြလေ၏။

ဧည့်ခန်းထဲ၌ ချောင်ဆိန်ရှောင်နှင့် ဝမ်ဖန်ကြည်တို့အသင့် စောင့်နေကြသည်။

ဝမ်ဖန်ကြည်က ရုံကူလင်အား....

''ကျုပ်တူကြီး....ကျုပ်ပြောတဲ့ စကားတွေကို စဉ်းစားပြီးပြီလား''

''ဟုတ်ကဲ့....စဉ်းစားပြီးပါပြီ၊ ဘာပဲဖြစ်ဖြစ် ဆရာကြီးတို့နဲ့အတူ ဒီအရှုပ်အထွေး ကာလကြီး တစ်ခုလုံးမှာ မခွဲမခွာတမ်း လိုက်ပါဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့ဗျာ''

ဝမ်ဖန်ကြည်သည် သူ့အား စေတနာအလျောက် လာကူညီနေသည့် ရုံကူလင်အား ဝတ္တရားအရသာ မဟုတ်ဘဲ စေတနာအရ တားမြစ်ခဲ့ပြီးဖြစ်၍ သူ့ဘက်မှ ဝတ္တရားရော စေတနာပါ ကမ်းကုန်သွားပေပြီ။ ရုံကူလင်ကိုယ်၌က ဆက်လက်၍ ကူညီဦးမည်ဆိုလျှင်တော့ သူ့အနေဖြင့် တားမြစ်ရန် မလိုတော့ပေ။



ချောင်ဆိန်ရှောင်က....

''ကဲ....ဒါဆိုရင်လဲ ကျုပ်ရဲ့တိုက်ကြီးထဲကမြင်းဇောင်းဆီ သွားပြီး ခရီးဆက်ကြစို့ရဲ့''

သူတို့လေးယောက်သည် မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းခရီးနှင် ကြလေတော့၏။

❖

## အခန်း ( ၉၀ )

### နှင်းဖုံးတောင် (သို့မဟုတ်) သေမင်းတံတား

လမ်းခရီးတွင် မျက်နှာပုံမန်း ဖမ်း၍မရနိုင်သော ခရီးသည်တစ်ယောက်သည် သူတို့အား ဖြတ်ကျော်တက်သွားသည်၊ ထိုလူစီးသည့်မြင်းကြီးမှာ ကြံ့ခိုင်တောင့်တင်းလှသဖြင့် သူတို့လေးယောက်စလုံး အံ့ဩတကြီ လှမ်းကြည့်မိကြသည်။

သူတို့လေးယောက်ထဲ၌ တအံ့တဩဆုံးလူမှာ ရုံကူလင်ပင်ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုမြင်းကြီးမှာ ဟွာဆာယ်ဖုန်၏ဌာနခွဲ၌ သူပစ်ထားခဲ့သည့် ဖမ်းလျှံ အရှင်သခင်မဲ့နေပေးခဲ့သော မြင်းဖြူကြီးဖြစ်နေခြင်းကြောင့်ပေတည်း။

ချောင်ဆိန်ရှောင်က ရုံကူလင်အား...



"မောင်ရင်... မြင်းဖြူကြီးစီးသွားတဲ့လူကို မှတ်မိလိုက်ရဲ့လား"

"မတွေ့လိုက်ပါဘူးခင်ဗျာ၊ ကျွန်ုပ်တော်က လူထက် မြင်းကို ပိုပြီး သတိထားလိုက်မိပါတယ်"

ထိန်ခေရှုကမှ...

"မြင်းပေါ်ကလူဟာ ဝတ်ရုံနက် ဝတ်ထားတယ်၊ ပိန်ပိန်သေးသေးပုံစံမျိုး ရှိတယ်ဆိုတာလောက်တော့ ကျွန်တော် သတိပြုလိုက်နိုင်ပါတယ်"

ချောင်ဆိန်ရှောင်သည် ထိုသူ မည်သူဖြစ်နိုင်သည်ကို တွေးတောနေ၏၊ သို့ရာတွင် အဖြေ လုံးဝပေါ်မလာသဖြင့်...

"ကဲ... ဒီလူကို စဉ်းစားနေလို့ အလုပ်မဖြစ်ဘူး၊ ကျုပ်တို့နေရာ ကျုပ်တို့ တွင်အောင်သွားမှ အကျိုးရှိလိမ့်မယ်"

စကားဆုံးသည်နှင့် သူကိုယ်တိုင် ဦးဆောင်ထွက်ခွာသွားလေတော့၏။ သူတို့လေးယောက် စီးလာသည့် မြင်းများသည် မညာမတာ ခရီးပြင်းနှင်ခြင်းခံရသဖြင့် ချွေးများ တဖြိုက်ဖြိုက်ကျလာ၏။

နေကြာမီ နွားကလေးတစ်ရွာအကွင်းသို့ ရောက်ရှိလာကြသည်၊ ချောင်ဆိန်ရှောင်သည် နွားကလေး၏မြောက်ဘက်ရှိ ရှားနှင်းလင်ဂ်အောင် ကြီးမားခန့်ထည်သော ဗျူဟ်တောင် အိမ်ကြီးတင်လုံးပုံရသို့ မြင်းများကို အသုတ်နှင်သည်။

ရုံကူလင်အပေါ်အဝင် ကျန်လူများသည် စောဒကတက်ခြင်း၊ မေးမြန်းခြင်းမပြုကြဘဲ ချောင်ဆိန်ရှောင် နောက်မှ တစိုက်စိုက် လိုက်ပါလာကြသည်။

ထို ပျဉ်ထောင်အိမ်ကြီး၏ ခြံတံခါး ပွင့်လာသောအခါ လူလေးယောက်က မြင်းတစ်ကောင်စီ၏ ဇက်ကြိုးများကို ကိုင်ဆောင်ထားကြောင်း အံ့သြစဖွယ် တွေ့လိုက်ကြရသည်။

ချောင်ဆိန်ရှောင်က....

"မြင်းလဲမယ်"

ထို လူလေးယောက်က သူတို့ကိုင်ထားသည့် မြင်းဇက်ကြိုးများကို တစ်ဦးစီ၏ လက်ထဲသို့ လိုက်ထည့်ပေးသည်။ ချောင်ဆိန်ရှောင်၏ အစီအစဉ်ဖြစ်ကြောင်း အားလုံး နားလည် သဘောပေါက်သွားသဖြင့် ချက်ချင်းပင် မြင်းများကို လဲလှယ်စီးနင်းကြတော့သည်။ ထိုမြင်းများဖြင့် တစ်နေကုန် ခုန်းစိုင်းစီးနင်းလာရာနေဝင်ရီတရောအချိန်၌ ထိုင်ပိုင်တောင်ခြေသို့ ဆိုက်ရောက်လာလေတော့၏။

ချောင်ဆိန်ရှောင်သည်မြင်းပေါ်မှနေ၍ ထိုင်ပိုင်တောင်၏ အနေအထားကို အကဲခတ် လေ့လာသည်။ ထို့နောက် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး....

"ဟဲ....မြေအနေအထားက ကြမ်းတယ်၊ ဒီမြင်းတွေနဲ့ သွားကြရင် မြင်းတွေ ခြေကျိုးရင် ကျိုး၊ မကျိုးရင် လူတွေ ချောက်ထဲကျမှာပဲ၊ ဒီတော့ ခြေလျင်ပဲ ကြိတ်ကြရအောင်"



ချောင်ဆိန်ရှောင်သည် သူ့လက်ထဲမှ မြင်းဇက်ကြိုးကို လွှတ်ပေးလိုက်သည်။

ဝမ်ဖန်ကြည်၊ ထိန်ဝေရှုနှင့် ရုံကူလင်တို့လည်း မြင်းများပေါ်မှ ခုန်ဆင်းကာ သူတို့မြင်းများကိုလည်း လွှတ်လပ်ခွင့်ပေးလိုက်ကြသည်။

သူတို့သုံးယောက် ချောင်ဆိန်ရှောင်ဘက်သို့ လှည့်လာကြသောအခါတွင် ချောင်ဆိန်ရှောင်သည် မြေပုံတစ်ချပ် ထုတ်၍ လေ့လာလျက်ရှိကြောင်း တွေ့မြင်ရလေ၏။

ဝမ်ဖန်ကြည်က....

"ဒီနေရာက အလွတ်သွားလို့ဘောင် မရဘူးလား"

ချောင်ဆိန်ရှောင်က....

"ဟင့်အင်း၊ မြေပုံမပါချင် မလွယ်ဘူးဗျ"

ထိန်ဝေရှုက ဝင်ထောက်၏။

"ဒီလို ညအမှောင်ကြီးထဲ မြေပုံနဲ့ ခရီးသွားရရင် ကျွန်တော်ကိုတော့ သွားချင်တဲ့ခရီးကို ဒီတစ်ညလုံး ရောက်မှာ မဟုတ်တော့ဘူး"

ချောင်ဆိန်ရှောင်က....

"ဒီလောက်လဲ ပူမနေပါနဲ့၊ မြင်းဖြူရဲတိုက်သခင်လေးရဲ့ တော်ကြာ လထွက်လာမှာပါ၊ လရောင်နဲ့ဆို ခရီးဆက်ကြတာပေါ့"

မှန်သည်။ သူတို့ ခေတ္တမျှ အနားယူပြီးနောက် လ ထွက်လာသည်။ လရောင်က အတော်ကလေး ထိန်လင်းနေသဖြင့် ဤတောင်ကျောပေါ်၌ ထိုက်သင့်သလောက် ခရီးသွင်နိုင်ပေသည်။

ချောင်ဆိန်ရှောင်သည် သူ၏ ကျောပိုးအိတ်အတွင်းမှ မီးတုတ်တစ်ခုကို ထုတ်ယူကာ မီးထွန်းညှိလိုက်လေသည်။ သူသည် သည်ခရီးအတွက် အစစအရာရာ ကြိုကာပြင်ဆင်လာဟန် တူပေသည်။

သူသည် မြေပုံကို နောက်တစ်ခါထုတ်ကာ လေ့လာပြန်သည်။ လူအားလုံးကို တစ်ချက်ကြည့်လိုက်ပြီး....

"ခင်ဗျားတို့ အားလုံးကို ကျုပ်သတိပေးထားမယ်၊ ဒီတိုင်ပိုင်တောင်ကျောဟာ အင်မတန် အန္တရာယ်များတယ်၊ လျှိုမြောင် ချောက်ကမ်းပါးတွေရှိတယ်၊ တချို့လမ်းတွေဟာ နှင်းတွေဖုံးထားတဲ့ မသမင်းတံတားတွေဖြစ်တယ်၊ ဒီတော့ ကျုပ်လျှောက်တဲ့ နောက်ကပဲ သတိထားပြီး လိုက်ကြပါ၊ သေးက ဖဲ့ထွက်လို့ တိုယ့်သဘောနဲ့ကိုယ် လမ်းရှာဖို့ စိတ်မကူးကြပါနဲ့"

ထိန်ဖေရှုက....

"ဒီလောက်အန္တရာယ်ကြီးနေမှတော့ဒီလမ်းကမသွားဘဲ တခြားလမ်းကသွားလို့ မရဘူးလားဗျာ"

ချောင်ဆိန်ရှောင်က ပြုံးလိုက်ပြီး....



"ရှိတော့ရှိတယ် မြင်းပြုရဲတိုက်သခင်လေးရဲ့ ဒါပေမယ့် မလိုအပ်ဘဲ မိုင်ပေါင်းဝါးဆယ်လောက် ထပ်ပြီးကွေ့ပတ်နေရရင် သက်သက် အချိန်ဖြုန်းသလိုဖြစ်မှာ စိုးရိမ်ရလို့ပါ"

ထိန်ဝေရှုက....

"ဒါဖြင့်လဲ ဒီလမ်းကပဲ သွားကြရုံ ရှိတော့တာပေါ့ဗျာ"

ချောင်ဆိန်ရှောင်က....

"ကျုပ် ခြေချတဲ့အတိုင်းသာ ခင်ဗျားတို့အားလုံး ခြေချကြပါဗျာ၊ ဘာအန္တရာယ်မှ မရှိစေရပါဘူး၊ ကျုပ် တာဝန်ခံပါတယ်"

သူသည် စကားဆုံးသည်နှင့် အလွန် ဖေ့ စပ်သေချာစွာ တစ်လှမ်းပြီးတစ်လှမ်း လှမ်းလေတော့၏။ ကျန်လူများသည်လည်း ပေါ့ပေါ့ဆဆ မသွားဝံ့ကြဘဲ ချောင်ဆိန်ရှောင် လှမ်းသည့် ခြေလှမ်းအတိုင်း လိုက်လှမ်းကြသည်။

တောင်ပေါ်အမြင့်သို့ ရောက်လာ လေလေ အအေးဓာတ်က ပိုလာသဖြစ်၍ အားလုံး ချမ်းစိမ့်စိမ့် ဖြစ်လာကြသည်။

ရုံရှုလင်သည် သူတို့၏ လက်ဝဲလက်ယာ၌ မည်းမှောင်သော နေရာများကို တွေ့ရိုက်ရသဖြင့် ဤနေရာများကား အသုံးရာမျှနက်သော ချောက်ကြီးများပင်တည်းဟု ခန့်မှန်း

သိရှိလိုက်ရသည်၊ လရောင်သည် ထိုချောက်ကြီးထဲမှ မှောင်မိုက်ခြင်းကို ဖြိုခွင်းနိုင်ခြင်းမရှိဘဲ ဖြစ်နေဟန်တူသည်။

ထိုစဉ် တိုးညင်းသော အသံတစ်ခုကို ကြားလိုက်ရပြီး ရှေးဓားသခင်ကြီး ဝမ်ဖန်ကြည်၏ အလန့်တကြား အော်လိုက်သံကို ကြားလိုက်ရသည်။ ရုံကူလင်သည် အဟောင်းအား ထုတ်ကာ လျှပ်စီးလက်သကဲ့သို့သော လျှင်မြန်မှု မျိုးဖြင့် ဝမ်ဖန်ကြည်၏ အင်္ကျီစကို ဖမ်းဆွဲလိုက်သည်၊

ချောင်ဆိန်ရှောင်နှင့် ထိန်ဝေရှူတို့သည် အခြေအနေကို ရိပ်မိလိုက်သဖြင့် ရုံကူလင်အား ဝိုင်း၍ ထိန်းပေးထားကြသည်၊ သို့မှသာ ဝမ်ဖန်ကြည်အား ချောက်ကမ်းပါး အတွင်းမှ ဆွဲတင်ပေးနိုင်ပေလိမ့်မည်။

ထိုသို့ သုံးယောက်ပေါင်း၍ ညီညီညွတ်ညွတ် ဆွဲတင်လိုက်ကြသဖြင့် ဝမ်ဖန်ကြည်မှာ အပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။

ဝမ်ဖန်ကြည်သည် သက်ပြင်းရှည်ကြီး ချလိုက်ပြီး....

"ကျုပ်အသက်ကတော့ ကျုပ်တူကြီးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

လူတိုင်းလူတိုင်း ပို၍ သတိရှိသွားကြသည်။ ချောင်ဆိန်ရှောင် နင်းသည့်ခြေရာကို တတ်နိုင်သမျှ ထပ်တူနင်းကြတော့သည်။ သို့မှသာ ဝမ်ဖန်ကြည်ကြုံတွေ့ရသကဲ့သို့သော သေမင်းနှင့် ကျီစယ်သည့်အဖြစ်မျိုးမှ ကင်းလွတ်ကြရပေလိမ့်မည်၊



ထိုသို့ သက်စွန့်ဆံဖျား ထမင်းအိုးတစ်လုံးကျက်ခန့်အထိ လမ်းလျှောက်ပြီးကြသောအခါ ထင်းရှူးပင်အိုကြီး တစ်ပင်အောက်သို့ ရောက်ရှိလာလေ၏၊

ထိုအခါကျမှ ချောင်ဆိန်ရှောင် သက်ပြင်းချနိုင်လေတော့သည်။

"ဟင်း....တကယ့်အန္တရာယ်များတဲ့ နေရာပါပဲဗျာ၊ ရှေ့က လျှောက်လှမ်းနေတဲ့ ကျုပ်ဟာ ခြေတစ်လှမ်း နင်းပြီးတိုင်း ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကို တစ်ခါခေါ်အောက်မေ့မိပါတယ်ဗျာ၊ အခုတော့ ကျုပ်တို့ အန္တရာယ်စက်ကွင်းက လွတ်မြောက်လာခဲ့ကြပါပြီ"

ထိုစကားကို ကြားလိုက်ရသောအခါမှ ကျန်လူများ ပို၍ ကြက်သီးထသွားကြရသည်၊ ရှေ့မှဦးဆောင်သူ ချောင်တိုက်ပိုင်ကြီးကိုယ်တိုင် အသက်စွန့်၍ လမ်းရှာခဲ့ရလေသည်တကား။

ချောင်ဆိန်ရှောင်က...

"ဒီကနေရှေ့ဆက်သွားရမယ့်ခရီးလမ်းကတော့ဒီလောက် အန္တရာယ်မရှိတော့ပါဘူး၊ ရဲရဲတင်းတင်း သွားလို့ရပါပြီ၊ ခရီးလဲ ပိုတွင်မှာ သေချာပါတယ်"

သူတို့သည် သုံးမိုင်ခန့် ခရီးဆက်ကြရပြန်သည်၊ မကြာမီ ရှေ့၌ တောင်ကြားလမ်းတစ်ခုကို တွေ့ကြရသည်။ ချောင်ဆိန်ရှောင်က ထိုတောင်ကြားကို လက်ညှိုးညွှန်ပြပြီးနောက်....

"အဲ...ကျွန်တော်တို့သွားခဲ့တဲ့ ပန်းတိုင်ကိုတော့ရောက်ပြီ၊ အဲဒီ တောင်ကြားဟာ ပန်းတိုင်ပဲ"

ထိုတောင်ကြားသို့ ချောင်ဆိန်ရှောင်က ဦးဆောင်၍ လျှောက်သွားကြသည်။

တောင်ကြားအဝင်သို့ ရောက်သောအခါ ချောင်ဆိန်ရှောင်က မားမားမတ်မတ်ရပ်လျက် တောင်ကြားအတွင်းသို့ လှမ်းအော်၍ သတင်းပေးလိုက်၏။

"ချောင်ဆိန်ရှောင်က ဆရာကြီးများနဲ့မတွေ့ခွင့်တောင်းပန်ပါတယ် ခင်ဗျာ"

တောင်ကြားဝ၌ မည်သည့်လှုပ်ရှားမှုမျှ ပေါ်မလာပေ။

တိမ်ဝေရှက ခပ်တိုးတိုးပြော၏။

"တိုက်ပိုင်ကြီး...လူမှရှိရဲ့လား ခင်ဗျ"

ချောင်ဆိန်ရှောင်က ခေါင်းညိတ်လိုက်၏၊

"တိတ်တိတ်နေ....ရှိပါတယ်"

မကြာမီ တောင်ကြားဝ၌လှုပ်ရှားမှုတစ်ခုပေါ်လာသည်။ အင်္ကျီစအနက်ရောင် ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် ချောင်ဆိန်ရှောင်တို့အား စူးရှသောမျက်လုံးများဖြင့် ကြည့်၍ အကဲခတ်နေ၏၊

အတန်ကြာမှ...

"ချောင်ဆိန်ရှောင်ဆိုတာ ခင်ဗျားလား"



ချောင်ဆိန်ရှောင်က ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး....

"ဟုတ်ကဲ့....ကျုပ်ပါပဲ"

"ခင်ဗျားမှာ ဘာများ အမှတ်အသားများ ပါသလဲ ချောင်ဆိန်ရှောင်ဖြစ်ကြောင်း သက်သေတစ်ခုခုပေါ့"

ချောင်ဆိန်ရှောင်သည် သူ၏ ရင်ဘတ်အတွင်းမှ ဝါးပြားကလေးတစ်ခုကို ထုတ်ယူလျက် စစ်ကြောမေးမြန်းနေသူ၏ လက်ထဲသို့ ထည့်ပေးလိုက်၏၊

"အဲဒါ ကျုပ်ရဲ့အမှတ်အသားပါပဲ၊ စစ်ဆေးကြည့်ပါဦး"

ထိုလူက ဝါးပြားကလေးကို လနေရောင်အောက်၌ ဖင်ပြန် ခေါင်းပြန် ကြည့်ရှုစစ်ဆေးလိုက်၏၊ ထို့နောက် နောက်ဘက်မှပါရှိလာသည့် လူသုံးဦးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

"သူတို့က ခင်ဗျားနဲ့ပါလာတဲ့လူတွေလား"

"ဟုတ်ပါတယ်၊ ကျုပ် လူတွေပါ၊ စုစုပေါင်း လေးယောက်ပါ"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်နောက်က လိုက်ခဲ့ကြပေတော့"

ချောင်ဆိန်ရှောင်တို့အုပ်စုသည် ထိုတမန်နောက်မှ ကပ်လိုက်သွားလေသည်၊ ထိုလူဖွင့်လိုက်သည့် တံခါးပေါက်

များမှာ နှင်းများဖုံးအုပ်နေသဖြင့် အခြားလူတစ်ယောက် အနေဖြင့် ထိုနေရာများကို တံခါးပေါက်များအဖြစ် လုံးဝ မသိနိုင်ပါချေ။

ထိုတံခါးအတွင်းဝယ် လူနှစ်ယောက် ပခုံးချင်းယှဉ်၍ လျှောက်နိုင်သည့် လမ်းကလေးကို တွေ့ရသည်၊ ဂူအတွင်း၌ ရှိနေသည့်လမ်းဖြစ်၍ ထိုမျှသာ ကျယ်ဝန်း နိုင်ပေသည်။ သူတို့သည် အချိုးအကွေ့ပေါင်း ဆယ်ကွေ့မျှ ကျော်ဖြတ်ပြီးနောက် အခန်းကြီးတစ်ခုထဲသို့ရောက်ရှိလာသည်၊

အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသည့်လူက ရုတ်တရက် ရပ်တန့်လိုက်ပြီး....

“ကဲ....ကျေးဇူးပြုပြီး ခင်ဗျားတို့အားလုံးဒီမှာပဲရပ်စောင့်နေကြပါ”

ထိုလူသည် ချောင်ဆိန်ရှောင်တို့ကို ထားရစ်ခဲ့ပြီး ရှေ့သို့ ထွက်ခွာသွားကြ၏။ ရှေ့ရှိ ကွေ့ချိုးတစ်ခု၌ ပျောက်ကွယ်သွားသည်၊ ကွမ်းတစ်ယာညက်ခန့် ကြာသောအခါမှ ထိုလူ ပြန်လည်ရောက်ရှိလာသည်၊

“ကျုပ်တို့ရဲ့ဆရာများက ခင်ဗျားတို့ကို လက်ခံတွေ့ဆုံဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ ကြွကြပါ”

သူတို့သည် အင်္ကျီနက် ဝတ်ဆင်ထားသည့် လူနောက်သို့ လိုက်ကြရပြန်သည်၊ သူတို့တက်သွားရာ၌ ခြေလှမ်းများသည် တဖြည်းဖြည်းမြင့်ရာသို့ တက်နေကြရကြောင်း သတိပြုမိ၏၊



ထို့နောက် တံခါးပေါက်တစ်ခုကို တွေ့လိုက်ကြရပြီး ထိုမှ အပြင်သို့ ထွက်လိုက်ကြရသည်။

သူတို့ လျှောက်ခဲ့သည့်ဂူလမ်းသည် တောင်တစ်တောင်ကို ဖြတ်ကျော်ခဲ့ပြီးဖြစ်ကြောင်း ထိုအခါကျမှသိလိုက်ကြရသည်။ ညီညာပြန့်ပြူးသောမြေပြင်ထက်၌ ကုလားထိုင်များ ဆယ်လုံး ကျော်ကျော် ခင်းကျင်းထားကြောင်း တွေ့ရှိရသည်၊

ထိုကုလားထိုင်များ အားလုံး အလွတ်ချည်းသက်သက် မဟုတ်ပါချေ၊ ကုလားထိုင်လေးလုံးပေါ်၌ လူလေးယောက် ထိုင်နေကြ၏။ တစ်ယောက်မှာ အင်္ကျီစိမ်း ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ အင်္ကျီဖြူ ဝတ်ဆင်ထားသည့် မုတ်ဆိတ်ရှည် အဘိုးအိုနှစ်ယောက် ဖြစ်၏၊ ကျန်နှစ်ယောက်အနက် တစ်ယောက်မှာ ထင်းခွေသမားပမာ ကြမ်းကြမ်းတမ်းတမ်း ပုံစံမျိုးရှိ၍ ကျန်တစ်ယောက်မှာ အရိုးပြိုင်းပြိုင်းနှင့် အလွန်တရာ ပိန်လှီလှသော အဘိုးအိုတို့ ဖြစ်ကြလေသည်၊

ချောင်ဆိန်ရှောင်သည်အဘိုးအိုလေးယောက်ကိုဦးညွှတ်၍ ဂါရဝပြုလိုက်၏၊

“ကျွန်တော် ချောင်ဆိန်ရှောင် ချိန်းဆိုထားတဲ့အတိုင်း ရောက်ရှိလာခဲ့ပါပြီ ခင်ဗျာ”

အင်္ကျီဖြူဝတ်ဆင်သည့် အဘိုးအိုက သူတို့အား ထိုင်ခွင့် ပေးလိုက်သည်။

“ကောင်းပြီ....နေရာယူကြပါ”

အဘိုးအိုကပင် ချောင်ဆိန်ရှောင်ကို ထပ်မံ၍ အမိန့်ပေးသည်။

"ချောင်ဆိန်ရှောင်....မင်းနဲ့ပါလာတဲ့ လူတွေ သူတို့ကိုယ်သူတို့ မိတ်ဆက်ပေးပါစေ"

ချောင်ဆိန်ရှောင်က အားလုံးကို အသိပေးသည်။

"ကဲ...ခင်ဗျားတို့ကြားတဲ့အတိုင်းပဲ၊ တစ်ယောက်စီ တစ်ယောက်စီ ကိုယ့်နာမည်ကို ထုတ်ဖော်ပြောကြပါ"

ဝမ်ဖန်ကြည်က ပထမဦးဆုံး ထသိုက်လည်း သူက အသက်အကြီးဆုံးနှင့် ဝါစဉ်အကြီးဆုံး ဖြစ်နေသည့်ကိုး။

"ကျွန်တော့် နာမည် ဝမ်ဖန်ကြည်ပါ၊ ချင်ဘူမြို့ ဂျင်ရှင်အာမခံဌာနက အုပ်ချုပ်ရေးမှူးပါ"

အသံခြေဇာ ပြည့်ဝလှသည့် ထိုအဘိုးကြီးက....

"ဩ...ရှေးဟောင်းသခင်ကြီး ဝမ်ဖန်ကြည်ကိုး"

ဝမ်ဖန်ကြည်က ဦးညွှတ်၍ ထိုင်သွား၏။

ယီနီဝေရှ ထလာသည်။

"ကျွန်ုပ်တော်ကတော့မြင်းဖြူရဲတိုက်ကထိန်ဝေရှပါခင်ဗျာ"

ထိုအဘိုးအိုက....

"အင်း...သိတယ်၊ အနောက်မြောက်ဘက်က တက်သစ်စ ခေါင်းဆောင်ပေပဲ"



ထိန်ဝေရှ ထိုင်သွား၏။

ရုံကူလင်၏အလှည့်သို့ ရောက်လာသည်။

"ကျွန်တော်ကတော့ ရုံကူလင်လို့ ခေါ်ပါတယ်"

အဘိုးအိုသည် တစ်ယောက်တည်း ရေရွတ်နေသည်။

"ရုံကူလင်တဲ့လား"

အောင်မြင်ခန့်ညားသော အသံက ဟိန်း၍ထွက်ပေါ်လာပြီး....

"မင်းက ဘယ်သိုင်းအဖွဲ့ကလဲ၊ ဒီနာမည်မျိုး ငါတို့ တစ်ခါမှ မကြားဖူးဘူး"

ရုံကူလင်က....

"ကျွန်တော်က ဘယ်သိုင်းအဖွဲ့ကမှ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ တတ်မြောက်ထားတဲ့ သိုင်းပညာက ဆွေစဉ်မျိုးဆက် ထိန်းသိမ်းလာတဲ့ သိုင်းပညာပါ"

အဘိုးအိုက ထပ်မံ၍ မေးခွန်းထုတ်လိုက်သည်။

"အိမ်း... မင်းတို့ ဆွေစဉ်မျိုးဆက် သိုင်းပညာမှာ ဘာလက်နက်ကို အသုံးပြုသလဲကွယ့်"

"ကျွန်တော်တို့ အစဉ်အဆက် ဓားရှည်ပဲ သုံးခဲ့ပါတယ် ခင်ဗျာ"

"ဟုတ်ပြီ....မင်းဖခင်က ဒီလောကကြီးမှာသက်ရှိထင်ရှား ရှိနေသေးသလား"

"ကျွန်တော် လူမှန်းသိစကတည်းက ကျွန်မတော့်ဖခင်ကို မတွေ့ခဲ့ရတော့ပါဘူး ခင်ဗျာ"

အဘိုးအိုသည် တပ်မမေးတော့ဘဲ 'ထိုင်တော့' ဟူသော သဘောဖြင့် အချက်ပြလိုက်၏။ ရုံကူလင် ထိုင်ချလိုက်သည်။

အဘိုးအိုက ချောင်ဆိန်ရှောင်အားမေးခွန်းထုတ်လိုက်၏။

"ချန်အန်မြို့ထဲမှာ ဘယ်လိုအခြေအနေတွေ ဖြစ်နေပြန်ပြီလဲ"

ချောင်ဆိန်ရှောင်က သတိထား၍ဖြေသည်။

"အခြေအနေကတော့ အတော့်ကို မကောင်းတာပါပဲ ခင်ဗျာ"

အဘိုးအိုက....

"အပြည့်အစုံ ရှင်းပြစမ်းပါ"

"ကျွန်တော်တို့ အစိုးရိမ်ရဆုံးလူကတော့ ဝူကြည်ဘိုးဘိုး ဆိုတဲ့လူပါပဲ၊ သူ့အပြင် စိုးရိမ်ရတဲ့လူကတော့ ဝမ်လူ အဖွဲ့ ဆိုတဲ့သိုင်းအဖွဲ့ကြီးတစ်ခုပါပဲ၊အဲဒီနှစ်ယောက်ရဲ့လက်အောက် မှာ သိုင်းသမားတွေ မရေမတွက်နိုင်အောင် ရှိနေပါတယ်၊ အဆင့်မြင့်သိုင်းပညာတွေကိုလဲတတ်မြောက်ထားကြပါတယ်၊



အင်မတန်လဲ သစ္စာစောင့်သိကြတဲ့ လူတွေ ဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီနှစ်ဖွဲ့ရဲ့ အကြောင်းဇာစ်မြစ်ကို ကျွန်တော်တို့ အနေနဲ့ ခုထက်ထိ စုံစမ်းထောက်လှမ်းနိုင်ခြင်း မရှိသေးပါ ဘူး ခင်ဗျာ"

အဘိုးအိုသည် ခေတ္တမျှ တိတ်ဆိတ် ငြိမ်သက်သွားပြီး နောက်....

"ဒါထက် ကျန်လုသိုင်းအဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဟွာ ဆယ်ဖုန်ကော မပါဘူးလား"

ချောင်ဆိန်ရှောင်က ရုံကူလင်အား တစ်ချက်လှမ်းကြည့် လိုက်ကာ....

"ဒီကလူငယ်ကလေး ပြောပုံအရတော့ ဟွာဆယ်ဖုန်ဟာ သူတို့အဖွဲ့ထဲမှာ ရှောင်တခင် ဖြစ်ပေါ်လာတဲ့ အရေးအခင်း ကြောင့်သူတို့အဖွဲ့ချုပ်ရှိရာကို ပြန်သွားပါဘယ်တဲ့၊ဒါကြောင့် ကျွန်တော်တို့နဲ့အတူ ဒီကို လိုက်မပါလာနိုင်တာပါ"

အဘိုးအို၏ တောက်ပသော မျက်လုံးအစုံသည် ရုံကူလင် ထံသို့ ရောက်ရှိလာလေ၏။

"ကဲ....ဆိုစမ်းပါဦး၊ ကျန်လုသိုင်းအဖွဲ့ကြီးမှာ ဘယ်လို ပြောင်းလဲမှုတွေ ဖြစ်ကုန်လို့လဲ"

ရုံကူလင်မှာ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားသည်။

အဘိုးအိုက ထပ်မံ၍မေးလေ၏။

"ကျုန်လုသိုင်းအဖွဲ့ကြီးမှာ ဘာတွေပြောင်းလဲကုန်သလဲလို့ ငါ ထပ်မေးနေတယ်"

ရုံကူလင်က ထစ်ထစ်ငေါ့ငေါ့ ပြောလေ၏။

"ခင်ဗျာ....ကျွန်....ကျွန်တော် ဘာမှမသိပါဘူး"

အဘိုးအိုက တစ်ချက်ပြုံးလိုက်ပြီး....

"အင်းလေ....ဟွာဆယ်ဖုန်လိုလူမျိုးအဖို့ ဘာအခက်အခဲပဲတွေ့တွေ့ အကြောင်းမဟုတ်ပါဘူးလေ"

သူသည် ချောင်ဆိန်ရှောင်ဘက်သို့ ပြန်၍ မျက်နှာမူလိုက်ပြန်သည်။

"တခြားသိုင်းသမားတွေရော ချန်အန်မှာ အစုအဝေးနဲ့ ရှိနေကြသေးသလား"

ချောင်ဆိန်ရှောင်က ခေါင်းခါ၏။

"ကျုန်လုအဖွဲ့သားတွေကလွဲလို့ တခြားအဖွဲ့သားတွေကို အစုအဝေးနဲ့ မမြင်မိခဲ့ပါဘူး ခင်ဗျာ"

"ကောင်းပြီ...မင်းတို့လဲ ခရီးပန်းလာကြတယ်၊ အနားယူကြဦး၊ နောက်မှ အေးအေးဆေးဆေး ထပ်ပြီး စကားပြောကြတာပေါ့"



ထိုစကားဆုံးသည်နှင့် အဘိုးကြီးလေးယောက်တို့သည် မျက်စိများစုံမှိတ်၍ မှိန်းနေကြလေတော့၏။ ချောင်ဆိန်ရှောင်တို့မှာ ယီးတီးယောင်တောင်ဖြင့် ထိုင်နေကြရသည်၊ လှုပ်လည်း မလှုပ်ဝံ့ကြပေ။

အတန်ကြာသော် စူးစူးဝါးဝါးအော်လိုက်သည့် အသံကြီးကို အားလုံး ကြားလိုက်ကြရ၏။ အသံကြီးသည် တောကြီးတောင်ကြား၌ ပဲ့တင်ထပ်ပြီး အဝေးသို့ တဖြည်းဖြည်း လွင့်မျောသွားသည်။

ရုံကူလင်သည် ရှိနေသည့်လူများထဲ၌ အသက်အငယ်ဆုံးဖြစ်သည့်အားလျော်စွာ ရုတ်တရက် ထရပ်လိုက်မိ၏၊ သို့သော် ပတ်ဝန်းကျင်မှလူအားလုံး မတုန်မလှုပ် ငြိမ်သက်စွာထိုင်နေသည်ကို တွေ့ရသောအခါ တစ်ကိုယ်လုံး ပူရှိန်းသွားပြီး ခပ်ရှက်ရှက်ဖြင့် ပြန်ထိုင်ချလိုက်ရလေ၏။

မကြာမီ စောစောက သူတို့အား လာရောက်ကြိုဆိုသည့် အင်္ကျီနက်ဝတ်ဆင်ထားသည့်တမန်ကို တွေ့လိုက်ကြရသည်။ ထိုလူသည် ပျာယီးပျာယာဖြင့် ပြေးဝင်လာ၏။

''အဘိုးရှင်'နဲ့'အဘိုးကိန်း'တို့ ကြွရောက်လာပါပြီ ဆရာကြီး ခင်ဗျာ''

သူသည် မှိန်းနေသည့် အဘိုးကြီးများကို အနည်းငယ်မျှ ကြောက်ရွံ့အားနာဟန်မပြဘဲ အော်ဟစ် အစီရင်ခံလိုက်လေ၏။

ချောင်ဆိန်ရောင်တို့အား ဒိုင်ခံ၍ စကားပြောသော အဘိုးအို၏မျက်လုံးများ ပြန်ဖွင့်လာ၏။

''ကောင်းပြီ၊ သူတို့ကို ခေါ်ခဲ့ပါ''

အင်္ကျီနက်ဖြင့်လူသည် ဒရောသောပါး ပြေးထွက်သွား၏။ မကြာမီ အဘိုးအိုနှစ်ယောက်ကို လမ်းပြခေါ်ဆောင်လျက် ပြန်လည်ရောက်ရှိလာသည်။

အဘိုးအိုနှစ်ယောက်အနက် တစ်ယောက်က မြို့သားပညာတတ်ပုံစံ ပေါက်နေသည့် အရုပ်ပုပုအဘိုးအိုကြီးဖြစ်၍ ကျန်တစ်ယောက်မှာ တောသားပုံစံပေါက်နေသည့် ခါးကုန်းအဘိုးကြီး ဖြစ်သည်။

ထိုင်ခုံများရှေ့သို့ ရောက်ရှိလာကြသောအခါ အဘိုးအိုနှစ်ယောက်က ထိုင်နေသည့် အဘိုးအိုလေးယောက်ကို ဂါရဝပြုကြ၏။

''ကျုပ်တို့ အလာနောက်ကျတာကို ခွင့်လွှတ်ကြပါဗျာ''

အင်္ကျီဖြူအဘိုးအိုက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...



''ကိစ္စမရှိပါဘူးဗျာ၊ ဘောင်းပန်ချင်း တောင်းပန်ရင် ကျုပ်တို့ကသာ တောင်းပန်ရမှာပါ၊ ခုလို အဝေးက တကူးတက လာခိုင်းရတာကိုပဲ ကျုပ်တို့က အားနာလှပါပြီ''

အဘိုးအိုက ထိုင်ခုံများကို ဖေ့ယမ်းပြရင်း....

''ထိုင်ကြပါဗျာ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့''

ညွှန်သည်အဘိုးကြီးနှစ်ယောက်သည် ထိုင်ခုံများ၌ဝင်ထိုင်လိုက်ကြ၏။

မုတ်ဆိတ်ရှည်အဘိုးအိုက ချက်ချင်းပင် မေးခွန်းထုတ်လေတော့၏။

''နောင်ကြီးတို့ ချန်အန်မှာ မသမာတဲ့သိုင်းသမားတွေ ရောက်ရှိလာတဲ့အတွက် သိုင်းလောကကြီးဟာ မီးပြင်းထိုးခံရတဲ့ ဒယ်အိုးကြီးထဲကရေတွေလို ဆူပွက်လာနေပါပြီ၊ အဲဒီအချက်ကို နောင်ကြီးတို့ သတိပြုမိကြပါသလား''

မြို့သားပညာတတ်ပုံစံရှိသည့် အဘိုးအိုက အင်္ကျီဖြူအဘိုးအိုအား ပြုံးပြရင်း....

''သတိပြုမိပြီလားဗျာ၊ ကျုပ်တောင် သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်သွားခဲ့ရတယ်''

သူသည် စကားကို ရုတ်တရက်ဖြတ်၍ သူ့ဘေးမှ တောသားပုံစံပေါက်နေသည့် ခါးကုန်းအဘိုးကြီးအား တစ်ချက်မေးငေါ့ပြသည်။

"ဒီအကြောင်းတွေနဲ့ပတ်သက်ရင် ဟောင်ကောင် နောင်ကြီး ကိန်းလောက်တော့ ကျုပ် မသိဘူးလို့ ဆိုရမှာပေါ့ဗျာ"

ခါးကုန်းအဘိုးအိုကြီးက သူ၏ တိုနုန့်နုန့်မုတ်ဆိတ်ကို ဆွဲလိုက်ရင်း....

"ခုလို ချီးမြှောက်တာ ကျေးဇူးတင်ပါတယ်ဗျာ"

အင်္ကျီဖြူအဘိုးကြီးက စိတ်မရှည်ဟန်ဖြင့် လှမ်းပြောသည်။

"နောင်ကြီးတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘုတ်ကျီးမြှောက်၊ ကျီးဘုတ်မြှောက်လုပ်ပြီး အပြန်အလှန် ချီးကျူးမနေကြပါနဲ့တော့၊ အခု ကျုပ်တို့ အရေးတကြီးသိဖို့ လိုအင်နေတာက သိုင်းလောကကြီး ဖြောင်းဆန့်အောင် လုပ်နေသူတွေ ဘယ်သူလဲဆိုတာ သိရဖို့ပဲ၊ ကျုပ်တို့တစ်တွေ သိုင်းလောကထဲက အနားယူခဲ့ပြီဆိုပေမယ့် ကျုပ်တို့ ကျင်လည်ခဲ့ဖူးတဲ့ သိုင်းလောကကို ဖြောင်းအန်အောင်လုပ်တဲ့ လူတွေကိုတော့ ခွင့်မလွှတ်နိုင်ဘူး"

ထင်းခွေသမားနှင့်တူသောအဘိုးကြီးက အေးတိအေးစက် ဝင်ပြောလေ၏။

စကားသံသာ အေးယည်း၊ သူပြောသည့် အကြောင်းအရာက မအေးချေ။

"စကားပြောတာ ကြာဘယ်ဗျာ၊ အခု ကျုပ်တို့အားလုံး ချိန်အန်ကို ဆင်းမယ်၊ ဒီကောင်တွေရဲ့ ကြက်တွင်းတွေကို အပြတ်ရှင်းပစ်မယ်"



အင်္ကျီဖြူအဘိုးကြီးက စောင်းငန်း စောင်းငန်းဖြင့် လှည့်ကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ငါ့ညီက ဒေါသချည်းပါပါလား"

ထင်းခွေသမားနှင့်တူသည့် အဘိုးအိုက....

"ဟုတ်တယ်လေ....စကားပြောတာက ကြာတယ်၊ အလုပ်လုပ်တာက မြန်တယ်"

အင်္ကျီဖြူ အဘိုးအိုက မျက်စောင်းထိုး၍ ပြောလေ၏။

"ဟ.... မင်းပြောသလောက် လွယ်ရင် ခုရောက်လာတဲ့ နောင်ကြီးရှင်နဲ့ နောင်ကြီးကိန်းတို့က ဟို သဘောက်မသားတွေကို ဒီအတိုင်း လွှတ်ထားပါ့မလားကွ၊ စဉ်းစဉ်းစားစား လဲ ပြောပါဦး"

အင်္ကျီဖြူအဘိုးအို၏ ဝေါက်ဆတ်ဆတ်အသံကြောင့်ထင်းခွေသမားနှင့်တူသောအဘိုးအိုမှာ ဆက်မပြောတော့ဘဲ ပါးစပ်ပိတ်သွားတော့သည်။

မြို့သားပညာတတ်ပုံစံပေါက်နေသည့်အဘိုးကြီးကချောင်းဟန့်ပြီး စကားစတင်ပြောလေ၏။

"ဂျင်ရှင်အာမခံဌာနက ပျောက်ဆုံးသွားတဲ့ လျှို့ဝှက် အာမခံပစ္စည်းနဲ့ပတ်သက်ပြီး ချိန်အန်မြို့မှာ အဆင့်မြင့် သိုင်းသမားတွေ အများကြီး လာစုနေတာ တွေ့ရပါတယ်၊ များ

သောအားဖြင့် အောက်လမ်း သိုင်းသမားတွေ စုကြတာကို တော့ သတိပြုမိပါတယ်"

အင်္ကျီဖြူအဘိုးအိုက....

"အင်း....ဆက်ပြောစမ်းပါဦး"

"ပထမတော့ ကျုပ်တို့က ရိုးရိုးသားသားပဲ အောက်မေ့ခဲ့တယ်ဗျ၊ နောက်တော့ ဒီကိစ္စဟာ မရိုးသားမှန်း တဖြည်းဖြည်း သိလာတယ်"

အင်္ကျီဖြူအဘိုးအိုက မေးခွန်းထပ်ထုတ်သည်။

"ဘယ်လိုကြောင့် မရိုးသားမှန်း သိရတာလဲ"

"သိုင်းလောကထဲက ဆိုးပေ့ သွမ်းပေ့ ဆိုတဲ့ သိုင်းသမားတွေဟာ ချန်အန်ထဲကိုဝင်လာတာ စခဲ့တာမှ မဟုတ်ဘဲ၊ ဝင်လာမစဲ တသဲသဲဆိုတာ ဒါမျိုးကို ခေါ်တယ်၊ ဒီတော့မှ ကြီးမားလျှို့ဝှက်တဲ့ အကြံအစည်ကြီးတစ်ခုဟာ ချန်အန်မှာ သန္ဓေတည်နေပြီဆိုတာ ရိပ်မိတော့တယ်"

အင်္ကျီဖြူအဘိုးအိုက....

"အင်း...ရိပ်မိတော့ နောင်ကြီးက ဘယ်လိုလုပ်သလဲ"

"ကျုပ်တစ်ယောက်တည်း လိုက်လံစုံစမ်းထောက်လှမ်းတာပေါ့၊ ဒါပေမယ့် ဟိုသူတွေက မဆိုးဘူးဗျို့၊ ကျုပ်ဘာမှသဲလွန်စမရဘူး၊ ဒါနဲ့ မနေနိုင်တော့ဘဲ 'နောင်ကြီးရှင်'နဲ့ သွားဆွေးနွေး တိုင်ပင်ရတော့တာပဲ"



အင်္ကျီဖြူ အဘိုးကြီးက တောသားပုံစံပေါက်နေသည့် ခါးကုန်းအဘိုးကြီးအား စောင်းငဲ့ကြည့်၍....

"နောင်ကြီးရှင်ဟာ နားမျက်စိလျင်တဲ့နေရာမှာ နာမည်ကြီးတဲ့လူမို့ သတင်းအနည်းအကျဉ်းတော့ ရလိုက်မှာပေါ့နော်"

အဘိုးရှင်က ချောင်းဟန့်ရင်း...

"ကျုပ်လဲ ဘာမှတော့ သိသိသာသာတော့ မဟုတ်ပါဘူးဗျာ၊ အဲ....ကျုပ်သိရသလောက် ပြောရမယ်ဆိုရင်တော့ ချန်အန်မှာ လာစုနေတဲ့ သိုင်းသမားတွေဟာ အဖွဲ့အစည်းနှစ်ခုအောက်က သိုင်းသမားတွေ ဆိုဘာပါပဲ"

ရုံကူလင်မှာ စိတ်ပျက်သွားသည်။ အခု အဘိုးကြီးများ ပြောနေသည့် အကြောင်းအရာများမှာ ရိပ်ဖမ်းသံဖမ်းပြောနေကြသည့် အကြောင်းအရာများဖြစ်နေသောကြောင့်တည်း။

သူတို့ထက်စာလျှင် သူကပင် ပိုသိသေးသည်ဟု ရုံကူလင် စိတ်ထဲမှ ပြောနေလိုက်မိ၏။

ထိုစဉ် အင်္ကျီဖြူအဘိုးအိုက စိတ်ပျက်သလို လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့ သိတာ ဒါလောက်ကလေးပဲလားဗျ"

အဘိုးရှင်ဆိုသူက....

"ဟုတ်ပါတယ်၊ ဒါတောင်မှ သိပ်မသေချာသေးပါဘူးဗျာ"

အင်္ကျီအဖြူဝတ်အဘိုးအိုသည် သူ၏မုတ်ဆိတ်ရှည်ကြီးကို ပွတ်သပ်ကာ စဉ်းစားနေသည်။ အတန်ကြာ၌...

"ဟို...လျှို့ဝှက်အဖွဲ့အစည်းနှစ်ခုက လူတွေ ချုန်အန်းမှာ ရှိနေသေးသလား"

အဘိုးရှင်က....

"ဟုတ်ကဲ့....တချို့ တစ်ဝက်တော့ ကျန်နေပါသေးတယ်၊ အားလုံးရှင်းပြီလို့ မဆိုနိုင်သေးပါဘူး"

အင်္ကျီဖြူ အဘိုးကြီးသည် အိပ်ငိုက်နေဟန်ရှိသော်လည်း ကျန်အဘိုးအိုသုံးဦးဘက်သို့ လှည့်၍ မေးလိုက်၏။

"ကဲ....ငါ့ညီတို့ရဲ့ သဘောက ဘယ်လိုရှိကြသလဲ၊ မင်းတို့ စိတ်ထဲမှာရှိတာကို ပြောကြဦး"

ကျန်လူများက ယိမ်းတိုက်ထားသလို တစ်ပြိုင်တည်းပြော ကြ၏။

"ကျုပ်တို့ကို မေးမနေပါနဲ့ဗျာ၊ အစ်ကိုကြီးသဘောအတိုင်း သာ လုပ်ပါ၊ ကျုပ်တို့အားလုံး သဘောတူတယ်"

အင်္ကျီဖြူ အဘိုးကြီးက နောက်မှရောက်လာသည့်အဘိုးအို နှစ်ယောက်၏ သဘောထားကို လှမ်းမေးလိုက်သည်။

"နောင်ကြီးနှိုင်နဲ့ နောင်ကြီးကိန်း....ခင်ဗျားတို့နှစ်ယောက် ရဲ့ သဘောထားကရော ဘယ်လိုရှိကြသလဲ"



အဘိုးအိုနှစ်ယောက်က ပြိုင်တူပြောကြ၏။

"ကျုပ်တို့ကလဲ အစ်ကိုကြီးရဲ့ သဘောအတိုင်းပါပဲဗျာ၊ အစ်ကိုကြီး လိုအပ်သလို စီမံခန့်ခွဲပါ၊ ကျုပ်တို့ တစ် သဝေမတိမ်း လိုက်နာပါ့မယ်"

ထိုစဉ် ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခု မြည် ဟည်းသွားလေ၏။ ပေါက်ကွဲသံနှင့်အတူ မီးကျည်မီးပန်း များ ပြန့်ကျဲသွားသည်ကို တွေ့လိုက်ရသည်။

အဖြူရောင်အင်္ကျီဝတ်ဆင်သည့် အဘိုးကြီးက ရုတ်တရက် ထရပ်လိုက်သည်။ အဘိုးကြီးသည် အရွယ်နှင့်မလိုက်အောင် ကြီးမားကြံ့ခိုင်သော ကိုယ်ကာယရှိပေ၏။

"အင်း....အတော်ဟုတ်တဲ့ လူတွေပဲ၊ ကျုပ်တို့က သူတို့ဆီ မသွားရသေးဘူး၊ သူတို့က ကျုပ်တို့ကို လိုက်ရှာနေကြပြီ"

အစိမ်းရောင်အင်္ကျီရှည်ကြီး ဝတ်ဆင်ထားသည့်အဘိုးအို က မီးကျည်မီးပန်းများကို မျှော်ကြည့်ရင်း....

"အစ်ကိုကြီး၊ သူတို့နဲ့တွေ့ဆုံဆွေးနွေးဖို့ ချိန်းထားလို့ လား"

အင်္ကျီဖြူနှင့်အဘိုးအိုက သူ့ညီတော်၏အမေးကို မဖြေ ပေး ချောင်ဆိန်ရှောင်ဘက်သို့ လှည့်၍မေးလေ၏။

"ချောင်ဆိန်ရှောင်၊ မင်းတို့ ဒီလာတုန်းက နောက်မှာ နောက်ယောင်ခံလိုက်လာတဲ့လူများ မရှိဘူးလား"

အင်္ဂျီဖြူအဘိုးအိုက စေ့စပ်သေချာစွာ မေးသည်။ ချောင်ဆိမ်ရှောင်က ထိတ်ထိတ်ပျာပျာ ဖြေသည်။

"ကျွန်တော်တို့ ဒီကိုလာမယ်ဆိုတာ ဘယ်သူ့ကိုမှ အသိပေးမထားပါဘူး ဆရာကြီး၊ သူတို့သုံးယောက်တောင် မသိပါဘူး၊ ကျွန်တော်ခေါ်ရာကိုသာ လိုက်လာကြတာပါ"

အဘိုးအိုက ခပ်ဆတ်ဆတ်ပြောသည်။

"ငါမေးတာ ဒါမဟုတ်ဘူး၊ မင်းနောက်က နောက်ယောင်ခံလိုက်လာတဲ့လူ ရှိသလားလို့ မေးတာ"

ချောင်ဆိမ်ရှောင်က....

"ကျွန်တော်တို့တော့ မတွေ့ခဲ့ပါဘူး"

ထိုစဉ် အင်္ဂျီအနက်ရောင် ဝတ်ဆင်ထားသည့် တမန်သည် ဒရောသောပါး ပြေးလာ၏။

"ဆရာကြီး....ဂူအပြင်ဘက်မှာ လူလေးယောက်နဲ့ ခွေးနှစ်ကောင် ရောက်နေပါတယ်၊ သူတို့ဟာ တစ်ခုခုကို ခြေရာခံနေသလိုပါပဲ"

အဘိုးအို မျက်မှောင်ကြုတ်သွားသည်။

"တံခါးအားလုံး ပိတ်ပစ်လိုက်"

အင်္ဂျီနက်နှင့်လူက....

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုတင်ပြီး ပိတ်ပစ်လိုက်ပါပြီ"



"ကောင်းပြီ၊ မင်း သွားပြီးစောင့်ကြည့်နေ၊ သတိတော့ မလစ်စေနဲ့"

အင်္ဂျီနက်နှင့်လူသည် လှည့်ထွက်သွားရာမှ ချက်ချင်းပြန်လှည့်လာ၏။

အဘိုးအိုက....

"ဘာပြောဦးမလို့လဲ"

"ဟိုခွေးနှစ်ကောင်ကြည့်ရတာ သိပ်ပြီး အနံ့ခံကောင်းပုံရပါတယ်၊ ဒီနေရာကို မရောက်ရောက်အောင် ဝင်လာခဲ့ရင် သူတို့ကို ကျွန်တော့်အနေနဲ့ အဆုံးစီရင်ခွင့် ရှိပါသလား ဆရာကြီး"

"တတ်နိုင်သလောက်တော့ ရှောင်၊ ရှောင်လို့မှမရရင်တော့ သတ်ပစ်လိုက်တော့"

"ဟုတ်ကဲ့"

အင်္ဂျီနက်နှင့်လူသည် လျင်မြန်စွာ ထွက်ခွာသွားလေ၏။

အဘိုးအိုက အားလုံးကို ခြုံ၍ကြည့်လိုက်ပြီး....

"ကဲ....ဒီကမိတ်ဆွေအားလုံး၊ ကျုပ်ရဲ့ ဌာနချုပ်ကို သွားကြမယ်၊ ဒီလိုသွားတဲ့နေရာမှာ ကျုပ်ခြေရာအတိုင်း လိုက်နင်းဖို့ လိုပါတယ်"

အဘိုးအိုသည် ရှေ့မှဦးဆောင်ထွက်သွားတော့၏။ သူသည် တောင်နံရံတစ်နေရာကို လက်ဖြင့်ဖိနှိပ်လိုက်၏။ ထို

အခါ ဒဘာင်နံရံမှ နှင်းပွင့်များ လွင့်ခါကျသွားပြီး တံခါး ပေါက်တစ်ခု ပွင့်လာသည်၊ ထိုတံခါးပေါက်ထဲမှ အနက် ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ဓားသမားနှစ်ဦးထွက်လာ ပြီး အပေါက်ဝ၏တစ်ဖက်တစ်ချက်၌ မတ်မတ်ကြီး ရပ်နေ ကြ၏၊ သူတို့ထမ်းထားသည့် ဓားများမှာ တပြောင်ပြောင် တလက်လက် တောက်ပနေ၏။

ရှုံကူလင်သည် ထိုသူများကိုကြည့်ရင်း စိတ်ထဲမှ ကျိတ်၍ ဝေဖန်နေမိလေ၏။

"ဝတ်စုံဖြူဝတ်ထားတဲ့ ဘဘကြီးက သူတို့ဟာ သိုင်း လောကထဲမှာ အနားယူခဲ့ကြပြီဘဲ၊ အခုရှိနေတဲ့ပုံစံက ဒေတော့ တပည့်သက်သားတွေ အများကြီးမွေးထားတဲ့ပုံပဲ၊ ဒါဟာ အဖွဲ့အစည်းတစ်ခုခုကို လျှို့ဝှက်တည်ဆောက်ထားတယ်ဆိုတဲ့ လက္ခဏာပဲ"

ရှုံကူလင်သည် နောက်ဆုံးမှဖြစ်၍ နောက်ကျ ကျန် မနေရစ်စေခြင်းငှာ ကမန်းကတန်း လိုက်သွားရလေ၏။

## အခန်း (၉၁)

## ဇာတ်မြှုပ်သူတို့၏ နေရာ

သူတို့အားလုံး ဓားသမားနှစ်ယောက်ကို ဖြတ်ကျော်၍ အတွင်းသို့ ဝင်ရောက်လာကြ၏၊ အတွင်း၌ အလွန်တရာ နွေးထွေးလှကြောင်း ထူးခြားစွာ ခံစားသိရှိလိုက်ကြရသည်၊ ကမ္ဘာသစ်သို့ရောက်လာသလို ခံစားလိုက်ကြရသည်၊ ဆယ်ကိုက်ခန့်သွားပြီးသောအခါ လက်ဝဲဘက်သို့ ကွေ့ ချိုးချလိုက်ရာ လူအားလုံး အမှောင်ကမ္ဘာထဲသို့ ရောက် သွားသလို ခံစားလိုက်ကြရပြန်သတည်း၊ မိမိတို့၏ခြေလက် များကိုပင် မမြင်နိုင်သောဘဝသို့ ရောက်ရှိသွားကြရ၏၊

လူအားလုံး မိမိတို့၏နားအကြားစွမ်းအင်ကို အသုံးချ ကြရတော့၏။

အဘိုးအို၏ ဩဇာတိက္ကမပြည့်ဝသောအသံ ပေါ်လာသည်။

''ဘာမှ မစိုးရိမ်ကြနဲ့၊ ရှေ့ကို ဆက်လျှောက်ကြ''

အဘိုးအို၏အမိန့်အတိုင်း လူအားလုံးမှောင်ထဲ၌လျှောက်သွားကြသည်။ ရဲရင့်သူများချည်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး တိုးမိတိုက်မိကြခြင်း မရှိကြပေ၊

ကိုက်သုံးဆယ်ခန့်သွားမိကြသောအခါတွင်မှ လူအားလုံး ဖြန်းခနဲ အလင်းရောင်ကို တွေ့လိုက်ကြရ၏။ ထိုအလင်းရောင်ကား အခြားအလင်းရောင် မဟုတ်ပေ၊ လမင်းစန္ဒာ၏ အေးမြသော လရောင်ခြည်သာတည်း။ သူတို့သည် နောက်တံခါးပေါက်တစ်ပေါက်မှ ထွက်လာမိကြပြန်သည်၊

ထိုတံခါးပေါက်ဝ၌လည်း ဝတ်စုံနက် ဝတ်ဆင်လျက် ဓားထမ်းစောင့်နေသော အစောင့်နှစ်ယောက်ကို တွေ့ကြရပြန်သည်။ ထိုသူနှစ်ဦးမှာ သံမဏိရုပ်ကြီးများပမာ ငြိမ်သက်နေကြ၏။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ကြသောအခါ သူတို့အားလုံး ကမ်းပါးယံတစ်ခုသို့ ရောက်ရှိနေကြောင်း တွေ့ရလေ၏၊ အေးမြသောလေသည် သူတို့အား တသုန်သုန်တိုက်ခတ်ကျီစယ်လျက် ရှိလေ၏၊

အင်္ဂလိပ်ဖြူအဘိုးအိုက ခပ်အေးအေးပင် ပြော၏၊



''ကဲ...ခင်ဗျားတို့အားလုံး အောက်ကို လှမ်းကြည့်လိုက်ကြပါ၊ ရန်သူတွေရဲ့အခြေအနေကို မုချတွေ့မြင်ရပါလိမ့်မယ်''

ရုံကူလင်တို့ လူစုသည် လှမ်း၍ကြည့်လိုက်ကြရာ သူတို့၏ အောက်တစ်ဆင့် တောင်ကြောတစ်ခု၌ လူရိပ်လေးခုကို တွေ့ရှိရသည်။ လူများကို သဲသဲကွဲကွဲ ပီပီသသ မမြင်ရပေ၊ အယောင်သဏ္ဌာန်လောက်သာ မြင်ကြရသည်၊

ခွေးဟောင်သံ သဲ့သဲ့ကိုလည်း ကြားကြရ၏။ တစ်ခဏအကြာ၌ ဟိုပြေးသည်ပြေးလှုပ်ရှားနေသော လူရိပ်များကို တွေ့ရှိရ၏၊ ထိုပုံစံအရ သူတို့သည် တစ်စုံတစ်ခုကိုရှောင်တိမ်းနေပုံရကြောင်း ခန့်မှန်း၍ရသည်။ ခွေးဟောင်သံများလည်း တိတ်ဆိတ်သွားတော့၏။

မကြာမီ လူတစ်ယောက်ပါ ထပ်မံလဲကျသွားလေ၏။

အင်္ဂလိပ်ဖြူအဘိုးကြီးက....

''ကောင်းတယ်၊ တစ်ယောက်တော့ လက်နက်ပုန်းထိသွားပြီ''

သူ့စကားသံမဆုံးမီ နောက်ထပ် လူနှစ်ယောက် လဲကျသွားပြန်၏။နောက်ဆုံးတစ်ယောက်သည် နောက်ကြောင်းသို့ လှည့်ပြေးသည်၊ သို့သော် သူသည် ပါးလွှာသော နှင်းထုအပေါ်သို့ နှင်းမိသွားဟန်ဖြင့် သူတို့မြင်ကွင်းမှ နိမ့်ဆင်း

ပျောက်ကွယ်သွားတော့သည်။ လူလေးယောက်နှင့် ခွေးနှစ်ကောင်သည် မရဏနန်းသို့ကြွမြန်းသွားခဲ့ရလေပြီ။

ထိုမြင်ကွင်းကိုကြည့်၍အင်္ကျီဖြူအဘိုးကြီးသည် တဟားဟားဖြင့် ပွဲကျသွား၏။

''ကဲ....လူလေးယောက်နဲ့ ခွေးနှစ်ကောင်ဟာ သူတို့သချိုင်းကိုလာရှာကြတယ်၊ ခုတော့သူတို့သချိုင်းကိုတွေ့သွားကြပြီ၊ ဟား....ဟား....ဟား''

သူသည် အားလုံးကို ပြန်ဆုတ်ရန် အချက်ပြလိုက်ပြီး....

''အားလုံးအထဲကို ပြန်ဝင်ကြပေတော့၊ ကျုပ် ဖောက်ထားတဲ့အရက် ဘယ်ခလောက် ကောင်းသလဲဆိုတာ မြည်းကြည့်စမ်းပါဦး''

သူသည် ပထမထွက်လာသည့် တံခါးပေါက်ထဲသို့ပြန်ဝင်လိုက်၏။ကျန်လူများမှာလည်း သူ့နောက်မှဆက်ကြပ်မကွာဝင်လိုက်ကြရသည်။

သည်တစ်ကြိမ်တွင်မူ ဂူအတွင်း၌ မီးအိမ်ထွန်းညှိထားပြီဖြစ်ရာ အရာဝတ္ထုများကို လည်းကောင်း၊ အချင်းချင်းကိုလည်းကောင်း ကွဲကွဲပြားပြား မြင်တွေ့ကြရသည်။ မကြာမီ ကျယ်ဝန်းသော ခန်းမကြီးထဲသို့ ရောက်ရှိလာကြလေ၏။

ထိုခန်းမကြီး၌ ရှေးဟောင်းပရိဘောဂများဖြင့် ပြင်ဆင်ထားသဖြင့် လူအားလုံးခံစားချက်များ ပြောင်းလဲကုန်သည်၊



အခန်း၏ အလယ်၌ စားပွဲဝိုင်းကြီးတစ်ခု ခင်းကျင်းထားရာ လူအယောက်နှစ်ဆယ်မျှ ဝိုင်းထိုင်နိုင်၏။

အင်္ကျီဖြူ အဘိုးကြီးက လက်ခုပ်သုံးချက် တီးလိုက်ရာ အင်္ကျီစိမ်းဝတ်ဆင်ထားသည့် လူငယ်ကလေး နှစ်ယောက် အပြေးရောက်ရှိလာလေ၏၊ သူတို့သည် အင်္ကျီဖြူအဘိုးကြီး၏ ရှေ့၌ ခေါင်းငုံ့ရပ်နေကြသည်။

''အရက်ယူခဲ့''

အဘိုးကြီး၏အမိန့်က ပြတ်သားတိုတောင်းသည်။ ...ား ကြားကလေးနှစ်ယောက်သည် လာလမ်းအတိုင်းပြေးထွက်... အစောင့်နှစ်ပြန်သည်။ မကြာမီ လင်ဗန်းကြီးတစ်ခုစီ ကိုင်ဆောင်ထားသည့် လူရွယ်ပြန်လည်ရောက်ရှိလာ၏။ လင်ဗန်းတစ်ချပ်... ဝင်လာကြောင်းနှစ်ခွက်ပါပြီး ကျန်လင်ဗန်းတစ်ချပ်တွင် အရက်နှင့် ခွက်များပါရှိ၏။

သာကတတ်သူ ရုံကူလင်က ထိန်ဝေရှုအား ခင်တိုးတိုးပြောသည့် အကျဉ်း

''ဒီနေရာမှာ စားကောင်းသောက်ဖွယ်တွေလဲအပြည့်နေတယ်၊ အပူအအေးကလဲ အံ့သြစရာကောင်းလောက်အောင်မှန်နေတယ်၊ တောင်ထိပ်မှာ ဒီလိုနေရာမျိုးရှိတယ...မိဝခြားတစ်ယောက်ပြောရင် ကျွန်တော် လုံးဝ ယုံကြည်မှာမဟုတ်ဘူး''

ထိန်ဝေရှုက ပြုံးရုံသာပြုံးပြသည်။ စကားတော့ တစ်ခွန်းမှ မပြောပေ။

ထိုစဉ် အင်္ကျီဖြူနှင့် အဘိုးကြီးက....

''ကဲ....အားလုံးထိုင်ကြပါ၊ စာရင်းသောက်ရင်းနဲ့ ဖမ်းမိထားတဲ့ အကောင်ကို စစ်ဆေးကြတာပေါ့''

လူအားလုံး နေရာအသီးသီး ယူလိုက်ကြသည်။ အင်္ကျီဖြူ အဘိုးကြီးက အရက်အိုးကို ဖောက်လိုက်၏။ သင်းပျံ့မွှေးကြိုင်သော အရက်နံ့သည် ခန်းမကြီးထဲ၌ ကြိုင်လှိုင်သွားတော့သည်။

ကြပြီ၊ ိုးကြီးက လူအားလုံးရှေ့ရှိခွက်များထဲသို့ အရက်ကို သူသည်ပေးသည်။

''အားလုံးမယ်တိုင် ဖော်စပ်ချက်လုပ်တဲ့အရက်ပဲ၊ သောက်ထားတဲ့အရက်ဖန်ချက်ပေးကြပါဦး''

ကြည့်စမ်းပါဦး။ ဟန်မဆောင်နိုင်ကြဘဲ တစ်ပြိုင်နက် မော့သူသည်က်ကြသည်။ ပူနွေးသင်းပျံ့သော အရက်သည် လိုက်၏။ ကင်းတစ်လျှောက် ဖြတ်သန်းစီးဆင်းသွားပြီးနောက် ဝင်လိုက်၊ စိတ်ဓာတ်တို့ကို ကြည်ရွှင်လန်းဆန်းသွားစေသည်၊ းလုံး တညီတညွတ်တည်း ချီးကျူးသောမနာ ပြုကြ ၏။

အင်္ကျီဖြူနှင့် အဘိုးကြီးက တဟားဟားရယ်ရင်း....

''အရက်က သောက်စမှာသာချိုမွှေးတာဗျ နောက်ပိုင်းကျမှ တယစ်ယစ် အရှိန်တက်လာလိမ့်မယ်၊ အဲဒီအခါကျမှ



ဒီအရက် ဘယ်လောက်ပြင်းတယ်ဆိုတာ ခင်ဗျားတို့ သိလာကြလိမ့်မယ်''

သူသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီး....

''ခင်ဗျားတို့ထဲမှာ အရက်မသောက်တတ်တဲ့လူ ပါလို့ရှိရင်တော့ အရက်ကိုဒီတစ်ခွက်တင်ပဲသောက်ပါလို့ မှာလိုက်ချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ညမှာ ပြင်းထန်တဲ့ တိုက်ပွဲကြီးတစ်ပွဲ ဆင်နွှဲချင် ဆင်နွှဲရမှာမို့ လို့ပဲ''

ထိုစဉ် ခပ်ကြမ်းကြမ်းနင်းလာသော ခြေသံများ ကြားလိုက်ရပြီးနောက် အနက်ရောင် ဝတ်စုံဝတ် အစောင့်နှစ်ယောက်သည် မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ကို နှစ်ယောက်ညှပ်၍ခေါ်ဆောင်လာကြောင်း တွေ့ရှိလိုက်ရလေ၏။

ရှုံကူလင်သည် နဂိုကတည်းက အရက်မသောက်တတ်သူဖြစ်၍ အရက်ခွက်ကိုချပြီးနောက် ဖမ်းဆီးလာသည့် အကျဉ်းသားအား လှမ်းကြည့်နေလိုက်လေ၏။

အစောင့်နှစ်ယောက်က ဦးညွှတ်အရိုအသေပေးပြီး....

''ဆရာကြီးခင်ဗျာ.... ရန်သူတစ်ယောက်ကို အရှင်ဖမ်းမိခဲ့ပါတယ် ဆရာကြီးစစ်ဆေးနိုင်ဖို့ ခေါ်ဆောင်လာခဲ့ပါပြီ''

အင်္ကျီဖြူအဘိုးကြီးက အကျဉ်းသားကိုခြေဆုံးခေါင်းဆုံး ကြည့်၍....

“မင်းကို မေးခွန်းသုံးခုပဲ မေးမယ်၊ များများမမေးဘူး၊ အမှန်အတိုင်း ဖြေရမယ်၊ ဖြေလို့ အမှားတစ်ခွန်း ပါလာရင် မင်း အမှားဖြေမိတဲ့အတွက် အကြီးအကျယ် နောင်တရလိမ့်မယ်”

အကျဉ်းသားသည် တင်းမာသော မျက်နှာထားဖြင့် ပမာမခန့် ရပ်နေသည်။ လုံးဝ စကားမပြောပေ။

အင်္ကျီဖြူအဘိုးကြီးက အရက်ကို တစ်ကျိုက်မော့ချလိုက်ပြီးနောက် ပထမဆုံး မေးခွန်းကို စတင်၍ မေးလိုက်လေ၏။

“မင်း ဘယ်သူ့အမိန့်နဲ့ ဒီကိုလာတာလဲ”

အဘိုးကြီး၏ အသံသည် အေးစက် မာကျောလှသည်။ တောင့်ရုံတန်ရုံလူအား ချောက်ချားသွားစေနိုင်သည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော် အကျဉ်းသားက အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိဘဲ ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ ကြံ့ကြံ့ခံငြိမ်သက်နေလေ၏။

အင်္ကျီဖြူအဘိုးကြီးက အေးစက်စက်ရယ်လိုက်ပြီး....

“ကောင်းပြီ....မင်းကြိုက်တဲ့လမ်းကို မင်းရွေးတာပဲ၊ ပထမ မေးခွန်းကို မဖြေတဲ့အတွက်....”

သူသည် အစောင့်တစ်ယောက်အား အမိန့်ပေးလိုက်၏။

“သူ့ရဲ့ ဘယ်ဘက်လက်က လက်ညှိုးနဲ့ လက်ခလယ်ကို ခုတ်ဖြတ်ပစ်လိုက်စမ်း”



အစောင့်၏ ဓားသည် မီးအိမ်အလင်းရောင်အောက်၌ ဝင်းခနဲဖြစ်သွားပြီး လက်ညှိုးနှင့် လက်ခလယ် ပြတ်ကျသွားသည်။ ဓားရေးကောင်းသော အစောင့်ပေတကား။

အင်္ကျီဖြူနှင့်လူက ကြမ်းကြုတ်ရက်စက်သော အပြုံးကို ပြုံးလိုက်လေ၏။

“ကဲ....ဒုတိယမေးခွန်းကို မေးတော့မယ်၊ ငါကတော့ မင်းကို ချော့မေးနေမှာမဟုတ်ဘူး၊ ဒါကို အခုမင်းသိလောက်ပြီ၊ အကယ်လို့ ဒုတိယမေးခွန်းကိုသာ ကောင်းကောင်းမဖြေဘူးဆိုရင်တော့....”

သူသည် စကားကိုဆက်မပြောဘဲ လမ်းခုလတ်မှ ရပ်လိုက်သည်။

အကျဉ်းသားကား လုံးဝအသံမထွက်ဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ရပ်နေ၏။ အဖြတ်ခံရသော လက်ညှိုးနှင့် လက်ခလယ် လက်ချောင်းကလေးများသည် သူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းများ မဟုတ်သယောင်၊ ထိုလူ၏ကြံ့ကြံ့ခံစိတ်ဓာတ်ကို အခန်းထဲရှိလူအားလုံး အံ့သြနေရတော့သည်။

ထိုစဉ် ဒုတိယမေးခွန်းသံ ထွက်ပေါ်လာလေ၏။

“မင်းတို့ရဲ့ အဖွဲ့ခေါင်းဆောင်ရဲ့ နာမည် ဘယ်သူလဲ၊ ယောကျ်ားလား၊ မိန်းမလား”

အကျဉ်းသားသည် မဲ့ပြုံးပြုံးလျက် အဘိုးကြီးကို ပြန်ကြည့်နေ၏။ သူ၏ မခန့်လေးစားအပြုံးနှင့် ကြောက်ရွံ့မှု

ကင်းမဲ့သော အပြုအမူကြောင့် လူအားလုံး ထိတ်လန့်သွားကြရ၏။

"သူ့ရဲ့ ဘယ်ဘက်ပေါင်ကို ခုတ်ဖြတ်ပစ်လိုက်စမ်း"

လူ့အင်္ဂါအစိတ်အပိုင်းများကို ရက်စက်စွာ ချိုးဖဲ့ဖြတ်တောက်ခြင်းမှာ လူမဆန်သော လုပ်ရပ်ဖြစ်သည့်ပြင် ခံရသူအား အသည်းခိုက်မျှ ဝေဒနာဆိုး ခံစားစေသည်။ ဆိုးရွားသော အပြုအမူဖြစ်ပေသည်။ သို့တိုင် အကျဉ်းသားသည် အမူအရာ လုံးဝမပျက်ဘဲ မတုန်မလှုပ် ကျောက်ရုပ်ပမာပင် ရပ်နေလေ၏။

လက်ဝဲဘက်မှ အစောင့်သည် အကျဉ်းသား၏ ဘယ်ဘက်ပေါင်ကို ဆွဲမလိုက်သည်။

ရုံကူလင်သည် အကျဉ်းသား၏ မျက်နှာပြင်ပြောင်းလဲမှုကို ဂရုတစိုက် ကြည့်ရှုနေသည်။ အကျဉ်းသား၏ မျက်နှာ၌ အနည်းငယ်မျှသော နာကျင်မှုကိုလည်းကောင်း၊ အနည်းငယ်မျှသော ကြောက်ရွံ့မှု၊ ထိတ်လန့်မှုကိုလည်းကောင်း မတွေ့မမြင်ရဘဲ ဖြစ်နေသည်။ ထို့ကြောင့် ရုံကူလင် အလွန်အံ့သြနေသည်။

ထိုအချိန်မှာပင် အစောင့်တစ်ယောက်က သူ၏ ဓားကို မြှောက်လိုက်၏။ ရုံကူလင်သည် လျှပ်ပြက်သကဲ့သို့ ထိုအစောင့်ဆီသို့ ခုန်ဝင်သွားတော့၏။

"ခြိမ်း...."



အစောင့်၏ဓားသည် လက်ထဲမှ လွတ်ကျသွားသည်။

အင်္ဂါဖြူအဘိုးကြီးသည် အေးစက်စွာမှတ်ချက်ချလေ၏။

"တယ်ကောင်းတဲ့ ဓားချက်ပါလား"

ရုံကူလင်က ဓားကို ဓားအိမ်ထဲသို့ လျှပ်တစ်ပြက်ပြန်ထည့်သွင်းလိုက်ပြီးနောက် လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"သည်းခံပါ ဆရာကြီး၊ အဲဒီအကျဉ်းသားဆီမှာ ထူးခြားချက်တွေ တွေ့နေရပါတယ်၊ အဲဒီအချက်တွေ ပြောပြချင်လို့ ခုလို ဝင်စွက်လိုက်ရတာပါ"

ဖိုးအဘိုးကြီး၏မျက်နှာထားမှာ တင်းမာခက်ထန်နေသည်။

"ဆိုစမ်းပါဦး....ဘယ်လိုထူးခြားချက်တွေတွေ့နေလို့လဲ"

"ဟုတ်ကဲ့....လူတစ်ယောက်ရဲ့အတွင်းအား ဘယ်လောက်ပဲ ကောင်းကောင်း၊ လက်ချောင်း အဖြတ်ခံရတဲ့ ဝေဒနာကို မသိရိုး မနာရိုး ထုံးစံမရှိပါဘူး၊ ပြီးတော့ အကျဉ်းသားရဲ့ သိုင်းပညာဟာ အမြင့်ဆုံးအဆင့်ကို ရောက်နေပြီလို့ မဆိုနိုင်သေးပါဘူး၊ ဒါကြောင့် ဒီလူ သူ့လက်ချောင်းဖြတ်ခံရတာကို မသိတာဟာ အကြောင်းတစ်ခုခု ရှိရမယ်"

အဘိုးအိုက ခေါင်းညိတ်ပြရင်း....

"ဆက်ပြောပါဦး၊ ဘာအကြောင်းတွေ ဖြစ်နိုင်သလဲ"

"သူ့တစ်ကိုယ်လုံး လုံကျဉ်နေတာပဲဖြစ်ရမယ် ဆရာကြီး"

အင်္ကျီဖြူအဘိုးကြီးက ခေါင်းတညိတ်ညိတ် လုပ်ရင်း....

"မင်းပြောတာ မဆိုးပါဘူး၊ ယုတ္တိရှိပါတယ်၊ ဒါပေမယ့် ကျုပ်တို့က ဒီလိုမလုပ်ဘဲနဲ့ သူ့ပါးစပ်က အဖြစ်မှန်တွေ ထွက်လာအောင် ဘယ်လိုစွမ်းနိုင်မှာလဲ"

"ရှိသိုရှိပါတယ် ဆရာကြီး၊ ဒီလူ့ရဲ့ထုံကျဉ်တဲ့ ဝေဒနာကို အရင်ဆုံး ပျောက်သွားအောင် လုပ်ရပါမယ်၊ သူ့ ဝေဒနာကို ခံစားတတ်လာတဲ့အခါကျမှ ဆက်လုပ်သင့်ပါတယ်၊ ဒါမှ သူ့ဆီက လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်ပါလိမ့်မယ်"

အဘိုးအိုက ခေါင်းညိတ်ပြီးသဘောတူကြောင်း အချက်ပြ၏။

"ကဲ....ဒီအကျဉ်းသားကို ခေါ်ထုတ်သွားစမ်း"

အနက်ရောင်အင်္ကျီများ ဝတ်ဆင်ထားသည့် အစောင့်နှစ်ယောက်သည် အကျဉ်းသားကို ခေါ်ထုတ်သွားလေ၏။

အဘိုးအိုသည် အင်္ကျီစိမ်းဝတ်ဆင်ထားသည့် အဘိုးကြီးဘက်သို့ လှည့်ကြည့်လိုက်ပြီး....

"ညီလတ်....မင်းဟာ ဆေးပညာကို နှံ့နှံ့စပ်စပ် ဆည်းပူးနေတဲ့လူဆိုတော့ မင်းရဲ့သဘောကို မေးရတော့မယ်"

ထိုအဘိုးကြီးသည် ကပျာကယာ ထရပ်ကာ....



"ဟုတ်ကဲ့၊ သူဟာ မှတ်ဉာဏ် လုံးဝအပျောက်ခံရတဲ့ဆေး မျိုး အတိုက်ခံထားရတာ မဟုတ်ပါဘူး၊ အခိုက်အတန့် ထိန်းချုပ်ခံထားရခြင်းသာ ဖြစ်နိုင်ပါတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ညီလတ်ပဲ သွားကြည့်လိုက်ပါ"

အင်္ကျီစိမ်းဝတ်အဘိုးကြီးသည် ခြေလှမ်းကျဲကြီးဖြင့် လျင်မြန်စွာ ထွက်ခွာသွားလေ၏။

အင်္ကျီဖြူအဘိုးကြီးသည် ရုံကူလင်ဘက်သို့ လှည့်လာပြီး စူးစူးစိုက်စိုက်ကြည့်လိုက်၏၊

"မင်းရဲ့ခါးထုတ်ပုံဟာ အင်မတန်ကောင်းတယ်၊ ခါးရေးကောင်းမှာလဲ သံသယရှိစရာမလိုဘူး၊ ငါဟာ သိုင်းလောကထဲမှာ ကျင်လည်ခဲ့ရတာပြီးငွေ့လို သိုင်းလောကထဲက အနားယူရတဲ့ဘဝကိုတောင် ရောက်နေပြီ၊ ဒီလောက်ခါးထုတ်ပုံလျှင်မြန်တာကို ငါတစ်ခါမှမတွေ့ဖူးဘူး၊ မင်းဟာ နှယ်နှယ်ရရလူမဟုတ်ဘူးဆိုတာ ဒီတစ်ချက်တည်းနဲ့ သက်သေပြနေပြီ၊ မင်းဟာ ဘယ်သိုင်းအဖွဲ့ကလဲ"

"ခင်ဗျာ"

ရုံကူလင်မှာ ဘာပြောရမှန်းမသိအောင် ကြောင်သွားမိသည်၊

"မင်းရဲ့သိုင်းအဖွဲ့အမည်ကို မေးနေတာပါ၊ သိခွင့်ရှိရင် သိချင်ပါတယ်"

"ကျွန်တော့် အကြောင်း စောစောက ပြောခဲ့ပြီးပါပြီ၊ ဒီအထဲမှာ တစ်လုံးမှ မုသားစကားမပါဘူး"

အင်္ဂလိပ်ဖြူအဘိုးကြီးမှာ ကွက်ခနဲ မျက်နှာပျက်သွား၏။

"အေးလေ....မင်းက အသိမပေးချင်ဘူးဆိုရင်လဲ ကိစ္စမရှိပါဘူး၊ ကျုပ်ကလဲ ကျုပ်နည်းကျုပ်ဟန်နဲ့ သိအောင်လုပ်ရုံပဲပေါ့"

အင်္ဂလိပ်ဖြူအဘိုးကြီးသည် ထင်းခွေသမားနှင့် တူသော အဘိုးကြီးအား အမိန့်ပေးလိုက်၏။

"ညီလေး....ဒီသူငယ်လေးက သူ့ဘဝကို လျှို့ဝှက်နေတယ်၊ ဒီအချက်ကို ငါတို့ ဖော်ထုတ်ရမယ်၊ ဒီသူငယ်ရဲ့လက်ထဲကဓားကို အရယူလိုက်စမ်းပါ"

ရဲကူလင်သည် ရွှေဟင်္သာဂူထဲမှ ရရှိလာသည့်ဓားကို ဝှက်ယူထားခဲ့ရာ ထိုဓားကို မည်သူမျှမမြင်နိုင်ပေ။ သူ့ကျောရှိ သိုင်းလွယ်ထားသည့် ဓားမှာ ချောင်ကြားပေါင်ရဲတိုက်မှ ဓားတစ်ချောင်းသာ ဖြစ်၏။ ထို့ကြောင့် ထင်းခွေသမားနှင့် တူသော အဘိုးအိုနှင့် ယှဉ်ပြိုင်အန်တုခြင်းမရှိဘဲ ဓားကို အလွယ်တကူ အလုခံလိုက်လေ၏။

အင်္ဂလိပ်ဖြူအဘိုးအိုသည် ရဲကူလင် ငြိမ်သက်နေသည်ကို မျက်မှောင်ကြုတ်၍ ကြည့်နေ၏။

ပြီးမှ....



"မင်းဟာ အတော်နေနိုင်တဲ့ သူငယ်ပဲ၊ ကောင်းပြီ ညီလေး သူ့အကြောင်းကို ပိတ်လိုက်စမ်း၊ သူ ဘယ်လိုခုခံမယ်ဆိုတာ စောင့်ကြည့်ရမယ်"

ချောင်ဆိမ်မရှောင်၊ ဝမ်ဖန်ကြည်နှင့် ထိန်ဝေရှုတို့မှာ ရုတ်တရက် ပြောင်းလဲသွားသည့် အခြေအနေကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြရသည်။ ပူလောင်ဆူပွက်လာသည့် အခြေအနေကို မည်သို့ အေးချမ်းအောင်လုပ်ရမည် မှန်း မသိဘဲ ဖြစ်နေကြသည်။

ထိုအခိုက်မှာပင် ထင်းခွေသမားနှင့်တူသောအဘိုးအိုသည် သူ့ထံသို့ ရိပ်ခနဲတိုးဝင်လာပြီး အကြောပိတ်လာလေ၏။

ရဲကူလင်က လျှပ်တစ်ပြက် တိမ်းရှောင်ထွက်သွားသည်။ သူ ရှောင်တိမ်းပုံကလည်း လျင်မြန်ပါသည်။ အဘိုး၏လုပ်ဆောင်ချက်မှာ အချည်းအနှီး ဖြစ်သွားသည်။

ရဲကူလင်မှာ သည်းခံနိုင်သည့်အတိုင်းအတာထက် ကျော်လွန်သွားပြီဖြစ်၍ အဘိုးကြီးဟစ်သိုက်အား ခင်စိန်းစိန်း ကြည့်လိုက်သည်။

"ဒီဆရာကြီးတွေဟာ ကျွန်တော့်အပေါ် သံသယဝင်နေကြတာမို့ ကျွန်တော် ဒီမှာ မနေသင့်တော့ပါဘူး၊ ကျွန်တော်က ရိုးရိုးသားသားလူဆိုတော့ ကျွန်တော့်အပေါ် ဒီလိုဆက်ဆံတာမျိုးကို သည်းမခံနိုင်ပါဘူး၊ ကဲ....ကျွန်တော့်ကို ခွင့်ပြုကြပါတော့"

ရုံကူလင်သည် အပြင်သို့ ထွက်သွားလေတော့၏၊

သို့သော် အင်္ဂါဖြူအဘိုးကြီးက အချက်ပြရင်း....

"သူ့ကို တားထားလိုက်"

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အစောင့်တစ်ယောက်သည် တံခါးဝ၌ တားဆီးလျက်ရှိနေ၏။

ဝမ်ဖန်ကြည်မှာ ရုံကူလင်အတွက်အလွန်တရာကြောင့်ကြ စိုးရိမ်နေသဖြင့် ချောင်ဆိန်ရှောင်အား တီးတိုးတိုက်တွန်းလေ၏။

"ချောင်တိုက်ပိုင်ကြီး....ဒီအရေးအခင်းကို ဒီအတိုင်းပဲ ကြည့်နေလို့ တော်ရော့မလားဗျာ၊ ဒီက ပုဂ္ဂိုလ်ကြီးတွေနဲ့ ပထမဆုံးပတ်သက်တာက ခင်ဗျားမို့လို့ ဒီအရေးအခင်း ပြေလည်အောင် ခင်ဗျား ဝင်ရှင်းပြသင့်တယ်"

ချောင်ဆိန်ရှောင်မှာသည်း တုန်တုန်ယင်ယင်ဖြင့် ခေါင်းညိတ်၏၊

"ဟုတ်....ဟုတ်ကဲ့ပါဗျာ၊ စိတ်ချပါ၊ ကျုပ်လဲ စိတ်လှုပ်ရှားနေတော့ ဘာလုပ်လို့ ဘာကိုကိုင်ရမှန်း မသိတော့ပါဘူး"

ချောင်ဆိန်ရှောင်သည် စကားဆုံးသည်နှင့် ချက်ချင်း ထရပ်လိုက်လေ၏။



"ဆရာကြီးခင်ဗျား"

အင်္ဂါဖြူအဘိုးအိုက ချောင်ဆိန်ရှောင်အား မျက်မှောင်ကြုတ်၍ ကြည့်၏။

"ချောင်ဆိန်ရှောင်....ဘာပြောမလို့လဲ"

"ဆရာကြီးခင်ဗျား....ဒီသူငယ်လေးနဲ့ပတ်သက်ပြီး ကျွန်တော် နည်းနည်းလောက် ရှင်းပြချင်ပါတယ်၊ ရှင်းပြခွင့်ပြုပါ"

"ဘာပြောတယ်....ဒီကောင်လေးကို ဒီနေရာ ရောက်အောင် ခေါ်လာတာဟာ မင်းပဲ၊ ဒီအတွက် မင်းကို အပြစ်မပြောတာကို တော်လှပြီ အောက်မေ့ပါ၊ အခု မင်းက ဘာများစောဒကတက်ချင် ပြန်လို့လဲ"

"ဟုတ်ကဲ့၊ ဒီသူငယ်ဟာ ဒီလိုလိုက်လာဖို့ သူ့ဘာသာ တောင်းဆိုတာမဟုတ်ပါဘူး၊ ကျွန်တော်ကသာ ခေါ်ဆောင်လာတာပါ၊ သူဟာ ရွှေဒေးသခင်ကြီး ဝမ်ဖန်ကြည်ရဲ့အာမခံပစ္စည်း ပြန်ရအောင် ကြိုးစားပေးနေတဲ့လူပါ၊ ဒီလိုလာပြီး ကြိုးစားပေးနေပေမယ့် သူဟာ သိုင်းလောကသား မဟုတ်ပါဘူး၊ သိုင်းလောကကြီးထဲက အရှုပ်အထွေး ကြားထဲကို ရောက်နေပေမယ့် သူ့အသက်အရွယ်က ငယ်လှပါတယ်၊ ဒါကြောင့်အပြောအဆို အပြုအမူ မှားယွင်းတာကလေးတွေ ရှိနိုင်ပါတယ်၊ ရှိရင် ခွင့်လွှတ်ပါလို့ ကျွန်တော်တောင်းပန်ပါတယ်ခင်ဗျား"

အင်္ဂါဖြူအဘိုးကြီးက လေသံပြတ်ပြတ်ဖြင့် ပြောသည်။

"ဒါ...ငါ့နေရာ၊ ငါ့ပိုင်နက်၊ ငါကြိုက်သလို စီရင်နိုင်ခွင့်ရှိတယ်၊ မင်းဘာမှ ဆင်ခြေဆင်လက် တက်မနေနဲ့တော့"

ဝမ်ဖန်ကြည်မှာ မနေသာတော့ပေ။

"ဆရာကြီး....ကျုပ်....ကျုပ်...."

အင်္ဂါဖြူအဘိုးကြီးက ဝမ်ဖန်ကြည်အား စကားပြောခွင့်မပေးပါ။

"တော်ကြတော့....ငါ ဒီနေရာမှာ ဇာတ်မြှုပ်နေတာ အနှစ်နှစ်ဆယ်ရှိပြီ၊ ဒါပေမယ့် ငါ့စိတ်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က အတိုင်းပဲရှိသေးတယ်၊ တစ်စက်မှ ပြောင်းလဲမှုမရှိသေးဘူး။ ဒါကြောင့်မို့ မင်းတို့အနေနဲ့ ငါ့စိတ်သဘောငါ့စိတ်ဆန္ဒကို ပြောင်းလဲအောင် လုပ်နိုင်ရလိမ့်မယ်လို့ မထင်ကြနဲ့"

ရှုံကူလင်သည် ဟတ်ဟက်ပက်ပက် ရယ်လေတော့၏။ အဲဲအားဖြင့် အနိုင်ကျင့်ခြင်းမျိုးကို သူ့အနေဖြင့် မည်သည့်အခါကမျှ ခေါင်းငုံ့မခံခဲ့ပေ။ သူသည် ဝမ်ဖန် ကြည်ဘက်သို့ လှည့်၍ တောင်းပန်လိုက်သည်။

"ဆရာကြီးခင်ဗျား၊ ဒီကိစ္စမှာ ဝင်မပါ့ပါနဲ့လို့ တောင်းပန်ပါတယ်"



ထို့နောက် အင်္ဂါဖြူအဘိုးကြီးဘက်သို့ ပြန်လှည့်ကာ....

"ဒီမှာခင်ဗျာ....လူဆိုတာ အသေသာခံချင်ခံမယ်၊ သူတစ်ပါးရဲ့ အစော်ကားတော့ မခံပါဘူး၊ ကိုယ့်ပိုင်နက်မို့ ကိုယ်ထင်ရာလုပ်မယ်၊ ထင်ရာလုပ်နိုင်တယ်လို့ မှတ်ထင်ယူဆထားရင် အမှားကြီး မှားပါလိမ့်မယ်"

အင်္ဂါဖြူအဘိုးကြီး၏ မျက်နှာမှာ ရုတ်ခြည်း တင်းမာခက်ထန်သွားသည်။

"တယ်ဆိုတဲ့စာပါလား၊ အရွယ်ငယ်သလောက် မာနကြီးတဲ့ သူငယ်ပဲ၊ မင်း ဘယ်လောက် စွမ်းရည်ရှိတယ်ဆိုတာကို စောင့်ကြည့်ရသေးတာပေါ့"

အင်္ဂါဖြူအဘိုးအိုသည် ဝတ်စုံနက်အစောင့်အား လှည့်၍ အမိန့်ပေးလိုက်၏။

"စကားပြောမဆင်မခြင် ကောင်လေးက စိန်ခေါ်နေပြီ၊ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်စမ်း"

ဝတ်စုံနက်က အဘိုးကြီးအား ဦးညွှတ်အရိုအသေပေးလေ၏။ သူ့ခေါင်းပြန်မတ်လာသည်နှင့် တစ်ပြိုင်နက် ရှုံကူလင်ထံသို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လေတော့၏။

ဝတ်စုံနက်သည် တိုက်ကွက်မျိုးစုံ ထုတ်၏။ သို့သော် ရှုံကူလင်က ကောင်းစွာခုခံနိုင်သည်။ ရှုံကူလင်က ခုခံနိုင်လေ ဝတ်စုံနက်က ပို၍ပူပန်လာလေ ဖြစ်လာ၏။ ထို့ကြောင့် သူ

ထိန်ချန်ထားသည့် အပြင်းထန်ဆုံးသော တိုက်ကွက်များ ကိုပါ ထုတ်သုံးလေ၏။

ရုံကူလင်၏ သက်စွန့်ဆံဖျားကာကွယ်နေရသောအဖြစ်ကို တွေ့ရသောအခါ ချောင်ဆိန်ချောင်၊ ဝမ်ဖန်ကြည်နှင့် ထံန်ဝေ ရှုတို့မှာ အကြီးအကျယ် စိတ်ပူနေကြရတော့၏။ သို့သော် သူတို့လည်း မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်နေကြ၏။

ထိုစဉ် ရုတ်တရက် ညည်းညူသံ ကြားလိုက်ရပြီးနောက် ဝတ်စုံနက်မှာ အဝေးသို့ လွင့်စဉ်ထွက်သွား၏။ နံရံကိုမှီပြီး ညည်းညူနေသည်။

ရုံကူလင်သည် လက်နှစ်ဖက်ဆုပ်ကာ အင်္ကျီဖြူအဘိုးအို အား ဂါရဝပြုလိုက်၏။

"ကျွန်ပေ့ာ် နည်းနည်းလက်လွန်သွားပါတယ် ခင်ဗျာ၊ ဒီအတွက် ခွင့်လွှတ်ပါ"

ရုံကူလင်သည် စကားဆုံးသည်နှင့် လှည့်ထွက် သွားလေတော့၏။

"ဟား....ဟား....ဟား၊ မင်းရဲ့ သိုင်းကွက်က တယ်စွမ်း ပါလား၊ ငါ့ဆီက အစောင့်ကိုတောင် ဒဏ်ရာရစေနိုင်တယ် ဆိုတော့ သိပ်မဆိုးလှိုပေ့၊ ကဲ.... ငါနဲ့ တစ်လှည့်လောက် စမ်းကြည့်ရအောင်"

သူသည် စားပွဲဝိုင်းကြီးကို လက်ဖြင့်ထောက်၍ ခုန်ထွက် လိုက်ရာ စွန်ကြီးတစ်ကောင် ပျံဝဲထွက်သွားသကဲ့သို့ လွှားခနဲ



မြောက်တက်သွားပြီး စောစောက ဝတ်စုံနက် ရပ်နေသည့် အပေါက်ဝသို့ ရောက်ရှိသွားလေ၏။

အင်္ကျီဖြူအဘိုးအိုက အေးစက်မာကျောစွာ ပြောသည်။

"လူငယ် တစ်ယောက်အနေနဲ့ ဒီလောက် အစွမ်းအစရှိနေ တယ်ဆိုတာတော့ တကယ့်ချီးကျူးသင့်တဲ့ကိစ္စပဲ၊ ဒါပေမယ့် မင်းကို စကားကုန် မချီးကျူးသေးဘူး၊ ငါ့ရဲ့ သိုင်းကွက် ဆယ်ကွက် ခုခံနိုင်ရင်တော့ မင်းကို ချီးကျူးမယ်၊ ဒီကနေလဲ ထွက်ခွာခွင့်ပြုမယ်"

ရုံကူလင်သည်အင်္ကျီဖြူအဘိုးကြီး၏သိုင်းကွက်ဆယ်ကွက် ကို အထင်မသေးပါ။ သို့သော် ထိုသိုင်းကွက်များကို မခုခံ ဘဲနှင့် ကျနေရာမှ ထွက်ခွာနိုင်ရန်မဖြစ်၍ လာမည့်ဘေး ပြေး တွေ့သည့်သဘောဖြင့် ရဲဝံ့စွာ လက်ခံလိုက်သည်။

"ဟုတ်ကဲ့၊ ဆရာကြီးက ကျွန်တော့် သိုင်းပညာကို စမ်း သပ်ပြီးမှလွှတ်မယ်ဆိုတော့လဲ ဆရာကြီးသဘောပဲပေါ့ခင်ဗျာ၊ ဆရာကြီးရဲ့အမိန့်ကို ကျွန်တော် လိုက်နာရမှာပေါ့"

အင်္ကျီဖြူနှင့်အဘိုးကြီးကအေးစက်စက်ပြုံးရင်းလက်ဝါး တစ်ချက် ရိုက် ထုတ်လိုက်၏။ ရုံကူလင်ကလည်း လက်ဝါးဖြင့် ရိုက်ထုတ်ခုခံသည်။

"ဝုန်း...."

မြည်ဟိန်းသောအသံနှင့်အတူ သူ၏ခန္ဓာကိုယ်ထဲ၌ အေး စိမ့်သကဲ့သို့သော ခံစားမှုဝင်လာသည်ကို ရုံကူလင် ခံစား

လိုက်ရလေ၏။ သူသည် ကြက်သီးမွေးညှင်း ထသွားတော့သည်။

"အဆိပ်....အဆိပ်"

အေးမြသော အဆိပ်ပေတကား။

အင်္ကျီဖြူအဘိုးကြီးက စဉ်းလဲစွာ ပြုံးလိုက်၏။

"သူငယ်....ဘယ်လိုသဘောရသလဲ၊ ကျုပ်ရဲ့လက်ဝါးသိုင်းကို ခန့်မှန်းလို့ရပြီလား"

ရုံကူလင်က မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်၍ ခါးသည်းစွာ ပြောလိုက်လေ၏။

"ဟုတ်ကဲ့....အင်မတန် အောက်တန်းကျတဲ့ လက်ဝါးသိုင်းပါပဲဗျာ၊ ကျွန်တော်က ဆရာကြီးရဲ့အဆင့်ကို ဒီလောက်နိမ့်ပြီး မခန့်မှန်းခဲ့ပါဘူး"

အင်္ကျီဖြူအဘိုးကြီးက ရုံကူလင် ထိုးနှက်သည့်စကားကို နားကြည်းဟန်မပြဘဲ ရယ်ပင် ရယ်လိုက်သေး၏။

"ကြိုက်ပြီ၊ နောက်ထပ် လက်ဝါးတစ်ချက်ကို ထပ်ခံကြည့်စမ်းပါဦး"

ရုံကူလင်သည် အဘိုးကြီး၏လက်ဝါးကို ထိပ်တိုက် လက်မခံတော့ပေ။ ထိပ်တိုက် လက်ခံခြင်းအားဖြင့် ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်သွားမည်ကို ရုံကူလင် ခန့်မှန်းမိသည်။ ထိုလက်ဝါးသည် သာမန်လက်ဝါး မဟုတ်ဘဲ အေးအေးစက်



အဆိပ်ဖြင့်လေ့ကျင့်ထားသည့် လက်ဝါးဖြစ်နေသောကြောင့်တည်း။

သူသည် သုံးပေခန့်အကွာကို ရှောင်တိမ်းသည်။ အင်္ကျီဖြူအဘိုးကြီးက ရုံကူလင် ရှောင်တိမ်းမည်ကို ကြိုတင်သိရှိသည့်အလား လမ်းကိုပိတ်၍ ဆီးရိုက်သည်။

ရုံကူလင်မှာ ထပ်မံ၍ရှောင်နိုင်တော့ဘဲ နောက်ဆုံး လက်ဝါးကိုထုတ်၍ ခုခံရတော့သည်။

"ဝုန်း...."

လက်ဝါးနှစ်ခုရိုက်သံသည် ပြင်းထန်သောအသံနှင့်ထိခိုက်မှုကို ဖြစ်ပေါ်စေပြီး ရုံကူလင်တစ်ကိုယ်လုံး တုန်ခါသွားလေ၏။

အဘိုးကြီးကမူ မည်သို့မျှ တုန်လှုပ်ခြင်း မဖြစ်ပေ။

ရုံကူလင်မှာ နောက်ဘက်သို့ ခြေလှမ်းငါးလှမ်း ဆုတ်သွားပြီး စားပွဲခုံကို ဖမ်းကိုင်လိုက်ရသည်။ ထိုသို့ မဆုပ်ကိုင်နိုင်ပါက သူယိုင်လဲကျသွားမည်မှာ သေချာလှသည်။

ဝမ်ဖန်ကြည်မှာ သူ့အတွက် ကူညီရင်း အန္တရာယ်သားရဲတွင်းသို့ သက်ဆင်းခဲ့ရသည့် ရုံကူလင်အား သည်အတိုင်း ကြည့်မနေရက်တော့ပေ။ ကမန်းကတန်းပြေး၍ ဖေးမလိုက်ရသည်။

အင်္ဂလိပ်မြို့အဘိုးကြီးအမျက်ရှကာမှ ရှစေတော့၊ အမျက်ရှ၍ သူ့အား တိုက်ခိုက်လျှင်လည်း သူက ပြန်တိုက်ရုံသာရှိတော့သည်ဟု သဘောပိုက်လိုက်သည်။

ရုံကူလင်၏ လက်ကို ဖမ်းကိုင်သည့်တစ်ခဏ၌ သူ့လက်အတွင်း၌ အေးမြမြခံစားလာရသည်ကို ဝမ်ဖန်ကြည် သတိပြုမိလိုက်ရသည်။ ထိုခံစားမှုမျိုးလောက်နှင့်တော့ ရုံကူလင်ဤမျှ တုန်ခိုက်နေရန်အကြောင်းမရှိဟု သူထင်သည်။

"ငါ့တူအသယ်လိုဖြစ်နေတာလဲ၊ ဒဏ်ရာသိပ်ပြင်နေသလားဟင်"

ရုံကူလင်မှာ ခံစားချက်ပြင်းလွန်းသဖြင့် သွားချင်းတခစ်ခစ် ရိုက်နေသည်။

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော် သိပ်ချမ်းနေသလိုပဲ"

သူဤမျှသာ ပြောနိုင်သည်၊ သူခံစားနေရသည့် အအေးဒဏ်အတွက် ဝမ်ဖန်ကြည်မှာ အလွန်စိတ်လှိုက်သွားရသည်။

ဝမ်ဖန်ကြည်သည် မားမားမတ်မတ်ရပ်နေသည့်အဘိုးကြီးနှင့်ရာသို့ ရဲဝံ့စွာ ချဉ်းကပ်သွားပြီး....

"ဆရာကြီး....သူ့ဒဏ်ရာသိပ်ပြင်းထန်နေတယ်၊ ဖြေဆေးရှိရင်မစပါ"

အဘိုးကြီးက အရေးကြီးဟန်ဖြင့် ပြော၏၊



"သူ့ဒဏ်ရာက ဘာမှ မဖြစ်ပါဘူး၊ တစ်ရက်လောက်ကောင်းကောင်း အနားယူလိုက်တာနဲ့ အကောင်းပကတိဖြစ်သွားမှာပါ၊ ဒါကြောင့် ဘာဖြေဆေးမှ မလိုဘူး"

ဝမ်ဖန်ကြည်က အင်္ဂလိပ်မြို့ အဘိုးကြီးအား ထပ်မံ၍တောင်းပန်သည်၊

"ဆရာကြီး.. ဒီသူငယ်ဟာ အင်မတန်စိတ်ဓာတ်ကြံ့ခိုင်တဲ့သူငယ်ပါ၊ အခုဆိုရင် သူ့ကြံ့ခိုင်မှုဟာ ကျိုးပေါက်နေပါပြီ၊ ဆရာကြီးအနေနဲ့ သူ့ကို ဆုံးမရုံသက်သက်သာ ဆိုရင်တော့ အခုအခြေအနေဟာ လုံလောက်နေပါပြီ၊ သူမသိနားမလည်မှုကို ခွင့်လွှတ်သင့်ပြီလို့ထင်ပါတယ်"

အင်္ဂလိပ်မြို့အဘိုးကြီးက ခပ်အေးအေး ပြုံးလိုက်သည်။

"ဒါတွေ ထားလိုက်စမ်းပါဦးလေ၊ မရှစားသခင်ကြီးကကော ဒီသူငယ်အကြောင်း ဇာစ်ဇာစ်မြစ်မြစ်အသေးစိတ်သိထားရဲ့လား"

"ဟုတ်ကဲ့၊ သူ့အကြောင်းအသေးစိတ်ကိုတော့ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် တစ်ခုသေချာတာကတော့ သူဟာကျွန်တော့်ရန်သူ မဟုတ်ဘူးဆိုတာပါပဲ"

အင်္ဂလိပ်မြို့အဘိုးကြီးက ခပ်ပြတ်ပြတ် ပြောချလိုက်သည်၊

"ဒါဆိုရင် ရှင်းနေတာပဲ၊ သူ့အကြောင်း အပြည့်အစုံမသိရသမျှ ကာလပတ်လုံး သူ့ကို အကျဉ်းချထားရမယ်"

ကဲ....ခင်ဗျားတို့အားလုံး ဒီ သူငယ်ကိစ္စကို ထပ်မပြောကြနဲ့တော့၊ ဒီမှာတင်ပဲ စခန်းရပ်စေချင်တယ်"

ဝမ်ဖန်ကြည်မှာ မည်သည့်စကားမျှမပြောသာတော့ပေ။ ချောင်ဆိန်ရှောင် ကိုယ်တိုင်လည်း မပြောရဲတော့။

အင်္ဂလိပ်ဖြူအဘိုးကြီးသည် လက်ငုပ်နှစ်ချက် တီး၍ ပိုက်၏၊ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အစောင့်နှစ်ယောက် လျှပ်တစ်ပြက် ရောက်ရှိလာသည်။

အဘိုးကြီးက ရုံကူလင်ကိုလက်ညှိုးထိုးပြပြီး...

"သူ့ကို ခေါ်ခဲ့တိုက်ထဲလှောင်ထားလိုက်၊ ကောင်းကောင်း စောင့်ကြည့်နေ၊ ဒါပေမယ့် သူ့အသက်အန္တရာယ်ထိခိုက်မယ့် အလုပ်မျိုးတော့ ဘယ်တော့မှ မလုပ်နဲ့"

ထိုလူနှစ်ယောက်သည် ရုံကူလင်အား တစ်ဖက်တစ်ချက် ဆွဲမကာ ခေါ်ဆောင်သွားကြ၏။

အင်္ဂလိပ်ဖြူအဘိုးကြီးသည် ရုံကူလင် သူ့မြင်ကွင်းမှပျောက်သွားသည့်အချိန်အထိ စောင့်ကြည့်ပြီးနောက် ချောင်ဆိန်ရှောင်အား မျက်အရက်မေးခွန်းထုတ်လိုက်သည်။

"ချောင်ဆိန်ရှောင်....မင်းရဲ့ အနောက်မြောက် ဒေသက သိုင်းသမားတွေကို မင်းရဲ့ ရဲတိုက်မှာ စုဝေးကြဖို့ ငါပြောသားတယ်၊ အဲဒီကိစ္စပြီးပြီလား"

ချောင်ဆိန်ရှောင်က....



"ကျွန်တော်တို့ အခုလာရတဲ့ကိစ္စက အလျင်စလို ဆောင်ရွက်ရတာကတစ်ကြောင်း၊ ဒီသိုင်းသမားတွေကို ဆင့်ခေါ်တဲ့ နေရာမှာ အချိန်ယူရမှာကတစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် အနောက်မြောက်ပိုင်းဒေသက သိုင်းသမား အားလုံးကို စုစည်းချိန်မရခဲ့ပါဘူး၊ ကျွန်တော်နဲ့ နီးကပ်တဲ့ သိုင်းသမားတချို့လောက်ကိုသာ ကျွန်တော့်ရဲတိုက်မှာစုစည်းပြီး စောင့်ခိုင်းထားခဲ့ပါတယ်"

အင်္ဂလိပ်ဖြူအဘိုးကြီးသည် အင်္ကျီစိမ်းဝတ်ထားသူ အဘိုးကြီး၊ ထမင်းချေသမားနှင့်တူသော အဘိုးကြီးနှင့် ပိန်လှီသေးကွေးသော အဘိုးကြီးတို့ သုံးယောက်အား တစ်ချက်စေ့ကြည့်လိုက်ပြီး မေးခွန်းထုတ်လိုက်၏။

"အနောက်မြောက်ပိုင်းဒေသ သိုင်းလောကကြီး ငြိမ်းချမ်းသာယာရေးအတွက် ကျုပ်တို့ ညီအစ်ကိုအားလုံး သိုင်းလောကထဲကို နောက်တစ်ခါ ခြေချဖို့ ကျုပ် ဆန္ဒရှိနေတယ်၊ အဲဒါ ကျုပ်ညီတွေက ဘယ်လို သဘောရကြသလဲ"

အဘိုးကြီးအားလုံးသည် ပြိုင်တူဦးညွှတ်ပြီး အဖြေပေးကြ၏။

"ဟုတ်ကဲ့....အစ်ကိုကြီးရဲ့ သဘောအတိုင်း ကျုပ်တို့ လိုက်နာပါ့မယ်"

အင်္ဂလိပ်ဖြူအဘိုးကြီးက ကျေနပ်စွာ ပြုံးလိုက်ပြီး....

"အဘိုးမှုင်နဲ့ အဘိုးကိန်းတို့ကရောကော ဘယ်လိုဆန္ဒ ရှိကြသလဲ"

အဘိုးရှင်ဆိုသူက....

"ဟုတ်ကဲ့၊ ကျုပ်တို့သဘောထားကိုမပြောခင် နောင်ကြီးကိန်းနဲ့ အရင်တိုင်ပင်ပါရစေဦး"

အင်္ဂါရီဖြူအဘိုးကြီးက....

"တိုင်ပင်ပါဗျာ တိုင်ပင်ကြပါ၊ သဘောရှိတိုင်ပင်ကြပါ"

အဘိုးရှင်နှင့် အဘိုးကိန်းတို့နှစ်ယောက်သည် ခေါင်းချင်းရိုက်၍ တိုင်ပင်နေကြတော့၏။

အဘိုးရှင်က တီးတိုးပြောသည်။

"နောင်ကြီးကိန်း၊ အခြေအနေက သိပ်မကောင်းဘူးဗျ"

အဘိုးကိန်းက....

"ဟုတ်လား၊ ဆိုစမ်းပါဦးဗျာ"

"ဒီလိုဗျ၊ ဒီ'ပိုင်ရှင်'ဆိုတဲ့လူဟာ အင်မတန် တယူသန်တစ်ဖက်သတ်ကျတဲ့သူဗျ၊ သူဟာ သိုင်းလောကထဲကထွက်ခွာပြီး ဒီမှာ အနှစ်နှစ်ဆယ်လောက် ဇာတ်မြှုပ်နေတယ်ဆိုပေမယ့် သူ့မူလအကျင့်ကိုတော့ ခုထက်ထိ မစွန့်သေးဘူးဟိုအကျဉ်းသားကိစ္စနဲ့ ဟိုသူငယ်လေးကိစ္စကို ကြည့်ပါလား"

'ပိုင်ရှင်'ဆိုသည်မှာ အင်္ဂါရီဖြူအဘိုးကြီး၏နာမည် ဖြစ်ပါသည်။ သူ၏သိုင်းလောကအမည်မှာ 'နှင်းစွန်'ဖြစ်၏။ သိုင်းလောက၌ နှင်းစွန်ပိုင်ရှင်ဟူ၍ လူသိများသည်။



အဘိုးကိန်းက ထောက်ပေးလိုက်၏၊

"ဒီတော့ ကျုပ်တို့ ဘာလုပ်သင့်သလဲ"

အဘိုးရှင်က....

"အခုအချိန်မှာ ကျုပ်တို့က သူ့သဘောအတိုင်း လိုက်မလုပ်ဘူးဆိုရင် သူဟာ ကျုပ်တို့ကို အန္တရာယ်ပြုနိုင်တယ်"

အဘိုးကိန်းက....

"ကျုပ် နားလည်ပြီဗျာ၊ ဒီတော့ ခင်ဗျား ဘယ်လိုလုပ်ချင်သလဲ၊ ခင်ဗျားဆုံးဖြတ်တဲ့အတိုင်း ကျုပ် လိုက်နာပါ့မယ်"

အဘိုးရှင်က....

"ကောင်းပြီ ကျုပ်ပဲ ဦးဆောင်ဖြေဘာ့မယ် ခင်ဗျားက ကျုပ်နောက်က အခြေအနေကိုကြည့်ပြီး လိုက်ပေတော့"

အဘိုးရှင်သည် စကားဆုံးသည်နှင့် အင်္ဂါရီဖြူအဘိုးကြီးအနီးသို့ ချဉ်းကပ်သွား၏၊ အင်္ဂါရီဖြူအဘိုးကြီးပိုင်ရှင်က လှမ်းမေးသည်၊

"ဘယ်လိုလဲ၊ ခင်ဗျားတို့ တိုင်ပင်ဆွေးနွေးလို့ ပြီးကြပြီလား"

အဘိုးရှင်က ခေါင်းညိတ်ပြီး....

"ဟုတ်ကဲ့ ကျုပ်တို့လဲ တစ်ဖက်တစ်လမ်းက တတ်နိုင်သမျှအကူအညီပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ထိုစဉ် ခပ်ပြင်းပြင်းနင်းလာသည့်ခြေသံကို ကြားလိုက်ရသည်။ အကျဉ်းသား၏အခြေအနေကို သွားရောက်စစ်ဆေးသည့် အင်္ကျီစိမ်းဝတ်အဘိုးကြီး ပြန်ဝင်လာခြင်းဖြစ်သည်။

အင်္ကျီဖြူအဘိုးကြီးပိုင်ရင်က....

"ညီလတ်၊ အခြေအနေဘယ်လိုလဲ၊ သဲလွန်စလေး ဘာလေးများ ရလိုက်သလားကွယ့်"

ထိုညီလတ်ဟု အခေါ်ခံရသည့် အဘိုးကြီးသည် သိုင်းပညာ အဆင့်မြင့်ရှိမကသေး၊ ဆေးပညာအရာ၌လည်း သူမတူအောင် ထူးချွန်ထက်မြက်သူ ဖြစ်၏။

အင်္ကျီစိမ်းဝတ်အဘိုးကြီးက ခေါင်းတခါခါဖြင့်....

"ဟာ....အင်ကိုကြီးကိုပြောရမှာ ကျုပ်ဖြင့် အားမရှိလိုက်တာဗျာ"

အင်္ကျီဖြူအဘိုးကြီး မျက်လုံးပြူးသွားသည်။

"ဟာ....ဘာဖြစ်လို့လဲကွ"

"သူက ဆေးကြောင့် ခုလိုဖြစ်နေတာ မဟုတ်ဘူးဗျ"

"ဒါဖြင့် ဘာကြောင့်လဲကွ"

"ဒါတော့ ကျုပ်လဲမသိဘူး၊ ဆေးကြောင့်မဟုတ်ဘူးဆိုတာဘဲ သိခဲ့တယ်"

အင်္ကျီဖြူအဘိုးကြီးပိုင်ရင်သည် ခေါင်းတယမ်းယမ်းဖြင့် ညည်းညူလိုက်သည်။



"အင်း....ကိုယ့်အသားကို ခုတ်ဖြတ်လို့ နာရမှန်းမသိဘူးဆိုတဲ့ ကိစ္စကတော့ အတော်ကိုထူးဆန်းတာပဲ"

ထိုစဉ် အဘိုးကိန်းဟုအခေါ်ခံရသော ခါးကုန်းအဘိုးကြီးက ရုတ်တရက် ဝင်ပြောလေ၏။

"ဒီအကြောင်းနဲ့ပတ်သက်လို့ ကျုပ် ကြုံတွေ့ခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်ကလေး ကျုပ် ပြောချင်ပါတယ်"

အင်္ကျီဖြူအဘိုးကြီးက ဝမ်းသာအားရ လက်ခံလေ၏။

"လုပ်စမ်းပါဗျာ၊ ဒါမှ စဉ်းစားလို့ရမယ်"

အဘိုးကိန်းက အောက်ပါအဖြစ်အပျက်ကို အားပါးတရကြီး ပြောပြလေတော့သတည်း။

## အခန်း ( ၄၂ )

### မုန်တိုင်းလက်ဝါးဆရာကြီး

"တစ်ညမှာ ကျုပ်ဟာ ရန်သူကို ခြေရာခံလိုက်နေခဲ့တယ်၊ ချုံအုံမြို့ထဲမှာပေါ့ဗျာ၊ အဲဒီမှာတင် ပြင်းထန်တဲ့ တိုက်ပွဲကြီးနဲ့ တိုးတော့တာပဲ၊ အဲဒီတိုက်ပွဲမှာ တစ်ဖက်ကို ဆယ်ယောက်စီလောက် တိုက်နေကြတယ်၊ သူတို့ဟာ ဒဏ်ရာ ဒဏ်ချက် တရုပ်နဲ့ တစ်ဦးနဲ့တစ်ဦး ထိုးသတ်တိုက်ခိုက်နေကြပေမယ့် ဘစ်ယောက်မှ မညည်းညူကြဘူးဗျ၊ ကျုပ်လဲ သိုင်းလောကမှာကျင်လည်ခဲ့တာ ကြာပါပြီဗျာ၊ ဒီလို ဒဏ်ရာတွေရနေရင်းနဲ့ ရက်ရက်စက်စက် ထိုးခုတ်ကြပုံမျိုးကိုတော့ တစ်ကြိမ်မှ မမြင်တွေ့ခဲ့ရပါဘူးဗျာ"

အင်္ဂါဖြူအဘိုးအို ပိုင်ရင်က....



"နောက်တော့ ဘယ်ဘက်က အနိုင်ရသွားသလဲ"

အဘိုးကိန်းက....

"အဲဒီလောက်ထိတော့ဘဲ မကြည့်လိုက်ရပါဘူးဗျာ၊ အရှုံးအနိုင်မပေါ်ဘဲ အဲဒီလူတွေအားလုံး ကိုယ်ရောင်ဖျောက် ထွက်ပြေးသွားကြတယ်ဗျ"

အင်္ဂါဖြူအဘိုးကြီးပိုင်ရင်က စဉ်းစားပြီး မှတ်ချက်ချ လိုက်သည်။

"ဒါဆိုရင် ဟုတ်ပြီပေါ့ဗျာ၊ ချုံအုံမှာ လျှို့ဝှက်တဲ့အဖွဲ့ကြီးနှစ်ဖွဲ့ဟာ လူမသိသူမသိ ကျိတ်ပြီး တိုက်ခိုက်နေကြပြီပေါ့"

ချောင်ဆိမ်ရှောင်တာ ဝင်ရောက်ထောက်ခံလိုက်၏။

"အဲဒီအဖွဲ့ဟာ ဝမ်လျှံအဖွဲ့ဖြစ်မှာ သေချာတယ်"

အင်္ဂါဖြူအဘိုးကြီးပိုင်ရင်က...

"ဟုတ်ပြီ၊ မင်းတို့အထဲမှာ ဝမ်လျှံအဖွဲ့ရဲ့ခေါင်းဆောင်ကို မြင်တွေ့ဖူးခဲ့တဲ့လူများ ရှိသလားဟေ့"

ချောင်ဆိမ်ရှောင်က ရှိသေစွာပြောသည်။

"ကျွန်တော်တော့ တစ်ခါတွေ့ဖူးပါတယ်"

"သူ့ ပုံပန်းသဏ္ဌာန်ကဘယ်လိုလဲ၊မိန်းမလား၊ယောကျ်ားလား"

ထိုအခါ ချောင်ဆိန်ရှောင်မှာ ဘာပြန်ဖြေရမှန်းမသိဘဲ ဖြစ်သွားရသည်။

ထိန်ဝေရှုက ရုတ်တရက်ထ၍....

"သူဟာ မီးခိုးတွေ၊ အမှေးတိုင်က အခိုးအငွေ့တွေကြားထဲမှာ ရပ်နေတာဆိုတော့ သူ့ရုပ်ရည်ကို ကျွန်တော်တို့အနေနဲ့ ပီပီသသ ကွဲကွဲပြားပြား မမြင်နိုင်ပါဘူး၊ ဒါပေမယ့် ဝမ်လျှအဖွဲ့ရဲ့အရှင်သခင်ကို နီးနီးကပ်ကပ်မြင်ဖူးတဲ့ လူတစ်ယောက်တော့ ရှိနေပါတယ်"

အင်္ဂါဖြူအဘိုးကြီးက အရေးတကြီး မေးလေ၏။

"ဟေ....ရှိသလား၊ သူက ဘယ်သူလဲ"

"စောစောကဆရာကြီးရဲ့အဆိပ်လက်ဝါးဒဏ်ကို ခံလိုက်ရတဲ့ ရှုံကူလင်ပါ"

ဝမ်ဖန်ကြည်မှာ ထိန်ဝေရှုအား အလွန်တရာ ကျေးဇူးတင်သွားသည်၊ သူ့စိတ်ထဲ၌....

"အင်း....မြင်းဖြူရဲတိုက်သခင်ကလေးဟာ စိတ်ကောင်းနှလုံးကောင်းရှိသလို ဖြတ်ထိုးဉာဏ်လဲ ကောင်းလှပါပေတယ်၊ ရှုံကူလင်ရဲ့လွတ်မြောက်ရေးကို ဘယ်သူမှ ဝင်မပြောရဲတဲ့ အခြေအနေမျိုးမှာ သူက သွယ်ဝိုက်ပြီး တောင်းဆိုလိုက်တာပဲ"

အင်္ဂါဖြူအဘိုးကြီးပိုင်ရင်မှာ မျက်ခုံးများ မြင့်တက်သွား၏။



"ဆိုစမ်းပါဦး၊ မင်းအပြောက သေချာလှချည်လား၊ သူတွေ့ဖူးတယ်ဆိုတာကို မင်းက ဘယ်လိုလုပ်သိသလဲ"

"သူကိုယ်တိုင် ပြောခဲ့တာပါခင်ဗျာ"

"မင်းတို့ဥစ္စာက မဟုတ်သေးပါဘူး၊ သူ့ဇာတ်မြစ်ကို တောင်မှ တိတိကျကျမသိကြဘဲနဲ့ သူ့စကားကို မင်းတို့ ယုံကြသလား"

အဘိုးအိုသည် ထိန်ဝေရှု၏စကားကို လုံးဝဂရုမစိုက်တော့ဘဲ တစ်ဖက်သို့ လှည့်သွားတော့၏၊ ထိန်ဝေရှုသည် ရှုံကူလင်အတွက် ရဘက်မအေးဖြစ်နေရှာသော ဝမ်ဖန်ကြည်၏အင်္ကျီစကို အသာကလေးဆွဲလိုက်သည်၊

ဝမ်ဖန်ကြည်က စိုးရိမ်ကြောင့်ကြစွာ မေးသည်၊

"ဘာလဲ ညီလေး"

ထိန်ဝေရှုက တီးတိုးပြောသည်။

"ဆရာကြီး သိပ်စိတ်ပူနေတာတွေလို့ ကျွန်တော်က သတိပေးမလို့ပါ၊ ရှုံကူလင်အတွက် သိပ်ပြီးစိတ်ပူမနေပါနဲ့၊ အချိန်တန်ရင် အဆင်ပြေသွားမှာပါ"

ဝမ်ဖန်ကြည်မှာ အမှန်တကယ် စိတ်မအေးနိုင်သေးသော်လည်း ထိန်ဝေရှု ကျေနပ်မှုရစေရန်အတွက် ခေါင်းညိတ်ပြလိုက်ရရှာလေ၏။

သူတို့အားလုံး ရှုံကူလင်အတွက် စိတ်ပူနေစဉ် ရှုံကူလင်မှာ မြေအောက် အချုပ်ခန်း တစ်ခုအတွင်းသို့ ရောက်ရှိနေပါလေ၏။

လက်ဝဲဘက်မှ ဝတ်စုံနက်သည် ရှုံကူလင်အား ဆွဲယူလိုက်ပြီး ကျန်ဝတ်စုံနက်အား လှမ်းပြောလိုက်၏။

"မင်း အပြင်မှာ သွားစောင့်နေ၊ ငါ သူ့ကို အချုပ်ခန်းထဲမှာ နေရာချထားလိုက်မယ်"

ကျန်အစောင့်သည် စောဒကမတက်ဘဲ ထွက်သွားလေ၏။ လက်ဝဲဘက်မှ အစောင့်သည် ရှုံကူလင်နှင့် နှစ်ယောက်တည်း ကျန်ရစ်ကြောင်း သေချာသောအခါမှ ရှုံကူလင်ကို ကြမ်းပြင်ပေါ်သို့ အသာအယာချ၍ သူ့ရင်ဘတ်အတွင်းမှ ပုလင်းတစ်လုံးကို ထုတ်ယူလိုက်သည်။

အနီရောင်ဆေးလုံးကလေးတစ်လုံးကိုသွန်ထုတ်ပြီးနောက် ရှုံကူလင်၏ ပါးစပ်ထဲသို့ ပစ်သွင်းပေးလိုက်သည်။ ချက်ချင်းလိုလိုပင် ရှုံကူလင်၏ တုန်ခိုက်နေခြင်းမှာ သိသာစွာ ငြိမ်သက်သွား၏။

ဝတ်စုံနက်က ခပ်တိုးတိုးပြော၏။

"ခင်ဗျားရဲ့ဒဏ်ရာက သိပ်ပြင်းနေတယ်၊ ဒါပေမယ့် ဖြေဆေးသောက်လိုက်ရပြီဆိုတော့ သိပ်စိုးရိမ်စရာ မရှိတော့ပါဘူး၊ နောက်နှစ်နာရီလောက် ဆိုရင် အကောင်းပကတိ ပြန်ဖြစ်ပါပြီ"



ရှုံကူလင်မှာ အလွန်တရာ အံ့သြနေခဲ့ရသည်။ ထိုဝတ်စုံနက်အား မော့ကြည့်လိုက်ပြီး....

"ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို ကယ်ရတာလဲ"

ဝတ်စုံနက်သည် သူ၏ ရင်ဘတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်ထုတ်ပြန်သည်။ သူ့လက်ဝါးဖြန့်လိုက်သောအခါ လက်ထဲ၌ ငွေရောင်အပြားကလေးတစ်ချပ်ကို တွေ့မြင်လိုက်ရသည်။

"ကဲ... ဒါဆိုရင်တော့ ခင်ဗျားနားလည်ပါပြီ"

ရှုံကူလင်မှာ ထိုငွေရောင်အပြားကြောင့် ပို၍ ရှုပ်သွားသည်။ ထိုငွေရောင်အပြား၏ အဓိပ္ပာယ်ကို သူ မသိချေ။ သိုင်းလောက၏ ရှုပ်ထွေးပွေလီလှသော အဖြစ်အပျက်များကြောင့် ရှုံကူလင်မှာ ရူးချင်သလိုလိုပင် ဖြစ်လာရရှာသည်။ သို့သော် ရောယောင်၍ ငွေပြားသင်္ကေတကို သိသယောင် ခေါင်းညိတ်ပြလိုက်သည်။

ထိုလူက ငွေပြားကလေးကို အင်္ကျီရင်ဘတ်အတွင်း တရိုတသေသိမ်းဆည်းလိုက်ပြီး လေသံတိုးတိုးဖြင့် ထပ်ပြောသည်။

"ကျုပ် ဒီမှာကြာကြာနေလို့ မကောင်းဘူးဗျ၊ အခု ကျုပ်သွားမယ်၊ ညကျမှ အစားအသောက်တွေ ယူလာခဲ့မယ်၊ ခင်ဗျားကတော့ စိတ်အေးအေးပဲ အနားယူနေပါ"

ဝတ်စုံနက်သည်တံခါးဝနားအထိ ထွက်သွားပြီးမှ တဖန် ပြန်လှည့်လာသည်။

"ဒီမှာ....ခင်ဗျားကို ကျုပ် တစ်ခု သတိပေးထားမယ်၊ 'ပိုင်ရှင်'ဆိုတဲ့ အဘိုးကြီးဟာ အင်မတန် သံသယစိတ်များတဲ့ လူဗျ၊ သတိလဲ အင်မတန်ကြီးတယ်၊ ဒီအထဲမှာစနေနေတုန်း ခင်ဗျားအနေနဲ့ တောင်တောင်အီအီတွေ လျှောက်မလုပ်နဲ့၊ ငြိမ်ငြိမ်သာနေ"

ရှုံကူလင်က ခေါင်းညိတ်ပြလိုက်ရပြန်သည်။ ထိုအခါကျမှ စိတ်ချသွားဟန်ဖြင့် ထိုဝတ်စုံနက် ထွက်သွားသည်။ အစောင့်နှစ်ယောက်သည် တံခါးကို ပြိုင်တူသော့ခတ်လိုက်ကြ၏။

ရှုံကူလင်မှာ တစ်ယောက်တည်းတွေးရင်းကျန်ရစ်ခဲ့သည်။

"အင်း.... အကျီနက်နဲ့လူဟာ ငါ့ကို သူတို့အသင်းအဖွဲ့ ထဲကလူလို့ အောက်မေ့ပြီး ငါ့အတွက် သက်သာရာသက်သာ ကြောင်းတွေ လုပ်ပေးသွားတာပဲ၊ သူ မေးခွန်းများများ စားစား မမေးတာ ကံကောင်းတယ်"

ရှုံကူလင်သည် တစ်ယောက်တည်း တောင်တောင်အီအီ တွေ လျှောက်၍တွေးတောနေသည်။ ထိုစဉ် တံခါးခေါက်သံ ကြားလိုက်ရ၏။ ရှုံကူလင်က မည်သည့်အသံမျှမပေးဘဲ ငြိမ် သက်စွာ ထိုင်နေလိုက်သည်။ နောက်ဆုံး တံခါးခေါက်သံ ရပ်သွားပြီး လာခေါက်သူ ထွက်သွားသည့် ခြေသံများကို ကြားလိုက်ရတော့သည်။

ရှုံကူလင်သည် ထိုအခါကျမှ သက်ပြင်းကိုချလိုက်မိသည်။ သူ၏အတွင်းအားများကို ပြန်လည်စမ်းသပ်ကြည့်သောအခါ



အကောင်းပကတိရှိနေကြောင်း ခံစားသိရှိလိုက်ရသဖြင့် ပို၍ စိတ်အေးသွားရပြန်သည်။

သူသည် ဝတ်စုံနက်အကြောင်း အမျိုးမျိုးစဉ်းစားသော် လည်း စဉ်းစား၍မရဘဲ ရှိနေသည်။ ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ သံတံခါးဖွင့်သံများ ကြားလိုက်ရပြီး ဝတ်စုံ နက် ဝတ်ဆင်ထားသည့် အစောင့်နှစ်ယောက် ရေးကြီးသုတ် ပျာ ဝင်လာကြောင်း တွေ့ရှိလိုက်ရသည်။

သည်တစ်ကြိမ်ဝင်လာသည့် လူနှစ်ယောက်အနက် တစ် ယောက်သည် ပထမ ဤအခန်းထဲသို့ သူ့အား ပို့ပြီး ငွေပြား ကလေး ပြခဲ့သည့်လူဖြစ်သည်။ ကျန်တစ်ယောက်မှာ လူသစ် ဖြစ်သည်။ သို့သော် သူတို့နှစ်ယောက် ဆက်ဆံပုံကြည့်ရုံမျှနှင့် နှစ်ယောက်စလုံး အသင်းအပင်း တူသူများဖြစ်ကြောင်း ရှုံကူ လင် သိလိုက်လေသည်။

ထိုနှစ်ယောက်ပြောဆိုသည့် စကားများကို ကြားပြီးသည့် အခါတွင်မူ ပို၍ သေချာသွားလေ၏။

ပထမလူက....

"အကြံပြောင်းသွားပြန်ပြီကွ၊ ဘာဖြစ်ပြန်သလဲမသိဘူး"

ဒုတိယလူက....

"ဟုတ်တယ်၊ ဒါကြောင့်မို့ ဒီလူ့ကို ချက်ချင်းခေါ်ခိုင်း တာပေါ့၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ပထမလူသည် ရိုက္ကူလင်အနီးသို့ချဉ်းကပ်လာပြီးခပ်တိုးတိုး ပြောသည်။

"အခြေအနေ ပြောင်းသွားပြန်ပြီဗျ၊ ခင်ဗျားကို ချက်ချင်း ပြန်ခေါ်ခိုင်းနေပြန်ပြီ"

ရိုက္ကူလင်က....

"ဘာဖြစ်သလဲ၊ သူကခေါ်လဲ ကျုပ်က ပြန်လိုက်ရုံပေါ့ ဗျာ၊ မခက်ပါဘူး"

ပထမလူက....

"ဟာ....ဒီအတိုင်းခေါ်သွားလို့ မဖြစ်ဘူးဗျ"

ရိုက္ကူလင်က အံ့သြသွားသည်။

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုလေဗျာ၊ သူ့လက်ဝါးဒဏ်ကိုခံလိုက်ရပြီးတဲ့နောက် တစ်နာရီလောက်ကြာရင် ခင်ဗျားမေ့သွားမှာ သေချာတယ်၊ အအေးဒဏ်ကို မခံနိုင်တဲ့ မေ့ကိုမေ့သွားမှာ၊ ဒါပေမယ့် ကျုပ်က သူ့ဆီကဆေးကို ခိုးတိုက်ထားတော့ ခင်ဗျားက မမေ့တဲ့ဖြစ်နေတာကိုးဗျ၊ ဒီအတိုင်းခေါ်သွားရင် ကျုပ်တို့ အကြီးအကျယ် ပြဿနာတက်မှာပေါ့"

"ဒီတော့ ခင်ဗျား ဘယ်လိုလုပ်စေချင်သလဲ"



"ဒီလိုလုပ်လေ.... ခင်ဗျား သတိမေ့နေတဲ့သဏ္ဍာန် ဟန် ဆောင်ပေါ့၊ ခင်ဗျား ဟန်ဆောင်တာ မပီပြင်ရင်တော့ ကျုပ် တို့သုံးယောက်စလုံး ကြွမှာ သေချာပါတယ်"

ရိုက္ကူလင်က....

"ကောင်းပါပြီ.... ခင်ဗျားတို့ သဘောအတိုင်းပါပဲဗျာ၊ စိတ်ကြိုက်သာ ဆောင်ရွက်ကြပါတော့"

ရိုက္ကူလင်သည် စကားဆုံးသည်နှင့် ခုတင်ပေါ်သို့ လှဲချကာ မျက်လုံး စုံမှိတ်လိုက်လေ၏။

ပထမလူက ရိုက္ကူလင်အား တိုးတိုးပြောသည်။

"ခင်ဗျား ဘာမှ စိတ်မပူပါနဲ့"

"ကျုပ်တို့ သင့်သလို စီစဉ်သွားမယ်၊ ခင်ဗျားကသာ မီးစင်ကြည့်ကပါ"

"စိတ်ချပါ၊ ခင်ဗျားတို့ စီစဉ်တဲ့အတိုင်း ကျုပ်ကြည့်လုပ် ပါမယ်"

ထိုလူသည် ရိုက္ကူလင်အားပုဝါးလိုက်ကာများချထားသည့် အခန်းတစ်ခန်းကို ကျော်ဖြတ်လျက် နောက်ထပ် အခန်း တစ်ခန်းဆီသို့ ဝင်လာလေ၏။

"ဒေါက်....ဒေါက်... ဒေါက်"

"ဝင်ခဲ့"

ထိုလူသည် တံခါးကိုတွန်းဖွင့်၍ ဝင်သွား၏၊ အနောက်ဘက်နံရံကို ပွဲထိုင်နေသည့် ပိုင်ရင်ကို တွေ့ရှိရသည်၊ ထိုလူသည် ကျွားသားရေခင်းထားသည့် ထိုင်ခုံကြီးပေါ် ခန့်ညားစွာ ထိုင်နေလေသည်။

မီးခိုးရောင်ဝတ်စုံဝတ် လူနှစ်ယောက်က ပြိုင်တူဦးညွတ်ကာ....

"ရုံကူလင်ကို ခေါ်လာပါပြီ ဆရာကြီး"

ဆရာကြီးဆိုသည့် ပိုင်ရင်သည် ရုံကူလင်၏ တောင့်တင်းသော ခန္ဓာကိုယ်ကို တစ်ချက်မျှ အကဲခတ်ကာ...

"ကောင်းပြီ၊ သူ့ကိုသတိရအောင် လုပ်ပေးလိုက်လေ"

ဆရာကြီးပိုင်ရင်သည် မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်သည့် လူနှစ်ယောက်အနက် တစ်ယောက်ထံသို့ ဆေးတစ်လုံး ပစ်ပေးလိုက်လေ၏။

ပထမလူသည် ရုံကူလင်၏ ပါးစပ်ထဲသို့ ဆေးလုံးထည့်ပေးလိုက်သည်၊ ရုံကူလင်သည် ဤခြေမပျက် မလှုပ်မယှက် ခပ်ဒတောင့်တောင့်မင် နေ့နေရသည်၊

ဆရာကြီး အမည်ခံသူ ပိုင်ရင်ကမူ မျက်လုံးများ မှေး၍ ကြည့်နေ၏၊ သူ အားအထားရဆုံးသော သူ့လူနှစ်ယောက်၏ အပြုအမူထက် ဆေးတန်ခိုးဖြင့် လှုပ်ရှားလာမည့် ရုံကူလင်ကို ကြည့်နေခြင်းသည် ဖြစ်တော့သည်၊ သူ၏ လက်ရုံး



နှစ်ယောက်သည် တစ်ပါးသူ၏ သူလျှိုများ ဖြစ်ခနသည်ကိုတော့ ဆရာကြီးပိုင်ရင် မသိပါချေ၊

"သူ....မထသေးဘူးလား"

ဆရာကြီး ပိုင်ရင်၏ မေးသံ၊

"ဟုတ်ကဲ့....ထပါတော့မယ်၊ အခြေအနေ အကောင်းဆုံး ဖြစ်ပါပြီ"

ပထမလူသည် ရုံကူလင်အားသည်ထက်ပို၍ ဟန်မဆောင်နှင့်တော့၊ ဆရာကြီး ရိပ်မိသွားလိမ့်မည်၊ ထတော့....ဟူသောသဘောဖြင့် ဦးခေါင်းကို အသာအယာ ပုတ်လိုက်၏၊

မီးစဉ်ကြည့်ကနေသော ရုံကူလင်သည် ရုတ်တရက် မျက်လုံးများကို ဖွင့်လိုက်ပြီး ပင်ဝန်းကျင်ဘေးဘီကို အကဲခတ်ဟန်ဖြင့် လိုက်ကြည့်၏။ ရုံကူလင်၏ သရုပ်ဆောင်မှုမှာ သဘာဝကျလှသဖြင့် ဆရာကြီးပိုင်ရင်မှ သူ့ဌာန၏ ဆိုးရွားနေသော အခြေအနေဆိုးကို လုံးဝရိပ်မိခြင်း မရှိပါချေ၊

ဆရာကြီးပိုင်ရင်က အေးစက်စက် ရယ်လိုက်ပြီး....

"ဘယ်လိုလဲ၊ အအေးခာတ် အဆိပ်လက်ဝါးရဲ့ အရသာကို ကောင်းကောင်းသိပြီလား"

ရုံကူလင်က ခေါင်းကို ဖြည်းညင်းစွာ ခါးယမ်းလိုက်သည်၊

"တိုက်ပွဲဆိုတာ ဒီလိုပါပဲလေ၊ ကျွန်တော့် အဖို့ ဘာကိုမှ သိပ်ဂရုစိုက်စရာ မဟုတ်ပါဘူး"

"ဘယ်လာတဲ့ သူငယ်ပါလား၊ နေစမ်းပါဦး၊ မင်းက ဘယ်အဖွဲ့ကလဲ၊ ဘယ်သူ့အမိန့်နဲ့ ဒီထဲဝင်လာတာလဲ"

"ကျွန်တော်က ဘယ်အဖွဲ့ကမှ မဟုတ်ဘူး၊ ချောင်တိုက် ပိုင်ကြီးရဲ့ ခေါ်ယူချက်နဲ့ လိုက်လာတာပါ"

"ငါမေးနေတာက ဘယ်သူ့အာဏာကို ဦးထိပ်ရွက်ပြီး ငါ့ဌာနချုပ်ထဲ တိုးဖောက်ဝင်လာသလဲလို့ မေးနေတာ"

"ကျွန်တော် ပြောတာရှင်းပါတယ်၊ ကျွန်တော့် ဘာသာ လာချင်လို့ လာတာမဟုတ်ဘူး၊ ချောင်တိုက် ပိုင်ကြီးက လိုက်ခဲ့ဆိုလို့ ကျွန်တော် လိုက်လာတာပါ"

"ငါမေးမယ်၊ မှန်မှန်ပြောစမ်း"

"ဘာသိချင်သလဲ"

"မင်း ဝမ်လှူ အရှင်သခင်ကို မြင်ဖူးတယ်လို့ ဆိုတယ်၊ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ်"

"အေး....ဒီလူရဲ့ပုံပန်းသဏ္ဌာန်က ဘယ်လိုရှိသလဲ၊ ပုပု လား၊ ရှည်ရှည်လား၊ မိန်းမလား၊ ယောကျာ်းလား"

"ဘာလဲ၊ ကျွန်တော့်ကို ဝမ်လှူ အဖွဲ့သားလို့ ထင်နေ သလား"



"အဝိဇ္ဇာ ကျနော်ပြောနိုင်ခဲ့တဲ့ မင်းဟာ အဖွဲ့တစ်ခုခုရဲ့ သူလျှိုဆိုတာတော့ သေချာတယ်၊ ငါ့သက်သေမကောင်းဖြစ်ရင် မှားခဲ့တယ်"

ရုံကူလင်သည် ဟားတိုက်၍ ရယ်ပစ်လိုက်ချင်သည်၊ ပိုင် ဆရာကြီးသည် လူကောင်းကို လူဆိုးထင်လျက်ရှိပြီး လူဆိုးကို လူကောင်း ထင်နေသေပြီ၊ သူ၏လုပ်ကြံမှုနှစ်ယောက်သည် တစ်ပါးသူ၏ သူလျှိုဖြစ်နေသည့် အချက်ကိုတော့ သူမသိပေ၊

ရုံကူလင်သည် ခန္ဓာကိုယ်ကို မတ်မတ်ပြင်ရပ်ရင်း....

"ဒီမှာ ဆရာကြီးကို ကျွန်တော် တစ်ခုပြောမယ်၊ ကျွန် တော်ဟာ တစ်ကိုယ်တော်သိုင်းသမားပဲ၊ ဘယ်ဂိုဏ်းအဖွဲ့ မရှိဘူး၊ ဘယ်ဂိုဏ်းချုပ်ကိုမှ ဆရာမတင်ဘူး၊ အဲဒါကို ယုံချင်ယုံ မယုံချင်နေ၊ ဒါပါပဲ"

ရုံကူလင်၏စကားက ပြတ်သည်၊ သူ၏ဟန်ပန်က ပမာ မခန့်ပုံစံ မကြောက်ခဲ့သော်လည်း အလွန်ဘရာ ရဲတင်းနေသည်၊ တစ်ပါးသူ၏ ပိုင်နက်နယ်မြေအတွင်း ၌သို့သော ရဲတင်းမှု များမှာ ကိုယ့်သေတွင်း ကိုယ်တူးခြင်းသာ ဖြစ်ပေတော့သည်၊ သို့သော် ကိုယ့်ကိုယ်ကို သေတွင်းတူးသည့် အပြုအမူမျိုး သည် မိမိကိုယ်မိမိ မသိမျှ ယုံကြည်စိတ်ချမှုရှိကြောင်း ပြသ ခြင်းလည်း မည်ပေသည်။

ဆရာကြီးပိုင်ရှင်က အေးစက်စက်ပြောသည်၊

"ဘာကွ၊ မင်းလေသံက မာလှချည်လား၊ မင်းပါးစပ် အမှုန်တွေထွက်လာအောင် ငါမလုပ်နိုင်ဘူးထင်နေသလား"

ရုံကူလင်သည် သူ့ဘေးနားမှ အစောင့်နှစ်ယောက်၏ အခြေအနေကို အကဲခတ်လိုက်၏။ ထိုလူနှစ်ယောက်သည် သူ့ကို လုံးဝမကြည့်ပေ။ အလွန်တရာ ကျွန်ဖြောင်းသူများ ဖြစ်ကြလေသည်။

ရုံကူလင်သည် ထိုတဒင်္ဂအတွင်း အပြေးအလွှား စဉ်းစားလိုက်သည်။ သူ့အား မောက်မာစွာဆက်ဆံနေသော ဤဆရာကြီးနှင့် သူ့အား အကူအညီပေးနေကြသည့် ဤဝတ်ရုံနက်သူလျှိုများ စသည့် နှစ်မျိုးနှစ်စားတွင် မည်သူကသစ္စာတရားကို ကိုယ်စားပြုသနည်းဟူ၍။

ထိုစဉ် တောက်ခေါက်သံတစ်ချက် ပေါ်လာလေ၏။ ရုံကူလင်ထံမှ စကားသံထွက်မလာသဖြင့် ဆရာကြီးပိုင်ရင်က တောက်ခေါက်လိုက်ခြင်း ဖြစ်သည်။

"အင်း....ငါပြောတာကို ကြားတယ်မဟုတ်လား"

ရုံကူလင်က ခေါင်းညိတ်ပြ၏။

"ကြားပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ဒီကို ရိုးရိုးသားသားလာခဲ့သူ ဖြစ်တယ်၊ ခင်ဗျားအနေနဲ့ ကျုပ်ကို ရန်မရှာတာ အကောင်းဆုံးပဲ၊ ရန်ရှာလို့လဲ ကျွန်တော်က ခေါင်းငုံ့ခံမှာ မဟုတ်ဘူး"

သူသည် 'မကိုင်ဓား'ကို ဆွဲထုတ်လိုက်သည်။



ဆရာကြီးပိုင်ရင်သည် ရုံကူလင်၏လက်ထဲသို့ ရောက်လာသည့်ဓားကို မျက်ခမှာင်ကြုတ်ကြည့်ကာ ရုတ်တရက် မေးခွန်းထုတ်လိုက်၏။

ဆရာကြီးပိုင်ရင်က....

"တယ်ကောင်းတဲ့ ဓားပါလား"

ဆရာကြီးပိုင်ရင်၏လေသံမှာ လိုလိုလားလား ချီးကျူးသံမဟုတ်ပေ။ သရော်လှောင်ပြောင်သည့် လေသံသာ ဖြစ်သည်။ သို့သော် ရုံကူလင်က ဂရုမစိုက်ပေ။

"ဆရာကြီးကမေးလို့ ကစားပြရတာပါ၊ အခုလို သရော်တာတော့ မကောင်းပါဘူးဗျ"

ဆရာကြီးပိုင်ရင်သည် သူ့ကို မျက်တောင့်နီကြီးဖြင့် ကြည့်လိုက်သည်။ ထို့နောက် ရုံကူလင်၏နောက်နားၐ ရပ်စောင့်နေသည့် လူနှစ်ယောက်အား လှမ်း၍အမိန့်ပေးလိုက်သည်။

"ဟေ့....မင်းတို့ အပြင်က သွားစောင့်နေကြ၊ ဒီသူလျှိုရဲ့လေသံက နည်းနည်း မပျော့သေးဘူး၊ နောက်ပြီး သူ့ဓားကလဲ အတော်ကောင်းပုံရတော့ ဓားသိုင်းက သူ့လက်သီးလက်ပါးသိုင်းထက် ပိုပြီး အဆင့်မြင့်မယ်လို့ထင်တယ်"

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူနှစ်ယောက်တို့သည် ဆရာကြီးပိုင်ရင်ကို ဦးညွှတ်ဂါရဝပြုလျက် တဖြည်းဖြည်း နောက်ဆုတ်သွားကြလေ၏။

ရုံကူလင်မှာ ကျိတ်၍ သက်ပြင်းချမိတော့သည်။ သူ့အား ဆရာကြီးပိုင်ရင်က တိုက်ခိုက်ရန် ပြင်ဆင်ခြင်းအတွက် ကြောက်လန့်ပြီး သက်ပြင်းချခြင်း မဟုတ်ပါချေ။ 'လူယုံသတ်မှသေသည်' ဟူသော စကားကို သတိရပြီး ဆရာကြီးပိုင်ရင်၏တပည့်များ ရှိသေကျိုးနွံ လှပုံကို သက်ပြင်းချနေခြင်း ဖြစ်ပါသည်။ များများရှိသလေ များများကြောက်ရလေပါတကား။

ရုံကူလင်သည် သူတို့များအကြောင်းကို တွေးနေစဉ် ဆရာကြီးပိုင်ရင်၏ အမေးစကားသံ ပေါ်လာသည်။

"ကဲ....ဘယ်လိုလဲ၊ အသင့်ဖြစ်ပြီလား သူငယ်၊ အသင့်ဖြစ်ရင် တစ်ပွဲတစ်သမ်းလောက် အကဲစမ်းကြရအောင်"

ထိုအချိန်တွင် ဆရာကြီးပိုင်ရင်သည် သူနှင့်မလှမ်းမကမ်း အရပ်၌ မတ်တတ်ရပ်စောင့်နေလေပြီ။ ရုံကူလင်က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်ကတော့ အချိန်မရွေးပါပဲ"

"အာဂသူငယ်ပါလား"

"အခြေအနေကြောင့် ဒီလိုပြောရတာပါ၊ ငြင်းပယ်နေလို့လဲ အကျိုးမထူးတော့ လာမယ့်ဘေးပြေးတွေ့တဲ့သဘောနဲ့



ဆရာကြီးကို မြန်မြန်ရင်ဆိုင်ရတာပါ၊ အခြား ဘာအဓိပ္ပာယ်မှ မရှိပါဘူး"

"ဆရာကြီးပိုင်ရင်သည် ခက်နက်မကိုင်ပေ။ ရုံကူလင်၏ ဓားသိုင်းကို လက်ဝါးသိုင်းဖြင့် ယှဉ်ပြိုင်တိုက်၏။ ရုံကူလင်၏ ဓားသိုင်းမှာ အလွန်အဆင့်မြင့်သည်ဖြစ်ရာ ထိုဓားသိုင်းကို လက်နက်မကိုင်ဘဲ လက်ချည်းသက်သက်ဖြင့် တိုက်ခြင်းကို တော်ရုံတန်ရုံလူ ပြုမူရဲသည်မဟုတ်ပေ။ ဆရာကြီးပိုင်ရင်၏ သိုင်းပညာ အဘယ်မျှကောင်းသည်ကို ဤအချက်က သက်သေပြနေ၏။

ရုံကူလင်သည် မည်မျှသတ္တိကောင်းသည်ဆိုစေ ဆရာကြီးပိုင်ရင်၏ အေးမြမြ ခံစားရသော အဆိပ်လက်ဝါး၏ဒဏ်ကိုမူ တစ်ခါခံစားထားခဲ့ရပြီဖြစ်၍ အနည်းငယ်တော့ သိတ်နေမိသည်။ ထို့ကြောင့် သူ့အနေဖြင့် တိုက်စစ် မထုတ်နိုင်ဘဲ ခံစစ်သာ ကစားနေရသည်။

ဆရာကြီးပိုင်ရင်က လှောင်ရယ်ရယ်ရင်း....

"ဘယ်လိုလဲကွ၊ မင်းဓားသိုင်းက ဒါအစွမ်းကုန်ပဲလား"

"ရှမ်း....ရှမ်း....ရှမ်း"

ဆရာကြီးပိုင်ရင်၏ စကားမဆုံးသေးမီ ရုံကူလင်၏ ဓားချက် သုံးချက်သည် လျှပ်တစ်ပြက် တိုးဝင်သွား၏။ လျှပ်စီးလက်လိုက်သည့်အလား လျင်မြန်လွန်းလှသဖြင့် ဆရာကြီး

ပိုင်ရှင်မှာ ထိတ်ခနဲဖြစ်သွားပြီး ကမန်းကတန်းပင် နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်ရလေ၏။

"တယ်လာတဲ့ ဓားပါလား"

ဆရာကြီးပိုင်ရှင်သည် ခြေလှမ်းသုံးလှမ်း ဆုတ်ရှောင်ပြီး သည်နှင့် ရှုံကူလင်ထံသို့ ဝက်ခေါင်းတိုးဝင်ကာ လက်ဝါး စောင်း ခုတ်ချသည်။

ရှုံကူလင်သည် ယခုအချိန်၌ သတိဝီရိယကြီးစွာထား၍ တိုက်ခိုက်နေရကား ပိုင်ရှင်၏ လက်ဝါးစောင်းကို ပွတ်ကာ သီကာ ရှောင်တိမ်းနိုင်လိုက်သည်။ ထိုလက်ဝါးမှထွက်ပေါ် ပြင်းထန်သည့် ရိုက်ချက်ကြောင့်ပင် အေးမြမြ ခံစားလိုက်ရ သေး၏။ ဟကယ်တမ်းသာ ထိုလက်ဝါးဖြင့် အထိခိုက်ခံ လျှပ် သူ့အဖို့ သက်သာလိမ့်မည် မဟုတ်ချေ။

ဆရာကြီးပိုင်ရှင် အံ့သြသွားသည်။

"ဒီကောင် ငါ့လက်ဝါးကို အတော်ကလေး ရှောင်နိုင် ပါကလား"

သူသည် ရှုံကူလင်၏ စွမ်းရည်ကို အသိအမှတ်ပြုလာ၏ နောက်ဘက်သို့ လှမ်းကြည့်လိုက်မိသောအခါ တံခါးအနီး ကျောက်ရုပ်မျက်နှာဖြင့် ရပ်နေကြသည့် သူ့တပည့် အစောင့် နှစ်ဦးကို တွေ့မြင်နေရသေးသည်။

ဆရာကြီးပိုင်ရှင်က လှမ်း၍ အမိန့်ပေးလိုက်၏။



"ဟေ့....မင်းတို့နှစ်ယောက် အခန်းအပြင်ကို ထွက်သွား ကြ၊ တံခါးပိတ်ပြီး အပြင်ကစောင့်နေ"

မိုးခိုးရောင်အင်္ကျီဝတ် သူလျှိုနှစ်ဦးသည် ဆရာကြီးပိုင်ရှင် အား ဦးညွှတ်ဂါရဝပြုလျက် အခန်းအပြင်သို့ ထွက်ခွာသွား ကြ၏။ တံခါးကိုလည်း ပိတ်ပေးသွားသည်။

ထိုအခါ အခန်းထဲ၌ ဆရာကြီး ပိုင်ရှင်နှင့် ရှုံကူလင်တို့ နှစ်ဦးသာ ကျန်ရစ်တော့သည်။

ဆရာကြီးပိုင်ရှင်သည်သူ၏လက်ဝါးသိုင်းကိုအဆက်မပြတ် ရိုက်ထုတ်တော့၏။ လက်ဝါးသိုင်း ဆယ်ကွက် ကျော်သည့်တိုင် ရှုံကူလင်၏ အင်္ကျီအစွန်အဖျားကိုပင် မထိခိုက်ခဲ့ချေ။ သို့သော် အခန်းတစ်ခုလုံး သူ၏လက်ဝါးသိုင်းမှ ထွက်ပေါ်လာသည့် သေအရှိန်ဟပ်လျက် အေးအေးဓာတ်များ ပျံ့နှံ့လာသည်။

ရှုံကူလင်သည် ခုခံရင်း စဉ်းစားသည်။

"ဒီဆရာကြီးရဲ့ လက်ဝါးသိုင်းက အတော်ကြောက်စရာ ကောင်းတယ်၊ သူ့ကို ထိပ်တိုက်ခုခံရင် ကျောက်တောင်ကို ဦးခေါင်းနဲ့ ပြေးတိုက်သလိုပဲ ကိုယ်ခံရမယ်၊ သူ့ကို ထိပ်တိုက် ခုခံတာထက် ရှောင်တိမ်းပေးတာက ငါ့အတွက် ပိုကောင်း လိမ့်မယ်"

မှန်သည်။ ဆရာကြီးပိုင်ရှင်၏ တိုက်ကွက်များသည် မုန် တိုင်းတိုက်သလို တစ်စထက်တစ်စ တစ်ချိန်ထက်တစ်ချိန် ပို၍ ပို၍ ပြင်းထန်လာသည်။

ပြင်းထန်ကြမ်းတမ်းသော လေပြင်းမုန်တိုင်းသည် ယိမ်းနွဲ့သော သစ်ပင်ငယ်များနှင့် မြက်ပင်ငယ်ကလေးများကို နုတ်ဖယ်လွင့်စဉ်အောင် မပြုနိုင်ပေ။ သူ့အား ကြံ့ကြံ့ခံရင်ဆိုင်မည့်ဟန်ပန်မျိုးရှိသည့် မြင့်မားကြံ့ခိုင်သော သစ်ပင်ကြီးများကိုသာ ကျိုးပြတ်လွင့်စဉ်အောင် တတ်နိုင်ပေသည်။ တိုက်ပွဲ၌ လိမ္မာသော ပရိယာယ်သာလျှင် အဓိကဖြစ်လေ၏။

ရုံကူလင်၏ ပရိယာယ်ကောင်းသဖြင့် ဆရာကြီးပိုင်ရင်မှာ ရုံကူလင်အားထိခိုက်ဒဏ်ရာရအောင်မလုပ်နိုင်ဘဲဖြစ်နေသည်။

"ဟေ့....ခဏရပ်လိုက်စမ်း"

ဆရာကြီးပိုင်ရင်၏ ဟိန်းထွက်လာသောအသံကြောင့် ရုံကူလင်က ဓားကိုရုပ်သိမ်းကာ ခုန်ဆုတ်လိုက်၏။ ဆရာကြီးပိုင်ရင်ကလည်း သူ့လက်ဝါးတိုက်ကွက်ကို ပြန်ရုပ်သိမ်းသည်။

"ဘာများလဲ ခင်ဗျာ"

ဆရာကြီးပိုင်ရင်က မျက်မှောင်ကြုတ်၍ မေး၏။

"မင်းကို ငါတစ်ခုမေးမယ်"

"မေးပါ"

"မင်းသုံးတာ လျှပ်တစ်ပြက်ဓားသိုင်းမဟုတ်လား"

ရုံကူလင်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ဆရာကြီးပိုင်ရင်၏ဗဟုသုတကြွယ်ဝမှုကို အထင်သေး၍မရချေတကား။



"ဟုတ်....ဟုတ်ကဲ့....မှန်ပါတယ်"

ဆရာကြီးပိုင်ရင်၏မျက်နှာ၌ တွေးတောစဉ်းစားနေသည့် အမူအရာများ ပေါ်လာသည်။ သူက ခပ်အေးအေးပင် ပြောလေ၏။

"ဒီလျှပ်တစ်ပြက် ဓားသိုင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက်က စတင် ပေါ်ပေါက်လာခဲ့တယ်၊ သိုင်းလောကက အထူးအမြတ်ပြုထားတဲ့ ဓားသိုင်းအဖွဲ့ကြီးလေးဖွဲ့ကတောင် ဒီဓားသိုင်းကို ချီးကျူးထောမနာ ပြုခဲ့ကြတယ်၊ နှမြောစရာကောင်းတာက ဒီဓားသိုင်းပိုင်ရှင် 'ဝုကျင်ချူ'ဟာ ဂိုဏ်းအဖွဲ့မတည်ထောင်နိုင်ခင်မှာ သေဆုံးသွားခဲ့တာပဲ၊ သူ့ဓားသိုင်းလဲ သိုင်းလောကထဲက ပျောက်ကွယ်သွားတယ်၊ အခု ဒီဓားသိုင်းက ဘယ့်နှယ် မင်းဆီရောက်တာလဲ"

"ဗျာ.. ကျွန်တော်ဟာ ဒီဓားသိုင်းကို တတ်နေပေမယ့် ဒီဓားသိုင်းရဲ့သမိုင်းကို မသိပါဘူး၊ ဆရာကြီးက ဘယ်လိုသိနေရတာလဲ ခင်ဗျာ"

"ဒီအချက်က သိပ်မထူးဆန်းပါဘူးကွ"

"ဗျာ...."

"ဒီဝုကျင်ချူဟာ ငါ့မိတ်ဆွေကိုးကွ၊ ငါနဲ့ အင်မတန် ခင်မင်တယ်၊ စိတ်သဘောထားချင်းလဲ တိုက်ဆိုင်တယ်၊ မင်းနဲ့ဝုကျင်ချူ ဘာတော်သလဲကွ"

ရုံကူလင်က ခေါင်းခါလိုက်၏။

"ဆရာကြီးပြောတဲ့ ဝုဂျင်ချူဆိုတဲ့နာမည်ကို ကြားတောင် မကြားဖူးပါဘူး၊ ကျွန်တော်က ဝုမိသားစုက မဟုတ်ပါဘူး၊ ရှုံမိသားစုကပါ၊ ဒါထက် အဲဒီဆရာကြီး ဝုဂျင်ချူဟာ ဘယ်ဇာတိသားများလဲခင်ဗျာ၊ သိခွင့်ရှိရင် သိပါရစေ"

"အံ့သြစရာပါလား၊ သူက ဟောင်နန်ပြည်နယ် ခိုင်ဖုန်မြို့ကကွ"

ရှုံကူလင် တုန်လှုပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ခိုင်ဖုန်မြို့ဇာတိ ဖြစ်ခဲ့နေသောကြောင့်တည်း။

"အင်း....ဆရာကြီးဝုဂျင်ချူဟာ ငါ့မိသားစုနဲ့များ တစ်နည်းတစ်ဖုံ ဆက်စပ်မလားမသိဘူး"

သူစဉ်းစားနေခိုက် ဆရာကြီးပိုင်ရင်က ဆက်၍ပြောပြနေ၏။

"ဝုဂျင်ချူဟာ ရိုးရိုးသေတာမဟုတ်ဘူးကွ၊ အသတ်ခံသွားခဲ့ရတာ"

"ဗျာ....အသတ်ခံရတာ ဟုတ်လား"

"ဟုတ်တယ်....အသတ်ခံရတာ၊ ငါလဲ သတင်းကြားကြားချင်း ခိုင်ဖုန်မြို့ကို ပြေးတာပဲ၊ သူ့ကို ဘယ်သူသတ်သလဲ ဆိုတာ လိုက်စုံစမ်းတာပေါ့၊ ခုနစ်ရက်လုံးလုံး နေ့မအိပ် ညမအိပ် စုံစမ်းပေမယ့် ဘာသဲလွန်စမှ မရပါဘူး၊ ထူးဆန်း



တာက သူ့ရဲ့သားသမီးတွေပါ စုပ်စမြုပ်စပျောက်သွားတာပဲ။ ငါဖြင့် ဒီအကြောင်းတွေးမိတိုင်း မနေ့တစ်နေ့က လိုပဲ စိတ်ထဲမှာ ခံစားမိခဲ့ပါတယ်ကွာ"

ရှုံကူလင်သည် ဆရာကြီးပိုင်ရင်၏ မိတ်ဆွေကောင်းပီသမှု၊ သစ္စာရှိမှုအတွက် လေးစားကြည်ညိုစိတ် ပေါ်လာ၏။ သို့သော် သူ့စိတ်ထဲ၌ ရုတ်ခြည်း စဉ်းစားတွေးတောမိသည့် အချက်မှာ ဆရာကြီးပိုင်ရင်သည် တိုက်ပွဲကိုဆိုင်းပြီး ရှေးဟောင်းနှောင်းဖြစ်များကို ဘာကြောင့် ပြန်ပြောရသနည်းဟူသည့်အချက် ဖြစ်၏။

ထို့အတွက် ရှုံကူလင်သည် အဆုံးပင် သတိဝီရိယထားလျက် ရှိနေ၏။ သို့ရာတွင် ဆရာကြီးပိုင်ရင်မှာမူ တွေးဆောငေးမော စဉ်းစားလျက်သာ ရှိနေသေးကြောင်း တွေ့ရှိနေရသေးသည်။

ရုတ်တရက် ဆရာကြီးပိုင်ရင်က....

"လျှပ်တစ်ပြက်ဓားသိုင်းကို မင်း ဘယ်လိုစသင်ခဲ့ရသလဲ၊ လျှပ်တစ်ပြက်ဓားသိုင်းဟာ သိုင်းလောကထဲက ပျောက်ကွယ်သွားပြီးပြီ၊ ဒီဓားသိုင်းကို တတ်မြောက်နေတဲ့လူဟာ ဝုဂျင်ချူရဲ့ သားသမီးအဆက်အနွယ်ထဲက ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် သူ့ကိုသတ်သွားတဲ့ ရန်သူအဆက်အနွယ်ထဲကပဲ ဖြစ်ရမယ်"

ရှုံကူလင်က မည်သို့ဖြေရမည်နည်းဟု စဉ်းစားနေ၏။ ရှုံကူလင်ထံမှ စကားပြန်မရသဖြင့် ဆရာကြီးပိုင်ရင်က ထပ်ဆင့်ပြောလာသည်။

''ငါ့အနေနဲ့ မင်းရဲ့ဇာတိကိုသိချင်ရုံသက်သက်ပါ၊တခြားအကြောင်း မရှိပါဘူး၊ အခုတိုက်ခိုက်နေတာကလဲ ဒီအကြောင်းကြောင့်ပဲ''

ရှုံကူလင်က...

''ကျွန်တော်တတ်ထားသမျှ သိုင်းပညာတွေကို ကျွန်တော့် အမေ သင်ပေးတယ်ဆိုတာကလွဲလို့ ကျွန်တော် ဘာမှ မသိပါဘူး ဆရာကြီး''

''ဟား....ဟား....ဟား....မင်းရဲ့ဇာတိကို ငါက ဘယ်လို လုပ် ခန့်မှန်းနိုင်တော့မှာလဲ၊ ဒီထက်ပြည့်ပြည့်စုံစုံကလေး ပြောပြပါလား''

''ဒီထက်တော့ ကျွန်တော်မပြောတတ်ဘူး''

ဆရာကြီးပိုင်ရင် စိတ်ဆိုးသွားလေပြီ။

''ငါက အကြမ်းမဖက်ချင်ဘူး၊ မင်းက အကြမ်းဖက်အောင် တောင်းဆိုနေမှတော့ မတတ်နိုင်တော့ဘူး''

စကားမဆုံးမီပင် ဆရာကြီးပိုင်ရင်က ရှုံကူလင်ကို ခုန်အုပ်လိုက်လေတော့၏။

ရှုံကူလင်က လျှန်မြန်စွာရှောင်ထွက်သွားပြီး အရေးတကြီး အော်ဟစ်လိုက်၏။



''နေဦး....နေပါဦး၊ ဆရာကြီးနဲ့ကျွန်တော်တို့ အထင်အမြင်လွဲနေကြတာပါ၊ ခုလို တိုက်စရာလိုမယ်မထင်ပါဘူး''

ရှုံကူလင်၏ တားမြစ်သံကြောင့် ဆရာကြီးပိုင်ရင်သည် ခုန်ဆုတ်သွားပေ၏။

''မင်းနဲ့ ငါ ဘာမှအထင်အမြင်လွဲစရာမရှိဘူး၊ မင်း ဇာတိကိုဖွင့်ပြောပြရင် ပြီးတာပဲ''

ရှုံကူလင်သည် နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်ရာ တံခါးပိတ်ထားကြောင်း တွေ့လိုက်ရ၏။အစောင့်နှစ်ယောက်သည် အပြင်မှ စောင့်နေပေလိမ့်မည်၊ သူသည် ဆရာကြီးပိုင်ရင်ဘက်သို့ ပြန်လှည့်လိုက်ပြီး အသံကိုနှိမ့်၍မေးလိုက်၏။

''ဆရာကြီး....စောစောကသူနှစ်ယောက်ဟာ ဆရာကြီးနဲ့ အတူနေတာ ကြာပြီလား''

ဤမေးခွန်းကို ရှုံကူလင် မေးလိုက်ခြင်းမှာ သူ့အား အအေးခတ် အဆိပ်ဖြေပေးခဲ့သော သူလျှိုများကို ကျေးဇူးကန်းလို၍ မဟုတ်ပေ။ သူ့စိတ်ထင်၌ ထိုလူနှစ်ယောက်သည် အောက်လမ်းဂိုဏ်းတစ်ခုခုအတွက် သူလျှိုဝင်လုပ်ပေးသူများဟု ထင်မှတ်မိသောကြောင့် ဖြစ်ပေသည်။

ထို့ပြင် ဆရာကြီးပိုင်ရင်သည် အပြောအဆိုအမူအရာအားဖြင့် မောက်မာသော်လည်း စိတ်ရင်း စေတနာရင်းအားဖြင့် သိပ်ဆိုးလှမည်မဟုတ်ဟုယုံကြည်မိသည်က တစ်ကြောင်း၊

ထို့ကြောင့် သူလျှိုနှစ်ယောက်နှင့်ပတ်သက်၍ စုံစမ်းခပ:မြန်း ချန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပေသည်။

ဆရာကြီးပိုင်ရင်သည် ရုံကူလင်၏လေသံနှင့် အမူအရာကို ကြည့်ပြီး ဘာဆိုလိုသည်ကို ချက်ချင်း နားလည်သဘော ပေါက်လေ၏။

ပိုင်ရင်က ခက်ထန်စွာပြန်မေး၏။

"ဘာလဲကွ၊ မင်းဆိုလိုချင်တာက...."

ရုံကူလင်က ကြားဖြတ်၍ ကမန်းကတန်း ဝင်ပြောချ၏။

"ရှူး....တိုးတိုး၊ ကျွန်တော် လျှို့ဝှက်တဲ့ကိစ္စကို ပြော မလို့ပါ၊ ဆရာကြီးက အော်ကြီးဟစ်ကျယ်လုပ်နေတော့ ကျွန် တော် ဘာပြောရတော့မှာလဲ"

ပိုင်ရင်သည် ရုံကူလင်၏ဆိုလိုရင်းကို နားလည် သဘော ပေါက်ပြီးဖြစ်၏။ သို့ရာတွင် သူသည် ယခုမှ တွေ့ရသော ရုံကူလင်ကိုလည်း ခြင်းချက်မရှိ ယုံကြည်မှုမရှိသေးပေ။

ပိုင်ရင်က အသံမြှင့်၍အော်လိုက်၏။

"ဟေ့....အပြင်ကနှစ်ယောက် အထဲကိုဝင်လာကြစမ်း"

တံခါးပွင့်သွားပြီးနောက် မီးခိုးရောင်ဝတ်စုံဝတ် လူနှစ် ယောက်ဝင်လာကြ၏။သူတို့၏မျက်နှာထားများကမည်သည့် ခံစားမှုကိုမျှ မဖော်ပြသည့် ကျောက်ရုပ်မျက်နှာ။



ပိုင်ရင်က...

"ဟေး....မင်းတို့နှစ်ယောက် ငါနဲ့နေခဲ့တာ ဘယ်နှစ်နှစ် ရှိပြီလဲ"

မီးခိုးရောင်ဝတ်စုံဝတ် လူနှစ်ဦးက ပြိုင်တူဖြေကြ၏။

"ဟုတ်ကဲ့....ကျွန်တော်တို့ ဆရာကြီးနဲ့အတူ နေခဲ့တာ ဆယ်နှစ်ကျော်ပါပြီခင်ဗျာ"

"ကောင်းပြီ၊ မင်းတို့ ငါ့အပေါ် ဘယ်လိုသဘောထား ကြသလဲ အရိုးခံအတိုင်း ဖြေကြ"

"ဆရာကြီးဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကြီး ဖြစ်ပါ တယ် ခင်ဗျား"

ပိုင်ရင်က မျက်နှာထားကို တင်းလိုက်၏။

"သစ္စာဖောက်တွေကို ငါဘယ်လိုအပြစ်ပေးသလဲဆိုတာ မင်းတို့ သိကြတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သိကြပါတယ် ဆရာကြီး"

မီးခိုးရောင်ဝတ်စုံဝတ် လူနှစ်ဦးသည် သင်တုန်းဓားသွား ပေါ်၌ လမ်းလျှောက်ရတော့မည့် အခြေအနေမျိုး ဖြစ်သော် လည်း တစ်ယောက်မျှ မျက်နှာမပျက်ကြပေ။ ပကတိကျောက် ရုပ် မျက်နှာပါပေ။

ပိုင်ရင်က အေးစက်စက်ပြောလိုက်၏။

"ဒီလို သိလျက်နဲ့တောင် မင်းတို့က ငါ့အပေါ် သစ္စာဖောက်ဝံ့ကြသေးသလား"

လက်ဝဲဘက်မှ မီးခိုးရောင်ဝတ်စုံဝတ်လူက ရှိသေကျိုးနွံစွာ ပြန်ဖြေသည်။

"ကျွန်တော်တို့ဟာ ဆရာကြီးရဲ့လက်အောက်မှာ သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်လာခဲ့ကြပါတယ်၊ ပေးသမျှတာဝန်ကို ကျေပွန်ခဲ့ကြပါတယ်၊ ဘာဖြစ်လို့ ဒီလို မေးခွန်း မေးတယ်ဆိုတာကို ကျွန်တော်တို့ သဘောမပေါက်ပါဘူး ဆရာကြီးခင်ဗျား"

ရုံကူသင်မှာ အကြီးအကျယ် တုန်လှုပ်သွားသည်။ သူလျှိုနှစ်ယောက်၏ အမူအရာများက အလွန်တရာ ပိရိသေသပ်လှချေတကား။

ထိုစဉ် လက်ယာဘက်မှ မီးခိုးရောင် ဝတ်စုံဝတ်လူက ဆရာကြီးပိုင်ရှင်အား ရှိသေကျိုးနွံသော အမူအရာဖြင့် လှမ်းမေးသည်။

"ဆရာကြီးခင်ဗျာ"

"ဘာမေးမလို့လဲ"

"ဆရာကြီးဟာ ကျွန်တော်တို့ကို ဒီလိုမေးခွန်းမျိုး ဆယ်နှစ်အတွင်း တစ်ကြိမ်မှ မမေးခဲ့ဖူးပါဘူး၊ အခုမှ ထူးထူးခြားခြားမေးပုံထောက်တော့ သူစိမ်းတစ်ယောက်ယောက်က



ကျွန်တော်တို့ကို မဟုတ်မမှန်လုပ်ကြံစကားနဲ့ ချောက်ချပြီနဲ့တူတယ်"

သူ့စကားက ရှင်းသည်။ သူသည် ရုံကူသင်ကိုတစ်ချက်မျှ မကြည့်ပေ။ အပြုအမူများလည်း တည်ကြည်လှသည်။ သူလျှိုပေပဲ၊ သည့်နောက်တော့ ဘာဆက်ဖြစ်ဦးမလဲ မသိ။

ဆရာကြီးပိုင်ရှင်သည် သူ့လူနှစ်ယောက်ကို စေ့စေ့စပ်စပ်အကဲခတ်ပြီးမှ ရုံကူလင်အား မေးခွန်းထုတ်လိုက်၏။

"ကဲ....ဘယ့်နှယ်လဲ၊ မင်းရှေ့မှာတင် ငါ စစ်မေးတာပဲ၊ ငါ့လူတွေမှာ ဘာ သံသယဖြစ်စရာရှိသလဲ"

ရုံကူသင်မှာ အပြင်းအထန် စဉ်းစားတွေးတော ရတော့သည်။ သူလျှိုများသည် မည်သည့် ဂိုဏ်းကို ကိုယ်စားပြုမှန်း မသိရသေးချေ။ သူတစ်ပါးအသင်းအဖွဲ့အတွင်းသို့ လွန်ခဲ့သော ဆယ်နှစ်ကတည်းက ပိပိရိရိ ထည့်ထားနိုင်ခြင်းကို ထောက်၍ အင်အားသေးငယ်သော အဖွဲ့အစည်း မဖြစ်နိုင်ကြောင်း ရုံကူလင်စဉ်းစားသည်။ ထို့ပြင် ဆရာကြီး ပိုင်ရှင်သည် သူ့ကိုယ်သူ အထင်ကြီးသော်သည်း သိုင်းလောကအပေါ် အမှန်တကယ် စေတနာထားကြောင်းကို ရုံကူလင် နားလည်ခဲ့သည်။

"အင်း....ဟိုလူနှစ်ယောက် ငါ့အပေါ်စိတ်ဆိုးချင်ဆိုးစေတော့၊ ငါ့အနေနဲ့ သစ္စာမျက်နှာကိုပဲ ကြည့်ရတော့မှာပဲ"

ရုံကူလင်သည် မီးခိုးရောင်ဝတ်စုံဝတ် လူနှစ်ဦး ရှေ့သို့ လျှောက်သွားကာ ဦးညွှတ်ဂါရဝပြုလိုက်၏။

"ကျွန်တော့် အသက် ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးကို ကျွန်တော်မမေ့ဘူးဆိုတာ ကြိုတင်ပြောကြားထားပါရစေ"

ထိုလူနှစ်ယောက်က....

"ကျုပ်တို့က ဆရာကြီးရဲ့အမိန့်အတိုင်း ဆောင်ရွက်ကြတာပါ၊ ခင်ဗျား ကျေးဇူးတင်ရင် ဆရာကြီးကိုပဲ ကျေးဇူးတင်ရပါမယ်"

သူတို့နှစ်ယောက်၏ စကားများက သီလျှော် အဆင်ပြေလှပေသည်။ ရုံကူလင်၏ မြားချက်ကို လိမ္မာပါးနပ်စွာ ရှောင်တိမ်းနိုင်ခဲ့ကြသည်။

သို့သော် ရုံကူလင်ကသူတို့အား အမှန်တကယ် ကျေးဇူးတင်၍ တင်ကြောင်း ဤသို့ ပြောကြားခြင်းသာ ဖြစ်သည်။ နောက်ပိုင်း ကိစ္စများကို ဖော်ထုတ်ခြင်းမှာ မတတ်သာ၍ သိုင်းလောကအကျိုးကိုကြည့်၍ ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ပြောလိုသဖြင့် ပဏ္ဏာမစကားဖြင့် အစပျိုးလိုက်ခြင်းသာ ဖြစ်ပေသည်။

ဆရာကြီးပိုင်ရှင် မဲ့ပြုံးပြုံး၍မေးလေ၏။

"အဲဒီစကားက အမှန်ပဲဟေ့၊ ဒီနေရာတစ်ဝိုက်မှာ လုပ်သမျှကိစ္စဟာ ငါ့အမိန့် မပါတာ မရှိဘူး၊ ငါ့အမိန့်အရ လုပ်ရတာချည်းပဲ"



"ကျွန်တော်တော့ ဒီလို မထင်ပါဘူး ခင်ဗျား"

"မင်းက ဘယ်လိုထင်သလဲ၊ ငါတို့ကို ခြေထိုးချင်တိုင်း ထိုးလို့ရမယ့် ငနုံအတွေများ အောက်မေ့နေသလား"

မလှဲမရှောင်သာသည့်အဆုံး ရုံကူလင်သည် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို တစ်လုံးမကျန် အသေးစိတ် ပြောပြလိုက်ရလေတော့၏။ ဤသို့ ပြောလိုက်ရခြင်းအတွက် ရုံကူလင် စိတ်မကောင်းချေ။ သူ၏ အသက်သခင်များသည် သူ့စကားကြောင့် ကောင်းကောင်း ဒုက္ခရောက်သွားနိုင်ပေသည်။ သို့သော် သိုင်းလောက၏ အကျိုးဆိုသည့် အချက်ကို ထောက်၍ ရှေ့မျက်နှာနောက်ထားကာ ပြောကြားလိုက်ရတော့သည်။

သူလျှိုနှစ်ယောက်မှာမူ လုံးဝ တုန်လှုပ်ခြင်း မရှိကြပေ။ ကျောက်ရုပ်မျက်နှာများဖြင့် အေးဆေးတည်ငြိမ်စွာ ရပ်နေကြပေသည်။

ဆရာကြီးပိုင်ရှင်၏မျက်နှာ၌တွေဝေသောအရိပ်အယောင်များပေါ်ထွက်လာတော့သည်။ သူ့လူနှစ်ယောက်ကိုတစ်ချက်စေ့ကြည့်လိုက်ပြီး....

"ကဲ....ဘယ်လိုလဲ၊ သူပြောတဲ့စကားဟာ အတော်ကလေး ယုတ္တိရှိတယ်၊ နောက်ပြီး သူ့လေသံက ခိုင်မာနေတယ်၊ လုပ်ကြံပြောတာ ဖြစ်နိုင်ဘူး"

သူလျှိုတစ်ယောက်က....

"ကျွန်တော်တို့ဟာ ဆရာကြီးပေးတဲ့ တာဝန်တွေကို ဆယ်နှစ်ကျော်ကျော် ချွေးမြေကျအောင် ဆောင်ရွက်ခဲ့ပါတယ်၊ ကျွန်တော်တို့လို လူရင်းတွေရဲ့စကားကို မယုံဘဲ လက်ဖျားကလူရဲ့စကားကို ယုံတာတော့ ကျွန်တော်တို့ ရင်နာလို့ မဆုံးပါဘူး ခင်ဗျာ"

ဆရာကြီးပိုင်ရင်က အေးစက်မာကျောစွာ ပြောလေ၏၊

"သူပြောတာသာ အမှန်တကယ်မဟုတ်ရင် သူ့စကားတွေက ဘာဖြစ်လို့ တိကျသေချာနေရတာလဲ၊ ဘာဖြစ်လို့ လျှို့ဝှက်ခန်းအကြောင်း အတပ်သိနေရတာလဲ"

သူလျှိုတစ်ယောက်က မှင်သေသေဖြင့် ဝင်ပြော၏၊

"ဆရာကြီး.... ကျွန်တော်တို့အထဲမှာ သူလျှိုတစ်ယောက် ယောက် ရှိချင်ရှိနေမယ်လို့ ထင်ပါတယ်"

ထိုသူ၏စကားက လိမ္မာလှသည်။ ထိုစကားပြောခြင်းဖြင့် ကျွန်တော်တို့ကတော့ သူလျှိုများမဟုတ်ကြပါဟု တစ်ဖက်မှ သက်သေပြသယောင်ယောင် ဖြစ်သွား၏။

ရုံကူလင်က သူလျှိုနှစ်ယောက်ကိုကြည့်၍ ခပ်ဖြည်းဖြည်း ပြောသည်။

"ခင်ဗျားတို့က အင်မတန် လူရည်လည်တဲ့ လူတွေပဲကိုး၊ ဒီလိုလူမျိုးတွေကို ဆယ်နှစ်ကျော်ကြာတဲ့အထိ သူလျှိုမှန်း မသိနိုင်တာ ဘာမှ မဆိုးတော့ပါဘူး"



သူလျှိုတစ်ယောက်က ရုံကူလင်အား စိန်းစိန်းကြည့်ကာ မေးခွန်းထုတ်လိုက်၏။

"ခင်ဗျားနဲ့ ကျုပ် ခုမှပဲ မြင်ဖူးကြတယ်၊ ဘာရန်ငြိုး ရန်စမှုလဲမရှိဘူး၊ ဘာဖြစ်လို့ ကျုပ်ဒုက္ခရောက်အောင် လုပ်ချင်ရတာလဲ"

ရုံကူလင်က မဲ့ပြုံးပြုံးလိုက်မိ၏၊

"ကျုပ်ကို အအေးဓာတ် အဆိပ်ဖြေဆေးပေးတဲ့ကျေးဇူးကို ကျုပ် မမေ့ပါဘူးဗျာ၊ အခုကိစ္စက ကိုယ်ရေးကိုယ်တာ ကိစ္စထက် ကြီးမားတဲ့ သိုင်းလောကအကျိုး ကိစ္စဆိုတော့ ခင်ဗျားတို့ရဲ့ ကျေးဇူးတွေကို လျစ်လျူရှုခဲ့ရပါတယ်၊ ကျွန်တော်သာ အခုလို ထုတ်ဖော်မပြောဘဲ ငြိမ်နေမယ်ဆိုရင် သိုင်းလောကကြီးဟာ ဆိုးကျိုးတစ်ခုခုနဲ့ရင်ဆိုင်ရမှာ သေချာတယ်၊ ဒါကြောင့်မို့ ခုလို ဖွင့်ပြောရတာပါ၊ ခင်ဗျားတို့ရဲ့ ကျေးဇူးကိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ဆပ်နိုင်မှာပါ"

သူလျှိုနှစ်ယောက်နှင့် ရုံကူလင်တို့ ပြောဆိုနေပုံကိုကြည့်ပြီး ဆရာကြီး ပိုင်ရင်မှာ တဖြည်းဖြည်း တွေဝေလာတော့သည်။ ရုံကူလင်၏စကားကို ယုံရနိုးနိုး၊ တပည့်နှစ်ယောက်၏ စကားကို ယုံရနိုးနိုး ဖြစ်လာတော့၏။ သူသည် အတန်ကြာ တွေဝေစဉ်းစားနေတော့သည်၊

ထို့နောက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချ လိုက်သည်။

"အခု မင်းတို့ပြောတဲ့စကားတွေအားလုံးကို ငါသုံးသပ်ကြည့်တယ်၊ ဟောဒီ လူငယ်ရဲ့စကားသာ အမှန်ဖြစ်လိမ့်မယ်လို့ ငါယုံကြည်လိုက်ပြီ"

"ခင်ဗျာ...."

မီးခိုးရောင်ဝတ်လူနှစ်ဦး၏အာမေဋိတ်သံကကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူတို့၏အမူအရာမှာ အလွန်တရာ ကောင်းလှသဖြင့် ရုံကူလင်ပင်လျှင် ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရတော့သည်။

"တကယ့်လူတွေပဲ၊ ဒါကြောင့်မို့လို့လဲ သူတို့ကို ဒီသဲရောက်အောင် ပို့ထားကြတာပဲကိုး"

သူတို့၏ အာမေဋိတ်သံဟာ ရုံကူလင်ကိုသာမက ဆရာကြီးပိုင်ရင်ကိုပင်လျှင် အနည်းငယ် တွေဝေသွားစေခဲ့သည်၊

ပိုင်ရင်က....

"ဘာလဲ....မင်းတို့က ငြင်းချင်သေးလို့လား"

သူလျှိုနှစ်ယောက်က မှင်သေသေဖြင့် ပြောသည်။

"ဆရာကြီးအနေနဲ့ အတွင်းလူရဲ့စကားထက် အပြင်လူရဲ့စကားကို ယုံကြည်နေမှတော့ ကျွန်တော်တို့အနေနဲ့ ဘာမှပြောစရာ မရှိတော့ပါဘူးဗျာ၊ ဆရာကြီးပေးသမျှ အပြစ်ဒဏ်ကို လည်စင်းခံဖို့ပဲ ရှိပါတော့တယ်"



ပိုင်ရင်က ရှူးရှူးစွာ ကြည့်လိုက်၏။

"မင်းတို့နှစ်ယောက် ငါ့အပေါ်မှာ တကယ်သစ္စာဖောက်တယ်ဆိုရင် အပြစ်ပေးရုံနဲ့ ပြီးလိမ့်မယ်လို့ မင်းတို့ ထင်နေသလား"

သူလျှိုနှစ်ယောက်အနက် တစ်ယောက်က....

"ဟုတ်ကဲ့....ဆရာကြီး ကြိုက်သလိုသာ စီရင်ပါ ခင်ဗျာ၊ ကျွန်တော်တို့အနေနဲ့ ဆရာကြီးရဲ့ အမိန့်နဲ့ ဆုံးဖြတ်ချက်ကို ဘာမှ စောဒကတက်စရာ မရှိတော့ပါဘူး"

ဆရာကြီး ပိုင်ရင်သည် အခန်းထဲ၌ ခေါက်တုံ့လူးလာ လမ်းလျှောက်နေလေတော့၏၊ ကြည့်ရှုရာ ဆရာကြီးပိုင်ရင်အနေဖြင့် အလွန် စဉ်းစားရခက်နေကြောင်း ဖော်ပြသည့် သင်္ကေတပင်ဖြစ်သည်။

သူလျှိုနှစ်ယောက်မှာ အလွန်တရာ တည်ငြိမ်နေကြ၏။ စိတ်လှုပ်ရှားနေသူများမှာ ဆရာကြီးပိုင်ရင်နှင့် ရုံကူလင်တို့သာ ဖြစ်တော့သည်။

ဆရာကြီးပိုင်ရင်သည် ခေါက်တုံ့လူးလာ လမ်းလျှောက်နေရာမှ ဖြုန်းခနဲ ရပ်လိုက်ကာ ချိန်ဆသောလေသံဖြင့် စတင်စကားပြောသည်။

"အင်း....မင်းတို့နှစ်ယောက် ပြောနေတဲ့ပုံစံကလဲ ကိုယ့်ကိုယ်ကို အင်မတန် ယုံကြည်စိတ်ချစွာ ပြောနေကြတဲ့ပုံစံမျိုး၊

ဒါပေမယ့် ဟောဒီသူငယ်ပြောတဲ့စကားကို လျစ်လျူရှုလို့ မရပြန်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့...."

ဆရာကြီးပိုင်ရင်သည် သူလျှိုနှစ်ယောက်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး....

"ဒီကိစ္စကို ဒီသူငယ်ကသာမဖော်ပေးရင် ငါလဲ ဘာမှ သံသယရှိမှာမဟုတ်ဘူး၊ အခုတော့ သူပြောတဲ့စကားတွေဟာ မှန်သလိုလိုရှိလာပြီး မင်းတို့လုပ်ခဲ့တဲ့ အပြုအမူကလေးတွေဟာ မသင်္ကာစရာကောင်းတဲ့ အပြုအမူလေးတွေ ဖြစ်တယ်ဆိုတာ ငါလဲ အခုမှ စဉ်းစားမိလာတယ်၊ လူ့စိတ်ဆိုတာ ပြောရခက်တယ်၊ တစ်သမတ်တည်းရှိဖို့ဆိုတာ သိပ်မလွယ်ဘူး၊ မင်းတို့ဟာ ငါနဲ့ ဆယ်နှစ်ကျော်နေခဲ့ပေမယ့် ငါ့ကို သစ္စာဖောက်ချင် ဖောက်နေဦးမှာ"

သူလျှိုနှစ်ယောက်သည် စကားတစ်လုံးမျှမပြောဘဲ ရှေ့ငုံ့ နှုတ်ပိတ် ဆိတ်ဆိတ်နေကြလေ၏။

"ဟား....ဟား....ဟား....ဟား"

ဆရာကြီးပိုင်ရင်သည် ကြားရသူတိုင်း ကြက်သီးမွေးညင်း ထစေလောက်သည့် ရယ်သံဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ရုံကူလင်ပင်လျှင် ကြက်သီးထသွားရ၍ သူလျှိုနှစ်ယောက်အဖို့မှာမူ ဆိုဖွယ်ရာမရှိတော့ပေ။

ဆရာကြီးပိုင်ရင်က....



"တခြားလူတွေကတော့ ငါ့အကြောင်း အပေါ်ယံကြောလောက်ပဲ သိကြလိမ့်မယ်၊ မင်းတို့ကတော့ ငါ့တပည့်ရင်းခေါက်ခေါက်တွေဆိုတော့ အပေါ်ယံတွင်မကဘူး၊ အတွင်းသားပါသိနေကြတဲ့ လူတွေဖြစ်တယ်၊ ငါ ဘယ်လိုလူစားလဲဆိုတာ မင်းတို့ကို ထင်ပြောပြဖို့ လိုတော့မယ်မထင်ဘူး"

သူလျှိုနှစ်ယောက်သည် ထိုစကားကြောင့် ရုံကူလင်အား တစ်ချက် လှမ်းကြည့်လိုက်သည်။ သူတို့သည် တစ်စုံတစ်ခုကို ပြောတော့မည်ကဲ့သို့ ပါးစပ်တရွရွ ဖြစ်လာကြ၏။ သို့သော် ချက်ချင်းပင် တည်ငြိမ်သွားကာ နှုတ်ပိတ်သွားကြလေတော့သည်။ ထိုသူနှစ်ဦး၏အမူအရာမှာ သူတို့လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောသင့် မပြောသင့် ချီတုံချတုံဖြစ်နေကြောင်း ထင်ရှားစွာ ဖော်ပြနေ၏။

ဆရာကြီးပိုင်ရင်သည် အကြီးအကဲအဖြစ်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်၍ ထိုသူနှစ်ဦး၏အခြေအနေကို ချက်ချင်း အကဲခတ်မိလေ၏။ သူသည် သူ့အတွက် အခွင့်ကောင်းကို လက်မလွှတ်စေဘဲ ပျော့ပျောင်းသောလေသံဖြင့် လှမ်း၍ ပြောလိုက်ပေ၏။

"အင်း....မင်းတို့ဟာ ငါ အင်မတန်ယုံကြည်ခဲ့တဲ့ လူရင်းတွေဖြစ်တော့ တခြားသူကိုရက်စက်သလို ရက်စက်နိုင်ဖို့ ခပ်ခက်ခက်ပဲ၊ အင်းလေ....ဘာပဲပြောပြော မင်းတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက် ဝန်ခံချိန်တော့ ရှိပါသေးတယ်လေ"

လက်ယာဘက်မှလူက ရုတ်တရက်မေးလိုက်၏။

“ကျွန်တော်တို့အတွက် ဘာအချိန်ရှိတော့မှာလဲခင်ဗျာ”

ပိုင်ရှင်က ...

“ဟ...ဘာဖြစ်လို့ အချိန်မရှိရမှာလဲ၊ ငါဟာ ရက်စက်တာမှန်တယ်၊ ဒါပေမယ့် ငါ့တပည့်အရင်းခေါက်ခေါက်တွေ ဖြစ်နေတာမို့ မင်းတို့ဝန်ခံလိုက်တာနဲ့ မင်းတို့ကို ချမ်းသာခွင့်ပေးလိုက်မယ်၊ ဒါကတော့ ငါ့ရဲ့သက်ညှာမှုပဲ”

ဆရာကြီးပိုင်ရှင်၏စကားလုံးများကို ကျောက်ချပ်ချက်နှာဖြင့် ဣန္ဒြေကောင်းလှသူနှစ်ဦးအား တုန်လှုပ်သွားစေ၏။

လက်ယာဘက်မှလူသည် ဆရာကြီးပိုင်ရှင်အား ကြည့်လျက် သူတို့၏ဇာတိအမှန်ကို ထုတ်ဖော်ပြလိုက်တော့သည်။

“ဆရာကြီးရဲ့စေတနာကို သိလိုက်ရတဲ့အတွက် ကျွန်တော်တို့ အင်မတန်မှ စိတ်ထိခိုက်သွားကြရပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမှန်ကို ဝန်ခံပါတော့မယ်”



“အေး...အကောင်းဆုံးပေါ့ကွာ”

“ဒါပေမယ့် အချိန်က အင်မတန်နှောင်းနေပါပြီ၊ ဆရာကြီးက ကျွန်တော်တို့အပေါ် အင်မတန်ကောင်းခဲ့ယုံခဲ့ပေမယ့် ကျွန်တော်တို့ကတော့ ဆယ်နှစ်လုံးလုံး တစ်ပါးကျွန်ဖြစ်ပြီး သူတို့ရဲ့ဩဇာခံ ဖြစ်ခဲ့ရတယ်၊ ဆရာကြီးရဲ့လျှို့ဝှက်ချက်တွေကိုလဲ အသိပေးခဲ့ရပါတယ်၊ ကျေးဇူးရှင်ဆရာကြီးအပေါ် အခုလို ကျေးဇူးကန်းခဲ့တဲ့အပြစ်အတွက် အသေခံကြရုံကလွဲပြီး တခြားနည်းလမ်း မရှိတော့ပါဘူး ခင်ဗျာ”

ဆရာကြီးပိုင်ရှင်မှာ ထိုစကားကြောင့် အကြီးအကျယ် တုန်လှုပ်သွားလေတော့၏။ လူစိမ်းသူငယ်၏စကား မှန်လေပြီတကား။

ဆရာကြီးပိုင်ရှင်သည် သူလျှိုနှစ်ယောက်ကိုစေ့စေ့ကြည့်ကာ လှမ်းပြောလိုက်၏။

“ငါက မသတ်ဘဲနဲ့ မင်းတို့က ဘယ်လိုလုပ် သေနိုင်မှာလဲ၊ ငါက ခွင့်လွှတ်ရင် မင်းတို့မသေနိုင်ဘူး”

“မရတော့ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်ဟာ အင်မတန်ပြင်းထန်တဲ့ အဆိပ်ရဲ့သားကောင်တွေပဲ ဖြစ်ပါတယ်”

“ဘာ...မင်းတို့က အဆိပ်တွေကိုစားထားကြသလား”

“စားမထားရပါဘူး၊ ကျွန်တော့်ရဲ့သွားကြားမှာ ဝှက်ထားပါတယ်”

"ဒါဖြင့် ဘာခက်သလဲ၊ ထွေးထုတ်လိုက်ပေါ့ကွ"

"ဝုန်း....ဝုန်း"

ဆရာကြီးပိုင်ရင်၏ စကားမဆုံးသေးမီပင် သူလျှိုနှစ်ယောက်သည် တဝုန်းဝုန်း ပြိုလဲကျသွားကာ နှစ်ယောက်စလုံး မျက်လုံးများ ပြူးကျယ်လျက်ရှိပြီး သေဆုံးသွားကြလေပြီ။ တကယ်ပြင်းထန်သော အဆိပ်ပါပေ။

ရုံကူလင်သည် သူ့ခါးကို ခါးအိမ်ထဲသို့ ဖြောင်းခနဲ ပြန်ထည့်လိုက်ပြီး အလောင်းနှစ်လောင်းကို ဦးညွှတ်ဂါရဝပြုလေ၏။

"ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော် ဂါရဝပြုပါတယ် ခင်ဗျာ၊ ခင်ဗျားတို့ ကယ်ဆယ်ခဲ့တဲ့ ကျေးဇူးတရားကို ကျွန်တော့် နှလုံးသားထဲမှာ ထာဝရ သိမ်းဆည်းထားပါမယ်လို့ ကျွန်တော် ကတိပေးပါတယ်၊ တမလွန် ဘဝကြားသိကြပါစေဗျာ"

ထို့နောက် ဆရာကြီးပိုင်ရင်သည် တံခါးပေါက်ရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားတော့သည်။

"ဆရာကြီး ဘယ်လဲ"

"ဒီအလောင်းတွေကို ဖယ်ပစ်ဦးမှပေါ့ကွ၊ ဒီအတိုင်းထားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဆရာကြီး"



"မင်း ဘာထပ်ပြောချင်လို့လဲ"

"ကျွန်တော့် စိတ်ထင် ပြောရမယ်ဆိုရင်...."

"ပြောပါ၊ ငါ ခွင့်ပြုတယ်"

"သူလျှိုတွေဟာ ဒီနှစ်ယောက်တည်းတင် ကမယ်မထင်ဘူး"

"ဟော...."

ခက်ထန်မာကျောပြီး အလွန်တရာခန့်ကြီးဟန် မျက်နှာထားရှိသည့် ဆရာကြီးပိုင်ရင်မှာ ထခုန်မိမတတ် အံ့သြထိပ်လန့်သွားလေ၏။

ရုံကူလင်က တိုးညင်းသောလေသံဖြင့် ဆက်ပြော၏။

"ဆရာကြီးရဲ့ အတွင်းလူတွေထဲမှာ သူလျှိုတွေရှိဦးမှာ သေချာပါတယ် ခင်ဗျာ"

ပိုင်ရင်သည် လေးနက်စွာ စဉ်းစားရင်း ခေါင်းညိတ်လေ၏။

"အေး....ဖြစ်နိုင်ပါတယ်၊ ငါက အင်မတန် ရက်စက်ကြမ်းကြုတ်ခဲ့တယ်၊ ဒီတော့ ငါ့အပေါ် မကျေနပ်တဲ့လူတွေ ရှိနိုင်တယ်၊ ဒီလူတွေက သစ္စာဖောက်နိုင်တာပေါ့၊ ဟောဒီ သေသွားတဲ့နှစ်ကောင်ကို ငါ အင်မတန် ယုံကြည် စိတ်ချခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ ငါ့လက်ရင်းလူတွေ၊ မင်း

ဘာတော့ ငါနဲ့ဘယ်သိုမှ ပတ်သက်တဲ့လူမဟုတ်ဘူး၊ မင်းက ငါ့အကျိုးကိုလိုလားပြီး ငါ့အင်မတန်ယုံကြည်တဲ့လူတွေက"

ဆရာကြီးပိုင်ရှင်၏ စကားမဆုံးမီ ရုံကူလင်က ကြားဖြတ်ခင်ပြောလိုက်၏။

"ကျွန်တော်က ဆရာကြီးရဲ့အကျိုးအတွက် ခုလိုအသိပေးပြောကြားတာ မဟုတ်ပါဘူးခင်ဗျာ၊ သိုင်းလောကအပေါ် ဆရာကြီးထားတဲ့ စေတနာအတွက် ပြောကြားခဲ့တာပါ"

ဆရာကြီးပိုင်ရှင်သည် ရုံကူလင်ကို စူးစိုက်စွာ ကြည့်လိုက်၏။ ရန်သူ၏ အကြည့်မျိုး မဟုတ်တော့ပေ။

"ငါက တော်ရုံတန်ရုံ ထိတ်လန့်တတ်တဲ့လူမျိုး မဟုတ်ဘူးကွ၊ ဒါပေမယ့် ငါ့လူယုံနှစ်ယောက်က သူလျှိုဖြစ်နေပြီဆိုတော့ ငါတော်တော် ကျောချမ်းသွားတယ်၊ ကဲ...ဆိုပါဦးကွာ၊ မင်းရဲ့ အကြံဉာဏ်ကလေး ငါနားထောင်ချင်သေးတယ်"

"ကိုယ့်လူတွေထဲမှာ သူလျှိုရှိနေပြီဆိုတာကို သိထားရင် အန္တရာယ်ကတော့ တစ်ဝက်ငြိမ်းနေပါပြီ၊ အခု ကျွန်တော်တို့ ပထမဦးဆုံး လုပ်ရမယ့်အလုပ်ဟာ နှင်းတောင်ထဲမှာ ရှိနေဦးမယ့် သူလျှိုကို ဖော်ထုတ်ဖို့ပဲ"

"ဆိုပါဦး၊ ဘယ်လိုဖော်ထုတ်ရမှာလဲကွ"

"ဆရာကြီးအနေနဲ့ ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင် အကြံဉာဏ်တစ်ခု ပေးပါရစေ"



"ယုံလို့ မေးတာပေါ့ကွ၊ မယုံဘဲနဲ့ ခုလို အချိန်ကုန်ခံနေပါ့မလား"

"ဟုတ်ကဲ့၊ ဒါဖြင့်ရင် ဟောဒီ သူလျှိုနှစ်ယောက်ရဲ့ သေဆုံးခြင်း ကိစ္စကို ဆရာကြီးရဲ့ နှင်းတောင်ထဲက ဆရာကြီး တပည့်တွေ အားလုံးမသိအောင် ဖုံးဖိထားပါ၊ အလုံခြုံဆုံး ဖုံးဖိထားနိုင်ရင်တော့ အကောင်းဆုံးပါပဲ၊ ကျွန်ုပ်ပေ ကတော့ ကျွန်တော့်ကို ချုပ်ထားတဲ့ အခန်းထဲ ပြန်သွားပါမယ်"

ဆရာကြီးပိုင်ရှင်က ခေါင်းခါလိုက်၏။

"ဟာ...ဒီနှစ်ကောင် သေသွားမှတော့ မင်း ဟိုလှိုဏ်ခန်းထဲမှာ အချုပ်ခံနေရတယ်ဆိုတာ ဘယ်သူက သိနိုင် ဦးမှာလဲကွ"

"ကျွန်တော့် အစေတွေးသာမှန်ရင် ကျွန်တော် အချုပ်ခံနေရတဲ့ကိစ္စကို သိနေတဲ့ ဆရာကြီးရဲ့ တပည့်တချို့ ရှိဦးမှာပါ"

"ဘုရားရေ"

"ဒါအမှန်ပါပဲ၊ သူတို့ဟာ ကျွန်တော့်ကို အချုပ်ခန်းထဲ ထည့်ပြီးတာနဲ့ သူတို့ရဲ့ လူတစ်ယောက် နှင်းတောင်ထဲမှာ အချုပ်ခံနေရပြီဆိုတဲ့ သတင်းကို သူတို့ အသင်းအဖွဲ့ရှိရာကို

ပို့ပြီးတာ သေချာနေပါပြီ၊ အဲဒီသတင်းကို ဒီသေသွားတဲ့ သူလျှိုနှစ်ယောက်က ထွက်ပို့တာ မဖြစ်နိုင်ဘူး''

''ဘာဖြစ်လို့ အသေအချာ ပြောနိုင်ရတာလဲ''

''ဘာဖြစ်လို့လဲဆိုတော့ ဆရာကြီးရဲ့ လူယုံ တပည့်နှစ်ယောက်ဟာ ဆရာကြီးအပေါ်မှာအမြဲရှိနေလို့ပဲ ဒီအချက်ကို ဆရာကြီး သိပါတယ်''

ပိုင်ရင်က အတန်ကြာမျှ ပြန်စဉ်းစားသည်။

''အေး....ဟုတ်တယ်၊ ဒီကောင် နှစ်ကောင်ဟာ ငါနဲ့ ဘယ်တော့မှ ဝေးဝေးမှာမရှိဘူး၊ ငါခေါ်လိုက်ရင်အမြဲတမ်း အဆင်သင့် ရောက်လာကြတာပဲ''

''အဲဒါပဲပေါ့၊ သူတို့ကဆရာကြီးဆီက လျှို့ဝှက်သတင်းတွေကို တတ်နိုင်သလောက် နှိုက်ယူတယ်၊ သူတို့ ကိုယ်တိုင်တော့ ဒီသတင်းတွေ သွားပေးလို့မဖြစ်ဘူး၊ သူတို့ ကြာကြာ ပျောက်နေရင် ဆရာကြီးက ရိပ်မိသွားမယ်၊ ဒီတော့ သူတို့ သတင်းပို့တဲ့အခါ ကြားလူတစ်ယောက်ထားဦးမှာ သေချာပါတယ်၊ အခု စီစဉ်ထားတဲ့အတိုင်း သူတို့နှစ်ယောက်သေတဲ့ သတင်းသာ တခြားဘယ်သူမှ မသိသေးရင် ဒီလူနှစ်ယောက် ဆရာကြီးနားက ခွာခွင့်မကြုံလို့ပဲလို့ တခြား သူ့အဆက် အသွယ်တွေက မှတ်ထင်ကြလိမ့်မယ်၊ ဒီတော့ တခြားသူတို့နဲ့ ဂိုဏ်းတူ၊အဖွဲ့တူသူလျှိုတစ်ယောက်ယောက်က ကျွန်တော့်ကို



လာကယ်ကြလိမ့်မယ်၊ အဲဒါက ကျွန်တော့်ဉာဏ် တစ်ထွာ တစ်မိုက်နဲ့ စဉ်းစားကြံဆထားတဲ့ အကြံဉာဏ်ပါ၊ ဆရာကြီး သုံးသပ်ကြည့်ပါဦး ခင်ဗျာ''

ဆရာကြီးပိုင်ရင်မှာရုံကူလင်၏စကားများကိုလေးနက်စွာ နားထောင်နေလေ၏။ စကားဆုံးသည်နှင့် အားရကျေနပ်စွာ သူ့ပေါင် ပုတ်ရိုက်လိုက်လေ၏။

''ကောင်းလိုက်တဲ့ အကြံဉာဏ်ကွာ၊ ငါလဲ ဒီနှင်းတောင်မှာ ငါ့လုပ်ချင်ရာ လုပ်နေရတော့ ငါ့ကိုယ်ငါ အဟုတ်ကြီး ထင်နေခဲ့တာကွ၊ ငါ့ကို ဒီလို အကြံပေးရဲတဲ့သူလဲ မရှိဘူး လေ၊တကယ်တော့ကွာ ငါ့အပြစ်ပဲပေါ့၊ငါတို့က သူတစ်ပါးရဲ့ အကြံဉာဏ်မလိုဘူးလို့ယူဆထားတော့ ငါ့တပည့်တွေကအကြံ မပေးရဲကြတာပါ၊မင်းဟာ အသက်အရွယ် ငယ်ငယ်ကလေးနဲ့ အတော်စိတ်ကူး ကောင်းတာပဲ၊ ငါကတော့ ထုံနေပါပြီ ကွာ''

ရုံကူလင်သည် ပွင့်လင်းလှသော ဆရာကြီး ပိုင်ရင်အား လေးစားသွားမိသည်။ ဤကဲ့သို့သော ဆရာကြီးမျိုးနှင့် မဟာမိတ်ဖြစ်လျှင် သိုင်းလောကကြီးအား ဘေးဆိုး အန္တရာယ်ဆိုးထဲမှ မုချကယ်တင်နိုင်မည်ဟု ပို၍ ယုံကြည်လာမိသည်။

ရုံကူလင်က ဂါရဝပြုလျက်....

''ဟုတ်ကဲ့....ခုလိုချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ''

"အခုကိစ္စကတော့ လူသိနည်းလေ ကောင်းလေလို့တော့ ငါလဲ နားလည်ပါတယ်၊ နေပါဦး.... တခြားသူတွေက မင်းကိုလာကယ်ရင် ငါက ဘယ်လိုလုပ်ရမှာလဲ"

"ဒါတော့ ဆရာကြီးအပေါ်မှာ တည်ပါတယ်၊ ငါး အကောင်ကြီးကြီးကို လိုချင်ရင်တော့ ငါးအကောင် သေးသေးကလေးကို စွန့်လွှတ်ရမှာပဲ ခင်ဗျ"

## အခန်း ( ၉၃ )

## တန်ပြန်သူလျှို

ဆရာကြီးပိုင်ရင်သည် ရုံကူလင်အား နားမလည်နိုင်သလို ကြည့်လိုက်လေ၏၊ ထို့နောက် ခပ်ဖြည်းဖြည်းမေးသည်။

ရုံကူလင်က ဆက်၍ရှင်းပြလိုက်သည်။

"ဆရာကြီးအနေနဲ့ နှင်းတောင်ထဲမှာ ငုပ်နေတဲ့သူလျှိုကို ဖမ်းရုံသက်သက်ပဲ ဖမ်းမယ်ဆိုရင်တော့ သူ့ကို ဒီနှင်းတောင် နယ်နိမိတ်ထဲမှာတင် ဖမ်းလိုက်ရုံပါပဲ"

ဆရာကြီးပိုင်ရင်က ခေါင်းညိတ်လိုက်၏။

"သူတို့ကို ဘယ်သူစေခိုင်းသလဲဆိုတာကို ဇာစ်ဇာစ်မြစ်မြစ် သိချင်ရင်တော့"

"ကျွန်တော် ပြောတာကလဲ ဒါပါပဲ၊ ကျွန်တော့်ကို လာကယ်မယ့်သူကို ဆရာကြီးအနေနဲ့ ဖမ်းဆီးလို့ရပါတယ်၊ ဒီလူဟာ ဘောဇောကလူတွေလိုပဲ သူ့ကိုယ်သူ သတ်သေသွားမှာပဲ၊ သူတို့ကို ဘယ်သူခိုင်းသလဲ၊ သူတို့ ခေါင်းဆောင် ဘယ်သူလဲဆိုတာ သိချင်ရင်တော့ ဆရာကြီးအနေနဲ့ ကျွန်တော့်ကို လာကယ်မယ့် သူလျှိုကို သွင်းပေးရမယ်၊ ကျွန်တော့် အနေနဲ့ကလဲ ရန်သူတွေရဲ့လက်ထဲ ရောက်ခဲ့ပြီး လိုက်သွားရမယ်၊ ကျွန်တော့်ကံကြမ္မာကိုတော့ အသေအချာပြောလို့ မရဘူးပေါ့လေ"

ဆရာကြီးပိုင်ရင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

"အင်း....ရဲစိတ်ရဲမာန်ရှိပါပေ့ကွာ၊ နှလုံးရည်ရောသတ်ရိုးရည်ပါ ပြည့်စုံပါပေတယ်၊ စောစောက မင်းအပေါ် ငါ အထင်လွဲခဲ့တာတွေ မေ့မယူပါနဲ့လို့ တောင်းပန်ပါတယ်"

ဤအချက်ကာ ဆရာကြီးပိုင်ရင်၏ကြီးမြင့်သောစိတ်သဘောထားကို ပြဆိုခြင်းပေတည်း။ မိမိထက်ငယ်ရွယ်သူတစ်ယောက်ရှေ့၌ မိမိအမှားကို ဝန်ချတောင်းပန်ဝံ့ရန်အတွက် တော်ရုံတန်ရုံ နှလုံးရည်ရှိရုံမျှဖြင့် မဖြစ်နိုင်ပေ။

ရဲကူလင်က ပြုံး၍ပြောလေ၏။

"ဆရာကြီး အထင်လွဲတာ ခပ်ကောင်းကောင်းပါပဲဗျာ ဆရာကြီးသာ ကျွန်တော့်ကို အထင်မလွဲရင် ငှ သူလျှိုနေတဲ့ အဖွဲ့ရယ်ဆိုးကြီးကို ခုလို ဖော်ထုတ်နိုင်မှာ မဟုတ်ပါဘူး၊



မဖော်ထုတ်နိုင်ရင် သိုင်းလောကကြီးကို ကယ်တင်မယ့် ဆရာကြီးရဲ့ အကြံဉာဏ်ဟာ ရေစုန်မျောတော့မှာပါပဲ ခင်ဗျာ"

"အေး....ဒါလဲ ဟုတ်သပေါ့၊ ကိစ္စမရှိပါဘူး၊ မင်းသာ သတိဝီရိယနဲ့ နေပါ၊ ငါလဲ တတ်နိုင်သမျှ အကောင်းဆုံး စောင့်ရှောက်ပါ့မယ်"

"ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ လောလော ဆယ်ဆယ် ကျွန်တော့်မှာ အခက်အခဲရှိနေတယ် ခင်ဗျာ"

"ဘာများလဲကွ....ပြောပါ၊ ငါတတ်နိုင်သမျှ လုပ်ပေးမှာပေါ့"

"ကျွန်တော့်ကို ချုပ်ထားတဲ့ လျှို့ဝှက်အစခန်းထဲ ကျွန်တော် ပြန်ဝင်ရဦးမယ်လေ၊ ကျွန်တော် ပြန်ဝင်နေတာကို ဘယ်သူမှ မမြင်မှဖြစ်မယ်၊ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ ရည်ရွယ်ချက်တွေအားလုံး ပျက်ကုန်မှာပေါ့၊ သူတို့ထဲကလူ တစ်ယောက်ယောက်ဟာ စင်္ကြံသမ်းနားမှာ လမ်းလျှောက်ချင် လျှောက်နေမယ်၊ ထောင့်တစ်ထောင့်မှာ ရပ်စောင့်ချင် စောင့်နေမယ်၊ ကျွန်တော် အဲဒီကောင်းပကာတိ လမ်းလျှောက်သွားတာမြင်ရင် အစီအစဉ်အားလုံး ပျက်မှာပဲ"

ဆရာကြီးပိုင်ရင်မှာ သက်ပြင်းချလိုက်မိတော့သည်။

"အင်း....ဒီနှင်းတောင်ကိုနှစ်ပေါင်းများစွာအပတ်တကုတ် ကြိုးစားပြီး ငါထူထောင်လာခဲ့ရတယ်၊ ငါ့ကိုယ် ငါတော့

ဟုတ်လှုပြီ ထင်နေတာ၊ နှင်းတောင် တစ်တောင်လုံးလိုလို သူ့လျှိုတွေပြည့်နေတော့မှပဲငါကြိုးစားနေတာတွေအလကား ဖြစ်ရမှန်း သိတော့တယ်၊ နှမြောလိုက်ပါဘိတော့ကွယ်၊ကဲ.... ကဲ....မင်းပြောတာ သဘာဝကျတယ်၊ ဒီပြင်လူတွေကို မယုံရတော့တဲ့အတူတူ ငါပဲ အပြင်ထွက်ပြီးစနည်းနာမယ်၊ သံသယကင်းမှ မင်း ဟိုလျှို့ဝှက်အကျဉ်းခန်းထဲ ပြန်တာပေါ့ ဟုတ်လား"

"ဆရာကြီးကိုယ်တိုင် ထွက်စုံစမ်းရတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး ခင်ဗျာ၊ ဒီလိုမဟုတ်ဘူးဆိုရင် ကျွန်တော်...."

"ငါနားလည်ပါတယ်ကွယ်၊ မင်းထွက်လို့မှ မဖြစ်တဲ့ ဥစ္စာ၊ ဒီလို ထွက်စုံစမ်းလို့ ဂုဏ်သိက္ခာ ကျရအောင်ထက် ဟိုကောင်တွေ အစီအစဉ်ပြောင်းကုန်မှာက ပိုဆိုးတယ်၊ ကဲ.... ငါထွက်ပြီဟေ့၊ ငါပြန်ရောက်မှ မင်းထွက်တော့"

ဆရာကြီးပိုင်ရင်သည် တံခါးကိုဖွင့်၍ အပြင်သို့ထွက်သွားတော့သည်။ မျှားမကြာမီ အချိန်အတွင်းမှာပင် တံခါးကို အပြင်မှ တွန်းဖွင့်သံကြားလိုက်ရပြီး ဆရာကြီးပိုင်ရင် ဝင်လာ၏၊ ဆရာကြီး၏နောက်တွင် မီးခိုးရောင် ဝတ်စုံ ဝတ်ထားသည့် လူတစ်ယောက်ပါလာ၏။

ရှုံကူသင်က လှမ်းမေး၏။

"ဆရာကြီး....ဒီလူကို ဒီထဲ ခေါ်လာတော့"



ရှုံကူလင်၏ စကားမဆုံးမီ ပိုင်ရင်က ဖြတ်၍ ပြောလေ၏။

"စိတ်ချရတဲ့သူ မဟုတ်ပါဘူး၊ ဒီကောင်ကို ငါတာဝန်ချပေးထားတာက ဂူပြင်မှာကွ၊ အခုတော့ ဒီကောင်က ဂူထဲရောက်နေပြီး ဒီအခန်းနဲ့ မလှမ်းကမ်းက စင်္ကြံလမ်းထဲမှာ ဟိုလိုလို ဒီလိုလိုလုပ်နေတယ်၊ ဒီဂူထဲဝင်ဖို့ဆိုတာ ငါ့တပည့်တွေအတွက် အင်မတန်ခက်ခဲတဲ့ကိစ္စတွေ ငါသဘောမတူရင် ဘယ်သူမှ ဝင်လို့မရဘူး"

မီးခိုးရောင်ဝတ်စုံဝတ် လူသည် တစ်စုံတစ်ခုကို ပါးစပ်ထဲ ထည့်ရန် ဟန်ပြင်လိုက်၏။ ရှုံကူလင်သည် ထိုသူ့ကို မျက်တောင်မခတ် ဂရုစိုက်နေသည်ဖြစ်ရာ လျှပ်တစ်ပြက် ခုန်အုပ်လျက် လက်မောင်းကြောမျှားကို ထိုးပိတ်လိုက်လေ၏။

ထိုလူ၏ လက်ထဲမှ ဆေးလုံးကလေးတစ်လုံး ပြုတ်ခနဲ ကျလာသည်။

ပိုင်ရင်က....

"မင်း သေချင်တိုင်းသေလို့ မရသေးပါဘူးကွ"

ထိုစဉ် အစောင့်သည် သူ့လျှာကို လျှာရင်းမှ ကိုက်ဖြတ်လိုက်ရာ ထိုနေရာ၌ ဝုန်းခနဲ လဲကျသွားလေတော့၏။ ပိုင်ရင် စမ်းသပ်ကြည့်သောအခါ လုံးဝ အသက်မရှိတော့ချေ။

ဆရာကြီးပိုင်ရင်မှာ ခေါင်းတယမ်းယမ်း ဖြစ်သွားလေတော့၏။

"ဒီကောင်တွေအားလုံး ငါနဲ့နှစ်ရှည်လများ နေလာတဲ့ လူရင်းတွေချည်းပဲကွာ၊ ဘာဖြစ်လို့များ အကုန်လုံးလိုလို သစ္စာဖောက်တွေ ဖြစ်နေကြပါလိမ့်၊ ထားပါတော့ကွာ၊ ငါ့ အပေါ် သစ္စာမရှိဘဲ သူတို့ရဲ့ အရှင်သခင်သစ် အပေါ်ကျတော့ အသက်တစ်ချောင်း လွယ်လွယ်လေး အဆုံးခံပြီး သစ္စာ စောင့်သိနေကြတယ်၊ ဘယ်လောက် စိတ်ပျက်ဖို့ ကောင်းသလဲကွာ"

ရုံကူလင်သည် ဆရာကြီးပိုင်ရင်၏မျက်နှာကို လှမ်းကြည့် လိုက်ရာ ဆရာကြီး၏ မျက်နှာ၌ အလွန်ဘာရာ နာကြည်း ဒေါသမြည့်ဟန် ပေါက်နေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ပိုင်ရင် စိတ်သက်သာရာရစေရန် နှစ်သိမ့်လိုက်ရသည်။

"ဆရာကြီး... ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့၊ အခု ဆရာကြီးရဲ့ တပည့်တွေ ကို ချုပ်ကိုင်ထားတဲ့လူဟာ ဆရာကြီး တစ်ယောက်တည်းအပေါ် သူလျှိုလွှတ်ပြီး ထွင်းဖောက် နေတာ မဟုတ်ပါဘူး၊ သည့်ပြင်ဆရာကြီးတွေကိုလဲ ဆရာကြီး လိုပဲ ထိုးဖောက် အဖျက်အဆီး ခံနေကြရပါတယ်"

"ဟေ...."

ဆရာကြီးပိုင်ရင်၏ မျက်ခုံးကြီးများက အပေါ်သို့ မြင့် တက်သွားတော့သည်။

"ဆိုစမ်းပါဦးကွာ၊ ငါ့လိုအဖြစ်မျိုးနဲ့ ကြုံရတဲ့လူ ရှိ သေးလို့လား"



"ဟုတ်ကဲ့... ကျုန်လုအဖွဲ့ကြီးဆိုရင်ဆရာကြီးထက်တောင် အပြင်းဆုံးနေပါတယ်၊ ကျုန်လုအဖွဲ့ချုပ်ကြီး ဟွာဆယ်ဖုန် မှာလဲ ပြဿနာ ထောင်သောင်းနဲ့ပါပဲ၊ ပြင်ပ ပယောဂ တစ်ခု ဝင်ပူးကပ်နေတာမို့ ကျုန်လုအဖွဲ့ကြီး ပြိုကွဲလုဆဲဆဲ ဖြစ်နေပါပြီ"

ရုံကူလင်က ဆရာကြီးပိုင်ရင် စိတ်သက်သာရာရစေအောင် နှစ်သိမ့်လိုက်ခြင်းဖြစ်သော်လည်း ရုံကူလင်၏စကားကြောင့် ဆရာကြီးပိုင်ရင်မှာ နှစ်သိမ့်မှုမရဘဲ ဖြစ်သွားရသည်။ သူသည် အံကိုတင်းတင်းကြိတ်၍ မခံမရပ်နိုင်စွာဖြင့် စကားကို တစ် လုံးချင်း ပြောတော့သည်။

"ငါ သိုင်းလောကထဲ ပြန်လှည့်ရှားဖို့ ကြံစည်ရတဲ့ကိစ္စ ကလဲ ဒီကိစ္စပဲ၊ ဒီပယောဂသာ ငါတို့ အနောက် မြောက် ပိုင်းမှာလ ပြီးငြိမ်းပူဇော်တားဆိုရင် ငါလဲဘာသာဘာသာ ခပ် အေးအေး နေမှာပဲ၊ အခုတော့ ကြည့်စမ်း သိုင်းလောကထဲမှာ လှုပ်ရှားနေတဲ့ အဖွဲ့ကြီးတွေထဲကို သူလျှိုတွေထည့်ရုံကသူး ငါတင်ငတ်အေးအေးဆေးဆေးနေနေတဲ့ နှင်းတောင်ထဲ ကိုတောင် သူလျှိုတွေလာထည့်ထားတယ်၊ ဒီတော့ အဲဒီ လက်သည်တရားခံကို ဘယ်နည်းနဲ့မှ အလွှတ်ပေးလို့ မဖြစ် တော့ဘူး၊ သူဘယ်သူပဲဖြစ်ဖြစ် အပြတ်အသတ်ချရတော့မှာပဲ"

"ဟုတ်ပါတယ်၊ ဒီလူဟာ ခုချိန်အထိ ကိုယ်ရောင်ဖျောက် လို့ တုန်းပဲ ရှိနေသေးတယ်၊ ငန်းလေး ယောက်ျားလား

ဘယ်လိုလူမျိုးလဲဆိုတာ ဘယ်သူမှမသိသေးဘူး၊ သူကတော့ လူတိုင်းကိုသိနေပြီ၊ တကယ်ကြောက်စရာကောင်းတဲ့ လူပါပဲ ခင်ဗျာ"

ပိုင်ရင်သည် ယခင်က အနောက်မြောက်ပိုင်း ဒေသ၌ အလွန်တရာ ထင်ရှားကျော်ကြားခဲ့သူဖြစ်၏။ သူ့ကို သိုင်းသမားတိုင်းက လေးစားခဲ့သည်၊

ထိုမှ နောက်ပိုင်းတွင် သူသည် လူအရောက်အပေါက်နည်းလှသော နှင်းတောင်ဒေသ၌ လာရောက် အခြေချ နေထိုင်ခဲ့သည်။ သိုင်းလောက၏ ပြဿနာများနှင့်လည်း လုံးဝ စပ်ယှက်ခြင်းမရှိတော့ပေ။

ယခုမူ အနောက်မြောက်ပိုင်းဒေသမှ အပူမီးသည် သူ့ထံသို့ ကူးစက်လာရုံမက သူ၏ နှင်းတောင်ကိုပါ လောင်မြိုက် ဝါးမျိုလာသောအခါ ဆရာကြီး ပိုင်ရင်မှာ ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိဘဲ ဖြစ်သွားရလေတော့၏။

ဆရာကြီးပိုင်ရင်၏ ရင်ထဲ၌ရှိနေသည်မှာ အကြံဉာဏ်မဟုတ်ချေ။ ဒေါသသာဖြစ်နေ၏၊ ထို့ရကြောင့် သူ့ထက်ပို၍ ခေါင်းအေးနေသည့် ရုံကူသင်အား လှမ်းမေးရတော့သည်။

"ငါကတော့ နှင်းတောင်ထဲကို သူလျှိုသွတ်လိုက်တဲ့လက်သည် တရားခံကိုဖမ်းပြီး အရေဆုတ်ပစ်ချင်တဲ့စိတ်ပဲ ရှိတော့တယ်၊ ဒီကောင့်ကို မိအောင်ဖမ်းနိုင်တဲ့ အကြံဉာဏ် မင်းဆီမှာ ရှိနေမလား"



ရုံကူလင်အ....

"စောစောက ကျွန်တော် ပြောတဲ့အတိုင်း လုပ်ကြရုံပဲ ရှိတော့တာပေါ့ ခင်ဗျာ"

"ဒါဖြင့် သွားပေတော့၊ ဒီအလောင်းတွေကို ငါ့အခန်းထက် လုံခြုံတဲ့နေရာမှာ ဝှက်ထားလိုက်မယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ဒီအလောင်းတွေကို ဘယ်သူမှ မမြင်လေ ကျွန်တော်တို့အတွက် စိတ်ချရလေပါပဲ ဆရာကြီး"

"အေးပါကွယ်....ငါနားလည်ပါတယ်၊ စိတ်ချလက်ချသာ သွားပေတော့၊ ဒီအချိန် ဂူအပြင်မှာ လူရှင်းနေပါတယ်"

ရုံကူလင်နှင့်ပိုင်ရင်တို့သည် လျှို့ဝှက်အချိန်းအချက် အမှတ်အသားများ ညှိနှိုင်းဆွေးနွေးကြပြီးနောက် ရုံကူလင်ထွက်ခွာသွားတော့၏။ မကြာမီ ရုံကူလင်သည် လျှို့ဝှက်အကျဉ်းခန်းထဲသို့ အန္တရာယ်ကင်းရှင်းစွာပြန်လည်ရောက်ရှိသွားလေတော့သည်။

အကျဉ်းခန်းထဲ၌ တစ်ယောက်တည်း ရောက်ရှိနေသော ရုံကူလင်သည် သိုင်းလောက၏ သဗ္ဗာအူ အရှုပ်အထွေးကြီးကို စဉ်းစားတွေးတောလျက် စိတ်များ နောက်ကျိနေရတော့သည်၊

နောက်ဆုံး၌....

"ဟင်း... ဒါတွေ တွေးနေရင် ဆုံးတော့မှာမဟုတ်ဘူး၊ ငါ့အတွက်လဲ ဘာမှအကျိုးမရှိဘူး၊ ဒီတော့ အတွင်းအား လေ့ကျင့်နေတာပဲ ကောင်းမယ်"

ရှုံကူလင် မည်မျှကြာအောင်ကျင့်နေမိမှန်းမသိ၊ တံခါးခေါက်သံ သုံးချက် ကြားလိုက်ရသောအခါမှ သူ့အတွင်းအားကျင့်စဉ် ကျင့်ခြင်းကို ရပ်ဆိုင်းလိုက်သည်၊ ထိုတံခါးခေါက်သံသုံးချက် သည် အပြင်မှ သူလျှိုက သူ့အား လာရောက်အချိန်အချက် ပြုခြင်းဖြစ်သည်ကို ရှုံကူလင် ရိပ်မိသည်၊ သို့သော် သူ့အနေ ဖြင့် မည်သို့တုံ့ပြန်ရမည်မှန်း မသိသဖြင့် ငြိမ်နေလိုက်ရတော့ ၏၊ မိမိစိတ်ထင်ဖြင့် ပြန်လှန်အချက်ပေး၍ အဆင့်ပြေလျှင် တော်ရော၊ အဆင်မပြေပါက သူလျှိုများသည် မိမိတို့၏ ထောင်ချောက်များမှ လွတ်မြောက်သွားပေလိမ့်မည်။

ရှုံကူလင်သည် ငြိမ်သက်တိတ်ဆိတ်စွာ အခြေအနေ စောင့် ကြည့်နေစဉ် တံခါးသည် 'ကျွီ' ခနဲ ပွင့်သွားလေတော့၏၊

ဝတ်စုံအနက် ဝတ်ဆင်ထားသူတစ်ယောက် အခန်းထဲသို့ ဝင်လာပြီး သူ၏ဓားပေတ်လည်ကိုအကဲခတ်သည်၊ထို့နောက် စကားတစ်ခွန်းဆိုလိုက်၏။ ထိုစကားမှာ 'နေကြာပန်း' ဟု ရှုံကူလင် ထင်လိုက်၏။ သို့သော် ထိုစကားအတွက် လျှို့ဝှက် အဖြေကို သူ မသိသဖြင့် အကျပ်ရိုက်သွားရ၏။



သို့ရာတွင် ဖြတ်တိုးဉာဏ် ရုတ်တရက် ပေါ်လာသဖြင့် သူ့ ပါးစပ်ကို လက်ညှိုးထိုးပြပြီး ဦးခေါင်းကို ခါယမ်းပြလိုက် လေ၏၊

ဝတ်စုံနက် ဝတ်ဆင်ထားသူ၏ မျက်နှာ၌ ကြိုတွေးသော အရိပ်အယောင်များ ပေါ်လာသည်၊ သူက ခပ်တိုးတိုး မေးလေ၏။

"ဘာလဲ....စကားပြောနိုင်တဲ့ အကြော အပိတ်ခံထားရ သလား"

ရှုံကူလင်က ခေါင်းညိတ်ပြလိုက်၏။

ထိုလူက လေသံတိုးတိုးဖြင့် ထပ်မေးပြန်၏၊

"ဒါနဲ့ နေစမ်းပါဦး၊ ဟို ကျုံနဲ့ ကွမ် ညီအစ်ကို နှစ် ယောက်ကော ဘယ်သွားနေကြသလဲ၊ ကျုပ် အပြင်မှာလဲ မတွေ့ဘူး"

ရှုံကူလင် သိလိုက်သည်၊ကျုံနှင့်ကွမ် ညီအစ်ကိုနှစ်ယောက် ဆိုသည်မှာ ပထမ သူလျှိုနှစ်ယောက် ဖြစ်ရမည်ဟု အဘပ်သိ လိုက်သည်၊ ဤအဖြေအတွက် မခက်လှပါ။ ရှုံကူလင်က အခန်းအပြင်သို့ လက်ညှိုးညွှန်ပြလိုက်လေ၏၊

ဝတ်စုံနက်နှင့်သူက...

"ကြောင်... ကျုပ်သိပြီ၊ သူတို့ကို ဆရာကြီး ခေါ်ထား လိုက်ပြီပေါ့"

ရုံကူလင်က ခေါင်းညိတ်ပြ၏။

ဝတ်စုံနက်နှင့် လူသည် ရုံကူလင်အပေါ်၌ မည်သည့်သံသယမျှ ဝင်မသွားပေ။ ရုံကူလင် စကားမပြောနိုင်သည်က တစ်ကြောင်း၊ သူ့အနေဖြင့် ဤအခန်းထဲ၌ ကြာရှည်နေ၍ မဖြစ်သည်က တစ်ကြောင်းတို့ကြောင့် လာရင်းကိစ္စကို တိုတိုနှင့်လိုရင်း ပြောပြလေ၏။

"အခု ကျုပ် ခင်ဗျားကိုခေါ်ပြီး အပြင်ထွက်တော့မယ်၊ ဂူအပြင်မှာ အားလုံး အဆင်သင့်စီမံပြီးပြီ၊ ခင်ဗျားလဲ ဘာမှ စိတ်ပူမနေနဲ့တော့၊ ဒီနှင်းတောင်နယ်နိမိတ်က လွန်ပြီဆိုတာနဲ့ အားလုံး စိတ်အေးရပါပြီ"

ရုံကူလင်က ခေါင်းညိတ်ပြ၏။

"ကောင်းပြီ.... ခင်ဗျားကို ကျုပ် ထမ်းခေါ်သွားမယ်၊ ဘာမှမပူပါနဲ့"

ထိုလူသည် ရုံကူလင်ကို ပခုံးထက်၌ထမ်းပြီး အခန်းထဲမှ ထွက်သည်။ စကြံလမ်းဆုံးသွားသောအခါ ကျေ့ချိုးတစ်ခုကို ချိုးကွေ့လိုက်၏။ ထို့နောက် အခန်းတစ်ခုရှေ့သို့ ရောက်သွားတော့၏၊

"ဒေါက်....ဒေါက်....ဒေါက်"

ဝတ်စုံနက် ဝတ်ဆင်ထားသူက တံခါးသုံးချက် ခေါက်လိုက်ရာ ချက်ချင်းလိုလို တံခါးပွင့်သွားလေ၏။ အခန်းထဲ၌



အသီးအနှံများ၊ စားစရာများ တွေ့ရသည်။ ဤအခန်းသည် နှင်းတောင်ရှိ သိုင်းသမားများ၏ ရိက္ခာသိုလှောင်ခန်းဖြစ်ဟန် တူပေသည်။

တံခါးဖွင့်ပေးသူမှာ အသက်လေးဆယ်ခန့်ရှိသည့် ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့် လူတစ်ဦးဖြစ်ပေသည်။ ဝတ်စုံနက် ဝတ်ဆင်ထားသူက လှမ်းပြောသည်။

"အစ်ကိုရီ....သူ့ကို အပြင်ထုတ်မယ့်ကိစ္စမှာ အစ်ကိုရှိပဲ ဆောင်ရွက်လိုက်ပါဗျာ"

"ကောင်းပါပြီ၊ ကျုပ်ဆောင်ရွက်လိုက်ပါမယ်"

ဝတ်စုံစိမ်းဝတ်ဆင်ထားသူသည် ရုံကူလင်ကိုလက်ပြောင်းယူလိုက်ပြီး အထဲသို့ သယ်ဆောင်သွား၏။ ဝတ်စုံနက် ဝတ်ဆင်ထားသူကမူ အခန်းအပြင်သို့ ပြန်ထွက်သွားလေ၏။ သူ့တာဝန်ကုန်ဆုံးသွားဟန် တူပေသည်။

ရုံကူလင်သည် နှင်းတောင်ထဲသို့ ရောက်ရှိနေသည့် သူလျှိုအင်အား မနည်းပါးကြောင်း ရိပ်မိသည်။ သို့သော် ယခုကဲ့သို့ အချက်အချာကျသည့်နေရာတိုင်း၌မူ သူလျှိုများ ဤသို့ ဝင်ရောက်နိုင်လိမ့်မည်ဟုတော့ မထင်မိခဲ့ပေ။

ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့်လူသည် ရုံကူလင်အား အခန်းထောင့် ခုတင်တစ်လုံးပေါ်၌ တင်ထား၏။ ထိုလူက....

"ဒီနှင်းတောင်ဟာ အင်မတန် အစောင့်အကြပ်ထူတယ်၊ စည်းကမ်းလဲ အင်မတန် တင်းကျပ်တယ်၊ သာမန်ရုပ်ဖျက်ပြီး ထွက်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကျုပ်ကတော့ ရိက္ခာရုံကို တာဝန်ယူရတဲ့ လူဆိုတော့ ခင်ဗျားကို ရိက္ခာတွေနဲ့ရောပြီး အပြင်ထုတ်သွားလို့ရတယ်၊ ဒီတော့ ခင်ဗျားကို ဂုန်နီအိတ် တစ်လုံးထဲ ထည့်ရဦးမယ်ဗျ၊ ခေတ္တခဏတော့ သည်းခံပေါ့ဗျာ၊ နှင်းတောင်ကလွန်ရင်တော့ အိတ်ထဲက ထွက်နိုင်ပါပြီ"

သူသည် စကားဆုံးသည်နှင့် ရုံကူလင်အား ဂုန်နီအိတ်ထဲ ထည့်၍ အိတ်ဝကို ကြိုးဖြင့်စုစည်း ချည်နှောင်လိုက်တော့၏၊ ထိုအိတ်၌ အသက်ရှူပေါက်များ ဖောက်ပေးထားသဖြင့် ရုံကူလင်အဖို့ အနေအထိုင် ကျဉ်းကျပ်သည်မှတစ်ပါး အခြား ဒုက္ခမရှိပေ။

ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့်လူသည် ရုံကူလင်ကို ပခုံးပေါ်၌ ထမ်းတင်ပြီး ရုံကူလင်အပေါ်၌ အိတ်တစ်လုံး ထပ်တင်လိုက်သည်။ ထိုအိတ်မှာ သီးနှံများထည့်ထားသောအိတ် ဖြစ်၏။

ရုံကူလင်၏ နှာခေါင်းဝသို့ အသီးအရွက်အနံ့များ တိုးဝင်လာသည်။

"အင်း....ဒီနှင်းတောင် နယ်နိမိတ်ထဲ ရှိနေသမျှ ကာလ ပတ်လုံး ဒီအသီးအနှံအိတ်လဲ ငါ့အပေါ် ရှိနေမှာပဲ"



မကြာမီ အေးစိမ့်မှုကို ခံစားလိုက်ရသဖြင့် ဂူအပြင်သို့ ရောက်ရှိလာကြောင်း ရုံကူလင် ရိပ်မိလိုက်၏။

"ရပ်....ဘယ်သူလဲ"

အော်သံတစ်သံက ရုံကူလင်၏နားထဲသို့ ဆူညံစွာဝင်လာ၏။

ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့်သူက ချက်ချင်းပြန်ဖြေ၏၊

"ကျုပ်ပါ၊ ရိက္ခာမှူး ရိကျင်စိုက်ပါ"

"ဘာကိစ္စလဲဗျ"

"ကျုပ် မနေ့ကယူလာတဲ့ရိက္ခာတွေထဲမှာ ရက်ကြာကြာ ထားလို့မရတဲ့ သီးနှံတွေ ပါလာတယ်၊ အဲဒါ အဝယ်တော်ဆီ ပြန်ပို့ပေးရမယ်လေ"

"ခင်ဗျားက တယ်ပေါ့သျှားတာကိုးဗျ၊ စစ်စစ်ဆေးဆေး ယူမှပေါ့၊ ကဲ....ကဲ... သွားပေတော့"

ဤသို့ဖြင့် သူတို့သည် စခန်းသုံးခုကို အောင်မြင်စွာ ဖြတ်ကျော်လာခဲ့၏၊ ရုံကူလင်သည် အပြင်ဘက်သို့ မမြင်နိုင်သဖြင့် ထိုအခန်းသုံးခု၌ အစောင့်အင်အား မည်မျှရှိသည်ကို မတွေ့မြင်ခဲ့ရပေ။

မကြာမီ သူ့အပေါ်မှ သီးနှံအိတ်ကျသွားသည်ကို သိရှိလိုက်ရပြီး သူ့ကိုလည်း မြေပြင်ပေါ်သို့ ဖြည်းညင်းစွာချပေးသည်ကို ရုံကူလင် ခံစားလိုက်ရသည်။ ချက်ချင်းလိုလိုပင် သူ့ခေါင်းထက်မှ ဂုန်နီအိတ်ဝလည်း ပွင့်သွားလေ၏။

"ကဲ....အပြင်ထွက်နိုင်ပါပြီဗျာ"

ရုံကူလင်သည် ဂုန်နီအိတ်ထဲမှ ထွက်လာပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ခါးတစ်ချောင်းကို ခါးအိမ်နှင့်တကွ နောက်ကျော၌ လွယ်ထားသူတစ်ဦးကို တွေ့ရှိလိုက်ရသည်။

ထိုလူက....

"ခင်ဗျား ဘာဖြစ်လို့ စကားမပြောတာလဲ"

ရုံကူလင်က သူ့ပါးစပ်ကို လက်ညှိုးထိုးပြပြီး ခေါင်းကို ခါယမ်းလိုက်၏။

"ဩော်...ခင်ဗျားက စကားပြောလို့ မရဘူးကိုး"

ရုံကူလင်က ခေါင်းညိတ်ပြ၏။

ရိက္ခာမှူး ရီကျင်စိုက်ကပါ ဝင်၍ထောက်ခံလေ၏။

"သူ့ကို ကျုပ်လက်ခံကတည်းက သူ စကားမပြောနိုင်ပါဘူး"

ထိုစဉ်မှာပင် အဝေးမှပြေးလာသည့် လူရိပ်နှစ်ခုကို တွေ့လိုက်ကြရသည်။



ရုံကူလင်အား ဆီးကြိုလက်ခံသူက ရုတ်တရက်လှမ်းအော်လိုက်သည်။

"လမိုက်ည"

တစ်ဖက်မှလည်း အော်ဟစ် ပြောကြားသံ ကြားလိုက်ရ၏။ သူတို့၏ အချိန်းအချက် စကားများသာတည်း။

"လူသတ်မီးရှို့ချိန်"

မကြာမီ သူတို့အနီးသို့ လူနှစ်ယောက် ရောက်ရှိလာ၏။ နှစ်ယောက်စလုံး ကြောက်မက်ဖွယ်ရာ မျက်နှာဖုံးများ စွပ်ထားကြသည်။

ဆီးကြိုလက်ခံသူက မေးလိုက်၏။

"နောင်ကြီးရဲ့ နာမည်က ဘာလဲ"

"အမြင့်မြတ်ဆုံးလူရဲ့ စေတမန်ပဲ"

မျက်နှာဖုံးစွပ်၏ စကားသံက မာကျောနေသည်။

ဆီးကြိုလက်ခံသူက ရိက္ခာမှူး ရီကျန်စိုက်ကို တစ်ချက်ကြည့်ကာ ရှင်းပြလိုက်၏။

"ဒီလူဟာ စကားပြောနိုင်တဲ့အကြောင်း အပိတ်ခံထားရပါတယ်"

ရီကျန်ဖိုက်ကလည်း ဝင်ရောက်ထောက်ခံ၏။

"ဟုတ်ပါတယ်"

စကားဝှက်ပြောသူ မျက်နှာဖုံးစွပ် တစ်ယောက်က ရုံကူလင်၏ စကားပြောနိုင်သည့်အကြောင်းကို ဖွင့်ပေးလိုက်သည်။ ရုံကူလင်သည် ဆက်လိမ်နေ၍ မဖြစ်တော့မှန်း သိလိုက်သဖြင့် ချောင်းတစ်ချက်နှစ်ချက်ဟန့်ပြီးစကားပြောနိုင်ပြီဖြစ်ကြောင်း အချက်ပြလိုက်လေ၏။ သို့သော် စကားကိုမူ တစ်ခွန်းမျှ မပြောချေ။ မျက်နှာဖုံးစွပ်က အေးစက်စက် မေးလေ၏။

''နောက်ထပ်ဘယ်နေရာအကြောင်းပိတ်ခံထားရသေးသလဲ''

ရုံကူလင်က....

''ဘယ်ဘက်ချိုင်းအောက်က 'ထိုင်မင်' အကြောင်းနဲ့ 'ဝေတောင်' အကြောင်းလဲ အပိတ်ခံထားရပါသေးတယ်''

မျက်နှာဖုံးစွပ်က ထိုအကြောင်းနှစ်နေရာကို လက်ညှိုးဖြင့် ထိုး၍ ဖြေပေးသည်။

''ဘယ်လိုလဲ....ရသွားပြီလား''

ရုံကူလင်သည် ဖျတ်လတ်သွက်လက်စွာ ပြောလိုက်သည်၊

''ဟုတ်ကဲ့....အဆင်ပြေသွားပါပြီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

ဝတ်စုံစိမ်းဝတ်သည့်ရီကျန်စိုက်က....

''ကျွန်တော့်တာဝန် ပြီးဆုံးသွားပါပြီ၊ ကျွန်တော့်ကို သွားခွင့်ပြုပါခင်ဗျာ''



မျက်နှာဖုံးစွပ်လူကခေါင်းညိတ်လိုက်ရာ ရီကျန်စိုက်သည် နောက်ကြောင်းသို့ ပြန်ပြေးသွားလေတော့၏၊ဆီးကြိုလက်ခံသူက....

''ကျွန်တော့်တာဝန်လဲ ကုန်ဆုံးပါပြီ၊နောင်ကြီးအခနေနဲ့ ကျွန်တော့်ကို မှာကြားစရာမရှိရင် ခွင့်ပြုပါတော့''

မျက်နှာဖုံးစွပ်လူက ခွင့်ပြုလိုက်ပြန်သည်။

''ကောင်းပြီ....သွားနိုင်တယ်''

နောက်ဆုံး ထိုနေရာ၌ မျက်နှာဖုံးစွပ် လူနှစ်ယောက်နှင့် ရုံကူလင်တို့ သုံးယောက်သာ ကျန်ရှိတော့သည်၊

မျက်နှာဖုံးစွပ်ထားသူ၏ မျက်လုံးများသည် အလွန်တရာ စူးရှတောက်ပလှပြီး သူ့အား မမိုတ်မသုန် အကဲခတ်နေသည်ကို ရုံကူလင်သတိပြုမိသည်။ထိုအချက်သည် သူ့အတွက် မကောင်းသောလက္ခဏာဖြစ်ကြောင်း ရုံကူလင်သတိထား၏။

ထိုမျက်နှာဖုံးစွပ်ထားသော လူနှစ်ယောက်နှင့် သူ၏ အကွာအဝေးမှာ ငါးပေမျှသာကွာဝေးသဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်ပြီး အနိုင်ယူနိုင်ကြောင်း ရုံကူလင်စဉ်းစားနေမိ၏။ ထိုသို့ပြုလုပ်ခြင်းသည် မိမိတို့၏ ရည်ရွယ်ချက် အောင်မြင်ထမြောက်စေမည် မဟုတ်ဆိုသည့်အချက်ကိုလည်း တစ်ဖက်က သိရှိနေသဖြင့် ရုံကူလင်မှာ စွန့်စားရန်မရဲဘဲဖြစ်နေတော့၏။ ထိုစဉ်....

"မင်း ဘယ်အဖွဲ့ခွဲမှူးရဲ့ လက်အောက်ကလဲ"

ရုံကူလင်မှာ အကြီးအကျယ် ဦးနှောက် ခြောက်သွားသည်။

"ဘယ်အဖွဲ့ခွဲမှူးရဲ့ လက်အောက်က လူသဲလို့ မေးကတည်းက သူတို့အဖွဲ့ထဲမှာ အဖွဲ့ခွဲမှူးတစ်ယောက်ထက် မကရှိနေပြီဆိုတာကို ဖော်ပြနေတာပဲ၊ နောက်ပြီး သူတို့အခေါ်အဝေါ်တွေက ဘယ်လိုရှိမှန်း မသိသေးဘူး၊ စကားတစ်လုံးမှားတာနဲ့ ငါတို့ရည်ရွယ်ချက် ပျက်သွားနိုင်တယ်"

ရုံကူလင်သည် သူ့ကို လာရောက်ဆက်သွယ်သည့် အဖွဲ့သည် ဝမ်လျှံအဖွဲ့မဟုတ်ကြောင်းကိုမူ သိနေသည်။ ဝမ်လျှံအဖွဲ့သားများသည် သူနှင့် အတော်ကလေးဆက်ဆံဖူးသဖြင့် အနည်းငယ် စကားမပြည်ပြောကြည့်ရုံဖြင့် ဝမ်လျှံအဖွဲ့သားဟုတ်မဟုတ် သူ စဉ်းစား၍ ရပေသည်။

ယခု ဆက်ဆံနေသည့် ပုံစံအရ ဝမ်လျှံအဖွဲ့လုံးဝမဖြစ်နိုင်ပေ။ သူသည် မည်သည့်အဖွဲ့မှ ဖြစ်မည်ကို အပြန်အလှန်စဉ်းစား နေရုံတော့သည်။ ထိုသို့ စဉ်းစားလိုက်သောအခါ ဝူကြည်ဘိုးဘိုးနှင့် ရန်ကြူမေတို့ကို ရုတ်တရက် သတိရလာတော့သည်။

ရန်ကြူမေသည် ဝူကြည်ဘိုးဘိုးတို့ အဖွဲ့ထဲမှ ထိပ်တန်းပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ကို အမှတ်ရလာပြီး....



"ကျွန်တော်က တတိယသခင်မရဲ့ လက်အောက်မှာ အမှုထမ်းပါတယ်"

ရုံကူလင်သည် သူ့အား မေးမြန်းနေသူ၏ မျက်နှာရိပ်မျက်နှာတဲကို မြင်ခွင့်မရပေ၊ မျက်လုံး၏အရောင်တောက်ခြင်း၊ မှိန်ခြင်းကိုသာ အကဲခတ်နေရသည်၊ သူ့အဖြေကိုမျက်နှာဖုံးစွပ်ထားသည့်လူ လက်ခံသွားပြီဖြစ်ကြောင်းကိုလည်းရုံကူလင် မသိရှိရသေးပေ။

မျက်နှာဖုံးစွပ်က....

"ကျုပ်အနေနဲ့ မင်းကို တစ်ခါမှ မမြင်ဘူးတော့ ခုလို ထုတ်ဖော်မေးရတော့တာပဲ၊ ဒီအတွက် ခွင့်လွှတ်ပါလို့လဲ တောင်းပန်ပါတယ်"

ရုံကူလင်မှာ ကျိတ်၍သက်ပြင်းချလိုက်မိသည်၊ အဆင်ပြေသွားပေပြီ၊ သူသည် မမျှော်လင့်ဘဲနဲ့အံဝင်ခွင်ကျသည့် အဖြေ တစ်ခုကို ဖြေကြားနိုင်ပြီ ဖြစ်ကြောင်း သိရှိလိုက်ရသဖြင့် အတော်ကလေး စိတ်အေးသွားသည်၊

"ကိစ္စမရှိပါဘူးဗျာ၊ တစ်ဖွဲ့တည်း တစ်ဂိုဏ်းတည်းက လူတွေပဲဥစ္စာ၊ ဒါနဲ့ နောင်ကြီးရဲ့နာမည်ကို တဆိတ်လောက် မသိရဘူးလား"

မျက်နှာဖုံးစွပ်ထားသူက....

"ကျုပ်က နတ်စွန်အဲဖွဲ့ခွဲမှုးရဲ့ လက်အောက်က ပါ၊ အခုလဲ ကျုပ်အဖွဲ့ခွဲမှူးရဲ့ မိန့်ကြားချက်အရ မင်းကို လာကြိုတာပဲ"

ရှုံကူလင်သည် ထိုသူက သူ့အမည်ကို ထုတ်ဖော်ပြောလိုက်ခြင်းမရှိကြောင်း ရိပ်မိလိုက်၏။ သို့သော် သူက လိမ္မာစွာ စကားနှိုက်လိုက်၏။

"ကျွန်တော်တို့ရဲ့ တတိယ သခင်မဟာ နောင်ကြီးရဲ့ နတ်စွန်အဖွဲ့ခွဲမှူးနဲ့ လက်ပွန်းတတီး ရင်းရင်းနှီးနှီး ရှိကြပါတယ်၊ နောင်ကြီးရဲ့နာမည်ကို သိခွင့်ရရင်တော့ နောင်ကြီးရဲ့ ကျေးဇူးတွေကို ကျွန်တော့်သခင်မဆီမှာ ပြောပြနိုင်မှာပဲ၊ သိခွင့်မရတော့လဲ ပြောဖို့ မဖြစ်တော့ဘူးပေါ့ဗျာ"

တတိယသခင်မ၏အဆင့် မည်မျှရှိသည်ကို ရှုံကူလင် မသိသော်လည်း ထိုမျက်နှာဖုံးစွပ်လူက ကောင်းစွာသိရှိပုံရသည်။

"ကျုပ်က နတ်စွန်အဖွဲ့ခွဲ နံပါတ်ခုနစ်ပါ"

ရှုံကူလင်မှာ စိတ်ထဲ၌ အတော်ကလေး ထိတ်လန့်သွားမိ၏။

"ဘုရား....ဘုရား....တော်ပါသေးရဲ့၊ သူတို့က နာမည်အစားနံပါတ်တွေကို သုံးကြတာကိုး"

"ငါက နာမည်ကိုပဲ စွပ်မေးနေတယ်၊ သူ့ကိုကြည့်ရတာ သံသယရှိပုံတော့ မရဘူး၊ နောက်ဆိုရင် နာမည်အစား နံပါတ်ပဲ မေးရတော့မှာပဲ"



ရှုံကူလင်သည် စိတ်ထဲ၌ ကောင်းစွာ အံ့ဩသော်လည်း ကောင်းစွာ ဣန္ဒြေဆည်ထားနိုင်ပေသည်။ မျက်နှာဖုံးစွပ်လူအား လေသံမှန်မှန်ဖြင့် နှုတ်ဆက်စကားပြောလိုက်သည်။

"ကောင်းပါပြီ၊ နောင်ကြီးရဲ့ နံပါတ်ကို ကျွန်တော် ကောင်းကောင်းမှတ်မိပါပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

နံပါတ်ခုနစ်က အရေးတကြီး လှမ်း၍ တားမြစ်လေ၏။

"နေ့....နေပါဦး၊ မင်းက ဘယ်သွားမလို့လဲ"

"ကျွန်တော်ရဲ့ တတိယသခင်မဆီကိုပေါ့ဗျာ"

"အခုအချိန်မှာ မင်း တတိယသခင်မဆီသွားလို့ မဖြစ်သေးဘူး၊ အခု ကျုပ်မင်းကို လာခေါ်တာက ကျုပ်တို့ နတ်စွန်အဖွဲ့ခွဲမှူးရဲ့ အမိန့်အရ လာခေါ်တာပဲ"

"ကျွန်တော်က တတိယ သခင်မရဲ့ လက်အောက်ငယ်သားပဲ၊ ဒီလို ခေါ်တာနဲ့ ကျွန်တော် လိုက်ခဲ့ရမှာလားခင်ဗျာ၊ ကျွန်တော်ဒီရောက်နေလျက်သားနဲ့ သခင်မဆီ အရင်မသွားပဲ နောင်ကြီးတို့ အဖွဲ့ခွဲမှူးဆီ သွားရမယ်ဆိုတော့"

"ဒါကတော့ အမိန့်အရပဲငါ့ညီ၊ ငါကတော့ ငါ့တာဝန်ငါကျေပွန်အောင် ထမ်းဆောင်ရမှာပဲ"

အေးချမ်းနေသော အခြေအနေမှာ ရုတ်ခြည်း ဆိုးရွားသွားသည်။ ရှုံကူလင်သည် ခေတ္တမျှ စဉ်းစားပြီးနောက် အလျှော့ပေးလိုက်လေ၏။

"ဒါဆိုရင်လဲ ခနောင်ကြီးတို့နဲ့အတူ ကျွန်တော် လိုက်ခဲ့ရမှာပေါ့ခင်ဗျာ"

နတ်စွန်အဖွဲ့ခွဲမှူးထံသို့ သွားရောက်သည့်ကိစ္စမှာ သေမင်းခံတွင်းထဲသို့ သက်ဆင်းခြင်း ဖြစ်နိုင်ကြောင်း ရုံကူလင် စဉ်းစားမိ၏။ အနည်းငယ် စကားအပြောအဆို မှားခြင်းဖြင့် ချက်ချင်းလက်ငင်း အသတ်ခံရနိုင်သည်။

သို့သော် ဤအသက်အန္တရာယ်မကင်းသောစက်ဝိုင်းထဲသို့ တိုးဝင်လာခြင်းဖြင့် သိုင်းလောကကို ဒုက္ခပေးနေသည့် လျှို့ဝှက်ချက်ကိုလည်း ရှာဖွေနိုင်ပေဦးမည်။ ကြီးမားသော အမြတ်အစွန်းအတွက် ကြီးမားသော တန်ဖိုးပေးရမည်မှာ သဘာဝကျသည်ဟု ရုံကူလင်ယူဆ၏။ ထို့ကြောင့် ရုံကူလင်သည် မျက်နှာဖုံးစွပ်နှစ်ယောက်နောက်မှ ရဲရင့်စွာ လိုက်ပါသွားလေတော့သတည်း။

❖

## အခန်း ( ၉၄ )

### ကျောက်သိမ်းငှက်၏ အန္တရာယ်

မကြာမီ သူတို့သည် ဝါးတောကြီးတစ်ခုသို့ ဆိုက်ရောက်လာ၏။ ထိုဝါးတောကြီး၌ လူသွားလမ်းကလေးတစ်ခုရှိနေရာ ထိုလမ်းကလေးမှသွားလျှင် နတ်စွန်ဂိုဏ်းခွဲမှူးရှိရာသို့ ရောက်နိုင်သည်ဟု ရုံကူလင် ရိပ်မိသိရှိလိုက်သည်။ နံပါတ်ခုနစ်က....

"ကဲ....ဒီမှာ ခဏစောင့်ဦး၊ ကျုပ်က ရှေ့ပြေး သွားအကြောင်းကြားလိုက်ဦးမယ်"

မျက်နှာဖုံးစွပ်နှစ်ယောက်သည်ရုံကူလင်အားတစ်ယောက်တည်းထားခဲ့ကာ လူသွားလမ်းကလေးအတိုင်း ပြေးထွက်သွားကြလေ၏။

ရှုံကူလင်သည် ဝါးတောထိပ်၌ ရပ်ကာ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်နေ၏။

"သူတို့အဖွဲ့က အတော့်ကို လျှို့ဝှက်တာပဲ၊ ဒီဝါးတောထဲမှာရှိနေတဲ့နေရာဟာ နတ်စွန်အဖွဲ့ခွဲမှူးရဲ့ ဌာနချုပ်သဘောမျိုးရှိတဲ့ နေရာပဲဖြစ်မယ်၊ တခြားအဖွဲ့ခွဲမှူးတွေဟာ ဒီလိုပဲ လျှို့လျှို့ဝှက်ဝှက်နဲ့ တကွဲတပြား ခွဲခြားနေကြမှာ သေချာတယ်"

ရှုံကူလင် အတွေးဝင်နေစဉ် နံပါတ်ခုနစ် တစ်ဦးတည်း ပြန်လည်ရောက်ရှိလာလေ၏။ ကျန်မျက်နှာဖုံးစွပ်တစ်ယောက်ကိုမူ လုံးဝ မတွေ့ရတော့ချေ။

နံပါတ်ခုနစ်က....

"ကဲ....ကျုပ်တို့အဖွဲ့ခွဲမှူးက မင်းကို တွေ့ဆုံဖို့ စောင့်နေပြီ၊ မင်းသွားပေတော့"

"ဟုတ်ကဲ့... အမိန့်အတိုင်းကျွန်တော်ဝင်တွေ့ပါမယ်ဗျာ"

ရှုံကူလင်သည်ဝါးတောထဲမှလူသွားလမ်းကလေးအတိုင်း လျှောက်ဝင်သွားလေတော့၏။ ဝါးတော၏ အလယ်တွင် အတော်အတန်ကြီးမားသော တဲတစ်လုံးကို တွေ့ရ၏။ နေ့ခင်းကြောင်တောင် မီးအိမ်များထွန်းညှိထားကြောင်းသည်း တွေ့ရသည်။



စင်စစ် နံပါတ်ခုနစ်သည် ရှုံကူလင်၏နောက်မှ တစ်ပါတည်း ကပ်လိုက်လာသည်သာဖြစ်၏။ ရှုံကူလင်ကလည်း သိရှိပါသည်။ သို့သော် သူသည် လာမည့်ဘေးပြေးတွေ့ဟူသော သောင်ပုဒ်အတိုင်း အန္တရာယ်ခပ်သိမ်းကို လျစ်လျူပြု၍ ရှေ့မှ လျင်မြန်စွာ ထွက်သွားခြင်းဖြစ်သည်။

ရှုံကူလင် တဲထဲသို့ဝင်မည် ပြုသောအခါ နံပါတ်ခုနစ်က တီးတိုးတားမြစ်လိုက်၏။

"ခဏနေဦး၊ ကျုပ် အကြောင်းကြားလိုက်ဦးမယ်"

ရှုံကူလင်သည်တဲထဲမဝင်ဘဲ အပြင်၌ပင်ရပ်နေလိုက်သည်။

နံပါတ်ခုနစ်က. ..

"အဖွဲ့ခွဲမှူးခင်ဗျာ....တာဝန်ပေးချက်အတိုင်းနှင်းတောင်ကလူကို ခေါ်ဆောင်လာခဲ့ပါပြီ"

တဲအတွင်းမှ ခပ်သြသြအသံတစ်သံကို ကြားလိုက်ရသည်။

"အေး....သူ့ကို အထဲဝင်ခိုင်းလိုက်၊ မင်းကတော့ အပြင်မှာပဲ စောင့်နေ"

နံပါတ်ခုနစ်က ရှုံကူလင်အား ခပ်တိုးတိုးပြောသည်။

"ကဲ....ကျုပ်တို့အဖွဲ့ခွဲမှူးကတော့ ခွင့်ပြုနေပြီ၊ အထဲဝင်ပေတော့"

ရုံကုလင်သည် စိဘ်ကိုအတည်ငြိမ်ဆုံးထားပြီး တဲအတွင်းသို့ ဝင်သွားလေတော့၏။

တဲအတွင်း၌ နေ့ခင်းကြောင်တောင်ပင် မီးအိမ်ချားထွန်းညှိထားသဖြင့် ထိန်လင်းနေသည်။ တဲခေါင်းရင်း၌ စားပွဲတစ်လုံးရှိကာ ထိုစားပွဲ၌ အနီရောင် မျက်နှာဖုံးစွပ်ထားသည့် လူတစ်ဦး ထိုင်နေ၏။

ထိုလူသည်နတ်စွန်အဖွဲ့ခွဲမှူးမှလွဲ၍ အခြားသူမဖြစ်နိုင်ပေ။

ရုံကုလင်သည် ထိုလူအား ဦးညွှတ်ဂါရဝပြုလေ၏။

ထိုလူက ရုံကုလင်အား ခြေဆုံး ခေါင်းဆုံး အကဲခတ်နေ၏။ ရုံကုလင်ကမူ တည်ငြိမ်အေးဆေးစွာပင် မတ်မတ်ရပ်လျက်ရှိနေသည်။

"မင်းက တတိယသခင်မရဲ့ လက်အောက်ကဆို၊ ဟုတ်သလား"

နတ်စွန်အဖွဲ့ခွဲမှူး၏အသံက မောက်မာလှသည်။ ရုံကုလင်က ခေါင်းညိတ်ပြီး....

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဖြင့် နှင်းတောင်မှာ သူလျှိုအဖြစ်သွားပြီး လမ်းဆောင်တာက မင်းရဲ့ တတိယသခင်မ အမိန့်ကြောင့်ပေါ့"



"ဟုတ်ပါတယ်၊ တတိယသခင်မရဲ့အမိန့်အရ သွားရောက်တာဝန်ထမ်းဆောင်ရတာပါ"

"ကောင်းပြီ၊ မင်းသခင်မက ဘာအတွက်နဲ့ နှင်းတောင်ထဲကို လွှတ်ရတာလဲ"

ရုံကုလင်မှာ အကျပ်ရိုက်သွားသည်။ ရုတ်တရက် ဘာဖြေရမှန်းမသိဘဲ ဖြစ်သွား၏။ သို့သော် သူသည် တခဏုပတ္တိဉာဏ်ကောင်းသူဖြစ်၍ ချက်ချင်းပင် ဆီလျော်သောအဖြေကို ပေးလိုက်၏။

"ဒီအကြောင်းကို ဘယ်သူ့မှဖွင့်မပြောရဘူးလို့ သခင်မက အထပ်ထပ် မှာထားပါတယ်"

နတ်စွန်အဖွဲ့ခွဲမှူးက အေးစက်သောလေသံဖြင့် မေးလိုက်၏။

"တော့ ....မင်းတို့သေသေချာချာကြည့်စမ်း၊ ငါ့ကို ဘယ်သူများ အောက်မေ့နေသလဲ"

"ဟုတ်ကဲ့....နတ်စွန်အဖွဲ့ခွဲမှူးဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ် ခင်ဗျာ"

"ငါ့ရဲ့ ဌာနန္တရကို သိလျက်သားနဲ့တောင် ဘာဖြစ်လို့ ငါ့မေးခွန်းကို ဝေ့လည်ကြောင်ပတ် လုပ်နေရတာလဲ"

“ဒါကတော့ ကျွန်တော့်သခင်မရဲ့ အမိန့်ဖြစ်နေလို့ပါ ခင်ဗျာ၊ ဒီလျှို့ဝှက်ချက်သာကျွန်တော့် ဆီကပေါက်ကြားသွားရင် သခင်မက ကျွန်တော့်ကို သတ်ပစ်မှာသေချာပါတယ်”

“ဟား...ဟား...ဟား...မင်းရဲ့ သခင်မကမှ မင်းကို သတ်နိုင်တာမဟုတ်ဘူးကွ၊ ငါကလဲ မင်းကိုသတ်နိုင်တယ်၊ ဒီတော့ မင်းသိထားစမ်းပါ၊ မင်းသခင်မသတ်မှာက နောက်မှ သတ်မှာ၊ ငါက မင်းကိုအရင်သတ်မှာကွ၊ မင်း အရင်သေချင်သလား၊ နောက်မှသေချင်သလား၊ ကြိုက်တဲ့အချိန်ကို ရွေးပေတော့”

ရုံကူလင်သည် ထိုအခါကျမှ ကျော်ချမ်းဓားပြမှန်း သိတော့သည်။ တတိယသခင်မနှင့် နတ်စွန်အဖွဲ့ခွဲမှူးတို့သည် မသင့်မြတ်ဘဲရှိနေကြသည်တကား။

သို့သော် တတိယသခင်မ၏အဆင့်လည်း မသေးကြောင်း နံပါတ်ခုနစ်၏လေသံအရ ခန့်မှန်းသိရှိပြီး ဖြစ်သည်။ ထို့ကြောင့် ရုံကူလင်သည် နတ်စွန်အဖွဲ့ခွဲမှူးအား မင်ဓမောင်းဖြင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

“သေတယ်ရှင်တယ်ဆိုတာ လူ့ဘဝမှာ မဆန်းပါဘူး ခင်ဗျာ၊ ကျွန်တော်ဟာ တတိယသခင်မရဲ့ သစ္စာရှိ လက်အောက် ငယ်သားပါ၊ ဒီတော့ သေခါမှသေစေတော့ တတိယသခင်မရဲ့ လျှို့ဝှက်ချက်ကိုတော့ ကျွန်တော် ထုတ်ဖော် မပြောဆိုနိုင်ပါဘူး”



နတ်စွန်အဖွဲ့ခွဲမှူးသည် ရုံကူလင်အား ကျိတ်၍ချီးကျူး မိလေ၏။

သို့သော် သူတကယ်တမ်းပြောသည့်စကားကမူ....

“မင်းက သက်သောင့်သက်သာသေမယ်ထင်ပြီး ဒီစကားကို ပြောတာလား မထင်နဲ့ဟေ့၊ မင်းကို တစ်ချက်တည်းနဲ့ သေအောင် သတ်မှာမဟုတ်ဘူးကွ၊ မင်းရဲ့အသားတွေကို ဓားနဲ့မှန်း ဆားပက်ပြီးမှ နေလှန်းသတ်မှာကွ”

ထိုအခိုက် တဲအပြင်မှ နံပါတ်ခုနစ်၏ အော်ဟစ် ပြောကြားသံကို ပီသစွာ ကြားလိုက်ရတော့သည်။

“ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူး ကြွလာပါပြီခင်ဗျား”

ပိန်လှီသောလူတစ်ယောက်သည် ဓားတစ်စင်းကို ကျော၌ လွယ်ကာ တဲအတွင်းသို့ ခြေလှမ်းကျဲကြီးဖြင့်ဝင်လာ၏။ ထိုလူ၏အရပ်မှာ အတော်မြင့်သည်။ အရပ်မြင့်ရသည့်အထဲ ပိန်လှီးလှသဖြင့် သူ့၌ရှိသော အရပ်ထက်ပို၍ မြင့်သည်ဟု ထင်မှတ်ရပေသည်။

ထိုလူသည် စားပွဲခုံရှိရာလျှောက်လာပြီး ခုံလွတ်တစ်ခုကို ဆွဲယူထိုင်လိုက်လေ၏။

ထိုလူသည် ရုံကူလင်အားလက်ညှိုးညွှန်ပြီး နတ်စွန်အဖွဲ့ခွဲမှူးအား မေးလိုက်၏။

"သူကဘယ်သူလဲ"

နတ်စွန်အဖွဲ့ခွဲမှူးက....

"သူက တတိယသခင်မရဲ့ လက်အောက်ငယ်သား တစ်ယောက်ပါပဲ"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးက....

"သူ့ပုံပန်းသဏ္ဌာန်က သိုင်းပညာအဆင့်မြင့်မြင့် တတ်မြောက်ထားတဲ့ ပုံပန်းမျိုးပဲ၊ တကယ့် အခြေအနေမှန်ကိုတော့ မပြောနိုင်ဘူးပေါ့လေ၊ တတိယသခင်မကတော့ စည်းရုံး သိမ်းသွင်းမှု တကယ်ကောင်းတာပဲ"

ရန်ကြူမေကပြောပြခဲ့သည်မဟုတ်လား။ ပူကြည်ဘိုးဘိုး၏ လက်အောက်၌ သခင်မသုံးယောက်နှင့် အဖွဲ့ခွဲမှူးနှစ်ယောက် ရှိသည်ဟူ၍။

ထိုစဉ် နတ်စွန်အဖွဲ့ခွဲမှူးက....

"ခုတစ်လော ဒီကောင်မ သိပ်ပြီးလက်စွမ်းထက်နေတယ်ဗျ၊ အခုတော်လဲ အရှိန်အဝါကြီးနေတယ်၊ အဆင့်မြင့် သိုင်းသမား တော်တော်များများကိုလဲ စည်းရုံးသိမ်းသွင်းထားနိုင်တယ်၊ သူလုပ်နေပုံတွေကို ငါတော့ သိပ်ကြည့်လို့မရဘူး"

"ဟား....ဟား....ဟား... ဟား"



ကျောက်သိမ်းငှက်က တဟားဟား အော်ရယ်လေတော့သည်၊

"အစ်ကိုပြောခဲ့တာတွေက အတိတ်က ဖြစ်ရပ်တွေပါ၊ မကြာခင်က တိုက်ပွဲတစ်ပွဲမှာ သူ့အဖွဲ့ခွဲတစ်ခုလုံး အထိအခိုက် အကျအဆုံး အတော်များခဲ့တယ်၊ အဖွဲ့ခွဲတစ်ခုလုံး ပျက်လုမတတ်ဖြစ်ခဲ့ရတယ်၊ ဒါတွေကို အစ်ကိုမသိသေးဘူးနဲ့တူတယ်၊ အခုဆိုရင် အစ်ကိုပြောသလို ဒီကောင်မ ခေါင်းမထောင်နိုင်တော့ပါဘူး"

ထိုလူသည် ကျယ်လောင်ကျယ်လောင်ပြောနေရာမှ ရုတ်တရက် အသံကိုနှိမ့်လိုက်သည်။

"အစ်ကို ကျုပ်တို့ ခေါင်းဆောင်ချုပ်ကြီးဟာ အခုဆိုချိန်အခါကိုရောက်နေပါပြီ၊ သန်ဘက်ခါည သန်းခေါင်မှာ ချိအိန်ဂူထဲမှာ စုစည်းကြရမယ်လို့ ခေါင်းဆောင်ချုပ်ကြီးက အမိန့်ပေးထားပါတယ်၊ အခု ကျုပ်လာခဲ့တာ အဲဒီကိစ္စအတွက်ပါ"

နတ်စွန်အဖွဲ့ခွဲမှူးက....

"အင်း....ဒါကို ငါလဲသိပါရဲ့၊ ဒါပေမယ့် ငါအံ့ဩနေတာကတော့ ဟိုကောင်မ ဘယ်လိုရှုံးနိမ့်ရတယ်ဆိုတာပဲ၊ ဒီကောင်မကိုယ်တိုင် သိုင်းပညာအင်မတန်ကောင်းပြီး အင်

မတန် ရဲရင့်တယ်၊ သူ့လက်အောက်ငယ်သားတွေလဲ သူ့လို ပဲ အတော် အစွမ်းထက်ကြတယ်၊ နောက်ဆုံးတိုက်ပွဲမှာ သူတို့ ဘာဖြစ်လို့ ရှုံးသွားတယ်ဆိုတာ ငါတော့ လုံးဝ စဉ်းစားလို့မရဘူး"

ကျောက်သိမ်းငှက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ အမှန်က ဒီကောင်မအနေနဲ့ ခုလောက် ဒုက္ခရောက်ဖို့ အကြောင်းမရှိပါဘူး၊ အခုတော့ အကြီး အကျယ် ဒုက္ခရောက်နေရပြီ၊ ဒါဟာ ကိုယ့်ကိုယ်ကိုဖျက် သိမ်းတတ် ဆိုတဲ့ စကားအတိုင်း သူ မောက်မာထောင်လွှား လွန်းလို့ သူဒုက္ခရောက်တော့ သူ့ကို ဘယ်သူမှ အကူအညီ မပေးခဲ့ကြဘူး ကျွန်တော်သိထားရတဲ့ သတင်းတစ်ခုအရ အဲဒီတိုက်ပွဲပတ်ဝန်းကျင်မှာ အစ်ကိုကြီးနဲ့ ဒုတိယသခင်မတို့ တောင် ရှိနေကြသတဲ့၊ သူတို့ရှိနေလျက်နဲ့ စစ်ကူပေးဘူး ဆိုတော့ ဟင်း....သူ့ကို ဘယ်လောက် မုန်းနေကြတယ်ဆို တာ လမ်းပြင်မှာ ဆင်သွားသလို ထင်ရှားနေတော့တာပဲ ပေါ့"

နတ်စွန်အဖွဲ့ခွဲမှူးမှာ အံ့သြသွားသည်။

"အင်း....ဒီသတင်းတော့ ငါမကြားသေးဘူး၊ ဒါထက် နေစမ်းပါဦး၊ ဒီကောင်မကို တိုက်ပွဲတစ်ပွဲအတွင်းမှာ အပြတ် အသတ်နိုင်အောင် တိုက်နိုင်တဲ့ အဖွဲ့က ဘယ်အဖွဲ့လဲ၊ အဲဒီ အဖွဲ့က အတော်အင်အားကောင်းလို့လား"



ကျောက်သိမ်းငှက်က....

"အာ....အစ်ကို မေ့နေပြီနဲ့တူတယ်၊ အဲဒီတုန်းက တိုက်တာ ဝမ်လျှံအဖွဲ့လေ"

"ငါမေ့တာမဟုတ်ဘူး၊ ဒီဘက်မှာ အလုပ်ရှုပ်နေလို့ ဒီကောင်မ ကိစ္စတွေမှာ အတော် မျက်ခြည်ပြတ်ခဲ့တာပါ၊ ဝမ်လျှံအဖွဲ့က ဒီချိန်အခါမှာတောင် ကြီးစိုးနေပြီလား"

"ဝမ်လျှံအဖွဲ့ဟာ ချန်အန်တင်မကဘူး၊ နေရာ အနှံ့ အပြား ရောက်နေပြီ"

"ဒီကောင်တွေဟာ သိပ်ပြီး သိုသိပ်လျှို့ဝှက်ပါတယ်၊ ငါတို့နဲ့ဆိုရင် လျှို့ဝှက်တဲ့နေရာမှာ သူမသာကိုယ်မသာပဲ"

"မှန်ပါတယ်၊ ဒါကြောင့်လဲ ဒုတိယသခင်မနဲ့ မတိုက် ခင်ကတည်းက ကျွန်တော်တို့ လူတွေနဲ့ တိုက်ခိုက်ခိုင်းခဲ့ တာပါ"

"ဘာရည်ရွယ်ချက်နဲ့ တိုက်ခိုင်းတာလဲ"

"သူတို့ရဲ့ ဇာစ်မြစ်ကို ဖော်ထုတ်ဖို့ တိုက်ခိုင်းတာလေ၊ အဲဒီတိုက်ပွဲကနေ လမ်းကြောင်းရှာမယ်လို့ ရည်ရွယ်ပြီး တိုက်ခိုင်းခဲ့ကြတာပါ၊ ဒါပေမယ့် ကျုပ်တို့ လူအားလုံး ဒဏ်ရာရတဲ့လူရ၊ သေတဲ့လူသေနဲ့ အတော်ကလေး အထိနာခဲ့ ရပါတယ်၊ ဒါတောင် အချိန်မီ ဆုတ်ခွာခဲ့လို့၊ ဒီလိုမှ

မဟုတ်ရင် ဟို တတိယသခင်မထက်အရင် ကျွန်တော်တို့ ရှိုးနံ့မှာ ခင်ဗျ"

"ဒါဖြင့် ဒီဝမ်လျှံ အဖွဲ့ရဲ့လက်ချက်နဲ့ ဟိုကောင်မ စုရုံးသိမ်းသွင်းထားတဲ့ လူတော်လူကောင်းတွေအားလုံး သေကုန်ပြီ ဆိုပါတော့"

"ဟုတ်ကဲ့၊ ဒီနေ့အစိုင်းပါပဲ ခင်ဗျာ၊ သူ့လက်အောက်က မိန်းမငါးယောက်နဲ့ ယောကျ်ားကိုးယောက် စုစုပေါင်း ဆယ့်လေးယောက် သေဆုံးသွားခဲ့ပါတယ်"

"ဟာ....အတော့်ကို အထိနာသွားတာမပါဲလား"

"အောက်ကလူတွေ သေတာကို မပြောနဲ့လေ၊ တတိယ သခင်မကိုယ်တိုင် အကြီးအကျယ် ဒဏ်ရာရသွားခဲ့တာပဲ ဦးစွာ"

နတ်စွန်းအဖွဲ့ခွဲမှူးက ရှုံကူလင်အား တစ်ချက် စောင်းကြည့်လိုက်ပြီး အေးစက်စက် ရယ်မောလိုက်လေ၏။

"ဘယ့်နှယ်လဲ ငါ့လူ၊ မင်း ကြားလိုက်တယ် မဟုတ်လား၊ မင်းရဲ့တတိယ သခင်မဟာ ဒဏ်ရာ အတော်ပြင်းပြင်းထန်ထန် ရလိုက်တယ်ဆိုတော့ မင်းကို စောင့်မကြည့်ရှုဖို့ မပြောနဲ့၊ သူ့တောင် ယခုမင်းလက်က အနိုင်နိုင် ကြိုးစား ထွက်နေ တာကွ၊ သိလို့လား၊ ဟား....ဟား....ဟား"

ရှုံကူလင်က တည်တည်ငြိမ်ငြိမ်ပင် ပြောသည်၊



"ကျွန်တော်တို့ရဲ့ သခင်မ ဒဏ်ရာရချိတင် ရဘာပါ မသေသေးပါဘူး၊ ကျွန်တော့်ကို အဖွဲ့ခွဲမှူးက သတ်ပစ်လိုက်ပြီဆိုပါတော့၊ ဘယ်နေ့မှာ ကျွန်တော့် သခင်မက မသိဘဲ မနေပါဘူး"

နတ်စွန်းအဖွဲ့ခွဲမှူးက ဘောက်တစ်ချက် ခေါက်လိုက်သည်။

"အောင်မာ... မင်းက မာရေကျောရေရှိ အတော်အရေ ထူတဲ့ ကောင်ပါလား၊ သူ့ကိုယ်သူတောင် နေ့သေမလား၊ ညသေမလား ဖြစ်နေတဲ့လူက မင်းကို လှည့်ကြည့်နိုင်မယ် ထင်နေသလား"

သူသည် ခါးအိမ်ထဲမှဓားကို ဆွဲထုတ်ပြီး ရှုံကူလင် ရှိရာသို့ လျှောက်လာလေ၏။

ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူးက ကပျာကယာ ထ၍ တားဆီးလိုက်သည်။

"အစ်ကို ခဏနေပါဦး"

"ဘာဖြစ်လို့လဲ"

နတ်စွန်အဖွဲ့ခွဲမှူးမှာ လမ်းခုလပ်၌ ရပ်တန့်သွားလေ သည်။

ကျောက်သိမ်းငှက်က...

"ကျွန်တော်တစ်ခု ပြောချင်ပါတယ်၊ အခုအချိန်မှာ တတိယ သခင်မအနေနဲ့ ဒဏ်ရာရနေတာ မှန်ပေမယ့် သေနိုင်တာတော့ မဟုတ်ပါဘူး၊ ဒီလိုအချိန်မျိုးမှာ အစ်ကို့အနေနဲ့ အတိအလင်း စစ်ကြေညာလို့ မကောင်းဘူးလို့ ကျွန်တော်ထင်ပါတယ်"

နတ်စွန်အဖွဲ့ခွဲမှူးက ရုံကူလင်အား လက်ညှိုး ညွှန်ပြကာ....

"ဒီကောင်က ဟိုကောင်မအပေါ် အသက်ပေး သစ္စာခံတဲ့ မကောင်ဗျ၊ 'ဟိုကောင်မ ထုထုတောင်ထောင်' ဖြစ်လာတာနဲ့ ကျုပ်အခကြောင်းတွေအားလုံး သံတော်ဦးတင်မှာ သေချာတယ်"

ကျောက်သိမ်းငှက်က....

"တတိယသခင်မရှေ့မှာ အစ်ကို့အကြောင်း မကောင်းမပြောနိုင်အောင် ကျွန်တော် စီစဉ်ပေးနိုင်ပါတယ်၊ သူ့ကိုသာ ကျွန်တော့်လက်ထဲ လွှဲအပ်လိုက်ပါ"

နတ်စွန်အဖွဲ့ခွဲမှူးက ကျောက်သိမ်းငှက်အား စူးစူးရဲရဲ ကြည့်လျက် မေးခွန်းထုတ်လိုက်သည်။

"သူ့ကို ဘာအသုံးချစရာ ရှိလို့လဲ ငါ့ညီရဲ့၊ ငါ သိခွင့် မရှိဘူးလား"

ကျောက်သိမ်းငှက်က ရှက်ပြုံးပြုံးလေ၏။



"ဝခြားအကြောင်းတော့ မရှိပါဘူး အစ်ကိုရာ၊ ကျွန်တော်နဲ့ ကြူမေရဲ့ကိစ္စကို အစ်ကိုလဲ သိသားပဲဥစ္စာ၊ အဲဒီအတွက်ပါပဲ"

"ဟား... ဟား....ဟား... ငါက ဒီပြင် ဘာများ အကြံကြီးကြံနေလို့လဲမှား အောက်မေ့တယ်၊ မင်းက ဒီကိစ္စကိုးကွ၊ ဒါလဲ မင်းက နုထိ ဒီကောင်မကို စိတ်မကုန်သေးဘူးလား"

ကျောက်သိမ်းငှက်မှာဆက်ပြောရန် ခက်ခဲနေပုံရလေ၏။ ထို့ကြောင့် ရှက်ပြုံး ပြုံးနေလေ၏။

နတ်စွန် အဖွဲ့ခွဲမှူးကမူ သူ့စကားကို ဆက်ပြောနေသည်။

"မင်း စိတ်လျှော့လိုက်ပါကွာ၊ အစ်ကိုကြီးက မင်းတက်လက်ဦးနေပြီကွာ၊ အစ်ကိုကြီးနဲ့ ပြိုင်လုဖို့ဆိုတာ မလွယ်ပါဘူး"

ထိုစကား ရောက်လာသောအခါမှ ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူး လှုပ်ရှားလာတော့သည်။

"ဒီပြင် ကိစ္စဆိုရင်တော့ အစ်ကိုကြီးနဲ့ ဘယ်ယှဉ်ဝံ့မှာလဲဗျာ၊ ဒါပေမယ့် အခုဟာက ချစ်ရေးချစ်ရာကိစ္စမဟုတ်လား၊ အချစ်ကိစ္စမှာ တစ်ဖက်သတ်ချစ်ရုံနဲ့ မပြီးဘူးလေ၊ ကြူမေကသာ အစ်ကိုကြီးကို အစောကြီးကတည်းက တုံ့ပြန်ထား

ရင် ကျွန်တော် ဘယ်ရှေ့ တိုးဝံ့ပါ့မလဲ၊ ခုထိ ကြူးမေက အစ်ကိုကြီးအပေါ် စိတ်ဝင်စားဟန် မပြတော့ ကျွန်တော် ဘယ်စိတ်လျှော့နိုင်ပါ့မလဲ၊ အစ်ကိုကသာ ကျွန်တော့်ဘက်က ရှိစမ်းပါဗျာ၊ ဒီကိစ္စ အောင်မြင်မှာပါ"

နတ်စွန်အဖွဲ့ခေါင်းမှူးက ဘာဟားဟားရယ်ရင်း ခေါင်းညိတ်လေ၏။

"ကောင်းပါပြီကွာ....ကောင်းပါပြီ၊ မင်းရဲ့ တောင်းဆိုချက်ကို ငါလိုက်လျှောပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ မင်း တာဝန်ခံရမယ်နော်"

"ဘာများလဲ အစ်ကိုရဲ့"

"ငါနဲ့ ကြူးမေတို့နှစ်ယောက် ဒီကောင်ကြောင့် ပြဿနာဖြစ်ရင်တော့ မင်းတာဝန်ပဲ"

"ဒါလား....စိတ်ချစမ်းပါ အစ်ကိုရာ၊ အစ်ကိုနဲ့ ရန်ကြူးမေအကြားမှာ ဘာမှပြဿနာ မပေါ်စေရဘူးလို့ ကျွန်တော် ရဲရဲကြီး တာဝန်ယူပါတယ်"

"ဒါဆိုရင်တော့ ဒီကောင်ကို မင်း လက်လွှဲယူလိုက်ပေတော့"

ကျောက်သိမ်းငှက်၏ မျက်နှာမှာ ပြုံးချိနေသည်။

"ဟော....မင်း လက်မတင်ကလေး အသက်ချမ်းသာရာ ရသွားပြီကွာ၊ မင်းရဲ့အသက်ကို ချမ်းသာခွင့်ပေးတဲ့အတွက် ကျေးဇူးတင်စကားလေး ဘာလေး ပြောဦးမှပေါ့ကွ"



ရုံကူလင်မှာ အောင့်သက်သက်နှင့် နတ်စွန်အဖွဲ့ခေါင်းမှူးအား ကျေးဇူးတင်စကား ပြောလိုက်ရလေ၏။

နတ်စွန်အဖွဲ့ခေါင်းမှူးက တဟားဟားရယ်ရင်း....

"အေး....ကောင်းသဟေ့၊ မင်းကိစ္စအောင်မြင်ရင် ငါ့လဲ မမေ့နဲ့ဦးနော်"

"စိတ်ချပါ အစ်ကိုရာ၊ ကျွန်တော် လုံးဝ မမေ့ပါဘူး၊ ကဲ....ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကျောက်သိမ်းငှက် အဖွဲ့ခေါင်းမှူးသည် နတ်စွန်အဖွဲ့ခေါင်းမှူးကို နှုတ်ဆက်ကာ ရုံကူလင်အား အချုပ်ပြု ခေါ်ဆောင်လျက် တဲအတွင်းမှ ထွက်လာလေတော့၏။ မကြာမီ သူတို့သည် ဝါးရုံတောနှင့် မတော်ကွာလှမ်းသည့် နေရာသို့ ရောက်လာကြတော့သည်။

ကျောက်သိမ်းငှက်က....

"မင်း တူတီယသခင်မရဲ့ တပည့်ဖြစ်တာ ကြာပြီလား"

"တစ်နှစ်လောက်ပဲ ရှိပါသေးတယ်"

"မင်းကို တူတီယသခင်မက ဘယ်လိုသဘောထားသလဲ"

"ကျွန်တော့် သခင်မကတော့ ကျွန်တော့်ကို အင်မတန် ယုံကြည်ပါတယ်"

"မင်းသခင်မရဲ့ ခုသောလောဆယ် အခြေအနေကို မင်း သိသလား"

"ကျွန်တော့်ဘာသာတော့ မသိပါဘူး၊ အဖွဲ့ခွဲမှူးတို့ပြောနေတဲ့ စကားအရတော့ ကျွန်တော့်သခင်မရဲ့ အခြေအနေ မကောင်းဘူးလို့ သိရတာပါပဲ"

"မင်းက သူ့လူယုံလဲဆိုရဲ့၊ အခုအခြေအနေကိုလဲ မသိဘူးဆိုတော့ အံ့သြစရာပါလား"

"အံ့သြစရာမရှိပါဘူး ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ခုမှနှင်းတောင်ကပြန်လာတာဆိုတော့ပစ္စုပ္ပန်အခြေအနေကိုတော့ ဘယ်သိနိုင်မလဲ ခင်ဗျာ"

"ဪ....မင်းဆိုလိုတာက နှင်းတောင်ကို မသွားခင်က ဘတီယာသခင်မရဲ့အနီးမှာ နေခဲ့ရတယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်ပါတယ်၊ နှင်းတောင်ကိုလွှတ်တာကလဲ သခင်မက အုံမတန် ယုံကြည်စိတ်ချလို့ လွှတ်တာပဲ"

ရုံကူလင်သည် သူ့ဇာတ်ကို သူနိုင်အောင် က,လျက်ရှိ၏။ သို့သော်,ဆရာကြီးပိုင်ရင်၏ အထောက်တော်များ၏ အရိပ်အယောင်ကိုလုံးဝမတွေ့ရဘဲဖြစ်နေသဖြင့် စိတ်ထဲ၌တထင့်ထင့်ဖြစ်နေခဲ့ရပေသည်။

ထိုစဉ် ကျောက်သိမ်းငှက်က....

"ငါ တစ်ခုမေးမယ်၊ မင်း မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့....ဖြေပါ့မယ်"



"ငါတို့အစ်ကိုကြီးဟာ မင်းတို့သခင်မဆီကို မကြာခဏလာနေတယ်လို့ သတင်းရတယ်၊ အဲဒီသတင်း ဟုတ်သလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် မှတ်မိသလောက် သူလာတာ သုံးခေါက်လောက်ပဲ ရှိပါလိမ့်မယ်"

ရုံကူလင်သည် ကျောက်သိမ်းငှက် ယုံနိုင်လောက်အောင် အလိုက်သင့် အလျားသင့် လိမ်ညာဖြီးဖြန်းနိုင်ခဲ့လေ၏။

"ဒါဆိုရင်လဲ သိပ်မနည်းပါဘူး၊ မင်းတို့သခင်မနဲ့ အစ်ကိုကြီးတို့ တော်တော်အဆင်ပြေကြရဲ့လား"

"ကျွန်တော့် အမြင်မှာတော့ သိပ်မပြေလှပါဘူးဗျာ၊ တစ်ကြိမ်မှာဆိုရင် သခင်မက ပုန်းတောင် ပုန်းရှောင်နေတာ တွေ့ဖူးပါတယ်"

"ဟော....ဇာကယ်လားကွ"

ကျောက်သိမ်းငှက်၏ လေသံမှာ အလွန်တရာ ဝမ်းသာအားရ ဖြစ်နေသည်။

ရုံကူလင်က မှင်သေသေဖြင့် ဆက်လက်လိမ်ညာလေ၏။

"အဲဒီတုန်းက ကျွန်တော့်ရှေ့မှာတင် သခင်မ ပုန်းရှောင်တာ၊ သခင်မ မရှိတဲ့အကြောင်း ကျွန်တော်ကပဲ အကြောင်းကြားပေးခဲ့ရတာပါ"

ကျောက်သိမ်းငှက်မှာ အလွန် ကျေနပ်သွားသည်။

"ကောင်းပြီ၊ မင်းနဲ့သခင်မကို မင်းတွေ့ချင်စိတ်ရှိရဲ့လား"

ကျောက်သိမ်းငှက်၏စကားက ရှုံကူလင်အတွက် အကောင်းကလေး အကျပ်ရိုက်သွားစေသည်။ သူ့ကိုသာ တကယ်သခင်မဆီသို့ ခေါ်ဆောင်သွားလျှင် သူ၏လိမ်ညာမှုကြီးသည် ဘွားဘွားကြီး ပေါ်ထွက်လာပေတော့မည်။

သို့သော် နှင်းတောင်မှ ယခုမှပြန်လာသည့် တပည့်တစ်ယောက်သည် ဒုက္ခရောက်နေသည့် မိမိ၏သခင်မကို မတွေ့လိုပါဟုဆိုပါက လုံးဝသဘာဝမကျသဖြင့် ရှုံကူလင်မှာ စိတ်ပူပူဖြင့် ခေါင်းညိတ်လိုက်ရတော့သည်။

"ဟုတ်ကဲ့...ကိုယ့်သခင်မပဲဗျာ၊ တွေ့ချင်တာပေါ့"

"ကောင်းပြီ၊ မင်းတွေ့ချင်ရင် တွေ့နိုင်အောင် ငါစီစဉ်ပေးမယ်၊ မင်းကျေနပ်ရဲ့လား"

"အတိုင်းထက်အလွန်ပါပဲ ခင်ဗျာ၊ သခင်မက ကျွန်တော့်ကို တွေ့ချင်နေမှာပါပဲ"

ကျောက်သိမ်းငှက်၏မျက်နှာမှာ သကာရည်လောင်းထားသကဲ့သို့ ပြုံးချိုနေသည်။

"ငါ့အစီအစဉ်ကတော့ ရှင်းရှင်းလေးကွ၊ ငါ့လက်ဆောင်ကို မင်းသခင်မဆီ လက်ရောက်ပေးဖို့ပဲ၊ မင်းက လူယုံတော်ဆိုတော့ ငြင်းပယ်မယ်မထင်ဘူး"



"ဟုတ်ကဲ့၊ ကျွန်တော်ပေးရင် ဘယ်နည်းနဲ့မှ ငြင်းပယ်မှာမဟုတ်ပါဘူး၊ ဒါထက် သခင်မက အခု ဘယ်မှာရှိနေပါသလဲ ခင်ဗျာ"

ကျောက်သိမ်းငှက်၏ မျက်နှာမှာ ရုတ်တရက် လေးနက်တည်ကြည်သွားသည်။

"သူ အင်မတန် လျှို့ဝှက်လုံခြုံတဲ့နေရာမှာ ဆေးကုသခံနေရတယ်"

"ဗျာ..."

"ဟုတ်တယ်ကွ၊ တိုက်ပွဲမှာ အပြင်းအထန် ဒဏ်ရာရထားတော့ ဆေးကုသခံနေရတာပေါ့၊ ဒါပေမယ့် ခုအချိန်ကတော့ သူ့အတွက် ကျဆုံးချိန်ပဲ၊ ဆေးကုပေးနေတာတောင်အစောင့်အကြပ်တွေအထပ်ထပ်ချထားတယ်၊ အကျယ်ချုပ်သဘောပေါ့ကွာ၊ ဒါကြောင့် သူ့ကို တွေ့ချင်မြင်ချင်တဲ့ လူတွေအဖို့ အခိုက်မသင့်တာနဲ့ အသက်စွန့်သွားရနိုင်တယ်၊ ဘယ့်နှယ်လဲ...မင်း သွားရဲသေးရဲ့လား"

ရှုံကူလင်မှာ ဆရာကြီးပိုင်ရင်၏ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့သဖြင့် စိတ်ကို လျှော့လိုက်မိတော့သည်။

"ဟုတ်ကဲ့....သွားရဲပါတယ်"

ကျောက်သိမ်းငှက်က ရှုံကူလင်အား ပြောသလိုလို သူ့တစ်ကိုယ်တည်း ပြောသလိုလို ခပ်ဖြည်းဖြည်း ပြောနေသည်။

"အခုတစ်ခါ သွားကြည့်ရဘာ တကယ့်ကို အသက်စွန့်ပြီး သွားကြည့်ရဘာပဲ၊ တကယ်လဲ သေပွဲဝင်သွားနိုင်တယ်၊ တတိယသခင်မသာ ပြန်ခေါ်ကောင်းသာရင်ဘော့ မင်းလောက် ယုံကြည်ရမယ့်လူ ဗိုလ်ောကမှာ ဘယ်သူမှ မရှိဘူးလို့ သူသိသွားမှာပဲ"

ရုံကူလင်သည် စိတ်ထဲမှကျိတ်၍ ပြောမိ၏။

"အတော်တရားကျစရာကောင်းတဲ့ လူပါသား၊ လူတစ်ယောက် အသက်ဆုံးရှုံးနိုင်တဲ့ ကိစ္စမျိုးမှာ သူ့ပစ္စည်းကို အရေးတကြီး ပွဲခိုင်းနေတယ်၊ ဒီလိုပေးပို့ရတဲ့အတွက် သူ့ကိုပဲ ကျေးဇူးတင်ရမလိုလို ပြောနေသေးတယ်"

သို့သော် နှုတ်ကမူ အသင့်အပြေဆုံးသောစကားကို ရွေးချယ်၍ ပြောလေ၏။

"ဟုတ်ကဲ့၊ ကျွန်တော်သာ သေကံမရောက်သက်မပျောက်ရင် ဒီကနေ့ ကယ်ခဲ့တဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ"

ကျောက်သိမ်းငှက်က ခြောက်ကပ်ကပ် ရယ်လိုက်၏။

"မလိုပါဘူးကွာ၊ ငါပေးတဲ့ပစ္စည်းကိုသာ မင်းသခင်မရဲ့ လက်ထဲရောက်အောင် မဆောင်ကျဉ်းပေးပါ၊ ဒါဆိုရင် သူ့အသက်အဘွက် ခြောက်ဆယ်ရာခိုင်နှုန်းလောက် လွတ်ခွင့် လွတ်လမ်း ပိုသာလိမ့်မယ်"



ရုံကူလင်သည် ကျောက်သိမ်းငှက်ကို စကားမပြောတော့ပေ။ ခရီးလမ်းစဉ် တစ်လျှောက်လုံးကိုသာ မှတ်သားလာ၏။ ကြီးမားသော သစ်ပင်ကြီးများကိုသည်း ဂရုတစိုက် ကြည့်ရှုသည်။ ဆရာကြီးပိုင်ရင်သည် ကြိုတင်လာရောက်ပြီး သင်္ကေတ လက္ခဏာများ မှတ်သားထားလေမည်လားဟူ၍။ သို့သော် မည်သည့်သင်္ကေတ လက္ခဏာကိုမျှ မတွေ့ရချေ။

ထိုသို့ စိတ်အာရုံကို အလွတ်မပေးဘဲ ရှာဖွေမှတ်သားလာသဖြင့် ခရီးမိုင်မည်မျှ ပေါက်ရောက်လာမှန်းကိုပင် ရုံကူလင် မခန့်မှန်းမိတော့ပေ။

"ဒါထက် နေစမ်းပါဦး၊ မင်းနာမည်ကကော ဘယ်လိုခေါ်သလဲကွ"

လမ်းလျှောက်နေရင်း ကောက်ခါငင်ကာ ခေးလိုက်သော ကျောက်သိမ်းငှက်၏ မေးခွန်းက ရုံကူလင်၏အာရုံကို ပစ္စုပ္ပန်ကာလသို့ပြန်လည်ရောက်ရှိလာစေ၏။ ရုံကူလင်သည်ချက်ချင်းပင် ပြန်ဖြေလိုက်လေ၏။

"ကျွန်တော့်နာမည် ရုံဘာဖူလို့ ခေါ်ပါတယ်"

မကြာမီ ကျောက်သိမ်းငှက်သည် ရုတ်တရက် ရပ်တန့်လိုက်လေ၏။ သူတို့ရှေ့ ညာဘက်ယွန်းယွန်းတွင် တောင်ကုန်းတစ်ခုကို တွေ့ရပြီး ဘယ်ဘက်ယွန်းယွန်းတွင် ဝါးတောကြီး တစ်ခုကို တွေ့ရသည်။

"ရှိတာဖူ....ပဲ့တောင်ကုန်းရဲ့ အလယ်လောက်ကို ကြည့်လိုက်စမ်း၊ မီးအိမ်တစ်လုံး ထွန်းထားတာ တွေ့ရတယ်မဟုတ်လား"

"ဟုတ်ကဲ့....တွေ့ပါတယ်ခင်ဗျာ"

"အဲဒီမီးအိမ်ဟာ အစောင့်ချထားတဲ့လူတွေရဲ့ ကင်းစခန်းက မီးအိမ်ပဲ၊ မင်းရဲ့သခင်မကတော့ ဝါးတောထဲက ဘုရားကျောင်းပျက်ဟောင်း တစ်ခုထဲမှာ အချုပ်ခံနေရတယ်"

"ကောင်းပါပြီ၊ အခု ကျွန်တော် သွားရတော့မလား၊ အဖွဲ့ခွဲမှူးက ကျွန်တော့်ကိုပစ္စည်းတစ်ခုပေးမယ်ဆို ပေးလေ၊ ကျွန်တော် သွားဖို့ လိုက်ပါမယ်"

ကျောက်သိမ်းငှက်သည် သူ့ဝတ်ရုံထဲမှ အိတ်ကလေးတစ်လုံးကို ထုတ်ယူလိုက်ပြီး ရှုံကူလင်၏လက်ထဲသို့ လှမ်းပေးလိုက်၏။

"ကဲ....ရော့ ဒီအိတ်ကိုယူပြီး မင်းရဲ့သခင်မဆီ ပေးလိုက်ပေတော့၊ စိတ်ချပါရစေနော်"

ရှုံကူလင်က အိတ်ကို လက်ဖြင့် ချိန်ဆကြည့်သည်၊ သိပ်မလေးကြောင်း တွေ့ရ၏။

"ဟုတ်ကဲ့....စိတ်ချပါခင်ဗျာ၊ ကျွန်တော် အခုပဲသွားပေးပေးပါမယ်"

"ခဏနေဦး"



ကျောက်သိမ်းငှက်၏ ဟန့်တားသံကြောင့် ရှုံကူလင်မှာ ခြေလှမ်းတန့်သွားရသည်။

ရှုံကူလင်က နားမလည်နိုင်သဖြင့် ပြန်မေးလိုက်သည်။

"ဘာပေးစရာ ကျန်သေးလို့လဲ ခင်ဗျာ"

"ပေးစရာတော့ မကျန်တော့ပါဘူး၊ မင်းရဲ့ စကားပြောနိုင်တဲ့အကြောင်းကို ပိတ်မလို့ကွ"

"ဗျာ၊ ကျွန်တော်က အဖွဲ့ခွဲမှူးရဲ့ အကျိုးကို ဆောင်ရွက်ပေးနေတဲ့လူပဲဗျာ၊ ဘာဖြစ်လို့ ကျွန်တော့်အကြောင်းကို ပိတ်ရမှာလဲ"

"ဒါက ဒီလိုကွ၊ အဲဒီနေရာမှာ အစောင့်တွေ အထပ်ထပ်ရှိနေတယ်၊ ငါ့စိတ်ထင် မင်းအနေနဲ့ မင်းသခင်မဆီ ရောက်နိုင်ဖို့ အခွင့်အရေးဟာ ဆယ်ပုံပုံရင်တစ်ပုံပဲရှိမယ်၊ တကယ်လို့ မင်းကို အစောင့်တွေ မိသွားပြီး ညှဉ်းပန်းစစ်ဆေးရင် ငါက ဒီပစ္စည်း ပို့ခိုင်းတာကို ဖင်းဝန်ခံမှာပဲ၊ ဒါကြောင့်မို့ မင်းကို စကားမပြောနိုင်အောင် လုပ်ဖို့ ဆုံးဖြတ်လိုက်တာပါ"

ရှုံကူလင်သည် ကျောက်သိမ်းငှက်၏ လူမဆန်သော စိတ်ထားကို ရှုံ့မုန်းသွားလေ၏။ ကိုယ်ကျိုးကိုသာ ကြည့်သော လူသားပေတကား။ ထို့ကြောင့် ခါးခါးသီးသီး ပြန်ပြောမိလေ၏။

"ခင်ဗျားက ကျွန်တော့်ကို စကားမပြောအောင် လုပ်လိုက်ရုံနဲ့ ကျွန်တော်က အမှန်တရားကို ထုတ်ဖော် မပြောနိုင်တော့ဘူးလို့ ခင်ဗျားထင်သလား၊ ကျွန်တော့် ခြေတွေ လက်တွေကို အသုံးပြုပြီးတော့ အမှန်တရားကို ထုတ်ဖော်လို့ မရနိုင်တော့ဘူးလား"

ကျောက်သိမ်းငှက်၏မျက်နှာသည် ချက်ချင်းပင်တင်းမာ ခက်ထန်သွားလေတော့၏။

"ဘာပြောတယ်ကွ၊ မင်းဟာလွန်ခဲ့တဲ့ သုံးလေးနာရီ လောက်ကတည်းက သေသူဖြစ်ခဲ့တာကွ ငါ့ကျေးဇူးကြောင့် မင်းခုထိ အသက်ရှင်နေတာ မင်းကဘာဖြစ်လို့ ငါ့ကို ပခါ ခန့် ပြန်ဆင်ခြေတက်နေရတာလဲ"

ရှုံကူလင်ကလည်း ဆက်ဆက်ထိမခံ ပြန်ပြောသည်။

"ဘယ်လိုဖြစ်ဖြစ် ခင်ဗျားနဲ့ကျွန်တော်ဟာ အတုံ့အလှည့် ကျေးဇူးပြုရတဲ့ လူတွေပဲဗျ၊ ခင်ဗျားကျုပ်အသက် ကယ် ပေးတဲ့အတွက် ကျုပ်ကလဲ ဒီပစ္စည်းကို ကျုပ်ရဲ့သခင်မ လက်ထဲအရောက် ပို့ပေးမယ်လို့ ကတိပေးခဲ့တာပဲ၊ အဲ... ခင်ဗျားပစ္စည်း ကျုပ်သခင်မရဲ့လက်ထဲ ရောက်ချင်တယ်ဆိုရင် ကျုပ်ကို လက်ဖျားနဲ့တောင် မထိပါနဲ့၊ ဒါပဲ ပြောချင် တယ်"

ကျောက်သိမ်းငှက်၏ မျက်လုံးထဲ၌ ကောက်ကျစ်မသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။



"ကောင်းပြီ၊ မင်းကို လက်ဖျားနဲ့ မထိဘူး၊ ငါ့အိတ် ကိုသာ မင်း သခင်မရဲ့ လက်ထဲ ရောက်ပါစေ"

"စိတ်ချပါ၊ ကျုပ်အဖမ်းခံရလို့ ဘယ်လောက်ပဲညှဉ်းပန်း ညှဉ်းပန်း ဒီပစ္စည်း အပို့ခိုင်းသူကို ဖွင့်မပြောပါဘူး၊ ဒါကို ကတိပေးပါတယ်"

"ကောင်းတယ်၊ ဒါဆို သိပ်ကောင်းတာပေါ့၊ ကဲ မင်း သွားနိုင်ပြီ"

ရှုံကူလင်သည် ကျောက်သိမ်းငှက်ကို ဦးညွှတ် ဂါရဝ ပြုပြီးနောက် ကျောင်းမှထွက်ခွာလာတော့၏။ ထိုစဉ် သူ့ နောက်မှ လေးတိုးသံ ကြားလိုက်ရသဖြင့် ကျောက်သိမ်းငှက် သူ့ကိုနောက်မှ တိတ်တဆိတ် လုပ်ကြံပြီဖြစ်ကြောင်း သိလိုက် ရတော့သည်။

သူသည် တဒင်္ဂအတွင်း လှည့်၍တိုက်ခိုက်ရန် ဆုံးဖြတ် လိုက်သော်လည်း စိတ်ကူးတစ်ခုရလိုက်သဖြင့် လုံးဝမတိုက် ခိုက်တော့ဘဲ သူ့အကြောများကိုသာ တောင့်ခံထားလိုက် သည်။

သူထင်သည့်အတိုင်းပင်။ ကျောက်သိမ်းငှက်သည် သူ၏ စကားပြောနိုင်သည့် အကြောများကို နောက်မှတိတ်တဆိတ် လုပ်ကြံဆုံးပိတ်ခြင်းပင် ဖြစ်တော့သည်။ ရှုံကူလင်သည် ရှေ့သို့ မှောက်လှဲချလိုက်၏။ သို့မှသာ သဘာဝကျမည် မဟုတ်ပါ လား။

အတန်ကြာမှ ရှုံကူလင်လှည့်ကြည့်သည်။

"ဟား...ဟား...ဟား...ဟား...ဘယ်လိုလဲကွ၊ မင်းက မလောက်လေးမလောက်စားနဲ့ တယ်ပြီး ပမာမခန့်လုပ်တဲ့ ကောင်ပဲကိုးကွ၊ ခုတော့ ဘယ့်နှယ်ရှိစ၊ ဒဏ်ရာကဘယ်လို နေသေးသလဲ"

ရှုံကူလင်သည် ပါးစပ်ဟ၍ စကားပြောရန် ကြိုးစားသည်၊ သို့သော် အသံကတော့ ထွက်မလာပေ။ သူ စကား မပြောနိုင်တော့ကြောင်း ခေါင်းခါပြလိုက်လေ၏။

ကျောက်သိမ်းငှက်သည် သူ့လုပ်ရပ်ကို အလွန်တရာ ကျေနပ်ပီတိဖြစ်နေလေ၏။

"ငါက မင်း စကားမပြောနိုင်အောင်ဘဲ လုပ်တာပါ၊ ဒီပြင် အင်္ဂါအစိတ်အပိုင်းတွေကို ဘာမှမလုပ်ပါဘူးကွ၊ ဒီတော့ မင်းရဲ့သိုင်းပညာကိုလဲ မထိခိုက်ဘူးပေါ့ကွာ"

ရှုံကူလင်သည် ကျောက်သိမ်းငှက်ကို လွန်စွာ စက်ဆုပ်မုန်းတီးသွားသည်။ သို့သော် အခြေအနေအရ ခေါင်းညိတ်ပြနေရလေ၏။

ကျောက်သိမ်းငှက်က ဆက်ပြောသည်။

"မင်းသာ အစောင့်တွေကို ကျော်လွှားနိုင်ခဲ့ရင် မင်းသခင်မနဲ့မင်း တွေ့ဆုံခွင့်ရလိမ့်မယ်၊ မင်းရဲ့သခင်မက အကြံဉာဏ် ဘယ်လောက်ကောင်းတယ်ဆိုတာ ငါပြောနေဖို့မလို



ဘူး၊ မင်းသိပါလိမ့်မယ်၊ မင်းသခင်မရဲ့ အကြံဉာဏ်နဲ့ဆိုရင် မင်းဟာ သူ့ကို မုချကယ်ထုတ်နိုင်မှာပါ၊ တကယ်လို့ ကယ်မထုတ်နိုင်ဘဲ မင်းသေသွားတယ်ဆိုရင်လဲ မင်းဟာ ကိုယ့်သခင်မအပေါ် အသက်သေတဲ့အထိ သစ္စာရှိသွားတယ်လို့ ဂုဏ်ယူနိုင်တာပေါ့ကွာ"

ရှုံကူလင်မှာ ကျောက်သိမ်းငှက်၏စကားများကို အလွန်တရာ နားခါးလာမိ၏။ သူသည် စိတ်ထဲမှကျိတ်ပြောမိသည်။

"တကယ့်လူယုတ်မာပဲ၊ ကိုယ့်ကိုယ်ကိုတော့အလွတ်ရုန်းပြီး သေမယ့်လူအတွက်တော့ မသေရဲအောင် မြှောက်ပင့်ပေးနေသေးတယ်၊ ဒီလူတွေကြောင့် သိုင်းလောကကြီးပျက်စီးရင် ဘာမှအံ့သြစရာမရှိပါဘူး"

ရှုံကူလင်၏မျက်လုံးထဲမှ ခါးသည်းသော အမုန်းဓာတ်ကို ကျောက်သိမ်းငှက် သိရှိပေသည်။ သို့သော် သူသည် ရှုံကူလင် ကဲ့သို့သော လက်အောက်ငယ်သားတစ်ဦး[illegible] လူဟူ၍ လုံးဝ အသိအမှတ်မပြုသဖြင့် ပမာမခန့် တ[illegible]ားသာ ရယ်နေတော့သည်။

"မင်း ငါ့အပေါ် ဘယ်လောက်မုန်းနေတယ်ဆိုတာကို မင်းမျက်လုံးထဲက ဖော်ပြနေတယ်ကွ၊ မင်း[illegible]လောက်ပဲ မုန်းမုန်း ငါ ဂရုမစိုက်တော့ဘူး၊ မင်းကို ငါတစ်ခုပြောပြလိုက်မယ်၊ မင်းသခင်မကို ဖမ်းဆီးထားတဲ့ဘုရားကျောင်း ပတ်လည်မှာ ဌာနခွဲမှူးတွေ အသီးသီး စခန်းတစ်ခုစီချပြီး စောင့်ကြပ်နေကြတယ်၊ မင်း အသက်ရှင်ချင်သေးတယ်ဆိုရင်

တော့ အဲဒီအစောင့်တွေမသိအောင် မျက်စိရှင်ရှင် နားရှင်ရှင် ထားပြီး မင်းသခင်မကို ကယ်ပေတော့၊ မင်းအသက်ကို ငါ ကယ်ခဲ့တဲ့ကျေးဇူးအတွက်တော့ အဲဒီအိတ်ကို မင်းသခင်မရဲ့ လက်ထဲအရောက် အပ်လိုက်ပေါ့ကွာ"။

ရုံကူလင်သည် မလွှဲမရှောင်သာသဖြင့် နာခံရသောမျက်နှာ အမူအရာဖြင့် ခေါင်းညိတ်ပြပြီး ထွက်ခွာသွားလေတော့၏။ မကြာမီ ကျောက်သိမ်းငှက်နှင့်သူသည် တစ်ယောက်နှင့် တစ်ယောက် မမြင်နိုင်သောအကွာအဝေးသို့ ရောက်ရှိသွားလေတော့သတည်း။

# အခန်း ( ၉၅ )

## ပြေးစရာမြေ

ရုံကူလင်သည် လူသွားလမ်းကို တတ်နိုင်သမျှရှောင်ကြဉ်ပြီး လမ်းမရှိသော ဝါးတောထဲမှ ဖြတ်သန်း၍သွားသည်။ ခြေသံလုံလုံနင်းသဖြင့် သူ့ခြေသံကို ရန်သူကင်းသမားများလည်း မကြားနိုင်ကြတော့ပေ။

ရုံကူလင်သည် အလောတကြီးမလှုပ်ရှားပေ။ ဖြည်းဖြည်းမှန်မှန်သာသာ လှုပ်ရှား၏။ နားနားနေနေ စိတ်ရှည်ရှည် ခရီးဆက်သည်။ မကြာမီ သူသည် တောင်ကုန်း၏ခြေရင်းသို့ ရောက်ရှိလာလေ၏။

တောင်ခြေ၌ အစောင့်တစ်ယောက် တွေ့သည်။ အဲအစောင့်သည် သူ့ကို လုံးဝသတိမပြုမိပေ။ ထို့ကြောင့် ထိုအစောင့်ကို သည်သို့မျှ နှုတ်မပေးတော့ဘဲ နောက်ပိုင်းမှ အသာကြိတ်ကျော် တက်လာခဲ့၏။

မကြာမီ သူသည် တောင်ကုန်း၏ အလယ်သို့ ရောက်ရှိလာ၏။ သူတို့ အဝေးမှမြင်ခဲ့ရသော မီးအိမ်ကိုလည်း တွေ့ရသည်။ မီးအိမ်သည် တောင်ကုန်း၏ ခါးလယ်၌ ပေါက်နေသည့် သစ်ပင်တစ်ပင်ထိပ်ဖျား၌ ဝါးတိုင်တစ်တိုင် ထောင်၍ ထွန်းညှိထားခြင်းဖြစ်သည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ထွန်းညှိထားသည်ကိုတော့ ရုံကူလင် မသိပေ။

သူသည် တဖြည်းဖြည်း ဝပ်တွားရဲ့ တက်လာ၏။ ကျောက်တုံးများကို အကာအကွယ်ယူ၍ တက်လာ၏။ သူ့ကျောက်တုံးတစ်တုံး၏အကွယ်မှ တခြားကျောက်တုံးတစ်တုံး၏နောက်သို့ ကူးမည်အလုပ်တွင် လူရိပ်တစ်ရိပ် မြင်လိုက်ရသဖြင့် ကျောက်တုံး၏နောက်ကွယ်၌ ပြန်လည် ပုန်းလျှိုးလိုက်ရသည်။

သူ အသေအချာ ကြည့်လိုက်သောအခါ အစောင့်တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက် ဖြစ်နေကြောင်း တွေ့ရှိလိုက်ရသည်။ တစ်ယောက်သည် မိုင်းဘစ်ချောင်း ကိုင်ထားပြီး ကျန်တစ်ယောက်က ‚ လေးနှင့်မြားကို ကိုင်ထား၏။

ဤအစောင့်နှစ်ယောက်ကို သုတ်သင်ပြီးလျှင် တစ်ဖက်တောင်စောင်း၏ အောက်ဘက်ရှိ ဘုရားကျောင်းသို့သွား၍ရပေပြီ၊ သို့သော် ဤအစောင့်နှစ်ယောက်ကို ပီပီရိရိ မသတ်နိုင်ခဲ့ပြန်လျှင် ဤဘုရားကျောင်းပတ်လည်ရှိ အစောင့်အသီးသီးအား တပ်လှန့်နှိုးဆော်လိုက်သလို ဖြစ်သွားမည်ကလည်း သေချာနေသည်။



ရုံကူလင်သည် ထိုနှစ်ယောက်ကို သတ်လည်းမသတ်ချင်၊ သူ အစဉ်းစားရကျပ်နေစဉ်မှာပင် သူ့ရှေ့၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် သူ အံ့ဩသွားတော့သည်၊

ထိုလူရိပ်ကို သူ မြင်သကဲ့သို့ အစောင့်နှစ်ယောက်လည်း မြင်တွေ့ပုံရသည်။

“ဟေ့....ဘယ်သူလဲ”

အစောင့် နှစ်ယောက်က အော်လိုက်၏။ ထိုလူသည် ခပ်လှမ်းလှမ်း ကျောက်တုံးတစ်တုံး၏နောက်ကွယ်၌ ပျောက်ကွယ်သွား၏။

ထိုသူ မည်သူနည်း။

ရုံကူလင်သည် သူကဲ့သို့ အခြားသူတစ်ယောက် ချဉ်းကပ်လာခြင်းအတွက် ‚အလွန်အံ့ဩမိသည်။ ထိုလူ မည်သူနည်း။ ထိုလူသည် ဆရာကြီးပိုင်ရှင် သို့မဟုတ် ဆရာကြီးပိုင်ရှင်က စေလွှတ်ခဲ့သောလူဖြစ်လျှင် သူ့အား အဘယ်ကြောင့် မဆက်သွယ်သနည်း။ အကယ်၍ ဆရာကြီးပိုင်ရှင် သို့မဟုတ် ဆရာကြီးပိုင်ရှင်က စေလွှတ်သော အထောက်တော် မဟုတ်လျှင် မည်သူနည်း။ အဘယ်ကြောင့် သူ ပုန်းလျှိုးကွယ်လျှိုး လိုက်လာသကဲ့သို့ လိုက်လာရသနည်း။

ထိုစဉ် လေးနှင့်မြား ကိုင်ဆောင်ထားသည့် အစောင့်က လှမ်း၍အော်ဟစ်လေ၏။

"ဘယ်သူလဲဟေ့.... ထွက်ဆိုရင် ထွက်ခဲ့နော်၊ မထွက်လို့ ဒိုက်ပစ်လိုက်ရင် အဆိုးမဆိုနဲ့"

အစောင့်နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် အချက်ပြသလို ခေါင်းညိတ်လိုက်၏။ နှစ်ယောက်စလုံး ဝဲယာဘက်သို့ ခွဲခွာပြီး ထိုလူပုန်းအောင်းနေသည့် ကျောက်တုံးဆီသို့ ဖြည်းညင်းစွာ ချဉ်းကပ်လာကြ၏။

ရုံကူလင်သည် ထိုအစောင့်နှစ်ယောက်၏အဆင်ခြင်ကင်းမဲ့မှုအတွက် စိတ်ထဲမှကျိတ်၍အပြစ်တင်နေမိသည်။ ထို့နောက်မှ သူ့အတွက် သူတွေးပြီး စိတ်ကိုဖြေရသည်။

"အေးလေ....ဒီနှစ်ယောက်သေလဲ အေးတာပဲ၊ ဝါ့အဖို့ ဒုက္ခမရောက်တော့ဘူးပေါ့၊ သိုင်းသမားတွေလုပ်ပြီး ရန်သူကို ဒီလိုရှာဖွေဖမ်းဆီးလို့ ရမလား၊ နောက်ပြီး သူတို့လက်ထဲက လက်နက်တွေဟာ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်မယ့် လက်နက်တွေမဟုတ်ဘူး"

ရုံကူလင်၏ အတွေးမဆုံးမီမှာပင် လေတိုးသံများ ကြားလိုက်ရပြီးနောက် ထိုအစောင့်နှစ်ယောက်စလုံး အတုံးအရုံး လဲကျသွားကြတော့သည်။

ကျောက်တုံးအကွယ်၌ပုန်းလျှိုးနေသောလူသည် အစောင့်နှစ်ယောက် တကယ်တမ်း သေ မသေကိုပင် စစ်ဆေးမနေတော့ဘဲ ဘုရားကျောင်းပျက်ရှိရာသို့ တောင်ကုန်းပေါ်မှဆင်းပြေးသွားလေတော့၏။



ရုံကူလင်သည် ထိုလူကို အသေအချာ ကြည့်လိုက်၏။ ထိုလူသည် တစ်ကိုယ်လုံး ဝတ်ရုံနက်ကြီးဖြင့် လွှမ်းခြုံထား၏။ ရုပ်ဖျက်ထားသည်မှာ သေချာပေပြီ။

ရုံကူလင်သည်း အချိန်ကုန်မခံတော့ဘဲ အချိန်သင့် အခါသင့် ထိုလူနောက်မှ ခုန်ပျံပြေးလိုက်သွားတော့သည်။ သို့သော် ဝတ်ရုံအမည်းကို လွှမ်းခြုံထားသည့်လူမှာ မျက်စိအောက်မှ ပျောက်သွားသည်။

သူသည် ဘုရားကျောင်းပျက်၏ ခေါင်မိုးပေါ်တွင် တက်ရောက်ပုန်းအောင်းလိုက်သည်။ ဘုရားကျောင်းပျက်မှာ နှစ်ထပ်ဖြစ်ရာ အောက်ထပ်၌ ထူးထူးခြားခြား မီးများလင်းထိန်လာကြောင်း တွေ့ရလေ၏။

ထို့ကြောင့် ရုံကူလင်သည် အထူး သတိဝီရိယထားနေရလေသည်။

သူ သတိထားတော့မှပင် ခက်ထန်မာကျောသော အသံတစ်သံ ထွက်ပေါ်လာခဲ့ပေတော့သည်။

"ဘုရားကျောင်းပျက်ပေါ်က မိတ်ဆွေ... အောက်ဆင်းလာခဲ့ပါ၊ ခေါင်မိုးဟာ ပုန်းကွယ်စရာ နေရာမဟုတ်ပါဘူး"

ရုံကူလင် အံ့ဩသွားတော့သည်။ မထူးတော့သည် နှင့် ပုန်းကျိုးကွယ်လျှိုး မလုပ်တော့ဘဲ ခေါင်မိုးပေါ်မှ ခုန်ချလိုက်တော့သည်။

အနက်ရောင် သိုင်းဝတ်စုံဝတ်ဆင်ထားသည့် အဘိုးကြီး တစ်ယောက် ပေါ်လာသည်။ သူ့လက်ထဲ၌ ဓားတစ်ချောင်း ရှိနေ၏။ အနီးသို့ ချဉ်းကပ်လာပြီး အကဲခတ်လေ၏။

သူ့မျက်စိရှေ့၌ နုပျိုသော လူငယ်ကလေးတစ်ဦးအား တွေ့လိုက်ရသောအခါ အံ့အားသင့်သွားသည်။

အဘိုးအိုက....

"ဒီနေရာက လူသူ အရိပ်မတန်ခေါင်တဲ့ နေရာပဲ၊ ယူချင် ဘက်ချင် ခိုးချင်လို့လဲ ဘာမှအကျိုးမရှိနိုင်တဲ့နေရာပါ၊ ဒီ့ပြင် ဘာကိစ္စရှိနေသေးလဲ"

အဘိုးအိုသည် သူ့အား သူခိုးဓားပြထင်နေပြီဖြစ်ကြောင်း တွေးမိသည်။

"ကျွန်တော် သူခိုးမဟုတ်ပါဘူးခင်ဗျာ၊ ဒီဘုရားကျောင်း ပျက်ထဲမှာ ဘာမှ ခိုးလို့ရမှာမှမဟုတ်တဲ"

"ဘာကိစ္စနဲ့ လာတာလဲ"

"ကျွန်တော် လူတစ်ယောက်ကို တွေ့ချင်လို့ပါ"

"ဘယ်သူလဲ"

"ရန်ကြူမေဆိုတဲ့ တတိယသခင်မပါ ခင်ဗျာ"

ထိုစကားကြောင့် အဘိုးအိုမှာထခုန်မိမတတ်ဖြစ်သွား၏။

"မင်း....မင်း....ဘယ်သူလဲ"



ရှုံကူလင်သည် ဘုရားကျောင်းပျက် ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်း ဖြစ်နေသဖြင့် ထိုအချက်ကို အကဲခတ်ပြီး သူ့ဓားပတ်လည်၌ ရန်သူမည်မျှ ဝန်းရံ ပိတ်ဆို့ထားလေ မည်နည်းဟု တွေးနေမိသည်။

ထိုစဉ် အဘိုးအိုက ခက်ထန်စွာ မေးလိုက်ပြန်၏။

"ဟေ့....ငါမေးနေတာ မကြားဘူးလား၊ မင်း ဘယ်သူ လဲ"

ရှုံကူလင်က ခပ်အေးအေးပင် ဖြေလိုက်သည်။

"ကျွန်တော်က တတိယသခင်မရဲ့ လက်အောက်ငယ်သား တစ်ယောက်ပါ ခင်ဗျာ"

အဘိုးအို မျက်နှာပျက်သွား၏။

"မင်းဟာ အတင့်ရဲတဲ့ အကောင်ပဲ၊ တတိယသခင်မကို ငါတို့ ဘာဖြစ်လို့ ဖမ်းထားတယ်ဆိုတာ နည်းနည်းလေးမှ တောင် သတင်းစကား မကြားသိဘူးလား၊ သူဟာ ငါတို့ အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးကို သစ္စာဖောက်တဲ့သူကွ၊ ဒါ ကြောင့် ဖမ်းထားတာ၊ မင်း အတော် အတင့်ရဲပါလား"

"ဟုတ်ကဲ့....ကျွန်တော်တို့သခင်မ ဒုက္ခရောက်နေတဲ့အချိန် မှာ ပစ်ထားလို့ ဘယ်တရားပါ့မလဲဗျာ၊ သစ္စာရှိရာ ဘယ်ကျ ပါ့မလဲ၊ ကျွန်တော့်အနေနဲ့ကလဲ ခဏတစ်ဖြုတ် တွေ့ရုံပါ၊ တွေ့ပြီးရင် ကျွန်တော် ပြန်သွားပါ့မယ်"

ရှုံကူလင်သည် စကားဆုံးသည်နှင့် အဘိုးအိုး၏လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက်၏၊ အဘိုးအိုမှာ သိုင်းပညာ ညံ့သူမဟုတ်၍ ရှုံကူလင်၏ ဖမ်းဆီးခြင်းကို လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်သည်။

ရှုံကူလင်သည် လက်နက်မထုတ်လျှင် မဖြစ်တော့သည်နှင့် ဓားကို ထုတ်ကာ ဆင့်ကဲဆင့်ကဲ သုံးကွက် တိုက်ခိုက်လေတော့၏၊ အဘိုးအိုသည် ပထမနှင့် ဒုတိယ တစ်ကွက်စီကို ရှောင်တိမ်းနိုင်သော်လည်း တတိယအကွက်ကိုမူ မရှောင်တိမ်းနိုင်တော့ချေ။

ရှုံကူလင်အနေဖြင့် အဘိုးအို၏ လက်မောင်းကို ခုတ်ပိုင်းနိုင်သော်လည်း သူ၏ စာနာညှာတာတတ်သော စိတ်ဓာတ်ကြောင့် ခုတ်ပိုင်းခြင်းမပြုဘဲ အနည်းငယ်သာ ဒဏ်ရာရစေခဲ့သည်၊ တစ်ပြိုင်တည်းလိုလိုပင် အဘိုးအို၏လက်ကောက်ဝတ်ကို ဖမ်းဆီးဆုပ်ကိုင်လိုက်လေတော့၏၊

ရှုံကူလင်က လေသံကုန်နှိမ့်၍....

"ခင်ဗျား အသက်ရှင်ချင်သေးတယ် ဆိုရင်တော့ ကျွန်တော့်စကား နားထောင်ပါ"

ထိုစဉ်....

"ရှီး....ရှီး....ရှီး"

"ရှစ်....ရှစ်....ရှစ်"



လေထုကို ဆောင့်မြည် ဖြတ်သန်းလာသော အရာများကြောင့် ရှုံကူလင်သည် သူ၏ဓားကို ဓားစကြာဖြန့်လိုက်၏။ မြားတံများသည် ဖြတ်တောက် လွင့်စဉ် ကုန်လေတော့၏။

ရှုံကူလင်သည် တစ်ဖက်က အဘိုးအို၏ လက်ကောက်ဝတ်ကို ဆုပ်ညှစ်လိုက်ပြီး....

"ခင်ဗျားလူတွေကို အပစ်ရပ်ခိုင်းလိုက်၊ မရပ်လို့ကတော့ မလွယ်ဘူး၊ နောက်ဆုံးပြောမရရင်တော့ ခင်ဗျားကို ဓားကြားပိတ်ပြီး ရှေ့က ထိုးခံပေးလိုက်ရမှာပဲ"

အဘိုးအိုသည် ရှုံကူလင် တကယ် ပြောနေကြောင်း ရိပ်မိ၏၊ ထို့ကြောင့် ချက်ချင်းပင်အော်ဟစ် အမိန့်ပေးလိုက်တော့သည်၊

"ဟေ့....ရပ်လိုက်"

မြားတံများ ရပ်ဆိုင်းသွားသည်၊ သည်နေရာ၌ ဆက်၍ ရပ်နေပါက ဘေးမကင်းကြောင်း သိလိုက်သဖြင့် သို့ပန်း အဘိုးအိုအား အကျပ်ကိုင်ရတော့သည်၊

"ခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ...ဒီတစ်ခါလဲ ဆက်ပြီးအကူအညီပေးပါဦး၊ ကျွန်တော်ကို သခင်မဆီခေါ်သွားပေးပါ၊ ကျွန်တော့်မေတ္တာရပ်ခံချက်ကို ခင်ဗျားမနာခံရင် ခင်ဗျားရဲ့ ခြေအောက် အကြောတွေကို ဖြတ်ပစ်လိုက်မယ်၊ ခင်ဗျား ကျွန်တော်ပြောတာမယုံမရှိပါနဲ့၊ နောက်မှ နောင်တရနေရင်အပိုပါပဲ"

အဘိုးအိုသည် ရုံကူလင်ကို တစ်ချက် လှည့်ကြည့်လိုက်၏။ ပြောသည့်အတိုင်း လုပ်နိုင်ကြောင်း ရိပ်မိသောအခါ အဘိုးအိုသည် ငြင်းဆန်ခြင်းမရှိဘဲ ရှေ့မှ ထွက်သွားလေ၏။ ရုံကူလင်က လက်ကို ချုပ်ကိုင်ထားပြီး နောက်မှလိုက်လေ၏။

အဘိုးအိုသည် ရုံကူလင်အား ဘုရားကျောင်းပျက်အောက်ဆီသို့ ခေါ်ဆောင်လာ၏။ အောက်ထပ်၌ မီးများထိန်ထိန်လင်းနေသော်လည်း အပေါ်ထပ်တွင်မူ မှောင်မည်းနေကြောင်း ရုံကူလင်သတိပြုမိသည်။

ရုံကူလင်က တိုးတိုးမေးလိုက်သည်။

"တတိယသခင်မ ဘယ်မှာရှိသလဲ"

"အပေါ်ထပ်က အခန်းတစ်ခန်းထဲမှာပါ၊ မင်း တက်သာတက်သွားပါ၊ သူ့ကို တန်းတွေ့နိုင်ပါတယ်"

"အပေါ်မှာ ထောင်ချောက်တွေ ဘာတွေ ရှိသေးသလား"

"မရှိပါဘူး"

ရုံကူလင်သည် အဘိုးအို၏ စကားကို အယုံအကြည်မရှိပေ။ ထို့ကြောင့် အသေအချာ ထပ်မေးလေ၏။

"သေချာရဲ့လား"

"သေချာပါတယ်၊ မင်းကို ဝါ မလိမ်ပါဘူး"



"ကောင်းပြီ၊ ခင်ဗျားကို ဒီမှာ အကြောပိတ်ထားခဲ့မယ်၊ ကျွန်တော် ပြန်လာတဲ့အခါကျမှ ပြန်လွှတ်ပေးမယ်"

ရုံကူလင်သည် အဘိုးအိုကို အကြောပိတ်ပစ်လိုက်၏။ ထို့နောက် အပေါ်ထပ်သို့ တက်လေတော့၏။ အပေါ်ထပ်၌ မှောင်နှင့်မည်းမည်း ဖြစ်နေသဖြင့် ရုံကူလင်သည် မျက်စိကျင့်သားရအောင် ခေတ္တခဏစောင့်နေလိုက်၏၊ ကျင့်သားရသောအခါမှ အပေါ်ထပ် အခြေအနေကို လိုက်လံကြည့်ရှုသည်။

အပေါ်ထပ်၌ အခန်းတစ်ခန်းရှိနေကြောင်း တွေ့ရသောအခါ သူသည် တဖြည်းဖြည်း ချဉ်းကပ်လျက် ခပ်တိုးတိုး ခေါ်လိုက်၏။

"တတိယသခင်မ....တတိယသခင်မ"

အမှောင်ထဲမှ နူးညံ့ပျော့ပျောင်းသည့် မိန်းမသံတစ်သံ ထွက်ပေါ်လာ၏။

"ဘယ်သူလဲ"

"ကျွန်တော် ရုံကူလင်ပဲဗျို့၊ ခင်ဗျားကကော တတိယသခင်မ ရန်ကြူမေဟုတ်ရဲ့လား"

"ရှင့်မှာ မီးပါသလား၊ မီးထွန်းလိုက်ပါလား၊ အခုစောင့်တွေ မမြင်နိုင်ဘူးရှင့်"

ရုံကူလင်က....

"ခက်တာပဲဗျာ၊ ကျွန်တော့်မှာ ဘာမှ ပါမလာဘူးဗျ"

ထိုစဉ် မီးရောင် ပြတ်ခနဲလက်သွားပြီး အတော်အတန် လင်းသွား၏။

"ကျုပ်ဆီမှာ မီးပါပါတယ်"

လူတစ်ယောက် အခန်းထောင့်မှထွက်လာသည်။ မျက်နှာသည်မှာ အကြီးအကျယ် ထိတ်လန့်သွား၏၊ အဘယ်ကြောင့် ဆိုသော် ထိုလူသည် တစ်ကိုယ်လုံးကို ဝတ်ရုံနက်ကြီးဖြင့် လွှမ်းခြုံထားသောကြောင့်ပေတည်း။ မျက်နှာကိုပင်မမြင်ရချေ။

ထိုလူကိုင်ထားသည့် မီးရောင်ကြောင့် အခန်းထဲမှ အမျိုးသမီးကို ထင်ထင်ရှားရှားမြင်လာရသည်။ သူမ၏ဆံပင်များသည် ကိုယ်လုံးပေါ်သို့ဖားလျားကျနေ၏။ ဒဏ်ရာများ ရထားသည်မှာ သေချာနေပေပြီ။

သူမသည် နံရံကို ကျောဖြင့်မှီ၍ ရပ်နေလေ၏။

ရုံကူလင်သည် အချုပ်ခန်းမဟုတ်ခြင်း၊ သော့ခတ်မထားခြင်းစသည်တို့ကို တွေ့ရသဖြင့် အံ့သြသွားသည်။ ထို့ကြောင့်ပင် ရန်ကြူမေကို အသေအချာလေ့လာမိသည်။ ထိုအခါကျမှ ရန်ကြူမေကိုအဘယ်ကြောင့်လွတ်လပ်စွာထားသည်ကို တွေ့ရှိရလေတော့၏။

ရန်ကြူမေ၏ လက်နှစ်ဖက်ကို အဖြူရောင်ကြိုးဖြင့် ချည်နှောင်ထားပြီး ထိုကြိုးကို နံရံရှိ သံချိတ်တစ်ခု၌ ချိတ်ဆွဲထားကြောင်း တွေ့ရှိရသည်။

အမည်းရောင် ဝတ်ရုံကြီး လွှမ်းခြုံထားသည့် လူသည် ရန်ကြူမေထံသို့ ခုန်ဝင်သွားပြီး အဖြူရောင်ကြိုးကို သူ့ဓားဖြင့် ဖြတ်တောက်ခုတ်ပိုင်းလိုက်လေ၏။

ဆံပင်များ ဖားလျားကျနေသည့် ရန်ကြူမေက လေသံမှန်မှန်ဖြင့် လှမ်းပြောသည်။



"ဒီကြိုးက 'နတ်ပိုးချည်ကြိုးပါ'၊ အစ်ကိုဘယ်လောက်ပဲ ခုတ်ခုတ် ဖြတ်ဖြတ် ပြတ်မှာမဟုတ်ပါဘူး"

ဝတ်ရုံနက်လွှမ်းခြုံထားသူသည် အံ့သြသွားဟန်ဖြင့် သူ့ခေါင်းပေါ်မှ ဝတ်ရုံကြီးကို ဖယ်ရှားပစ်လိုက်သည်။ ဖြူဖျော့သောမျက်နှာ ပေါ်လာသည်။ ထိုသူကား ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူးသာတည်း။

"ကြူမေက အစ်ကိုမှန်း ဘယ်လိုလုပ်သိနေတာလဲ"

ကျောက်သိမ်းငှက်သည် သူ့ဓားကို ဓားအိမ်ထဲသို့ ပြန်လည် ထည့်သွင်း သိမ်းဆည်းလိုက်လေ၏။

ရန်ကြူမေက ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်ပြီး....

"ဒါတွေကအသေးအဖွဲတွေပါ၊ ဒီနေရာဟာ အင်မတန် အန္တရာယ်များတဲ့နေရာပါ၊ အစ်ကို အနေနဲ့ လွတ်ကင်းရာကို ခပ်မြန်မြန်သွားပါလို့ ကျွန်မ တောင်းပန်ပါတယ်"

ရုံကူလင်သည် သူ့အား တစ်ပတ်ရိုက်ရန် ကြံသော ကျောက်သိမ်းငှက်ထံသို့ အိတ်ကိုပြန်ပေးလိုက်သည်။

"ရော့....ခင်ဗျားရဲ့အိတ်၊ တတိယသခင်မကို ခင်ဗျား ဘာသာ ပေးလို့ရပြီ၊ ကျုပ်တာဝန်လဲကျေပြီ"

ကျောက်သိမ်းငှက်သည် ရုံကူလင်အား မည်သည့်စကားမျှ မပြောတော့ဘဲ ရန်ကြူမေဘက်သို့ လှည့်လိုက်၏။

"ကြူမေ၊ ဒီဘုရားကျောင်းပျက်ဒေသဟာ ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ မင်းလဲသိတယ်၊ ငါလဲသိတယ်၊ ဒီနေရာကို ငါ ဘာကြောင့် အရဲစွန့်ပြီး လာတယ်ဆိုတာ မင်းသိပါတယ်နော်"

"ဟုတ်ကဲ့....ကျွန်မမှာ ကယ်မယ့်သူမရှိ ကူမယ့်သူမရှိ ဖြစ်နေချိန်မှာ ခုလို လာကြည့်တဲ့အတွက် ကျွန်မ အများကြီး ကျေးဇူးတင်ပါတယ်"

ကျောက်သိမ်းငှက်က ခါးသည်းစွာပြောလေ၏။

"ဒီလို ကျေးဇူးတင်မှုကလေး အတွက်လောက်နဲ့တော့ ငါမလာပါဘူး ကြူမေ"

ရန်ကြူမေသည် ဒဏ်ရာအပြင်းအထန် ရထားသည့်တိုင် စိတ်ဓာတ်ကျနေဟန်မတူပေ။ သူမကပြုံးလျက်ပြန်မေးလေ၏။

"ဒါဖြင့် အစ်ကိုက ဘာများလိုချင်သေးလို့လဲရှင့်"

"ဟင်....ကြူမေက ငါ့အပေါ် ခုထိနားမလည်သေးဘူးလား၊ တကယ်တော့ ငါဟာ ကြူမေအပေါ်...."

ရန်ကြူမေက ကပျာကယာဖြတ်၍ပြောလိုက်၏။

"ဟုတ်ကဲ့....ခုနှစ်တွေအတွင်းမှာ ကျွန်မအနေနဲ့ အစ်ကို့အပေါ် လျစ်လျူပြုသလို ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်၊ ဒီအတွက် စိတ်မကောင်းပါဘူးရှင်"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးမှာ စိတ်လှုပ်ရှားစွာဖြင့် ရွှေသို့ တစ်လှမ်းတိုးလာ၏။

"ကြူမေ"

"ရှင်....အစ်ကို ဘာပြောမလို့လဲ"

"အစ်ကိုကြီး ဒီကို လာတွေ့ဖူးသလား"

"ဟင့်အင်း....တစ်ခါမှ မလာပါဘူး"

"ကြူမေ လှုပ်လှုပ်ရှားရှား လုပ်နိုင်ရဲ့လား"

"အစ်ကို ဘာလုပ်မလို့လဲ"



"ဒီ[illegible]ကြီးဟာ အကျယ်ကြီးပါ ကြူမေရယ်၊ ငါနဲ့ ကြူမေတို့ သွားစရာခနရာတွေ အများကြီးရှိနေတယ်လို့ ငါ ယူဆပါတယ်"

"အစ်ကို့စေတနာကို ကျွန်မယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ အဖွဲ့ချုပ်ခေါင်းဆောင်ကြီးကိုတော့ အဲဒီလောက် အထင်မသေးပါနဲ့၊ သူ့သူလျှိုတွေ လက်ထောက်တွေဟာ တရုတ်ပြည်တစ်ပြည်လုံးမှာဘောင်မကဘူး၊တခြားရေခြားမြေခြားမှာတောင် ရှိနေတယ်လို့ ယူဆရပါတယ်၊ ဒီတော့ ကျွန်မတို့အနေနဲ့ စားစရာလဲဆန်မရှိ၊ ပြေးစရာလဲ မြေမရှိဆိုတာလို ဖြစ်မှာသေချာပါတယ်၊ ကျွန်မအတွက်နဲ့ အစ်ကို ဒုက္ခအရောက်မခံပါနဲ့တော့၊ အခုနေ ဘယ်သူမှ မလာခင် မြန်မြန်ထွက်သွားပါလို့ မေတ္တာရပ်ခံပါရစေ"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးက ခါးသည်းစွာခေါင်းခါလိုက်၏။

"ဩော်....အစ်ကိုဟာ နသက်ထိကိုယ့်အခြေအနေကိုယ် မရိပ်မိသေးပါလား၊ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဟာ ကျွန်မတို့အပေါ်မှာ အစကတည်းက တစ်ခုခုနဲ့ကြိုတင်ပြီး မကောင်းကြံစည်ထားတယ်လေ"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးမှာ ထိုအခါကျမှ အထိတ်တလန့် ဖြစ်သွားလေတော့၏။

"ဘာ....မင်းဆိုလိုတာက ငါတို့ကို အဆိပ်တစ်မျိုးမျိုး ကျွေးထားတယ်လို့ ဆိုလိုတာလား"

## အခန်း( ၄၆ )

### ရုပ်ပြောင်းသွားသောလူ

ဘုရားကျောင်းပျက်အတွင်း၌ ယခုအချိန်အထိ ရှုံကူလင်တို့မှာ ဘေးကင်းရန်ကင်း ရှိနေဆဲဖြစ်၏။ ကျောက်သိမ်းငှက်သည် ရန်ကြူမေ၏ စကားကြောင့် အတော်ကလေး အထိတ်တလန့်ဖြစ်သွားရှာသည်။ ရန်ကြူမေကမူ ထိုအချက်များအားလုံးကို ကြိုတင်သိထားသူပမာ အေးအေးဆေးဆေးပင် ရှိနေလေ၏။

ရန်ကြူမေက....

"ကျွန်မအနေနဲ့ ဒီလို အတိအကျ ဆိုလိုတာတော့လဲ မဟုတ်ပါဘူး"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးက....



"ဒါဖြင့် ဘာများလဲကွာ၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါလို့ ငါတောင်းပန်ပါတယ်"

ရန်ကြူမေ၏ လေသံက ရုတ်တရက် လေးနက်လာသည်။

"ကျွန်မတို့အဖွဲ့ချုပ်မှာ သိမ်းငှက်နှစ်ကောင်နဲ့ အမဲလိုက်ခွေးလေးကောင် မွေးထားတာက အစ်ကိုသိရဲ့လား"

"ဒါတော့ သိပါတယ်"

"ကျွန်မတို့ရဲ့ အဖွဲ့ထဲကနေ ဆန့်ကျင်ထွက်ပြေးသွားတဲ့ ကျွန်မတို့ရဲဘော်ရဲဘက်တွေ ဘေးရန်ကင်းကင်း လွတ်မြောက်သွားဖူးတယ်လို့ကော အစ်ကို ကြားမိသလား"

"ဟင့်အင်း....မကြားမိဘူး"

"အဲဒါပဲ၊ အဲဒီအချက်ကို ကျွန်မ တော်တော်ကလေး အချိန်ပေး လေ့လာခဲ့ဖူးပါတယ်၊ ကျွန်မတို့ရဲ့ ရဲဘော်ရဲဘက်တွေ ဘာဖြစ်လို့ မလွတ်မြောက်ရသလဲဆိုတော့ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်မှာ ထူးဆန်းတဲ့ အနံ့တစ်မျိုး ထွက်ပေါ်နေလို့ဆိုတာ ကျွန်မ သွားစဉ်းစားမိပါတယ်"

ထိုစဉ် အလွန်တရာ လင်းလက်ဖြာသော မီးရောင်သည် အပေါ်ဆင် တစ်ထပ်လုံးသို့ ဖြန့်ကျက် လွှမ်းမိုးလာလေ၏။

"ဟော [illegible]... မင်း ရှေ့ပေတော့"

ကျောက်သိမ်းငှက်ရှင်သည် ဘာဘာညာညာမပြောတော့ဘဲ ရှုံကူလင်အား ရုတ်တရက် ထိုးရုတ်တိုက်ခိုက်လေတော့၏။

ရှုံကူလင်မှာ သေလုမျောပါး ရှောင်တိမ်းလိုက်ရသဖြင့် သီသီကလေး လွတ်မြောက်သွားသည်။

"ခင်ဗျား ဘယ့်နှယ်လုပ်တာလဲဗျ"

ကျောက်သိမ်းငှက်ရှင်သည် ရုံကူလင်အားစကားပြောခွင့် မပေးတော့ပေ။ အဆက်မပြတ် ရက်ရက်စက်စက် တိုးခုတ် တိုက်ခိုက်တော့သည်။ အကယ်၍ ရုံကူလင်သာ သိုင်းပညာ မထက်မြက်ခဲ့ပါလျှင် ယခုအချိန်၌ အသက်နှင့်ကိုယ် အိုးစားကွဲလောက်ပေပြီ။

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးသည် မနားတမ်း ဆက်လက် တိုးခုတ်သဖြင့် ရုံကူလင်မှာ မတတ်သာဘဲ ခုခံနေရတော့သည်။ ရုံကူလင်၏သိုင်းပညာနှင့် အတွင်းအားကောင်းပုံကို သိရှိသွားသော ကျောက်သိမ်းငှက်သည် ရုံကူလင်အပေါ်၌ သံသယ ဝင်သွားလေတော့၏။

"ဒီကောင် ဘယ်သူလဲမသိဘူး၊ ကြုမေရဲ့သက်အောက် ကတော့ မဖြစ်နိုင်ဘူး"

သူသည် ခါးကွက်လေးကွက် ထုတ်လိုက်ရာ ရုံကူလင်က လေးကွက်စလုံးကို ကောင်းစွာ ခုခံနိုင်သည်။ ထိုစဉ် အနက် ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူများက သူတို့ရှိရာသို့ ခပ်သွက်သွက် လျှောက်လာနေတော့၏။

ထိုသူများ၏နောက်မှ ပိုးဝတ်စုံ ဝတ်ဆင်ထားသည့် မုတ်ဆိတ်ရှည်ရှည်လူတစ်ယောက်ခန့်ညားစွာ လိုက်ပါလာသည်။

ထိုသူက....

"ဟေ့....ရပ်လိုက်ကြစမ်း"

ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူးသည် ခုန်ဆုတ်သွား၏။ သို့အတွက် ရုံကူလင်အနေဖြင့် ထပ်မံ တိုက်ခိုက်ရန် မလိုအပ် တော့ပေ။



ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူးက ပိုးဝတ်ရုံရှည်နှင့်လူကို ဦးညွတ်ဂါရဝပြု၏။

ပိုးဝတ်ရုံရှည်နှင့်လူ၏ မျက်နှာ၌ တင်းမာခက်ထန်မှုသာ လွှမ်းမိုးနေသည်။

"မင်း ဒီကိုဘာလာလုပ်တာလဲ၊ မင်းနဲ့ ဒီနေရာနဲ့ ဘယ်လိုမှ ပတ်သက်စရာမရှိဘူး"

ကျောက်သိမ်းငှက် ရိုသေကျိုးနွံစွာ ပြောသေး၏။

"ကျွန်တော် အကြောင်းမဲ့လာတာ မဟုတ်ပါဘူး အစ်ကို ကြီး၊ ဟောဒီကောင်နောက်ခြေရာခကောက်လိုက်လာတာပါ"

အစ်ကိုကြီး ဆိုသူက....

"မင်း ဘယ်သွားသွား ဘယ်လာလာ အခြံအရံက သိပ် များတယ်၊ ရန်သူ့နောက် လိုက်လာတာတောင် တစ်ယောက် တည်းဆိုတော့ ဟုတ်ပါ့မလား"

ကျောက်သိမ်းငှက်အမြေကာ ရှင်းသည်။

"ဟုတ်ကဲ့.... ကျွန်တော့် အနေနဲ့က ဒီကိုလာဖို့ဟုတ်ပါ ဘူး၊ နှင်းဘောင် သွားမလို့ပါ၊ လမ်းခုလတ်မှာ ဒီကောင့်ကို ကျွန်တော်တို့ နယ်ထဲ ဝင်လာတာ တွေ့တာနဲ့ မသင်္ကာလို့ နောက်ယောင်ခံလိုက်လာတာပါ"

အစ်ကိုကြီးဆိုသူက ဟဟားဟားရယ်ရင်း....

"ဘယ်ဟုတ်ပါကလားဟေ့၊ တာဝန်သိတတ်မှုနဲ့ မင်း ကိုတောင် ချီးကျူးရမလို ဖြစ်နေပြီ"

ထိုစကားမှာ သရော်တော်တော် ပြောလိုက်သည့် စကားသာဖြစ်ပေသည်။ ထိုစကား၏အဓိပ္ပာယ်ကို ကျောက်သိမ်းငှက်ကလည်း သိရှိပေသည်။

"ကျွန်တော်ပြောတာ အမှန်တရားပါ ခင်ဗျာ၊ မုသားစကား တစ်လုံးမှ မပါပါဘူး"

အစ်ကိုကြီးဆိုသူကရန်ကြူမေအားကြည့်၍မေးလိုက်၏။

"ကြူမေ....သူပြောတာ အမှန်ပဲလား"

ကျောက်သိမ်းငှက်၏ မျက်လုံးများ၌ ကြောက်ရွံ့စိုးရိမ်သည့် အရိပ်အယောင်များ ဖုံးလွှမ်းနေသည်။ ရန်ကြူမေ၏စကားက သူ့ဘဝအတွက် အဆုံးအဖြတ်ဖြစ်မည်မှာ သေချာနေပြီ။

ရန်ကြူမေကမူ ခပ်အေးအေးပင် ဖြေ၏။

"ကျွန်မတော့ ဘာမှ မမြင်လိုက်ပါဘူး၊ ခိုးရောင်တွေ မြင်လိုက်တာနဲ့ သတိလစ်သွားတာပဲ"

ကျောက်သိမ်းငှက်မှာ အကြီးအကျယ် မျက်နှာပျက်သွားသည်။ သူ့တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်လာသည်။ ကျောက်သိမ်းငှက်က စိတ်လှုပ်ရှားစွာဖြင့် အော်ပြောလေ၏။

"ကြူမေ....ခုကိစ္စက အစ်ကို့အတွက် သေရေးရှင်ရေးကိစ္စပါ၊ ခုလို မျက်နှာလွှဲခဲပစ် စကားမျိုးတော့ မပြောသင့်ပါဘူး"

ရန်ကြူမေသည် တုန်လှုပ်ချောက်ချားနေသည့် ကျောက်သိမ်းငှက်ကို တစ်ချက် လှည့်ကြည့်လိုက်သည်။ ထို့နောက် သူမသည် အစ်ကိုကြီးဆိုသူဘက်သို့ ပြန်လှည့်လိုက်၏။



"အစ်ကိုကြီး၊ ကျွန်မတို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ဘယ်လိုများ စီရင်မလဲရှင်၊ အဲဒါ တစ်ဆိတ်လောက် မသိရဘူးလား၊ အစ်ကိုကြီးသိတယ်ဆိုရင် ကျွန်မလဲ သိပါရစေ"

အစ်ကိုကြီးဆိုသူ၏ မျက်နှာ၌ ဆေးနက်သော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

"အင်း....အမှန်အတိုင်း ပြောရရင်တော့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဟာ ကြူမေကိစ္စကို အတော်ကလေးဒေါသထွက်နေတယ်၊ သိပ်ဒေါသထွက်နေတဲ့အချိန်မှာ အစ်ကိုကြီးအနေနဲ့ ဝင်တောင်းပန်လို့ မသင့်တော်ဘူးလေ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး စိတ်ပြေသွားတဲ့ အခါမှာတော့ ကြူမေအတွက် အစ်ကိုကြီးအတတ်နိုင်ဆုံး အပြစ်ကလွတ်အောင် ကြိုးစားပေးပါမယ်၊ ဒါကိုတော့ ယုံပါ"

သူသည် စကားတစ်ခွန်းကိုပြောပြီး ခေတ္တရပ်နားလိုက်သေးသည်။ ပြီးမှ ရုတ်တရက်မေးခွန်းထုတ်လိုက်လေ၏။

"ဒါထက် ကြူမေ ဘာဖြစ်လို့ ခုလောက်ပုံပျက်ပန်းပျက် ရှုံးနိမ့်ခဲ့ရတာလဲ"

ရန်ကြူမေက သက်ပြင်းချလိုက်သည်။

"အင်း...အမှန်အတိုင်း ပြောရရင်တော့ ဒီဝမ်လျှို အဖွဲ့သားတွေဟာ တကယ့်ကို အဆင့်မြင့်သိုင်းပညာတွေ တတ်ထားတဲ့ သိုင်းပညာရှင်တွေပါပဲ၊ ဒီနေရာမှာ ကျွန်မသာ မဟုတ်ဘဲ အခြားတစ်ယောက်ဆိုရင် အခု ကျွန်မ လွတ်လာသလိုတောင် အသက်ရှင်လျက် လွတ်လာမယ်မဟုတ်ပါဘူး၊ အခု ဒီစကားပြောလို့ ကျွန်မ အပြစ်အတွက် ယှေ့လျော့

သွားအောင်ပြောနေတာလို့ အစ်ကိုကြီးက ထင်ချင်ထင်ပယ်၊ တကယ်တော့ ဒီလိုမဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောပြနေတာ ၂ ါ၊ ကျွန်မအနေနဲ့ အဲဒီတုန်းက ဘယ်လိုတိုက်ခိုက်ခဲ့တယ်ဆိုတာကို အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို ရှင်းပြချင်ပါတယ်၊ ရှင်းပြပြီးလို့မှ သတ်မယ်ဆိုရင်လဲ ကျွန်မ ရဲရဲကြီးအသေခံရဲပါတယ်ရှင်"

"ကြူမေ့ စိတ်ထဲမှာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကျေနပ်အောင် ရှင်းပြနိုင်မယ်လို့ တကယ် ယုံနေသလား"

"ဟုတ်ကဲ့....ယုံပါတယ်ရှင်၊ မယုံလို့ ကျွန်မကို သတ်မယ်ဆိုရင်လဲ ကိစ္စမရှိပါဘူး"

"ကောင်းပြီ၊ မင်းဆန္ဒပြည့်ဝအောင် အစ်ကိုကြီးဆောင်ရွက်ပေးမယ်၊ ဒါနဲ့ ညီလေး ကျောက်သိမ်းငှက် ပြောတဲ့စကားတွေဟာ အမှန်ပဲလား"

"ဒါတော့ ကျွန်မလဲမသိဘူးအစ်ကိုကြီး ဘုရားကျောင်းပျက်အပြင်မှာ ဖြစ်ပျက်နေတာတွေကို ကျွန်မ ဘယ်သိနိုင်ပါ့မလဲ၊ အစ်ကိုသိမ်းငှက် ဒီရောက်လာတာကတော့ အမှန်ပဲလေ"

"သူ မင်းကို ဘာတွေမေးသေးသလဲ"

"ထူးထူးထွေထွေတော့ မမေးပါဘူး၊ ဒီကရာ အခြေအနေကို မေးတာပါပဲ၊ နောက်တော့ ဟိုလူနဲ့ သိုးခုတ်တိုက်ခိုက်ကြတော့တာပါပဲ"

အစ်ကိုကြီးဆိုသူသည် ရုံကူလင်ဘက်သို့ မျက်နှာလှည့်လိုက်၏။ သူ့မျက်နှာက ကြောက်မက်ဖွယ်ရာ တင်းမာနေသည်။



"မင်းက ဘယ်သူလဲ"

ရုံကူလင်ဖြေရန် နှုတ်ပြင်နေစဉ်မှာပင် ရန်ကြူမေ၏ အသံက ကြားဖြတ် ထွက်ပေါ်လာ၏။

"ကျွန်မရဲ့လက်ထောက်တပည့်ပါ အစ်ကိုကြီး"

အစ်ကိုကြီး ဆိုသူ သည် ကျောက်သိမ်းငှက်ဘက်သို့ လှည့်၍ မေးလိုက်၏။

"ညီလေး... မင်း ခြေရာခံလိုက်နေတယ်ဆိုတာ သူ အမှန်ပဲလား"

ကျောက်သိမ်းငှက်သည် ဟန် လုပ် ပြီး ရုံကူလင်အား သေချာစွာ အကဲခတ်နေ၏။

ပြီးမှ....

"ဟာ....သူမှမဟုတ်တဲ၊ ကျွန်တော့်စိတ်ထဲမှာ သူ့ကို ရန်သူမှတ်နေခဲ့တာပါ"

အစ်ကိုကြီးဆိုသူသည် မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့်ရင် ဒီနေရာမှာ အဆင့်မြင့်သိုင်းသမား တစ်ယောက် ပုန်းအောင်းနေသေးတယ်လို့ ဆိုလိုတာလား"

ကျောက်သိမ်းငှက်က....

"အဲဒီလိုပဲ ခန့်မှန်းရတာပါပဲ အစ်ကိုကြီး၊ ရန်သူက သိပ်မြန်တယ်၊ ကျွန်တော်လိုက်မမှီဘူး"

ရန်ကြူမေက ဝင်ထောက်ပေး၏။

"သိုင်းပညာ သိပ်အဆင့်မြင့်ရင်တော့ ဝမ်လျှံအဖွဲ့က ဖြစ်ဖို့များပါတယ်"

အစ်ကိုကြီးဆိုသူသည် ရန်ကြူမေ၏စကားကို စိတ်ဝင်စားဟန် မပြပေ။ သူက ကျောက်သိမ်းငှက်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူ့အကြည့်ကြောင့် ကျောက်သိမ်းငှက်မှာ မျက်လွှာချသွားရသည်။

အစ်ကိုကြီးဆိုသူက....

"ဒါနဲ့...ကြူမေ ဒီမှာ အချုပ်ခံနေရတယ်ဆိုတာ မင်းက ဘယ်လိုလုပ် သိလာတာလဲ"

"နယ်စွန်အဖွဲ့ခွဲမှူး အစ်ကိုကြီးက ပြောပြလို့ သိရတာပါ"

အစ်ကိုကြီးဆိုသူသည် ထိုအဖြေကို ကျေနပ်သွားဟန်တူ၏။ သူသည် ရုံကျူလင်ဘက်သို့ လှည့်သာပြန်၍။

"မင်းကကော ဒီကို ဘာလာလုပ်တာလဲ"

ရုံကျူလင်က ရဲဝံ့စွာ ပြောလိုက်လေ၏။

"ကျွန်တော့် သခင်မကို လာကယ်တာပါ"

အစ်ကိုကြီး ဆိုသူက သရော်ပြုံးတစ်ချက် ပြုံးလိုက်မိ၏။ သို့သော် သူ့မျက်နှာ ချက်ချင်းတည်သွားသည်။

"မင်း ဟစ်ယောက်တည်းနဲ့ ဒီအကြံမျိုး ကြံတာကတော့ ကျောက်တုံးကို ခေါင်းနဲ့ ပြေးဆောင့်သလိုပဲ၊ ဒီလို မိုက်မိုက်မဲမဲ ကြံဝံ့ကယ်ဆိုတာကလဲ မင်းရဲ့သစ္စာရှိမှုကို ဖော်ပြနေတာပဲလေ"

"အစ်ကိုကြီး ဆိုသူသည် ကျောက်သိမ်းငှက်ဘက်သို့ လှည့်လိုက်ပြီး....

"ကဲ...မင်းသွားချင်ရင် သွားနိုင်ပြီ...."



ကျောက်သိမ်းငှက်၏ မျက်နှာသည် ရုတ်ခြည်း ရွှင်လန်းသွား၏။ သူသည် အစ်ကိုကြီးဆိုသူကို ဦးညွှတ်ဂါရဝပြုပြီးနောက် လျင်မြန်သောအဟုန်ဖြင့် ဘုရားကျောင်း၏ အောက်ထပ်သို့ ခုန်ဆင်းကာ ထွက်ပြေးသွားလေတော့သည်။

အစ်ကိုကြီးဆိုသူက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကြူမေရဲ့မျက်နှာကိုထောက်ပြီး ဒီတစ်ခါတော့ သူ့ကို ချမ်းသာပေးလိုက်တယ်"

"ရှင်...အစ်ကိုကြီးပြောတာကို ကျွန်မဘာမှ နားမလည်ဘူးရှင်...."

"ဟင်း....ဟင်း... ဟင်း ဒီကောင်က သူ့ကိုယ်သူ လျင်လှပြီ အောက်မေ့နေတယ်၊ သူ ဘာဖြစ်လို့ ဒီကိုလာတယ်ဆိုတာ အစ်ကိုကြီးမသိဘဲ နေပါ့မလား၊ သူ့စကားမှာ ယိုပေါက်တွေချည်းပဲ"

"ဒါတော့ ကျွန်မလဲမသိပါဘူး၊ ကျွန်မတော့ အချုပ်ခံနေရတဲ့လူပဲ"

အစ်ကိုကြီးဆိုသူသည်သူ့နောက်ခပ်လှမ်းလှမ်း၌ရင်ပေါင်တန်း ရပ်စောင့်နေသော အနက်ရောင် ဝတ်စုံဝတ် လူငယ်ခေါင်းဦးကို လှည့်၍ အမိန့်ပေးလိုက်၏။

"မင်းတို့ အောက်ထပ်ကိုဆင်းကြ၊ ဘယ်သူမှ ဒီအပေါ်ထပ်ကို တက်မလာစေနဲ့၊ တက်လာတဲ့လူကို အမေးအမြန်း မရှိ သတ်လိုက်"

အနက်ရောင်ဝတ်စုံဝတ် လူလေးဦးသည် လျှပ်တစ်ပြက် ပြေးဆင်းသွားလေ၏။

အစ်ကိုကြီးဆိုသူသည် ခင်အေးအေးနေသော ရုံကူလင်အား မနှစ်မြို့သောအကြည့်ဖြင့် ကြည့်ရင်း....

"မင်းကကော ဒီမှာ ဘာရပ်လုပ်နေတာလဲ ဆင်းလေ"

ရုံကူလင်သည် ရန်ကြူမေအား တစ်ချက်လှမ်းကြည့်ကာ အောက်သို့ဆင်းရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ် ရန်ကြူမေက....

"အစ်ကိုကြီး....သူက ကျွန်မရဲ့ လက်ထောက်လူယုံပါ၊ သူ့ကို အစစအရာရာ စိတ်ချထားတာပါ၊ သူ သေဘေးကို မကြည့်တဲ့ ကျွန်မကို လာကယ်တာပဲ ကြည့်ပါတော့၊ အစ်ကိုကြီး ပြောစရာရှိတာကို ရဲရဲသာပြောပါ၊ သူ့ဆီကတော့ တစ်ခွန်းမှ မပေါက်ကြားစေရပါဘူး၊ ကျွန်မ တာဝန်ယူပါတယ်"

အစ်ကိုကြီးဆိုသူ၏ မျက်နှာ၌ သွေးရောင် လှမ်းလာသည်။

"ကြူမေ....လွန်ခဲ့တဲ့ ယပိုင်းက အစ်ကိုကြီးပြောခဲ့တဲ့ စကားကို မှတ်မိသေးရဲ့လား"

"ဟုတ်ကဲ့ မှတ်မိပါတယ်ရှင်"

"ဒါဆိုရင် အခု အချုပ်ခံနေရတဲ့ အချိန်အတွင်းမှာ အဲဒီကိစ္စကို ကောင်းကောင်း စဉ်းစားပြီးပြီပေါ့နော်"

"ကျွန်မ ဒုက္ခ ရောက်နေတဲ့အချိန်မှာ ဒါတွေကို ဘယ် စဉ်းစားနိုင်ပါ့မလဲ အစ်ကိုကြီးရယ်"



"ကြူမေ တစ်ခုနားလည်အောင်တော့ ပြောပြချင်ပါတယ်၊ ဒီကိစ္စကို ကြူမေ အဖမ်းမခံရခင် အချုပ်မခံရခင် ကတည်းက ပြောခဲ့တာပါ၊ ဒါကြောင့်မို့ ကြူမေကို အကျပ်ကိုင်တာ မဟုတ်ဘူးဆိုတာတော့ နားလည်စေချင်ပါတယ်"

ရန်ကြူမေသည် ခေတ္တမျှ တွေဝေစဉ်းစားလိုက်၏။ ထို့နောက်....

"ဟုတ်ကဲ့၊ တကယ်လို့ အစ်ကိုပြောခဲ့တဲ့ကိစ္စကို ကျွန်မ လုံးဝ မစဉ်းစားဘူးဆိုရင် အစ်ကိုကြီး ဘာလုပ်မလဲရှင်"

အစ်ကိုကြီးဆိုသူက ပြတ်သားစွာ ပြောလေ၏။

"ငါ ဒီကနေ ချက်ချင်း ပြန်လှည့်သွားပါမယ်၊ နောက်ထပ် စကားတစ်ခွန်းမှ မပြောတော့ပါဘူး"

ရန်ကြူမေက ထပ်ပြောပြန်၏။

"တကယ်လို့ ကျွန်မက အစ်ကိုကြီးပြောခဲ့တဲ့ ကိစ္စကို သဘောတူမယ်ဆိုရင်ကော"

အစ်ကိုကြီးဆိုသူကမည်သို့မျှမပြောရသေးမီဘုရားကျောင်းပျက်အောက်ထပ်မှ အော်ပြောသံကို ကြားလိုက်ရလေ၏။

"အဖွဲ့ခွဲမှူးကြီး ခင်ဗျာ.... အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ စေတမန် ရောက်နေပါတယ်"

"ဘာကိစ္စတဲ့လဲဟေ"

အစ်ကိုကြီးဆိုသူက ပြန်လည်အော်ဟစ်၍ မေးမြန်းလိုက်၏။

ထိုအခါ အောက်မှ အကြောင်းကြားသံ ကြားရပြန်၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကတော့ဒုတိယသခင်မကိုအချုပ်ခန်းထဲက ထုတ်ယူပြီး သူ့ဆီ ခေါ်ဆောင်လာစေဖို့ အမိန့်ပေးလိုက်ပါတယ်"

အစ်ကိုကြီးဆိုသူ၏ မျက်နှာ၌ အရိပ်သဏ္ဌာန်အမျိုးမျိုး ပြောင်းလဲသွားသည်၊ အခြေအနေကို ခန့်မှန်းခြင်းငှာ မစွမ်းနိုင်ဘဲဖြစ်နေကြောင်း သူ့မျက်နှာကဖော်ပြသျက်ရှိနေလေ၏၊

ရန်ကြူမေက ရုတ်တရက် မေးလိုက်၏။

"အစ်ကိုကြီး....တစ်စုံတစ်ခု တူးနေလို့လား"

အစ်ကိုကြီးဆိုသူက ခေါင်းညိတ်လိုက်၏။ ထို့နောက် လေသံတိုးတိုးဖြင့် ပြောသည်၊

"ပထမပိုင်းအစီအစဉ်အရ ငါသိထားသမျှတော့ ကြူမေကို ခုလို ချက်ချင်းသက်ငင်းကြီး ခေါ်တွေ့ဖို့ အစီအစဉ် မရှိဘူး၊ အခု ဘာဖြစ်လို့ ချက်ချင်း ခေါ်တွေ့တာလဲမသိဘူး၊ အပြောင်းအလဲ တစ်ခုခုတော့ ရှိနေပြီ"

ရန်ကြူမေက....

"ဟုတ်ကဲ့.. ကျွန်မကိစ္စမှာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးသာ ကျွန်မကို ရှင်းပြခွင့်ပေးမယ်ဆိုရင် ကျွန်မ မကြောက်ပါဘူး၊ ကျွန်မ အပြစ်ကနေ ကွင်းလုံးကျွတ် လွတ်နိုင်ပါတယ်၊ အခုလို ခေါ်တွေ့တာကို ကျွန်မ ဝမ်းသာတယ်"

ရန်ကြူမေသည် ရုံကူလင်အားတစ်ချက်လှမ်းကြည့်ကာ...

"အစ်ကိုကြီးကို ကျွန်မ တစ်ခုလောက်အကူအညီတောင်းချင်တယ်"



"ဘာတောင်းချင်လို့လဲ၊ ငါ တတ်နိုင်သမျှ အကူအညီပေးဖို့ အဆင်သင့်ပါပဲ"

"ကျွန်မရဲ့လက်ထောက် လူယုံကို အစ်ကိုကြီးပဲ တစ်ဆိတ်လောက် ကြည့်ရှုစောင့်ရှောက်ထားစေချင်ပါတယ်"

အစ်ကိုကြီးဆိုသူက ရုံကူလင်ကို လှည့်ကြည့်သည်။

ရန်ကြူမေက ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့....ကျွန်မရဲ့လူ အားလုံးလိုလို တိုက်ပွဲမှာကျဆုံးကုန်ပါပြီ၊ သူတစ်ယောက်ပဲ ကံကောင်းတာလဲတစ်ကြောင်း၊ သိုင်းပညာကောင်းတာလဲ တစ်ကြောင်းကြောင့် ကြွင်းကျန်ရစ်ခဲ့တာပါ၊ ယူသာ သေဆုံးသွားမယ်ဆိုရင် ကျွန်မမှာ ယုံကြည်အားကိုးရတဲ့ လက်ထောက်ဆိုလို့ တစ်ယောက်မှမရှိဘဲဖြစ်သွားပါလိမ့်မယ်"

အစ်ကိုကြီးဆိုသူက စဉ်းစဉ်းစားစား ပြော၏။

"အင်းလေ... မင်းအားထားမယ်ဆိုလဲ သူက အားထားလောက်ပေတာပဲ၊ မင်းကို ငါ သတိပေးချင်တာရှိတယ်"

"ဘာများလဲ အစ်ကိုကြီး"

"မင်းဟာ အရင်က ငါတို့အဖွဲ့ထဲမှာ မာနကြီးလို့ ပထမသခင်မနဲ့ ဒုတိယသခင်မတောင် မုန်းတီးနေကြတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ ယုံကြည်ကိုးစားမှုရနေလို့သာ မင်းအနေနဲ့ အချိန်အတော်ကြာကြာ လုပ်ချင်တိုင်း လုပ်ခွင့်ရခဲ့တာ၊ အခုဆိုရင် ပထမနဲ့ ဒုတိယသခင်မဟာ မင်းကို အဆင်းမှာ တွန်းချဖို့ အဆင်သင့် ဖြစ်နေကြပြီ"

"ကျွန်မလဲ ရိုင်းမိပါတယ်၊ ဒါကြောင့်မို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို တင်ပြချင်တာပေါ့၊ ကျွန်မသာ ဖြေရှင်းခွင့်ရရင် ပထမသခင်မနဲ့ ဒုတိယသခင်မတို့ ကျွန်မကို ချောက်ချလို့ မရပါဘူး"

"အေးလေ....ဒါကတော့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရှေ့ရောက်မှ သိခွင့်ရမယ့်ကိစ္စပဲ၊ ကဲ.... ကဲ.... မင်းတပည့်ကိစ္စကတော့ ငါ့တာဝန်ထားပါ၊ တစ်ခုတော့ရှိတယ်၊ ငါ့အက မှာ ထားရမယ်ဆိုရင်တော့ သူ့ကို ရှင်းပြောင်းပေးရမယ်"

ရန်ကြူးမေက ခေါင်းညိတ်ပြီး....

"ဒါကတော့ အစ်ကိုကြီးသဘောပါ၊ ကျွန်မ အပြစ်က လွတ်လာတဲ့အခါ သူ့အားကောင်းရန်ကောင်း ရှိနေရင် ကျေနပ်ပါပြီ"

အစ်ကိုကြီးဆိုသူက....

"ကဲ... သူ့အကြောင်း ရပ်တန်းက ရပ်ပေတော့၊ ငါ စေတမန်ကို ခေါ်လိုက်ဦးမယ်"

သူသည် စကားဆုံးသည်နှင့် အသံမြှင့်၍ အော်ခေါ်လိုက်လေ၏။

"စေတမန်....ကျေးဇူးပြုပြီး ဘုရားကျောင်းပျက်ရဲ့အပေါ်ထပ်ကို ခေတ္တခဏလောက် ကြွခဲ့ပါလား ခင်ဗျာ"

စေတမန်ဆိုသူမှာ ထူးထွေဆန်းပြားသော ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးထုပ်ရှည်ကြီးတစ်လုံးကိုလည်း ဆောင်းထားလေ၏။ သူ့လက်ထဲ၌ မှော်ရောင်ကတ်ပြားတစ်ခု ရှိနေသည်၊



စေတမန်သည် အစ်ကိုကြီးဆိုသူကို လုံးဝစကားမပြောဘဲ ရန်ကြူးမေအနီးသို့ချဉ်းကပ်လျက် အကြောပိတ်လိုက်၏။

ထို့နောက် အစ်ကိုကြီးဆိုသူအား အမိန့်ပေးသည်၊

"သူ့လက်ကိုချည်နှောင်ထားတဲ့ ကြိုးကို ဖြတ်ပေးလိုက်ပါ"

အစ်ကိုကြီးဆိုသူသည် ခါးကြားထဲမှ ပုလင်းတစ်လုံးကို ထုတ်ယူလျက် ရန်ကြူးမေ၏ လက်ကောက်ဝတ်များကို ချည်နှောင်ထားသည့် ကြိုးပေါ်သို့ အစက်ချလိုက်သည်၊ မကြာမီ ကြိုးပြတ်သွားလေ၏၊

အစ်ကိုကြီးဆိုသူက အခြေအနေကို တင်ပြလိုက်၏၊

"တောင်ကုန်းထိပ်မှာစောင့်ကြပ်နေတဲ့ ကင်းစောင့်နှစ်ဦး အလုပ်ကြံခံရပါတယ်"

စေတမန်က...

"သူတို့ သေပြီလား"

"သေသွားကြပါပြီ"

"ဘယ်သူ သတ်သလဲ၊ တရားခံဘယ်သူလဲ"

"ခုအချိန်အထိ တရားခံကို ရှာလို့ မတွေ့သေးပါဘူး"

စေတမန်၏မျက်နှာမှာ တင်းမာနေသည်။ သူသည် မည်သည့်စကားမျှ မပြောတော့ဘဲ ရန်ကြူးမေကို ဖမ်းချီလိုက်သည်၊ ထို့နောက် ဘုရားကျောင်းအောက်ထပ်သို့ လွှားခနဲ ခုန်ဆင်းသွားတော့သည်။

အစ်ကိုကြီးဆိုသူသည် စေတမန်အား ကြောက်ရွံ့ရဟန် တူပေသည်။ မည်သည့်စကားမျှ မပြောဆိုဝံ့ဘဲရပ်ကြည့်နေခဲ့ရသည်။

စေတမန် ပျောက်ကွယ်သွားသော အခါမှ ရုံကူလင် ဘက်သို့လှည့်ကာ မေးခွန်းထုတ်၏။

"တောင်ကုန်းထိပ်က ကင်းသမားနှစ်ယောက်ကို သတ်တာ မင်းလား"

"ဟင့်အင်း....ကျွန်တော် မသတ်ပါဘူး"

"ဒါဖြင့်ရင် ဟိုကောင့်လက်ချက်ပဲ၊ ဒါနဲ့ မင်း ဘာတိယသခင်မရဲ့လက်အောက်မှာ အမှုထမ်းတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်လောက်ပဲ ရှိပါသေးတယ်"

"ဘာ....တစ်နှစ်တည်းနဲ့ မင်းကို သူက ဒီလောက်တောင် ယုံကြည်ရသလား"

"ယုံကြည်ပြီလား ခင်ဗျာ၊ ကျွန်တော်ဟာ သခင်မပေးတဲ့ တာဝန်ကို ဘယ်တုန်းကမှ မငြင်းခဲ့တဲ့အပြင် သူပေးတဲ့ တာဝန်တိုင်းလဲ အောင်မြင်အောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်"

အစ်ကိုကြီးဆိုသူသည် မုတ်ဆိတ်ကို လက်ဖြင့် သပ်ရင်း စဉ်းစားနေ၏။ အတန်ကြာမှ....

"အင်း....ဖြစ်တော့လဲ ဖြစ်နိုင်တာပဲ၊ နောက်ပြီး အခုလို လာကယ်တဲ့ အကြောင်းတစ်ချက်နဲ့ပဲ မင်းရဲ့သစ္စာရှိမှုကို ယုံရမှာလိုဖြစ်နေတယ်၊ ကဲ....လာ....အောက်ဆင်းကြမယ်"



ရုံကူလင်သည် အစ်ကိုကြီးဆိုသူ၏ နောက်မှ ဆင်းလိုက်လာ၏။ အစ်ကိုကြီးဆိုသူသည် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူလေးယောက်အနက်မှ တစ်ယောက်ကို အမိန့်ပေးလိုက်၏။

"ထန်ကျင်း....သူ့ကို ရုပ်ပြောင်းပေးလိုက်စမ်း၊ သူဟာ ငါ့ လက်အောက်ငယ်သားတစ်ယောက်ဖြစ်သွားပြီ"

ထန်ကျင်းဆိုသူသည် ရှေ့သို့ ထွက်လာပြီး သူ့ဝတ်ရုံထဲမှ အိတ်တစ်လုံးကို ထုတ်လိုက်သည်။ ထိုအိတ်ထဲ၌ ရုပ်ဖျက်ရုပ်ပြောင်း ကိရိယာမျိုးစုံ ပါဟန်တူပေသည်။ မကြာမီ ရုံကူလင်မှာ ထန်ကျင်း၏ ပညာစွမ်းဖြင့် ရုပ်ရည်ပြောင်းလဲသွားလေ၏။

ထန်ကျင်းက မှန်ကလေးတစ်ချပ်ကို ထိုးပေးရင်း....

"ကဲ....ခင်ဗျားရုပ်ကို ပြန်ကြည့်စမ်းပါဦး၊ အရင်က ရုပ်ရည်နဲ့ တူသေးရဲ့လားလို့"

ရုံကူလင်မှာ မှန်ထဲ၌ အသက်လေးဆယ်အရွယ်ခန့် ရှိသည့် လူတစ်ယောက်ကို မြင်တွေ့နေရ၏၊ ရုံကူလင်၏ မျက်နှာကားကွယ်ပျောက်သွားလေပြီ။

## အခန်း ( ၉၇ )

### ရက်စက်သောအမိန့်

အစ်ကိုကြီးဆိုသူသည် ရဲကူလင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးနောက်....

"ကဲ....ဒီသောက်ဆို လုံလောက်ပါပြီ၊ မင်းရဲ့ လက်ရှိ နာမည်ဟာ ငမ်ကျယ်၊ မှတ်မိပြီနော်"

"ဟုတ်ကဲ့....မှတ်မိပါတယ် ခင်ဗျာ"

"ကောင်းတယ်၊ မင်းရဲ့ သခင်မ လွတ်မြောက်လာခဲ့ရင် မင်းကို သူ့လက်ထဲ ပြန်အပ်မှာပါ၊ အဲဒီအခါကျရင်သာ ငါ့ကို ကျေးဇူးမမေ့ပါနဲ့"

ရဲကူလင်က ဦးသွတ်ဂါရဝပြုလိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော်ဟာ ကျေးဇူးတရားကို နားလည် သိတတ်တဲ့လူပါ ခင်ဗျာ"



"ကောင်းတယ်၊ သွားကြစို့"

အစ်ကိုကြီးဆိုသူသည် အပြေးထွက်ခွာသွားရာ ရဲကူလင်တို့လည်း အပြေးလိုက်ကြရလေ၏။ ထိုသို့ ပြေးလိုက်နေရင်း အစ်ကိုကြီးဆိုသူ၏ တပည့်များကို အကဲခတ်မိ၏။ ထိုလူများသည် တစ်ယောက်နှင့်တစ်ယောက် လုံးဝစကားမပြောဘဲ ရှိကြကြောင်း နားလည်လာသည်။ သူ့အနေနှင့်လည်း ယင်းသူနှင့်မျှ မရာရေရှောနှော မဆက်ဆံသင့်ကြောင်း သဘောပေါက်လာသည်။

မကြာမီ သူတို့သည် အဆောက်အအုံများပေါ်လာကြ၏။ သူတို့ရောက်ရှိသည့် နေရာမှာ သစ်တောတစ်ခု ဖြစ်နေလေသည်။

အစ်ကိုကြီးဆိုသူက လက်တစ်ဖက် မြှောက်ယမ်းလိုက်သောအခါ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူငယ်ငါးဦးသည် သူတို့၏အဖွဲ့အား နောက်မှ ကန်းစီ၍ရပ်လိုက်ကြ၏။ ရဲကူလင်က နောက်ဆုံးမှ လိုက်သည်။

ထိုသို့ လျှောက်လာကြရင်း မကြာမီမှာပင် တဲဟန်းလျားကြီးများကို တွေ့၏။

အစ်ကိုကြီးဆိုသူက...

"ကဲ....မင်းကို အနားယူကြပေတော့"

သူသည် စကားဆုံးသည်နှင့် လက်ယာဘက်သို့ ချိုးကွေ့ထွက်ပြေးသွားလေတော့၏။ ရဲကူလင်က ယောင်ချာချာ ကျန်နေစဉ် သူ့အား ရပ်ဖျက်ပေးသည့် ထန်ကျင်းက ခပ်တိုးတိုး လှမ်းပြော၏။

"ခင်ဗျား ဘာတွေဝေးနေတာလဲ၊ ကျုပ်တို့နောက်လိုက်ခဲ့လေ"

ရှုံကူလင်မှာ ထန်ကျင်းနောက်သို့ကပျာကယာ ပြေးလိုက်ရလေတော့၏။ တော်ပါသေးသည်။ ထန်ကျင်းသည် အခြားသူများနှင့်မတူ၊ စိတ်သဘောထား အတန်ငယ် ပျော့ပျောင်းဟန်တူပေသည်။

ထန်ကျင်းသည် တဲကြီးအတွင်းသို့ ဝင်လိုက်သဖြင့် ရှုံကူလင်လည်း လိုက်ဝင်ရသည်။ တဲတန်းလျားကြီးထဲ၌ ခုတင်များ စီတန်းချထားရာ အစ်ကိုကြီးဆိုသူ အဖွဲ့ခွဲမှူး၏ တပည့်များ စခန်းချနားနေရာဌာနပင် ဖြစ်ပေလိမ့်မည်။

ထန်ကျင်းသည် သူ့စားအိမ်ကို ခုတင်တစ်လုံး၏ ခေါင်းရင်း၌ ချိတ်သိုက်ပြီး ရှုံကူလင်အား သူ့ဘေးမှ ခုတင်တစ်လုံးကို မေးငေါ့ပြလေ၏။

"ကဲ....ခင်ဗျားကတော့ အဲဒီခုတင်ပေါ်မှာအိပ်ပေတော့"

ရှုံကူလင်သည် ထန်ကျင်းထံမှ အတော်အတန် အကူအညီရနေသည်ဖြစ်ရာ ချောင်ပြေပြစ်စွာ ဆက်ဆံရလေ၏။

"ကျွန်တော်က လူသစ်ဖြစ်နေတော့ ဒီစခန်းအကြောင်း ဘာမှမသိပါဘူး ခင်ဗျာ၊ ကျွန်တော် မှားတာရှိရင် အစ်ကိုလဲ ထောက်ပြပြပြင်ပေးပါ"

ထန်ကျင်းက စကားရှည်ရှည် ပြောလိုဟန်မတူပေ။ သူက ခေါင်းတစ်ချက်ညိတ်ပြပြီး....

"ကဲ....ကဲ....အိပ်ပေတော့၊ ဒီပြင်လူတွေလဲ အိပ်ကုန်ပြီ"



ရှုံကူလင်သည် ထန်ကျင်း၏ စကား ရှည်ရှည်ဝေးဝေး မပြောလိုသည့်အမူအရာကို ရိပ်မိလိုက်သဖြင့် သူလည်း ခုတင်ပေါ်၌လှဲချအိပ်စက်လိုက်တော့သည်။ ကျိန်းရာ၌ သူ့အတွက် ဘေးရန်အန္တရာယ် အမှန်တကယ် ကင်းရှင်းသည်ကို ရိပ်မိသည်ဖြစ်ရာ နှစ်ခြိုက်စွာ အိပ်မောကျသွားလေ၏။

သူ မည်မျှအိပ်မောကျသွားသည်မသိ၊ တစ်စုံတစ်ယောက်က သူ့အားတိုးတိုးခေါ်နေသလို ကြားယောင်မိမှ အိပ်ရာကနိုးလာခဲ့သည်။

"ဝမ်ကျယ်....ဝမ်ကျယ်"

ဝမ်ကျယ်ဆိုသည်မှာ အစ်ကိုကြီးဆိုသူက သူ့အား ပေးထားသည့်နာမည် မဟုတ်ပါလား။

သူ့အား တိုးတိုးခေါ်လိုက်သူမှာ ရုပ်ပြောင်းရုပ်လွှဲဆရာ ထန်ကျင်းပင် ဖြစ်တော့၏။

ရှုံကူလင် လှမ်းကြည့်လိုက်သောအခါ တဲထဲမှလူအားလုံး အဝတ်အစားများ ဝတ်စားပြီးဖြစ်နေလျက် လက်နက်များကိုပင် အသင့်လွယ်နေကြပေပြီ၊ ထို့ကြောင့် သူလည်း ကမန်းကတန်းပင် ကိုယ်လက်သန့်စင်ရတော့သည်။

ရှုံကူလင် အသင့်ဖြစ်သောအခါ ထန်ကျင်းသည် သူ့နားသို့ ရောက်ရှိလာလေ၏။

ထန်ကျင်းက....

"ကျုပ်တို့ ဒီထဲကလူတွေအားလုံးဟာ ကျားအဖွဲ့ခွဲမှူးကြီးရဲ့ လူယုံတော်တွေချည်းပဲ၊ ဒီတော့ ခင်ဗျားလဲ လူယုံတော်တစ်ယောက် ဖြစ်ပြီပေါ့ဗျာ"

"ဒါနဲ့ အစ်ကို နာမည်က...."

"ကျုပ်နာမည်က ထန်ကျင်းပါ၊ခင်ဗျားကို ကျုပ်အနေနဲ့ အထူး သတိပေးချင်တာက တတ်နိုင်သမျှ စကားနည်းနည်း ပြောဖို့ပါပဲ၊ နောက်ပြီး လူကြားသူကြားထဲမှာ ကျုပ်နာမည် ကို မခေါ်ပါနဲ့"

"ဟုတ်ကဲ့....စိတ်ချပါ၊ ကျွန်တော် နားလည်ပါပြီ"

ထိုစဉ် သစ်တောအတွင်းမှအုန်းမောင်းခေါက်သံကိုကြား လိုက်ရသည်။ ထိုအသံကြားသည်နှင့်တစ်ပြိုင်နက် တဲအတွင်း၌ ရှိသော လူပေါင်းနှစ်ဆယ်ခန့်သည် အပြင်သို့ ပြေးထွက်သွား ကြလေ၏။

ထန်ကျင်းက ရုံကူလင်အား လက်မြင့်အချက်ပြ၍ ပြေး ထွက်သွားသည်။ ရုံကူလင်ကလည်း ထန်ကျင်း နောက်မှ သက်ကြပ်မကွာ ပြေးလိုက်သွားလေ၏။

မကြာမီ မြက်ခင်းပြင်တစ်ခုသို့ရောက်ရှိလာကြတာအားလုံး တန်းစီရပ်လိုက်ကြသည်။ သူတို့ တန်းစီပြီးသောအခါ ကျား အဖွဲ့ခွဲမှူးကြီး ရောက်ရှိလာသည်။ ထိုပုဂ္ဂိုလ်၏နောက်ကျော၌ ဓားတစ်ချောင်း သိုင်းလွယ်ထားပြီး တစ်စုံတစ်ဦးကို စောင့် မျှော်နေသည့် အမူအရာမျိုး ရှိနေပေသည်။

လူအားလုံး တန်းစီပြီးသွားသောအခါ ကျားအဖွဲ့ခွဲမှူး ကြီးက သူတို့အား စတင်စကားပြောလေ၏။

"မင်းတို့အားလုံးဟာ ငါ့ရဲ့ လူယုံတော်တပ်ဖွဲ့ဖြစ်သလို အသေခံတပ်ဖွဲ့လဲ ဖြစ်တယ်၊ ငါ့လက်အောက်က လူပေါင်း တစ်ရာကျော်ထဲက ရွေးထုတ်ထားကတည်းက မင်းတို့အပေါ်



ငါတယ်သဘောက် ယုံကြည် အားထားတယ်ဆိုတာ မင်းတို့ သိနိုင်တယ်၊ ဒီနေ့အဖို့မှာတော့...."

ကျားအဖွဲ့ခွဲမှူးကြီး၏ အသေခံတပ်ဖွဲ့သည် ငြိမ်သက်စွာ နားထောင်နေလေ၏။

"ဒီနေ့အဖို့မှာတော့ မင်းတို့အားလုံးကို အသုံးပြုဖို့ မလို သေးဘူး၊လောလောဆယ် ထန်ကျင်းနဲ့ ဝမ်ကျယ်ကိုပဲ လိုအပ် တယ်၊ ကျန်တဲ့လူတွေ တဲတန်းလျားထဲမှာပြန်ပြီး အနားယူ ပေတော့"

လက်ရွေးစင် သိုင်းသမားများသည် သူတို့ပြေးထွက်လာခဲ့ ကြသည့် တဲတန်းလျားများဆီသို့ လျင်မြန်စွာ ပြန်ပြေးသွား ကြသည်။ မြက်ခင်းပြင်၌ ထန်ကျင်းနှင့် ဝမ်ကျယ်အမည်ခံ ရုံကူလင်တို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့လေ၏။

ကျားအဖွဲ့ခွဲမှူးကြီးက....

"ဒီကနေ့ညသန်းခေါင်မှာ အဖွဲ့ချုပ်ခေါင်းဆောင်ကြီးနဲ့ သွားရောက်တွေ့ဆုံဖို့ အကြောင်းရှိတယ်၊ အခု ငါစောင့်နေ တာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ စေတမန်ပဲ၊ ဒီအချိန်ကျ တာတောင် စေတမန် လာပုံမပေါ်ရင် ဒီည သန်းခေါင် တွေ့ဆုံပွဲဟာ သေချာသွားပြီလို့ မှတ်ရမယ်၊ မသေချာရင် စေတမန်ရောက်လာပြီး အစီအစဉ်အသစ်ကို လာအကြောင်း ကြားတတ်တယ်"

ကျားအဖွဲ့ခွဲမှူးကြီး ထန်ကျင်းနှင့် ရုံကူလင်တို့သည် မြက်ခင်းပြင်၌ အချိန်အတော်ကြာရပ်စောင့်နေကြသည်။စေတမန် ၏ အရိပ်အယောင်ကို အနည်းငယ်မျှပင် မမြင်ရချေ။

အတန်ကြာမှ ကျားအဖွဲ့ခေါင်းဆောင်ကြီးက....

"ကဲ....စေတမန်ရောက်မလာတော့ဘူး၊ ဒီညသန်းခေါင်ယံ ရောက်ဆုံပွဲဟာ စသချာပြီ၊ အခုတော့ မင်းတို့ပဲ ပြန်အနားယူကြဦး၊ သန်းခေါင်ယံအတိုင်ခင် ပါလာခေါ်မယ်"

စကားဆုံးသည်နှင့်ကျားအဖွဲ့ခေါင်းဆောင်ကြီးထွက်ပြေးပျောက်ကွယ်သွားတော့သည်။

ထန်ကျောင်းနှင့် ရုံကူလင်တို့သည် တဲတန်းလျားများဆီသို့ ဖြည်းညင်းစွာလမ်းလျှောက်၍ ပြန်လာကြသည်။ ထိုအခိုက်မှာပင် ထန်ကျောင်းက စတင်၍ မေးခွန်းတစ်ခု ထုတ်သည်။ သူ့မေးခွန်းကြောင့် ရုံကူလင် လန့်ဖျပ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ"

"ဗျာ....ဘယ်သူ့ကို မေးတာလဲခင်ဗျာ"

"ခင်ဗျားကိုမေးတာ၊ ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော်က တတိယသခင်မရဲ့ လက်အောက် ငယ်သားပါ"

"ခင်ဗျား မညာပါနဲ့၊ ကျုပ်ကို ညာလို့မရဘူး"

ရုံကူလင်သည် ဓားရိုးပေါ်သို့ လက်တင်လိုက်ပြီး အေးစက်စက်ပြန်မေးလိုက်၏။

"ခင်ဗျားက ဘာသဘောနဲ့ ဒီမေးခွန်းကို မေးတာလဲ"

ထန်ကျောင်းက ခပ်အေးအေးပင်....

"အဖွဲ့ခေါင်းကြီးက သခင်မရန်ကြူမေရဲ့ အလှကွန်ယက်ထဲမှာ အမိခံနေရတဲ့လူဆိုတော့ ခင်ဗျားကိုဂရုစိုက်ပြီး မလေ့လာဘူး၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားဟာ တတိယ



သခင်မရဲ့ လက်အောက်ငယ်သားမဟုတ်ဘူးဆိုတာ အတတ်သိတယ်"

ရုံကူလင်သည် သူ့ဓားကို လျင်မြန်စွာထုတ်လိုက်၏။ သူ့ဓားထုတ်ပုံမှာ အလွန် လျင်မြန်လှသဖြင့် ဂမ်လျူ အဖွဲ့ရှင်ခေါင်းဆောင်ချုပ်ကြီးများပင် တအံ့တသြ ဖြစ်ခဲ့ရသည်။ ယခု ထန်ကျောင်းကမူ သူ့ဓားကို လုံးဝမကြည့်ဘဲရှိနေသည်။ ရုံကူလင်သည် ဓားကို ဓားအိမ်ထဲသို့ ပြောင်းခန့် ပြန်သည့်လိုက်၏။

ထန်ကျောင်းက ပြုံး၍ပြောသည်။

"ခင်ဗျား ကျုပ်ကို မသတ်ရဲပါဘူး၊ အေး....ဘာကယ်တော့လဲ သတ်ဖို့လိုပါဘူးလေ၊ ကျုပ်က ခင်ဗျားလောက် သိုင်းပညာ မထက်မြက်ဘူး၊ ကျုပ်အနေနဲ့ ဒီအဆင့်ကနေ ကျော်ပြီး ထိုးဖောက်ဖို့ဆိုတာ မလွယ်လှပါဘူး၊ ခင်ဗျားကို ကျုပ် ချီးကျူးပါတယ်၊ ခင်ဗျားကတော့ ကျုပ်ထက် အရေ ရောက်မှာ သေချာပါတယ်၊ ဒီတော့ ကျုပ်နှုတ်ပိတ်နေရင့်နေမှာကို ခင်ဗျား ဘာမှစိုးရိမ်ပါနဲ့"

ရုံကူလင်မှာ အကြီးအကျယ် အံ့သြနေလေတော့၏။

"အင်၊... ဒီလူလဲ သူ့လျှိုပဲကိုး၊ ဘယ်အဖွဲ့ကိုများကိုယ်စားပြုသလဲမသိဘူး"

ရုံကူလင်သည် ထိုသို့တွေးပြီးချက်ချင်းမေးခွန်းထုတ်လိုက်လေ၏။

"ခင်ဗျား ဘယ်အဖွဲ့ကလဲ"

ထန်ကျောင်းက...

"ကျုပ် ဘယ်အဖွဲ့ကမှ မဟုတ်ဘူး"

"ဗျာ…ဘယ်အဖွဲ့ကမှ မဟုတ်ဘဲနဲ့များဗျာ"

"ဒါကတော့ ကိုယ့်ခံစားချက်နဲ့ကိုယ်ပဲဗျာ၊ လူတွေဟာ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အဖွဲ့အတွက်၊ ကိုယ့်တိုင်းပြည်အတွက် တစ်ခုမဟုတ် တစ်ခုလုပ်နေကြတာပဲ၊ ကျုပ်လဲ အဲဒီအကြောင်းအချက်တွေထဲက တစ်ခုခုအတွက် ကိုယ်စားပြုနေတာပေါ့ဗျာ"

"ခင်ဗျားတစ်ခုခုက ကျယ်ပြန့်သလား၊ ကျဉ်းမြောင်းသလား"

ထန်ကျင်းက ခွေးမြည့်သောမျက်နှာဖြင့်….

"ကျဉ်းမြောင်းပါတယ်ဗျာ၊ ကျုပ် လက်တုံ့ပြန်ဖို့ သက်သက်ပါ၊ ကျုပ်အနေနဲ့ကတော့ မလွယ်လှပါဘူး၊ ခင်ဗျားသာ ဆက်ကြိုးစားပေတော့၊ ကဲ….ကဲ….တဲနား ရောက်လာပြီ၊ စကားမပြောနဲ့တော့ ညသန်းခေါင်ယံကျမှ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ တွေ့တော့မယ်ဆိုရင် ကျုပ်ရဲ့ အရိပ်အခြည်ကို ကြည့်ပြီး မီးစင်ကြည့်ကပါ"

ထန်ကျင်းသည် တဲအတွင်းရောက်သောအခါ ရုံကူလင်အား မည်သည့်စကားမျှ မပြောတော့ဘဲ သူ့ခုတင်ထက် လှဲကာ အတွင်းအားလေ့ကျင့်နေလေတော့၏။

ရုံကူလင်မှာလည်း မည်သည့်စကားမျှ မပြောတော့ဘဲ ခုတင်ပေါ်သို့တက်၍ အတွင်းအား လေ့ကျင့်ရတော့သည်၊ သို့ရာတွင် ရုံကူလင်မှာ အတွင်းအားကျင့်စဉ်ကိုကောင်းစွာ မလေ့ကျင့်နိုင်ရှာပေ၊ ထန်ကျင်း၏ အပြုအမူနှင့် စကား



များကို စိတ်ထဲ၌ ကြားယောင်မြင်ယောင် ဖြစ်နေလေတော့သည်။

နောက်ဆုံး၌ ဟင်းချမိတော့သည်။

"ဒီပုံအတိုင်းဆိုရင်တော့ ဒီလူဟာ ငါ့ရဲ့ အဖြစ်မှန်ကို ဖော်ထုတ်မယ့်ပုံ မရှိပါဘူး၊ သူလဲ သူ့နည်းသူ့ဟန်နဲ့ တိုက်ဖျက်ချင်လို့ ဒီအဖွဲ့ထဲ လျှိုဝင်နေတာ ဖြစ်မှာပါ"

ဤသို့ဖြင့် အချိန်ကုန်မှန်းမသိ အချိန်ကုန်သွားခဲ့ရာ နောက်ဆုံး မိုးစုပ်စုပ်ချုပ်၍ အမှောင်ကြီး လွှမ်းလာလေတော့၏။ အနက်ရောင် ဝတ်စုံဝတ်သည့် လူအချို့က ထန်ကျင်းနှင့် ရုံကူလင်တို့အတွက် စားစရာလင်ဗန်းများ ယူလာပေးသည်၊ ရုံကူလင်တွန့်ဆုတ်တွန့်ဆုတ်လုပ်နေသည်ကို မြင်သဖြင့် ထန်ကျင်းက လှမ်းပြောလိုက်သည်၊

"စားလေ စားပါဗျာ၊ အစာထဲမှာ ဘယ်သူမှ အဆိပ်မခတ်ပါဘူးဗျ၊ ခင်ဗျားရဲ့ ဇာစ်မြစ်ကိုသိတာလဲ ကျုပ်တစ်ယောက်တည်းပဲ ရှိတာပါ၊ ကျုပ်ကလဲ ခင်ဗျားကို ဒုက္ခပေးမယ့်လူ မဟုတ်ပါဘူးဗျ"

ရုံကူလင်သည် ထန်ကျင်း၏ စကားဆုံးသည်နှင့် စားစရာများကို အကုန်အစင် စားပစ်လိုက်လေတော့၏။

စားသောက်ပြီး အတန်ကြာအနားယူပြီးသောအခါတွင် တဲအပြင်မှ လှမ်းခေါ်သံကြားလိုက်ရသည်။

"ထန်ကျင်း….ဝမ်ကျယ်"

"လာပါပြီ အဖွဲ့ခွဲမှူးကြီး"

ထန်ကျင်းနှင့် ရှံကူသင်တို့သည် တစ်ပြိုင်တည်း လိုလို အော်ဟစ်အသံပြုလိုက်ပြီး တဲပြတင်းပေါက်များမှ ခုန်၍ ထွက် သွားကြလေ၏။

တဲအပြင်တွင် ကျားအဖွဲ့ခွဲမှူးကြီး ရပ်စောင့်နေကြောင်း တွေ့ရလေ၏။

ထန်ကျင်းက အရှိအသေပေးရင်း....

"အသင့်ပါ အဖွဲ့ခွဲမှူးကြီး"

"ကောင်းပြီ၊ ငါ့နောက်လိုက်ခဲ့ကြ"

ကျားအဖွဲ့ခွဲမှူးကြီးသည် စကားဆုံးသည်နှင့် တရိပ်ရိပ် ပြေးထွက်သွား၏။ ထန်ကျင်းနှင့် ရှံကူသင်တို့ကလည်း အမီ လိုက်ကြသည်။

မှောင်နှင့်မည်းမည်း သစ်တောအတွင်း အလင်းရောင်မရှိ ပါဘဲလျက် ဤသို့ဦးဆောင်ပြေးနေခြင်းက ဤသစ်တောအုပ် ကို ကျားအဖွဲ့ခွဲမှူးကြီးအနေဖြင့် ခရီး၍ အသာ ကျွမ်းနေ ကြောင်း သက်သေပြနေသည်။ အဖွဲ့ခွဲမှူးကြီးကဲ့သို့ ထန်ကျင်း လည်း အသာ ကျွမ်းနေပေသည်။ ထို့ကြောင့် ရှံကူသင်အနေ ဖြင့် ထိုသူနှစ်ယောက်နောက်မှ မှီးသိုက်ခြင်းဖြင့် မည်သည့် အနှောင့်အယှက်မျှ မတွေ့ရဘဲရှိသည်။

သူတို့သုံးယောက်သည် အယ်မိုင်ခန့်ဝေးသော ခရီးကို ကိုယ်ဖော့ပညာသုံး၍ ပြေးလွှားခဲ့ကြ၏။ နောက်ဆုံးတွင် သစ်တောအုပ်ကိုကျော်လွန်သွားကြပြီး တောင်ကုန်းကလေး များ ဝန်းရံနေသည့်နေရာသို့ ရောက်ရှိလာကြတော့သည်။



ထိုနေရာသို့ ရောက်သောအခါ ကျားအဖွဲ့ခွဲမှူးကြီးက ရှေးဦးစွာ ရပ်တန့်လိုက်၏။ ထန်ကျင်းနှင့် ရှံကူလင်တို့က လည်း အရှိန်သတ်လိုက်ကြရသည်။

ကျားအဖွဲ့ခွဲမှူးကြီးက ခပ်တိုးတိုးပြောသည်။

"မင်းတို့ ငါ့အရိပ်အခြည်ကိုကြည့်ပြီးလိုက်ကြ၊ ဟိုအထဲ ရောက်ရင်လဲ သေသေဝပ်ဝပ်နေကြ"

ထန်ကျင်းနှင့် ရှံကူသင်တို့က ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

"ဟုတ်ကဲ့၊ စိတ်ချပါ အဖွဲ့ခွဲမှူးကြီး"

သူတို့ တောင်ကုန်းကလေးကို ကျော်ဖြတ်လိုက်သော အခါ တောင်ကုန်းများ၏အလယ်၌ အဝေါ်အတန်ကြီးမား သော အဆောက်အအုံကြီးတစ်ခုကို တွေ့ရသည်။ အဆောက် အအုံ၏ပတ်ဝန်းကျင်၌ အစောင့်ဟူ၍လည်း အရိပ်အယောင် မျှ မတွေ့ရပေ။

ကျားအဖွဲ့ခွဲမှူးကြီးသည် ကျောက်ဆစ် ခြင်္သေ့ကားယစ် များမှနေ၍ ခန်းမကြီးထဲသို့ ရဲဝံ့စွာသွားသည်။ ရှံကူလင်တို့ လည်း ထက်ကြပ်မကွာ လိုက်ပါသွားကြလေ၏။

အဆောက်အအုံ၏ အပြင်၌ မည်းမှောင်နေသော်လည်း အဆောက်အအုံထဲ၌မူ လင်းထိန်နေသည်။ မီးအိမ်ဆယ့်နှစ် လုံးခန့်၏ အလင်းရောင်က ခန်းမကြီးတစ်ခုလုံးအား လင်း လင်း ရှင်းရှင်း တွေ့မြင်စေနိုင်၏။

ရှံကူလင် အသေအချာ ကြည့်လိုက်သောအခါ ခန်းမ ဆောင်ကြီး၏ ခေါင်းရင်းဘက်၌ လူများရောက်ရှိနေသည် ကို တွေ့ရှိလိုက်ရသည်။ လက်ဝဲဘက်၌ ကုလားထိုင်နှစ်လုံး

ရှိရာ လူခြောက်ယောက် ထိုင်နေပြီးဖြစ်သည်။ တစ်ခုံသာ လူမရှိဘဲ ကွက်လပ်ကျန်နေ၏။ လက်ယာဘက်၌ ကုလားထိုင် သုံးလုံးရှိရာ နန်းတွင်းဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသမီးနှစ်ယောက် ထိုင်နေပြီး တစ်ခုံမှာ ကွက်လပ်ကျန်၏၊

ကျားအဖွဲ့ခွဲမှူးကြီးသည် လက်ဝဲ၌လွတ်နေသောကုလားထိုင် တစ်လုံး၌ သွားထိုင်လိုက်သည်။ ထိုအခါ နန်းတွင်းအဝတ်အစား ဝတ်ဆင်ထားသည့် အမျိုးသမီးနှစ်ဦးနှင့် လက်ဝဲခုံတန်း၌ ထိုင်နေကြသည့် ယောကျ်ားခြောက်ဦးက မတ်တတ်ရပ်၍ ဆီးကြိုဂါရဝပြုကြလေ၏။

ရုံကူလင်တွေးမိသည်။

"ဩော်....သူတို့ထဲမှာကျားအဖွဲ့ခွဲမှူးကအဆင့်တော်ကလေး ရာထူးအဆင့် မြင့်တာကိုး၊ ဒါကြောင့်မို့ ရန်ကြူမေတို့ ကျောက်သိမ်းငှက်တို့က အစ်ကိုကြီးလို့ခေါ်ကြပေတာပဲ"

"အဟမ်း....အဟမ်း"

ချောင်းဟန့်သံနှင့်အတူ ထူးခြားဆန်းကြယ်သည့်အဝတ် အစားများ ဝတ်ဆင်ထားသောစေတမန်ရောက်ရှိလာသည်၊ သူရောက်ရှိလာပုံမှာ လျှပ်တစ်ပြက် လျင်မြန်လှသဖြင့် သိုင်း ပညာ၌ တကယ့် ထိပ်တန်းရှိသူတစ်ဦးဖြစ်ကြောင်း ရုံကူ လင် ရိပ်မိလိုက်သည်၊ ထိုအချိန်မှာပင် မီးအိမ်ဆယ့်နှစ်လုံး စလုံး တစ်ပြိုင်နက် ငြိမ်းသွားလေတော့၏၊

ခန်းမကြီးတစ်ခုလုံး မည်းမှောင်သွားသည်၊ ဤမည်း မှောင်မှုမှာ ကွမ်းတစ်ယာညက်ခန့် ကြာမြင့်၏၊ နောက်ဆုံး မီးအိမ်များပြန်လင်းလာသည်။



ရုံကူလင်အကဲခတ်လိုက်သောအခါ ခေါင်းရင်းဘက် စင် မြင့်ပေါ်၌ လူတစ်ယောက် အခန့်သားရောက်ရှိနေကြောင်း တွေ့လိုက်ရတော့သည်၊ ထိုလူသည် ဝတ်ရုံစိမ်းကြီး ဝတ် ဆင်ထားပြီး သူတို့အားလုံးကို ကျောပေးထိုင်နေလေ၏။ ထိုအပြုအမူက သူ့မျက်နှာကို လူမတွေ့မြင်စေချင်ကြောင်း ဖော်ပြနေပေသည်၊

ထိုစဉ် ကျားအဖွဲ့ခွဲမှူးကြီးအပါအဝင် ကုလားထိုင်များ ပေါ်၌ ထိုင်နေကြသူအားလုံး ကုလားထိုင်များပေါ်မှဆင်း ကာ ဒူးထောက်ထိုင်လျက် ဝတ်ရုံစိမ်းနှင့်ပုဂ္ဂိုလ်အား အရို အသေ ပေးကြလေ၏။

ထန်ကျင်းနှင့် ရုံကူလင်တို့မှာ နဂိုကတည်းက ကြမ်းပြင် ပေါ်၌ ထိုင်နေကြသူများဖြစ်ရာ အထွေအထူးဆင်းထိုင်ရန် မလိုတော့ပေ။ သူတို့လည်း အခြားသူများလိုပင် ဦးညွှတ် အရိုအသေပေးလိုက်ကြရ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ခန်းမဆောင်ကြီးထဲ၌ အော်ဟစ်သံများ ဟိန်းထွက်သွား သည်။ ထိုသို့ အော်ဟစ်သံများထဲ၌ ရုံကူလင် မပါဝင်ပေ။

ထို့နောက် ဝတ်ရုံစိမ်းနှင့်ပုဂ္ဂိုလ်ထံမှ ကြည်လင်အားမြ သော အသံ ထွက်ပေါ်လာသည်၊

"အားလုံး ပြန်ထိုင်နိုင်ပြီ၊ ငါခွင့်ပြုတယ်"

ကျားအဖွဲ့ခွဲမှူးကြီး အမှူးပြုသော အဖွဲ့ခွဲမှူးများနှင့် နန်းတွင်းဝတ်စုံဝတ် အမျိုးသမီးနှစ်ဦးသည် မိမိတို့၏ကုလား

လိုင်များပေါ်၌ ပြန်ထိုင်ကြလေ၏။ အခန်းထဲ၌ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ် ငြိမ်သက်နေတော့သည်။

ငြိမ်သက်တိတ်ဆိတ်မှု အတန်ကြာလာသောအခါ ရုံကူ လင်ပင်ချှင် ထိတ်လန့် ချောက်ချားလာ၏။

"ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူး"

အေးမြသောလေသံသည် ရုတ်ခြည်းတင်းမာသွားခဲ့လေပြီ။

ပဉ္စမခုံ၌ ထိုင်နေသောလူသည် ကပျာကယာ ထလာပြီး ဝတ်စုံစိမ်း ဝတ်ဆင်ထားသူ၏ ကုလားထိုင်ရှေ့ တည့်တည့်၌ သွားရောက်ရပ်နေလေ၏။

ထိုသူက ရုံကူလင် တွေ့ခဲ့ဖူးသည့် ကျောက်သိမ်းငှက်ပင် တည်း။

"ကျွန်တော်အသင့်ရှိပါတယ် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ခင်ဗျာ"

ကျောက်သိမ်းငှက်၏အသံက သိသာစွာတုန်ယင်လှုပ်ရှား နေပေသည်။

"မင်းမှာ အပြစ်ရှိတာယ်မဟုတ်လား"

"ကျွန်...ကျွန်...ကျွန်တော် ဘာအပြစ်မှ မကျူးလွန်ခဲ့ ရပါကလား ခင်ဗျာ"

အပြစ်မကျူးလွန်ပါဟု ငြင်းဆန်နေသော ကျောက်သိမ်း ငှက်သည် အလွန်တရာ ကြောက်ရွံ့နေပေပြီ။

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏အသံသည် ချွန်မြသော ဖြင့် ထိုးလိုက်သလို စူးစူးရှရှ ထွက်ပေါ်လာသည်။

"မင်းက ငါ့ကို ညာသလား"



"ကျွန်...ကျွန်တော်...."

"မင်းအပြစ် မင်းမသိဘူးလား၊ ကျားအဖွဲ့ခွဲမှူးတာဝန် ရှိတဲ့ အခွင့်မရှိ မဝင်ရ နယ်မြေထဲသွားပြီး ရန်ကြူပေကို သွားကြည့်ခဲ့တာကို ငြင်းချင်သေးသလား"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူး၏နဖူးပြင်ပေါ်မှာဆီကင်း ခန့်ရှိသော ချွေးများ ကျဆင်းလာလေတော့သည်။

"ကျွန်...ကျွန်တော် ရန်သူနောက်ကိုလိုက်ရင်း ဂိုဏ်းချုပ် ကြီးက မဝင်ရလို့ သတ်မှတ်ထားတဲ့ နယ်မြေထဲ အမှတ်မထင် ကျူးကျော်ဝင်ရောက်မိပါတယ်၊ ကျွန်တော် တမင်ဝင်တာ မဟုတ်တဲ့အတွက် တစ်ခါတစ်ရံ ခွင့်ပြုပါလို့ တောင်းပန်ပါ တယ် ခင်ဗျာ"

ထိုစဉ် တဖြည်းဖြည်း လှိုက်၍ လှိုက်၍ ရယ်မောသည့် ရယ်သံ ထွက်ပေါ်လာတော့သည်။ အဖွဲ့ခေါင်းဆောင်ချုပ် ကြီး၏ ရယ်သံပေတည်း။

သူ့ရယ်သံမှာ စူးရှအေးမြလှသဖြင့် တိတ်ဆိတ် ငြိမ်သက် နေသောခန်းမဆောင်ကြီးအတွင်း၌ချောက်ချားဖွယ်ကောင်း လှပေသည်။

ကျောက်သိမ်းငှက်မှာ မတ်တတ်ရပ်ခြင်းငှာ မစွမ်းနိုင်တော့ ပေ။ သူသည် ဒူးထောက်ကျသွားပေပြီ။

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ရယ်သံသည် တော်တော်နှင့် မရပ်ပေ။ အတန်ကြာသောအခါမှ တိတ်ဆိတ်သွားလေ၏။

"မင်းလိုက်တဲ့ ရန်သူက ဘယ်လိုပုံစံမျိုးရှိသလဲ"

"တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဓားရှည်ကို နောက်ကျောမှာ သိုင်းလွယ်ထားပါတယ်"

"ဒါဖြင့် မင်းရဲ့ဝတ်စားဆင်ယင်မှုနဲ့ တစ်ထေရာတည်းပဲ ဆိုပါတော့"

"မှန်ပါတယ် ခင်ဗျာ"

ကျောက်သိမ်းငှက်သည် ထိုသို့ ပြောပြီးသောအခါမှ 'ကျွန်….ကျွန်တော်'ဖြင့် ထစ်ငေါ့နေတော့သည်။ သူ့စကားမှားသွားခဲ့ပြီကို သိလိုက်သောကြောင့်တည်း။ ထို 'မှန်ပါတယ် ခင်ဗျာ' ဟူသော စကားအတွက် သူသည် ကြီးစွာ နောင်တရမိသည်။ သူ့စကားကို ပြင်ချင်သော်လည်း ပြင်ချိန် မရှိတော့ပြီ။ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ အေးစက်စက် ရယ်သံ ထွက်ပေါ်လာပြန်၏။

"ငါ့ကို လိမ်ညာတဲ့အတွက် မင်းရဲ့ပါးကို ကိုယ့်ဘာသာ အချက်နှစ်ဆယ်ချစမ်း၊ မြင်းထန်ပခုလုပ်စေ"

ကျောက်သိမ်းငှက်သည် လုံးဝတုံ့ခနေ့ခြင်းမရှိဘဲ သူ့ပါးကို အချက်နှစ်ဆယ် ချလိုက်ရာ နှုတ်ခမ်းများ ကွဲအက်ပြီး နီစွေးသော သွေးများ ယိုစီးကျလာလေတော့သည်။

အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအသံ ပေါ်လာပြန်၏။

"အေး….ဟုတ်ပြီ၊ အခုအချိန်ကစပြီး မလိမ်မညာမကွယ် မဝှက်တဲ့ အမှန်စကားတွေကိုချည်း ပြောစမ်း"

ကျောက်သိမ်းငှက်က တုန်လှုပ်စွာ ပြန်ပြော၏။

"ကျွန်…. ကျွန်တော် ပြောခဲ့တာ အမှန်တွေချည်းပါပဲ ခင်ဗျာ"



အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏အေးစက်သောလေသံသည် တင်းမာသောအဆင့်သို့ ပြန်လည်မြင့်တက်သွားပြန်၏။

"မင်းဟာ ငါလိုလူမျိုးကို လိမ်ချင်တယ်၊ လျှာအရိုးမရှိတဲ့အတိုင်း ညာပြောတယ်၊ နောက်တစ်ခါငါ့ကိုမလိမ်နိုင်အောင် အပြစ်ပေးရမယ်၊ ကိုယ့်လျှာကိုယ် ကိုက်ဖြတ်စမ်း"

ကျောက်သိမ်းငှက်မှာ ဒူးများ ပျော့ခွေနေရသည့်ကြား ထဲမှ ခေါင်းနားပန်းကြီးသွားရသည်။

"ခင်ဗျာ….ကျွန်တော် ဆန္ဒစောပြီး မဝင်ရတဲ့နယ်မြေထဲ ဝင်သွားမိတာကလွဲလို့ ဘာအပြစ်မှ မကျူးလွန်ခဲ့ပါဘူး ခင်ဗျာ၊ ကျွန်တော်….ကျွန်တော် ဘာဖြစ်လို့ ကိုယ့်လျှာကိုယ် ကိုက်ဖြတ်ရမှာလဲ"

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ ဒေါသသည် အခေါင် အထွတ်သို့ တက်သွားလေပြီ။ သူ့လေသံသည် ဒေါသကြောင့် တုန်ခါနေ၏။

"မင်း စကားတစ်ခွန်းမှ ထပ်မပြောနဲ့၊ ထပ်ပြောရင် အရှင်လတ်လတ် ငရဲရောက်သွားမယ်မှတ်၊ ကဲ….မင်းလျှာကို မင်းကိုက်ဖြတ်စမ်း၊ ဖြတ်ပြီးမှ မင်းအပြစ်ကိုမင်း ဝန်ခံခစ ရမယ်"

ကျောက်သိမ်းငှက်မှာမလွန်ဆန်ဝံ့တော့သဖြင့် သူ့လျှာကို ကိုက်ဖြတ်လိုက်ရတော့သည်။ ကျောက်သိမ်းငှက်၏ ပါးစပ်၌ သွေးရဲရဲသံရဲရဲ ဖြစ်နေပေပြီ။

ရှုံကူလင်မှာ သူ၏ တစ်သက်နှင့်တစ်ကိုယ် ကြုံမှုရက်စက်သော အမိန့်ပေးမှုမျိုးနှင့် အမိန့်နာခံတတ်မှုမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရဖူးသဖြင့် ဇောချွေးများပြန်ကျက် တုန်ယင်လှုပ်ရှားနေတော့သည်။

## အခန်း ( ၉၈ )

### လေမုန်တိုင်းဓားခွဲ

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ အေးစက် မာကျောသော စကားသံ တစ်လုံးချင်း ထွက်ပေါ်လာ၏။

"ရန်ကြူမေကို အကျဉ်းချထားဖို့ ငါက အမိန့်ပေးထားတယ်၊ မင်းက ရန်သူကို ခြေရာခံတယ်လို့ ဆင်ခြေပြပြီး ရန်ကြူမေကို ဝင်တွေ့တယ်၊ ဒါတင်မကသေးဘူး ငါချထားတဲ့ အစောင့်နှစ်ယောက်ကိုပါ သတ်ပစ်ခဲ့သေးတယ်၊ မင်း ဘာပြောချင်သေးသလဲ"

ကျောက်သိမ်းငှက်မှာခေါင်းငိုက်စိုက် ကျနေလေတော့၏။

"ကျားအဖွဲ့ခွဲမှူးကြီး"

အေးစက်သော စကားသံက ခန်းမဆောင်ကြီးထဲ၌ တုန်လှုပ်စွာ ပေါ်လာပြန်သည်။သည်တစ်ကြိမ်တွင်တော့ ရှုံကူလင်အား စောင့်ရှောက်ပေးထားသည့် ကျားအဖွဲ့ခွဲမှူးကြီး၏ အမည်နာမကို ခေါ်ထုတ်နေပေပြီ၊

ရုံကူလင်မှာ အလိုလိုနေရင်း ခြေဖျားလက်ဖျားများအေး စက်ချင်သလိုလို ဖြစ်လာ၏။ ထန်ကျင်းက ရုံကူလင်အား ပခုံးဖြင့်မသိမသာတိုက်ရင်း ဣန္ဒြေရရ ထိန်းထိန်းသိမ်းသိမ်း နေရန် သတိပေးသည်။

ကျားအဖွဲ့ခွဲမှူးကြီးသည် ကုလားထိုင်မှထကာ ကျောက်သိမ်းငှက်နှင့် ယှဉ်၍ရပ်လိုက်၏။

ကျားအဖွဲ့ခွဲမှူးကြီးက...၊

"ကျွန်တော် အသင့်ရှိပါတယ်အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ခင်ဗျာ"

စင်မြင့်ပေါ်၌ထိုင်နေသည့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ ကုလားထိုင်သည် သူတို့ရှိရာဘက်သို့ တဖြည်းဖြည်း လည်လာ၏၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ မျက်နှာကို တွေ့မြင်နိုင်တော့မည်၊ ရုံကူလင်သည် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိလေ၏။

မကြာမီ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးသည် ခန်းမကြီးသို့ တူရူတည့်တည့် လှည့်မိပြီးဖြစ်လေသည်။ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ မျက်နှာကိုကြည့်ပြီး ရုံကူလင် ထိတ်လန့်သွားမိပြန်လေ၏။

ထိုမျက်နှာမျိုးကား အလွန်တရာရှားပါးလှဘိ၏၊ နှာရွက်ကချွန်ချွန်၊ မျက်လုံးကပြူးပြူး၊ မျက်နှာကရှည်ရှည် ထို့ပြင် ဖြူဖွေးသောမုတ်ဆိတ်ရှည်ကလည်းရှိနေသေးသည်၊ လူတစ်ယောက်၏ ခန္ဓာကိုယ်၌ မြင်း၏ ဦးခေါင်းတစ်လုံး တပ်ဆင်ထားသည်နှင့် တူနေပေတော့သည်။



ရုံကူလင်သည် ရန်ကြူမေ၏ စကားအချို့ကို သတိရမိလိုက်သည်။

"ဂူကြည် ဘိုးဘိုး"

ထိုဂူကြည်ဘိုးဘိုးဆိုသူကား ရန်ကြူမေတို့၏ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအစစ်ပင် ဖြစ်ချေတော့သည်တကား။

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ မျက်နှာမှာလည်း မြင်း၏ မျက်နှာနှင့် အလွန်တရာ တူနေသေးသည်တကား။

ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့် လူထူးလူဆန်း ဂူကြည်ဘိုးဘိုးသည် ကျားအဖွဲ့ခေါင်းဆောင်မှူးကြီးအား အေးစက်စက်မေးမြန်းလိုက်သည်။

"မင်းအပြစ် မင်း သိရဲ့လား"

"ဟုတ်ကဲ့....ကျွန်တော် သိပါတယ် ခင်ဗျာ"

ကျားအဖွဲ့ခွဲမှူးကြီးက မဆိုင်းမတွ သွက်လက်စွာပြန်ဖြေလိုက်သည်။

"အင်း....ကောင်းပြီ၊ ငါက ဒါမျိုးမှကြိုက်တယ်၊ အမှန်ကို အမှန်အတိုင်းတင်ပြတဲ့အတွက်. မင်းကို သက်သက်ညှာညှာ အပြစ်ပေးမယ်၊ မင်းရဲ့ မျက်စိတစ်ဖက်ကို ကော်ထုတ်ပစ်လိုက်စမ်း"

ကျားအဖွဲ့ခွဲမှူးကြီးသည် သူ၏ လက်ဝဲဘက်မျက်လုံးကို ချက်ချင်းကော်ထုတ်ပစ်လိုက်သည်၊ သွေးများ ရဲခနဲကျလာလေ၏။

ကျားအဖွဲ့ခွဲမှူးကြီးက....

"ကျွန်တော့် မျက်လုံး တကယ်ထုတ်မထုတ် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး စမ်းသပ်ဦးမှာလား ခင်ဗျာ"

"မလိုဘူး၊ ငါမြင်တယ်"

သူသည် ကျားအဖွဲ့ခွဲမှူးကြီးရှိရာသို့ တစ်စုံတစ်ခုကို ပစ်ပေးရင်း ဆက်ပြောလေ၏။

"ကဲ...ရော့၊ မင်းအတွက်ဆေးတစ်လုံး၊ မင်းရဲ့ လစ်လပ်နေတဲ့ မျက်လုံးထဲ ထည့်လိုက်၊ ဒဏ်ရာသက်သာ သွားပါလိမ့်မယ်"

ကျားအဖွဲ့ခွဲမှူးကြီးသည် ငူကြည်ဘိုးဘိုး ပေးသည့်ဆေးလုံးကို သူ၏ လစ်ဟာနေသည့် မျက်လုံးထဲသို့ ထည့်လိုက်ပြီး သူ့နေရာသူပြန်ထိုင်နေလိုက်သည်။

ရှုံကူလင်သည် သူ မြင်တွေ့ကြုံကြိုက်နေရသည့် အရာအားလုံးကို အိပ်မက်ပမာ ထင်မှတ်နေတော့သည်။

"ဒီငူကြည်ဘိုးဘိုးဟာ ကိုယ့် လက်အောက် ငယ်သားအပေါ် ဒီလိုရက်စက်နေမှတော့ တခြားရန်သူဆိုရင် ပြောစရာရှိတော့မှာ မဟုတ်ဘူး၊ အင်း...ကျောက်သိမ်းငှက်ကတော့ လျှာလဲအဖြတ်ခံရ ယုံကြည်မှုလဲ ကင်းမဲ့သွားရပြန်ပြီ၊ ဒီလူအဖို့ သေရုံကလွဲပြီး တခြားနည်းလမ်း ကျန်တော့မယ် မထင်ဘူး၊ ကျားအဖွဲ့ခွဲမှူးကြီးကတော့ မျက်လုံးတစ်ဖက် ဆုံးရှုံးပေမယ့် ငူကြည်ဘိုးဘိုးရဲ့ ယုံကြည်မှုကို ခံနေရသေးတော့ တော်သေးတယ်လို့ ဆိုရမယ်"

ရှုံကူလင် တွေးတောနေခိုက် ခန်းမကြီးတစ်ခုလုံးလည်း ငြိမ်သက်တိတ်ဆိတ်နေတော့သည်။ အခြားသော အဖွဲ့ခွဲမှူး



များမှာလည်း ရင်ထဲတိတ်တိတ်ဖြင့် စောင့်မျှော်နေကြရပြန်သည်။ ငူကြည်ဘိုးဘိုးသည် သူတို့ထဲက တစ်ယောက်ယောက်အား ခေါ်ထုတ်စွဲချက်တင်အပြစ်ပေးရှာမည်လော ဟူ၍။

အတန်ကြာ ငြိမ်သက်နေသော အခန်းကြီးသည် ငူကြည်ဘိုးဘိုး၏ အေးစက်သော စကားသံက လွှမ်းခြုံလာပြန်လေ၏။

"ရန်ကြုံမကို ထုတ်ခဲ့စမ်း"

စေတမန်သည် ခန်းမကြီးထဲမှ အပြင်သို့ လျှပ်တစ်ပြက် ခုန်ထွက်သွားလေ၏၊ စေတမန် ခုန်ထွက်သွားပုံမှာ အလွန်တရာလျှင်မြန်လှ၏။

ရှုံကူလင်သည် ခန်းမကြီးထဲမှအခြေအနေကိုအသေအချာ စေ့ငုံနေသည်။

အဖွဲ့ခွဲမှူးခုနစ်ယောက်နှင့် ပထမသခင်မ၊ ဒုတိယသခင်မတို့မှာ ငြိမ်ကုပ်နေကြသည်။ ယခင်က အလွန်တရာမာနထောင်လွှားကြသည်ဟုဆိုသောထိုလူတစ်သိုက်သည် ကျားဘုရင်ရှေ့ ရောက်ရှိနေသော သားသမင်များပမာ ငြိမ်ဝပ်ပိပြားနေကြလေ၏။

မကြာမီ အပြင်သို့ထွက်သွားသည့်စေတမန်သည် ပြန်လည်ခုန်ဝင်လာ၏။ သူသည် ရန်ကြုံမကို ပွေ့၍ ခေါ်ဆောင်လာ၏။

သူလည်း ငူကြည်ဘိုးဘိုးအား ဦးညွှတ်ဂါရဝပြုလေ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ခင်ဗျား၊ ရန်ကြူမေကို ခေါ်ဆောင်လာခဲ့ပါပြီ"

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဝူကြည်ဘိုးဘိုးက....

"ကောင်းပြီ၊ သူ့အကြောင်းတွေဖွင့်ပေးပြီး ရှေ့မှာချထား လိုက်"

စေတမန်သည် ရန်ကြူမေ၏ အကြောင်းများကို ဖွင့်ပေးပြီး နောက် သူ၏ မူလနေရာသို့ ခုန်ထွက်သွားလေ၏။ ရန်ကြူ မေသည် ယခင်က ကျောက်သိမ်းပုက်နှင့် ကျားအဖွဲ့ခွဲမှူးတို့ ရပ်နေခဲ့သည့် နေရာလောက်တွင် ဒူးထောက်ထိုင်လျက် ရှိနေ သည်။

ဝူကြည်ဘိုးဘိုး၏ ပြူးကျယ်သော မျက်လုံးများသည် ပို၍ ပြူးကျယ်လာသယောင် ထင်မှတ်ရသည်။

"မင်းအပြစ်ကို မင်းသိရဲ့လား ရန်ကြူမေ"

ရန်ကြူမေသည် ရဲရင့်တည်ကြည်သော မျက်နှာဖြင့် ဝူကြည်ဘိုးဘိုးအား ဦးညွတ်ဂါရဝ ပြုလေ၏။

"ကျွန်မမှာ အပြစ်ရှိတယ်လို့ ဝန်ခံနိုင်လောက်တဲ့ အခြေ အနေမျိုး ဖြစ်ပေါ်ခဲ့ပါရဲ့"

ဝူကြည်ဘိုးဘိုးက....

"မင်းတို့ ငါအများကြီး အခွင့်အရေး ပေးခဲ့တယ်၊ မင်း လုပ်သမျှ အတော်များများကို ငါခွင့်ပြုခဲ့တယ်၊ အခု မင်းရဲ့ တပ်ဖွဲ့တစ်ခုလုံး ပြုတ်ပြုတ် ပြုန်း သွားတယ်၊ မင်း အဖျက်အဆီး ခံလိုက်ရခြင်းဟာ ငါ့ရဲ့ပျက်စီးခြင်းပဲ ဆိုတာကို မင်း နားလည် သဘောပေါက်ရဲ့လား"



ရန်ကြူမေက ရဲဝံ့စွာ ပြန်လည်တင်ပြသည်။

"ဟုတ်ကဲ့...သာမန်အားဖြင့်ကြည့်ရင် ကျွန်မကို ပြင်း ထန်တဲ့ အပြစ်များ ပေးသင့်နေပါတယ်၊ ဒါပေမယ့် အဖွဲ့ ခေါင်းဆောင် ချုပ်ကြီးကသာ ကျွန်မ ကို အသေးစိတ် တင်ပြ ခြေရှင်းခွင့်ပြုရင် ကျွန်မ တင်ပြခြေရှင်းချင်ပါတယ်ရှင်"

"ကောင်းပြီ၊ မင်းဘာပြောချင်သလဲ ပြောစမ်း"

"ကျေးဇူးကြီးလှပါတယ် အဖွဲ့ ခေါင်းဆောင်ချုပ်ကြီး ရှင်၊ ကျွန်မ ဦးစီးရတဲ့အဖွဲ့ဟာ ဝမ်လျှံ အဖွဲ့ရဲ့ အကောင်းဆုံး အဖွဲ့နဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ရပါတယ်၊ တိုက်ပွဲစရုံနဲ့ အဲဒီ ဝမ်လျှံ အဖွဲ့သားတွေ ဘယ်လောက် ထက်မြက်တယ်၊ သိုင်း ပညာကောင်းတယ်ဆိုတာ ရိပ်မိ သိရှိခဲ့ရပါတယ်၊ ဒါပေမယ့် ကျွန်မတို့ဟာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ဂုဏ်သိက္ခာအတွက် နောက်ဆုတ်မပေးဘဲ ရဲရဲဝံ့ဝံ့ ခုခံခဲ့ကြပါတယ်၊ ကျွန်မရဲ့ လက်အောက် ငယ်သားတွေဟာ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်နဲ့ ကြံ့ကြံ့ခိုင်ခုခံရင်း အသက်ပေးသွားခဲ့ကြပါတယ်၊ ကျွန်မကိုယ်တိုင် ဒဏ်ရာပေါင်း နှစ်ဆယ့်တစ်ချက်ရခဲ့ပြီး သုံးချက်ဟာ သေလောက်တဲ့ ဒဏ်ရာတွေဖြစ်ပါတယ်၊ ကျွန် မဟာ ဒီတိုက်ပွဲမှာ ကျွန်မရဲ့ လက်အောက်ငယ်သားတွေနဲ့ အတူ အသေခံဖို့ စိတ်ပိုင်းဖြတ်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီ တိုက်ပွဲအကြောင်းနဲ့ ဝမ်လျှံအဖွဲ့သားတွေ ဘယ်လောက် အစွမ်းထက်နေတယ် ဆိုတဲ့အကြောင်း အဖွဲ့ခေါင်းဆောင် ချုပ်ကြီးဆီ ပြန်လည်အစီရင်ခံမယ့်လူ တစ်ယောက်မှ မရှိ တော့တဲ့အတွက် ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြီး ရန်သူ

တွေကြားက ထိုးဖောက်သွက်ပြေး ခဲ့ပါတယ်ရှင်၊ ဒါဟာ အဖြစ်မှန်ပါပဲ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး စီရင်ဆုံးဖြတ်သမျှ ကျွန်မလည်းစင်း နာခံဖို့ အသင့်ပါပဲရှင်"

ရန်ကြူးမေ၏ ဟန်အမူအရာမှာ အလွန်ဘရာ ရဲရင့်လှသည်။ ရဲဘင်းစွာ ပြောဆိုသော အမူအရာကြောင့်လား မသိ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးမှာတွေဝေသွားသည်။

သို့သော်....

"မင်းရဲ့ အဖွဲ့တစ်ခုလုံး ပျက်စီးဆုံးရှုံးခဲ့တယ်ဆိုတာ ငါ့အဖွဲ့ရဲ့ စည်းကမ်းဥပဒေဘောင်နဲ့ ငြိစွန်းနေပြီ၊ ဒီတော့ မင်းကိုတော့ ထိုက်သင့်တဲ့အပြစ်ဒဏ်ချမှတ်ရမှာပဲ"

ရန်ကြူးမေက ရဲရဲဝံ့ဝံ့ပင်ပြန်ပြောသည်။

"ဟုတ်ကဲ့၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက သေဆိုရင် ကျွန်မသေဝံ့တဲ့လူပါ၊ ကျွန်မဘာအမိန့်ကိုမှ မဖီဆန်ဝံ့ပါဘူး"

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဝူကြည်ဘိုးဘိုးက စကားလမ်းကြောင်းလွှဲ၍ မေးခွန်းထုတ်လိုက်သည်။

"ငါ တစ်ခုမေးမယ်၊ မှန်မှန်ဖြေစမ်း"

"ဟုတ်ကဲ့၊ ကျွန်မ မလိမ်ဝံ့ပါဘူး"

"ကျောက်သိမ်းငှက် မင်းကို လာတွေ့တာ အမှန်ပဲလား"

ရန်ကြူးမေသည် ကျောက်သိမ်းငှက်ကိုတစ်ချက်ခေါင်းငဲ့ကြည့်လိုက်ပြီးမှ....

"ကျွန်မဆီတော့ ရောက်လာပါတယ်၊ သူဟာ ရန်သူနောက်ကို ခြေရာကောက်လိုက်လာရင်း ကျွန်မဆီကို ရောက်လာခဲ့တယ်လို့ ဆိုပါတယ်"



ဝူကြည်ဘိုးဘိုးက အရှပ်ဆိုးအကျည်းတန်စွာ ရယ်မောလိုက်ပြီး....

"ဆိုစမ်းပါဦး၊ အဲဒီ ခြေရာကောက်တဲ့ ရန်သူကိုရော မင်း တွေ့လိုက်ရဲ့လား"

"ကျွန်မကို ချုပ်ထားတဲ့နေရာဟာ အလင်းရောင်ရှိတဲ့ နေရာမဟုတ်ပါဘူး၊ အပြင်ဘက်ကိုလဲ တော်ရုံတန်ရုံကြည့်လို့ မမြင်နိုင်ပါဘူး"

ရန်ကြူးမေ၏ စကားသည် မယုတ်မလွန် ဖြေကြားသော စကားဖြစ်၍ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဝူကြည်ဘိုးဘိုး အနေဖြင့် ထပ်မံစွဲချက်တင်ရန် မတတ်နိုင်တော့ပေ။ ဝူကြည်ဘိုးဘိုးသည် ကျောက်သိမ်းငှက်ရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီးနောက် ရန်ကြူးမေအား မေးခွန်းထုတ်လိုက်၏။

"တကယ်လို့ မင်းပြောတဲ့စကားတွေ မမှန်ကန်ဘူးဆိုရင် ဘယ်လိုအပြစ်ပေးရမလဲ"

"ကျွန်မကို ကြိုက်သလိုသာ စီရင်အပြစ်ပေးပါ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရှင့်"

ဝူကြည်ဘိုးဘိုးသည် ခေါင်းဆတ်ညိတ်သွားလေ၏။

"ဒါနဲ့ ငါ မေးစမ်းပါရစေဦး၊ ဟို ဝမ်လျှံ အဖွဲ့ ရှင်က ဘယ်လောက်များစွမ်းလို့ မင်းရဲ့အဖွဲ့တစ်ဖွဲ့လုံး ပြုတ်ပြုတ်ပြိုန်းအောင် ဖြစ်သွားရတာလဲ"

ရန်ကြူးမေဟာ....

"ကျွန်မတို့ကိုတိုက်တဲ့ အဖွဲ့ထဲမှာ ဝမ်လျှံ အဖွဲ့ရှင် ပါ မပါဆိုတဲ့ အချက်ကိုတော့ ကျွန်မ တိတိကျကျ မသိပါဘူး

ရှင်၊ အဲဒီရန်သူတွေဟာ ကျွန်မလောက် သိုင်းပညာအစွမ်း ထက်နေကြတော့ ကျွန်မရဲ့ လက်အောက် ငယ်သားတွေ အနေနဲ့ သူတို့ကို လုံးဝမယှဉ်နိုင်ပါဘူး"

"ရန်သူတွေထဲမှာ ခေါင်းဆောင်တစ်ယောက်တော့ ပါမှာပေါ့၊ အဲဒီခေါင်းဆောင်ကို မင်း မခန့်မှန်းနိုင်ဘူးလား"

"ဒါတော့ ခန့်မှန်းနိုင်ပါတယ်၊ သူတို့အထဲမှာ သစ်ခေါက်ဆိုးဝတ်ရုံရှည်ကြီးဝတ်ဆင်ထားတဲ့အဘိုးကြီးတစ်ယောက် ပါပါတယ်၊ မုတ်ဆိတ်မွေး ဖြူဖြူကြီးကလည်း အတော်ရှည်ပါတယ်၊ တိုက်ပွဲမှာ သူက စီမံခန့်ခွဲနေတာပါပဲ၊ သူ့နာမည်ကိုတော့ ကျွန်မ မသိပါဘူးရှင်"

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဝူကြည်ဘိုးဘိုးသည် အတန်ကြာမျှ တိတ်ဆိတ်သွား၏။ သူသည် လေးလေးနက်နက် စဉ်းစား တွေးခေါ်နေသည်။ ထို့နောက် အံကြိတ်လျက် ပြောလေ၏။

"ဝမ်လျှံအဖွဲ့ဟာ ငါ့ကို လာရန်စတဲ့အတွက် ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ ငါက အချိန်မတန်သေးလို့ အသာစောင့်ကြည့်နေတာ၊ သူတို့က အကောင်းအောက်မေ့နေကြတယ်၊ သိကြသေးတာပေါ့ကွယ်"

ရန်ကြူမေက....

"ကျွန်မ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို တင်ပြစရာ ကျန်ပါသေးတယ်ရှင်"

"ဘာများလဲ ဆိုစမ်း"



"တခြားမဟုတ်ပါဘူး၊ ကျင်ရှင်အာမခံဌာနက ရွှေခား သခင်ကြီး ဝမ်ဖန်ကြည် ပျောက်ဆုံးသွားခဲ့တဲ့ လျှို့ဝှက်အာမခံ ပစ္စည်းဆိုတာတွေကိုလဲ အဲဒီဝမ်လျှံအဖွဲ့ကပဲ လုယက်သွားတယ်လို့ သတင်းရရှိခဲ့ပါတယ်"

ဝတ်ရုံစိမ်းဝတ်ဆင်ထားသည့် ဝူကြည်ဘိုးဘိုး၏မုတ်ဆိတ် ဖြူကြီးသည် တဆတ်ဆတ် တုန်ခါနေသည်။ သူ ဒေါသ သိပ်ဖြစ်နေကြောင်းကို ထိုအခြင်းအရာက ဖော်ပြနေပေသည်။

"စေတမန်"

ရုတ်တရက် အော်ဟစ်လိုက်သည့် ဝူကြည်ဘိုးဘိုး၏ အသံကြောင့် အဖွဲ့ခွဲမှူးခုနစ်ဦးနှင့် သခင်မသုံးဦးတို့က တုန်ခနဲ ဖြစ်သွားကြသည်။

ထူးခြားသောဝတ်စုံ ဝတ်ဆင်ထားသည့် စေတမန်သည် လျှပ်တစ်ပြက် ခုန်ပျံ ရောက်ရှိလာ၏။

"အမိန့်ရှိပါ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး"

"ဓားသမားဆယ့်နှစ်ယောက်၊ ကျွားခွေးရှင်လေးယောက်နဲ့ သိမ်းသံရဲသုံးယောက်တို့ကို အဆင်သင့် ပြင်ခိုင်းလိုက်စမ်း၊ ဝမ်လျှံအဖွဲ့ရှင်ဆိုတာနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းရမယ်"

စေတမန်သည်ခုန်ပျံ ထွက်သွား၏။ ထိုစဉ်ရန်ကြူမေက....

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို ကျွန်မ အစီရင်ခံစရာ ရှိပါသေးတယ်"

"ဘာရှိသလဲ ပြော"

"ကျွန်မသိရသလောက်တော့ ဝမ်လျှံအဖွဲ့ရှင်ဟာ ကျွန်မကို ချေမှုန်းပြီးတာနဲ့ သူ့တပည့်တပန်းတွေကိုခေါ်ပြီး ချင်းအန်က ထွက်သွားပြီဆိုတာပါပဲ"

ဝူကြည်ဘိုးဘိုးက အေးစက်စက် ရယ်မောလိုက်လေ၏။

"ဟား....ဟား....ဟား....ဒီသိုင်းလောကမှာငါ့ကိုအန်တုရဲတဲ့လူ ဘယ်သူရှိသလဲ၊ အန်တုရဲတဲ့လူဟာလဲ ငါ့အကြောင်းမသိသေးလို့ အန်တုတာပဲဖြစ်မယ်၊ ဒီ ဝမ်လျှံအဖွဲ့ရှင် ဘယ်လောက် ခြေရာဖျောက်နိုင်မလဲ၊ ငါ့စေတမန်က ဒီခြေရာကို ကောင်းကောင်း ရှာနိုင်တယ်၊ အခု သူတို့ ဘယ်ဘက်ကိုခရီးထွက်သွားတယ်ဆိုတာ ငါသတင်းရပြီးပြီ"

ဝူကြည်ဘိုးဘိုးသည် စကားကို ရုတ်တရက် ရပ်တန့်လိုက်ပြီး ရန်ကြူမေကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"မင်းကို ခုလောလောဆယ်မှာ အပြစ်ဒဏ်က ခေတ္တလွတ်ငြိမ်းခွင့်ပေးထားမယ်၊ တကယ်လို့ ဝမ်လျှံအဖွဲ့ရှင်ဟာ မင်းပြောသလို တကယ်ပဲ ကြောက်စရာကောင်းနေတယ်ဆိုရင်တော့ မင်းကို အပြစ်ယူလို့မရပေဘူး"

ရန်ကြူမေက ဝူကြည်ဘိုးဘိုးအား ဦးညွှတ်ဂါရဝပြုလိုက်၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ အဆုံးအဖြတ်ဟာ ဒီလိုပဲမျှတလိမ့်မယ်ဆိုတာ ကျွန်မ အစောကြီးကတည်းကယုံကြည်ခဲ့ပါတယ်ရှင်၊ ဒါကြောင့်မို့လဲ ကျားအဖွဲ့ခွဲမှူးအစ်ကိုကြီးဆီမှာတောင် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဆီမှာ ရှင်းလင်းတင်ပြခွင့် ရပါရစေလို့ တောင်းဆိုခဲ့တာပါ"



သို့သော် ဝူကြည်ဘိုးဘိုးက အေးစက်စက်ပြောလေ၏။

"မင်းကို အပြစ်က လွတ်ငြိမ်းခွင့်ပေးမယ်လို့ပြောတာ မဟုတ်သေးဘူး၊ ခေတ္တလွတ်ငြိမ်းခွင့်ပေးမယ်လို့သာ ပြောခဲ့တာပဲ၊ ကဲ...ဒီတစ်ကြိမ်မှာတော့ ငါနဲ့အတူ ဝမ်လျှံအဖွဲ့ရှင်နောက် လိုက်ခွင်းပူလိုက်မယ်"

ရန်ကြူမေက....

"စိတ်ချပါအရှင်၊ ကျွန်မအသက်နဲ့လဲပြီး အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ သိက္ခာကို ဆည်တင်ပါ့မယ်"

"ကောင်းပြီ၊ မင်း ထိုင်ခုံမှာပြန်ထိုင်နိုင်ပြီ"

ရန်ကြူမေသည် ဒဏ်ရာများကို ဆေးဝါးကုသထားသည် ဆိုသော်လည်း လူကောင်းပကတိ ပြန်ဖြစ်သေးသည် မဟုတ်ပေ၊ သို့သော်စိတ်ဓာတ်ကြံ့ခိုင်သူ ဖြစ်သည့်အတိုင်း မားမားမတ်မတ် ငြိမ်၍ သူ့ထိုင်ခုံ၌ ဝင်ထိုင်သည်၊ အမူအရာက လေးမသခင်မနှင့် ဒုတိယသခင်မတို့ကို ရှိလေသည်မျှ မထင်သည့် အမူအရာ။

ထိုတခဏအတွင်းမှာပင် စေတမန်သည် ခန်းမအတွင်းသို့ ခုန်မျှ ဝင်ရောက်လာပြီး အဖွဲ့ခေါင်းဆောင်ချုပ် ဝူကြည်ဘိုးဘိုးကို ဦးညွှတ်ဂါရဝပြုလေ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးခင်ဗျာ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ အမိန့်အတိုင်း ဆောင်ရွက်ပြီးစီးပါပြီ"

ဝူကြည်ဘိုးဘိုးက ကျားအဖွဲ့ခွဲမှူးကြီးကို ကြည့်ကာ....

"ဘယ်လိုလဲ၊ မင်း ငါ့တို့နဲ့လိုက်နိုင်ပါ့လား"

ကျားအဖွဲ့ခွဲမှူးကြီးက မတ်တတ်ရပ်လျက် အခိုအခသာ ပေးသည်။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ပေးတဲ့ ဆေးရဲ့ တန်ခိုးကြောင့် ကျွန်တော့်မျက်လုံးဒဏ်ရာဟာ အများကြီး သက်သာနေပါတယ်ခင်ဗျာ၊ ဒါကြောင့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ နောက်က ထက်ကြပ်မကွာ လိုက်ပါပြီး အကျိုးဆောင်နိုင်ပါလိမ့်မယ်"

ဝူကြည်ဘိုးဘိုးက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်"

သူသည် ကျောက်သိမ်းငှက်ဘက်သို့ လှည့်က၍ မေးလိုက်ပြန်သည်။

"မင်းဒဏ်ရာကော ဘယ့်နှယ် နေသေးသလဲ၊ ငါတို့နဲ့ လိုက်နိုင်ပါ့မလား"

ကျောက်သိမ်းငှက်အဖွဲ့ခွဲမှူးမှာ စကားမပြောနိုင်တော့ပေ။ ခေါင်းညိတ်ရုံသာ ခေါင်းညိတ်နိုင်တော့သည်။

"ကောင်းတယ်၊ မင်းပဲ ငါနဲ့လိုက်ခဲ့ပေတော့"

အဖွဲ့ခေါင်းဆောင်ချုပ် ဝူကြည်ဘိုးဘိုး၏စကားဆုံးသည်နှင့် မီးအိမ်များ ရုတ်တရက် ငြိမ်းသွားသည်။

မီးရောင်များ ပြန်လည် လင်းလက်လာသောအခါတွင်မူ စင်မြင့်ပေါ်၌ ကုလားထိုင်ပေါ်၌ထိုင်နေသည့် ဝတ်ရုံစိမ်းဝတ်ဆင်ထားသည့် ဝူကြည်ဘိုးဘိုးကို မတွေ့ရတော့ပေ။ ဝူကြည်ဘိုးဘိုး ပျောက်ကွယ်သွားလေပြီ။



အဖွဲ့ခွဲမှူး ခုနစ်ယောက်၊ သခင်မ သုံးယောက်တို့မှာမူ ကုလားထိုင်ပေါ်မှဆင်းကာ ကြမ်းပြင်၌ ဒူးထောက်ထိုင်နေကြကြောင်း တွေ့ရှိရလေ၏။

မကြာမီ မစတမန် ပြန်လည်ရောက်ရှိလာသည်။ မစတမန်၏ အသံက ခန်းမဆောင်ထဲ၌ လွှမ်းခြုံသွားသည်။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး အမိန့်ပေးလိုက်ပြီ၊ အဖွဲ့ခွဲမှူး ခုနစ်ဦး၊ သခင်မသုံးဦးနဲ့ နောက်လိုက်နောက်ပါတွေ ခန်းမဆောင်အပြင်ဘက်ထွက်ပြီး စောင့်ဆိုင်းကြပါ"

ထိုစတမန်၏စကား ဆုံးသည်နှင့် ကျားအဖွဲ့ခွဲမှူးကြီးက ဦးဆောင်ကာ ခေါင်းဆောင်ငယ်အားလုံး ခန်းမဆောင်အပြင်ဘက်သို့ ထွက်လာကြတော့၏။

ရုံကူလင်က လိုက်လံအကဲခတ်သည်။ ခေါင်းဆောင်များ၏ နောက်ပါး၌ သူတို့ကဲ့သို့ နောက်လိုက်နှစ်ဦးစီပါလာရာ မည်သူကမျှ သူကဲ့သို့ ဟိုဟိုသည်သည် ချောင်းကြည့်ခြင်း မရှိကြောင်း တွေ့ရသည်။

ထန်ကျင်းက ဤသို့ဖြစ်ရန် မျက်နှာရိပ်မျက်နှာကဲဖြင့် ပြသသဖြင့် ရုံကူလင်မှာ မသိမသာ ခေါင်းငုံ့နေလိုက်ရ၏။

ထန်ကျင်းသည် ကျားအဖွဲ့ခွဲမှူးနောက်မှ ကပ်၍ လိုက်သွားရာ ရုံကူလင်သည် ထန်ကျင်းနောက်မှ ကပ်၍လိုက်ရတော့၏။ ဤသို့ လူယုံအသီးသီး ကိုယ့်အဖွဲ့ခွဲမှူးနောက်မှ ကပ်လိုက်ကြသဖြင့် လူတန်းရှည်ကြီး ဖြစ်နေပေတော့သည်။ သို့သော် တကယ်သခင်မဖြစ်သူ ရန်ကြူမေ၏ နောက်၌မူ မည်သူတစ်ဦးတစ်ယောက်မျှမပါဘဲ သူမတစ်ဦးတည်းအထီး

ကျွန်စွာ လမ်းလျှောက်နေကြောင်းတွေ့ရ၏၊ သို့ရာတွင် သူမ၏ မျက်နှာထားမှာမူ တည်တည်ကြည်ကြည်ပင်ရှိနေပေသည်။

ခန်းမအပြင်သို့ထွက်ခါနီးတွင် ရန်ကြူမေသည် ရဲကူလင်အား တောက်ပသော မျက်လုံးအစုံဖြင့် တစ်ချက် လှမ်း၍ ကြည့်သည်၊ ရဲကူလင် ရုပ်ဖျက်ထားသော်လည်း သူမအနေဖြင့် ခန့်မှန်းသိရှိနေကြောင်း ထိုအမူအရာက ဖော်ပြနေပေသည်၊

ထိုအချိန်တွင် ထန်ကျင်းက ရဲကူလင်အနီးသို့ တိုးကပ်လာပြီး စလေသံကလေးဖြင့်ပြောလေ၏။

"ခင်ဗျား မျက်လုံး သိပ်မကစားနဲ့၊ ဒီထဲမှာရှိနေတဲ့ ခေါင်းဆောင်တွေအားလုံး အင်မတန်နားပါးပြီး၊ အင်မတန် မျက်စိ လျင်ကြတယ်၊ ခင်ဗျားမျက်လုံးကစားတာ တွေ့ပြီး ခင်ဗျားအပေါ် မယုံသင်္ကာ ဖြစ်သွားကြလိမ့်မယ်"

ရဲကူလင်သည် ထန်ကျင်းအား ခေါင်းညိတ်ပြလိုက်၏။

"ဗိုလ်ချုပ်၊ ကျွန်တော် ဆင်ခြင်ပါ့မယ်"

"ခင်ဗျားအတွက် ပဲ ပြောတာပါ"

"ဟုတ်ကဲ့... ကျွန်တော် သဘောပေါက်ပါတယ်"

ထန်ကျင်းက နောက်ထပ်စကား မပြောတော့သဖြင့် ရဲကူလင်လည်း မပြောတော့ပေ။ သူတို့အားလုံး အဆောက်အအုံအပြင်ဘက်သို့ ရောက်သောအခါ လွန်စွာ တောက်ပသည့် လူများကို တွေ့ကြရလေ၏။

ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ခါးသမား ဆယ့်နှစ်ယောက်သည် ညီညာစွာ မတ်တတ်ရပ်လျက်ရှိ၏။ ကြောင်



ကြောင် ကျားကျား ဝတ်စုံများ ဝတ်ဆင်ထားသည့် လူလေးယောက်ကလည်း အလွန်တရာ ထွားကျိုင်းလှသော ရွှေဝါရောင်အမွေးနှင့် ခွေးကြီးများကို ကြိုးကိုယ်စီဖြင့် ဆွဲဝင်ထိန်းသိမ်းနေကြ၏။

ထိုခွေးကြီးများမှာ အလိုလိုနေရင်း သွားဖြဲ မာန်ဖီနေကြသဖြင့် မြင်ရသူတိုင်း ကြက်သီးထစရာ ဖြစ်နေပေသည်။ ခွေးကြီးများ၏ ကိုယ်လုံး ကိုယ်ထည်များမှာ အလွန်တရာ ကြီးမားလှသဖြင့် ခွေးနှင့်မတူဘဲ ကျားများ ကျားသစ်များနှင့်ပင် တူနေပေသည်။

သူတို့ထက် ထူးဆန်းသည့်လူ သုံးယောက်လည်း ရှိသေးသည်။ ထိုသုံးယောက်မှာမူ ဝတ်စုံစိမ်းများ ဝတ်ဆင်ထားကြပြီး သံလှောင်အိမ်ကြီးတစ်အိမ်ကို ဖိုခုံလောက်ဆိုင် ထမ်းထားကြသည်။ ထိုသံလှောင်အိမ်ထဲ၌ သိမ်းငှက်ကြီး တစ်ကောင် ရှိနေသည်။ ထိုသိမ်းငှက်ကြီးမှာလည်း ထူးထူးခြားခြား ကြီးမားလှသဖြင့် ရဲကူလင်မှာ ထိုတိရစ္ဆာန်များကိုကြည့်ပြီး ကြက်သီးတဖြန်းဖြန်း ထမိလေသည်။

ခွေးလေးကောင်ကို ဆွဲထားသည့်လူများသည် ကျားခွေးရှင် လေးယောက်ဖြစ်ရမည်၊ သိမ်းငှက်ထည့်ထားသည့် သံလှောင်ချိုင့် ထမ်းထားသူ သုံးယောက်သည် သိမ်းသရဲ သုံးယောက်ဖြစ်ရမည်ဟု ရဲကူလင်တွေးနေ၏။

အဖွဲ့ခွဲမှူး ခုနစ်ယောက်နှင့် သဝေမသုံးယောက် အပါအဝင် လူအားလုံးသည် ကွမ်း တစ် ယာ ညက်ခန့်အထိ

အဆောက်အအုံရှေ့ ကွက်လပ်မြေပြင်၌ စောင့်ဆိုင်းနေကြရပေသည်။

အတန်ကြာသော် စေတမန်သည် သူတို့အားလုံးထံသို့ တရိပ်ရိပ် ပြေးလွှား ရောက်ရှိလာသည်။

စေတမန်က....

"ကဲ....ခင်ဗျားတို့အားလုံး ကျုပ်နောက်ကို လိုက်ခဲ့ကြပါ၊ ကျုပ်ကလမ်းပြပြီး ခေါ်ဆောင်သွားပါ့မယ်"

ကျားအဖွဲ့ခွဲမှူးက....

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဆီကိုလား စေတမန်"

စေတမန်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ခင်ဗျားတို့ အားလုံးကို စောင့်ကြိုနေပါတယ်၊ ကဲ....ကျုပ်နောက်က လိုက်ခဲ့ကြပါ"

စေတမန်၏နောက်မှ ပြေးလိုက်ကြရာတွင် ဓားသမား ဆယ့်နှစ်ယောက်၊ ခွေးကျားရှင် လေးယောက်၊ သိမ်းသရဲ သုံးယောက်တို့က အစဉ်အတိုင်း ပြေးလိုက်ကြ၏။ သူတို့ နောက်မှ အဖွဲ့ခွဲမှူး ခုနစ်ယောက် သခင်မသုံးယောက်တို့ ပြေးလိုက်ကြလေသည်။

ရိုက္ကူလင်၊ ထန်ကျင်းအစရှိသော မနောက်လိုက်များမှာ နောက်ဆုံးမှ တစ်ပြုံကြီး ပြေးလိုက်ကြလေ၏။ သူတို့ အားလုံး ညဉ့်အမှောင်ထဲ၌ ပြေးလွှားလာခဲ့ရာ မိုးသောက်၍ အလင်းရောင် ရလာသည့်အချိန်အထိ သူတို့အားလုံး အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးထံသို့ မရောက်ရှိကြသေးပေ၊



ထိုစဉ် ရှေ့ဆုံးမှလမ်းပြခေါ်ဆောင်နေသည့် စေတမန်က လက်မြှောက်၍ တားလိုက်သည်။

"ခင်ဗျားတို့အားလုံး ဒီမှာခဏတိုင်ပြီး အနားယူကြပါဦး၊ ကျုပ်တစ်ခေါက် အဖွဲ့ခေါင်းဆောင်ကြီးဆီ ထပ်သွားပြီး အမိန့်ခံယူလိုက်ပါဦးမယ်"

ထို့နောက် တစ်ညလုံး မနားတမ်း ခရီးထွက်ခဲ့ကြရာတွင် အပင်ပန်းဆုံး လူများမှာ ရန်ကြူမေ၊ ကျားအဖွဲ့ခွဲမှူးနှင့် ကျောက်သိမ်းငှက်တို့ ဖြစ်ကြ၏။

ရန်ကြူမေသည် ပင်ပန်းသော်လည်း ဣန္ဒြေတစ်ချက်မျှ မပျက်ဘဲ ခပ်တည်တည်ဖြင့် ရပ်နေနိုင်သည်၊ ကျားအဖွဲ့ခွဲ မှူးကြီးနှင့် ကျောက်သိမ်းငှက်တို့မှာမူ ဣန္ဒြေ မဆောင်နိုင်ဘဲ အနားယူခွင့် ရသည်နှင့် ပင်ပန်းနွမ်းလျစွာ ထိုင်ချလိုက်ကြ တော့သည်။

ကျားအဖွဲ့ခွဲမှူးကြီးနှင့်ကျောက်သိမ်းငှက်တို့သည် ထိုင်ရင်း ရှူလျှပ်ရှူခြင်း အတွင်းအား လေ့ကျင့်ကြတော့သည်၊

ရိုက္ကူလင်နှင့် ထန်ကျင်းတို့သည် ခပ်လှမ်းလှမ်းမှ စောင့် ကြည့်နေကြ၏။

ရိုက္ကူလင်၏ အတွေးထဲ၌မူ....

"အင်း .... ဒီလောက် သိုင်းပညာအဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် သူ့ဆီမှာ ပြားပြားဝပ် ခစားနေ ကြရတယ်၊ သူတို့ရဲ့ လည်ကုပ်ပေါ် အကြောက်တရား ဖိစီး နေလို့သာ သူတို့ဒီလို ယုန်သူငယ်လေးတွေလို ကုပ်နေကြ တာပဲ ဖြစ်မယ်၊ ဒီအကြောက်တရားတွေကို လည်ကုပ်

ပေါက ခွာချနိုင်ရင် ဦကြည်ဘိုးဘိုးရဲ့ လျှို့ဝှက်အဖွဲ့ကြီး ဟာ လုံးဝပြိုကွဲသွားမှာ သေချာတယ်”

ရုံကူလင် အတွေးဝင်္ကပါထဲ လှည့်လည်နေစဉ် စေတမန် သည် လေနှင့် တိမ်များနှယ်လွင့်မြောပြီး ပြန်လည်ရောက်ရှိ လာ၏။

ရုံကူလင်သည် ထိုစေတမန်ကိုကြည့်ပြီး အတွေးဖြန့်ကျက် ခဲ့ပြန်သည်။

“ဒီတမန်တော်ရဲ့ ကိုယ်ဖျောက်ပညာဟာ သိပ်ကောင်း တယ်၊ နောက်ပြီး ခေါင်းဆောင် အဖွဲ့ချုပ်ကြီးနဲ့ လက်ပွန်း တတီး ရင်းရင်းနှီးနှီး နေခွင့်ရခဲ့တော့ ကျန်တဲ့လူတွေ အားလုံး ထက် သိုင်းပညာထက်မြက်လို့သာ ဖြစ်လိမ့်မယ်၊ တကယ်လို့ ဒီစေတမန်ကိုသာအမိဖမ်းနိုင်ရင်တော့ ဒီအဖွဲ့ရဲ့လျှို့ဝှက်ချက် အားလုံးကို သိခွင့်ရမှာပဲ”

ဤသည်မှာ ရုံကူလင်၏အတွေးသာဖြစ်၏။ သူ့အနေဖြင့် ဤအခြေအနေ၌ မည်သို့မျှ လှုပ်ရှားနိုင်သည် မဟုတ်ပေ။ ရုံကူလင် စိတ်ဓာတ်ကျသည့်အချက်မှာ ဆရာကြီး ပိုင်ရင်သည် သူနှင့် မည်သို့မျှ မဆက်သွယ်နိုင်ဘဲ ဖြစ်နေသည့်အချက်ပင် ဖြစ်တော့သည်။

တဂယ်တမ်းအားဖြင့် ဦကြည်ဘိုးဘိုးလူများသည် ဆရာ ကြီး ပိုင်ရင်၏ နှင်းတောင်ထဲ၌ပင် အခိုင်အမာ လျှို့ဝှက် ဝင်ရောက်နိုင်ခဲ့ရာ သူတို့အား နောက်ယောင်ခံ လိုက်လာ သည့် ဆရာကြီး ပိုင်ရင်အား လွယ်ကူစွာလမ်းလွှဲခေါ်ဆောင်



သွားနိုင်ခဲ့သည်။ ထိုအကြောင်းကြောင့် ဆရာကြီးပိုင်ရင်မှာ ရုံကူလင်အား မည်သို့မျှ ဆက်သွယ်နိုင်မှု မရှိခဲ့ခြင်းပင်။

ထိုအခိုက် စေတမန်က....

“အဖွဲ့ခေါင်းဆောင်ချုပ်ကြီး အမိန့်ရှိလိုက်ပြီ၊ သူ့ရှေ့ မှောက် အားလုံးဝင်ရောက်ခွင့် ရပြီ”

ကျားအဖွဲ့ခွဲမှူးနှင့် ကျောက်သိမ်းငှက်တို့သည် ချက်ချင်း ပင် မတ်တတ်ရပ်လိုက်ကြ၏။ အနည်းငယ် နားခွင့်ရလိုက်ကြ သဖြင့် သူတို့သည် သူတို့၏ဒဏ်ရာများကို အနည်းငယ် ကု စားခွင့် ရလိုက်လေသည်။

စေတမန်က....

“ကျေးဇူးပြုပြီး ကျုပ်နောက် လိုက်ခဲ့ကြပါ၊ ကျုပ်ကပဲ လမ်းပြ ခေါ်ဆောင်သွားပါမယ်”

ရုံကူလင်သည် ထန်ကျင်း အကြိမ်ကြိမ် သတိပေးနေသည့် ကြားမှ သတိလက်လွှတ်ဖြစ်ဖြစ်သွားပြီး ခေါင်းဆောင် ဆောင်နှင့် စပ်စုလေ့လာနေသည်၊ တစ်ကြိမ်တွင် ကျား အဖွဲ့ခွဲမှူးကြီးက နောက်လှည့်ကြည့်လိုက်သည်။ ကျားအဖွဲ့ ခွဲမှူး၏ အရိပ်အခြည်ကိုသိသော ထန်ကျင်းက သူ၏ခန္ဓာ ကိုယ်ဖြင့် ကြားမှ ကာကွယ်လိုက်သဖြင့် ရုံကူလင် သက် သာရာ ရသွားပေသည်။

ရုံကူလင်၏ လျှို့ဝှက်ချက်သိသူမှာ ရန်ကြူမေ၊ ကျား အဖွဲ့ခွဲမှူးကြီးနှင့် ထန်ကျင်းတို့သုံးယောက်သာ ဖြစ်ပေသည်။ ထန်ကျင်းက အစစအရာရာ အကူအညီပေးခဲ့သဖြင့် ရုံကူ

လင်မှာ သူတွေရာည့် အန္တရာယ်များမှ တစ်ဝက်နီးပါးမျှ လျော့နည်းသွားခဲ့ရပေသည်။

ထန်လျှင်းက "ပေါ့လျော့လှချည်လား" ဟူသော မျက်နှာထားဖြင့် ကြည့်လိုက်သောအခါမှ ရုံကူလင်မှာ မျက်နှာအောက်ချလိုက်ပေတော့သည်။

ထိုအချိန်တွင် လူအားလုံး ခေတမန်၏နောက် သို့ လိုက်စပြလေပြီး နေ့ဘက်မဲ့ဆက်လက်ခရီးထွက်လာကြရာ ရှေ့၌ အတော်အတန်မြင့်သည့်တောင်တစ်လုံးကာဆီးနေကြောင်း တွေ့လိုက်ကြရလေ၏။

ခေတမန်က....

"အဲ့ဒ် ခေါင်းဆောင်ချုပ်ကြီးဟာ တောင်ခုလတ်မှာ စခန်းချနေပါတယ်။ အားလုံး အဖွဲ့ ခေါင်းဆောင်ချုပ်ကြီး ရှေ့မှောက် တက်ရောက်ကြပါ"

ထိုအခါ လူအားလုံး တောင်ပေါ်သို့ တက်ကြရမြန်တော့သည်။ ထိုအချိန်တွင် မိုးစင်စင် လင်းနေပြီဖြစ်ရာ အရာတွေအားလုံးကို ပီပီသသ မြင်နေခဲ့ကြရလေပြီ။

မကြာမီ တောင်ခုလတ်သို့ ရောက်ရှိလာကြ၏။ တောင်ခုလတ် မြေပြန့်တစ်နေရာ၌ ကျောက်သားခဲရ ခင်းထားသည့် ထိုင်ခုံကြီးတစ်လုံးပေါ်၌ အကျအန ထိုင်နေသည့် ဝူကြည်ဘိုးဘိုးကို တွေ့လိုက်ကြရသည်။ ဝူကြည်ဘိုးဘိုးသည် ညှိသန်းခေါင်ယံက ဝတ်ဆင်ထားသည့် အစိမ်းရောင် ဝတ်ရုံရှည်ကြီးကိုပင် ဝတ်ဆင်ထား၏။ မြင်း၏မျက်နှာနှင့်တူသော



မျက်နှာကြီးဖြင့် တောင်အောက်မှ တက်လာသူ များ ကို စေ့စေ့စပ်စပ် အကဲခတ်နေပေသည်။

ဝူကြည်ဘိုးဘိုး၏ နောက်၌ ဓားများကို စလွယ်သိုင်းထားသည့် လူလေးဦး ရင်ပေါင်တန်း ရပ်နေကြ၏။ ထိုသူများ၏ မျက်နှာများမှာ လူသေများ၏မျက်နှာများနှင့် တူနေပေ၏။

ဝူကြည်ဘိုးဘိုးသည် လူအားလုံးကို အကဲခတ်ပြီးနောက် တောင်ခြေတစ်နေရာသို့ လက်ညှိုးညွှန်ပြသည်။ သူညွှန်ပြသည့် နေရာ၌ စမ်းချောင်းကလေးတစ်ခု ရှိနေပြီး စမ်းချောင်းကလေး၏ဘေး၌ တဲကြီးတစ်တဲ တည်ရှိနေပေသည်။

ဓားသမားဆယ့်နှစ်ယောက်၊ ကျားခွေးရှင်လေးယောက်၊ သိမ်းသရဲသုံးယောက်၊ အဖွဲ့ခွဲမှူး ခုနစ်ယောက်၊ သခင်မသုံးယောက် အစရှိသည့် လူအားလုံးသည် တောင်အောက်ရှိ တဲရှိရာသို့ စူးစိုက်ကြည့်မိကြသည်၊ ထိုတဲသည် ရန်သူ၏တဲမှအပ အခြားမဖြစ်နိုင်ကြောင်း အားလုံးနားလည် သဘောပေါက်ကြလေ၏။

ထိုတင်ဂ်အတွင်းမှာပင် ဝူကြည်ဘိုးဘိုးက သူ၏လက်တစ်ဖက်ကို ဖျတ်ခနဲမြှောက်လျက် အချက်ပေးလိုက်ရာ ငွေရောင် ဝတ်စုံဝတ် ဓားသမား ဆယ့်နှစ်ယောက်သည် လျှပ်ပြက်သည့်ပမာ တဲရှိရာတောင်ခြေသို့ ပြေးဆင်းသွားလေတော့၏။

ဒုတိယအကြိမ် လက်မြှောက်လိုက်သည့် အခါတွင်မူ ကျားခွေးရှင်လေးယောက်သည်ခါးသမားဆယ့်နှစ်ယောက် နောက်သို့ တစ်ဟုန်ထိုး ပြေးဆင်းသွားပြန်သည်။

ရုံကူလင်သည် ခါးသမားဆယ့်နှစ်ယောက်၏ ကိုယ်ဖော့ပညာနှင့် ကျားခွေးရှင်လေးယောက်တို့၏ ကိုယ်ဖော့ပညာတို့ကို လွန်စွာ အထင်ကြီး လေးစားသွားမိ၏။

“အင်း .... တကယ့်ထိပ်တန်း သိုင်းသမားတွေချည်းပါပဲလား”

ကျားတမျှ ကြီးထွားလှသော ခွေးကြီးများကလည်း လွှားခနဲ လွှားခနဲ ပြေးသွားနေကြသည်။ အဝေးမှကြည့်လျှင် တကယ့် ကျားကြီးများပမာ ထင်မှတ်ရပေသည်။

ငူကြည်ဘိုးဘိုးက....

“မင်းတို့ထဲက သူတို့နောက် လိုက်သွားပြီး စုံစမ်းစစ်ဆေးမယ့်လူ ဘယ်သူတွေ ရှိသလဲ”

ရန်ကြူမေနှင့်ကျားအဖွဲ့ခွဲမှူးတို့က လျှင်မြန်ဖျတ်လတ်စွာ ထ၍ရပ်လိုက်ကြသည်။

“ကျွန်မသွားပါ့မယ် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး”

“ကျွန်တော်လဲ သွားရောက်စုံစမ်းပါ့မယ် အဖွဲ့ခေါင်းဆောင် ချုပ်ကြီး”

ငူကြည်ဘိုးဘိုးက ကျားအဖွဲ့ခွဲမှူးကြီးထံသို့ဆေးလုံးတစ်လုံး ပစ်ပေးလိုက်၏။

“ရော့ ဆေးလုံးတစ်လုံးကို သောက်လိုက်၊ မင်းဒဏ်ရာ သက်သာသွားလိမ့်မယ်”



ကျားအဖွဲ့ခွဲမှူးသည် ဆေးလုံးကို ရိုသေစွာ လက်ခံယူလိုက်ပြီး ပါးစပ်ထဲသို့ ပစ်သွင်းလိုက်၏။ ငူကြည်ဘိုးဘိုး၏ စကားက မှန်ပေသည်။ သူ့မျက်လုံးမှ နာကျင်မှုဝေဒနာများနှင့် ခန္ဓာကိုယ်၌ ခံစားနေရသည့် မောပန်းနွမ်းနယ်မှုများ လုံးဝ ပျောက်ကွယ်သွားလေ၏။

ပူကြည်ဘိုးဘိုးက....

“ကဲ....မင်းတို့ သွားကြပေတော့”

ရန်ကြူမေနှင့် ကျားအဖွဲ့ခွဲမှူးတို့သည် တောင်ခြေသို့ ကိုယ်ဖော့ပညာသုံးလျက် ဆင်းပြေးကြလေတော့၏။

ထန်ကျွင်းက ရုံကူလင်အား အချက်ပြလျက် ကျားအဖွဲ့ခွဲမှူးနှင့် ရန်ကြူမေ၏နောက်သို့ ပြေးလိုက်လေတော့၏။

ထန်ကျင်းသည် ရုံကူလင် ထင်သလောက် သိုင်းပညာ မကောင်းလှပေ။ ကိုယ်ဖော့ပညာသည်လည်း ညံ့သဖြင့် ရှေ့မှ ပြေးနေသူများနှင့် တဖြည်းဖြည်း ဝေးကွာလာတော့သည်။ ရုံကူလင်အနေဖြင့် ထန်ကျင်းကို ကျော်၍ မပြေးသာသဖြင့် ထန်ကျင်းနောက်မှသာ မှေး၍လိုက်နေရ၏။

တောင်ခြေသို့ ရောက်သောအခါ ထန်ကျင်းက ရုံကူလင်အား သတိပေးလေ၏။

“ခင်ဗျားရဲ့ အစွမ်းအစကို တတ်နိုင်သမျှ သိုသိပ်ထားဖို့ အခုကတည်းက ကြိုပြီး သတိပေးလိုက်ပါရဲ့ဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ခင်ဗျားဟာ သားရဲတွင်းထဲကို ဆင်းလာတဲ့လူ ဖြစ်နေလို့ပဲ”

မကြာမီ ထန်ကျောင်းနှင့် ရုံကူလင်တို့သည် ကျားအဖွဲ့ခွဲမှူးကြီးနှင့် ရန်ကြူမေတို့ ရပ်နေသည့် နေရာသို့ ရောက်ရှိလာလေ၏။

သူတို့ရှေ့၌ အတော်အတန်ကြီးမားသော တဲကြီးတစ်လုံးကို တွေ့ရပြီး ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ခါးသမားဆယ်ယောက်က ပတ်ပတ်လည် ဝိုင်းရံထားကြသည်။

အလွန်တရာ ကြီးမားထွားကျိုင်းလှသည့် ခွေးကြီးတစ်ကောင်မှ တဲရှေ့၌ လဲကျသေဆုံးနေပြီး ထိုခွေးကို ထိန်းသော ကျားခွေးရှင်နှင့်အခြားကျားခွေးရှင် သုံးယောက်တို့ကို လုံးဝမမြင်တွေ့ရချေ။ ကြည့်ရသည့်ပုံစံမှာ ကျန်လူအားလုံး တဲအတွင်း၌ အဖမ်းခံနေရဟန် ရှိနေပေသည်။

ရုံကူလင်သည် တဲတံခါးကို လှမ်းကြည့်လိုက်သောအခါ အနည်းငယ် ဟနေကြောင်း တွေ့ရလေ၏။

သူက ထန်ကျောင်းအား ခပ်တိုးတိုး မေးလေ၏။

"ကျွန်တော်တို့ ဒီအတိုင်း ရပ်ကြည့်နေကြရမှာလား"

ထန်ကျောင်းကလည်း လေသံမှန်ဖြင့် ပြန်ပြောသည်။

"ကျုပ်လုပ်သလိုသာ လိုက်လုပ်ပါ၊ ဒီနေရာမှာ လူစွမ်းကောင်းလုပ်ရင် ခင်ဗျား ဒုက္ခများသွားမှာပေါ့"

သူတို့နှစ်ယောက်စကားတီးတိုးပြောနေချိန်တွင် ငွေရောင်ဝတ်စုံဝတ်ဆင်သည့် ခါးသမားနှစ်ယောက်သည် တဲတံခါးဝဆီသို့ ရင်ပေါင်တန်း လမ်းလျှောက်လျက် ရှိနေပေသည်။ တဲတံခါးနှင့် ငါးပေခန့်အကွာသို့ ရောက်သောအခါ ခါး



သမားနှစ်ဦးသည် မာန်သွင်းအော်ဟစ်ကာ တံခါးကိုဆောင့်ကန် ခုန်ဝင်သွားကြလေ၏။

တဲတံခါးသည် ဒိုင်းခနဲ ပြန်ပိတ်သွား၏။ အတွင်း၌ မည်သည့်အရာရှိသည်ကိုပင် မတွေ့လိုက်ရဘဲ ရှိသည်။ ထို့ကြောင့် တဲအပြင်မှ လူအားလုံးသည် တဲအတွင်းမှ ဖြစ်ပေါ်လာမည့် အသံဗလံများကိုသာ နားစွင့်ထောင်နေကြလေ၏။

သို့သော် ရေထဲသို့ ခဲပစ်လိုက်သည့်အသံကိုသာ ကြားချင်ကြားရပေမည်၊ တဲထဲဝင်သွားသည့် ခါးသမားနှစ်ယောက်၏ အသံကိုမူ လုံးဝ မကြားကြရတော့ချေ။

ထိုအခါ ကျန်ခဲ့သော ခါးသမား ဆယ်ယောက်တို့သည် ငြိမ်သက်၍ မနေနိုင်ကြတော့သဖြင့် တဲတံခါးရှေ့သို့ စုပြုံရောက်ရှိလာကြတော့သည်။ ခါးသမားနှစ်ဦးက တဲတံခါးကို တစ်ရှိန်ထိုး တွန်းဖွင့်သော်လည်း တံခါးသည် အနည်းငယ်မျှ မရွေ့ရှားဘဲ ဖြစ်နေ၏။

ထို့ကြောင့် အခြားခါးသမားနှစ်ဦးက သူတို့ခါးများဖြင့် တံခါးဆီသို့ ထိုးသွင်းလိုက်ရာ ခါးများအဆုံးအထိ ဝင်သွားသော်လည်း တံခါးပွင့်လာခြင်းမရှိပေ။ ထိုတံခါးကို အတွင်းမှ တစ်ဦးဦးက ထိန်းချုပ်ထားကြောင်း သိနိုင်ပေသည်။

ရုံကူလင် အကဲခတ်လိုက်သောအခါ ခါးသမားများ၊ ကျားအဖွဲ့ခွဲမှူးကြီးနှင့် ရန်ကြူမေတို့အားလုံး တံခါးဆီသို့ အာရုံစိုက်နေကြောင်း တွေ့ရသည်။

ရုံကူလင်က ထန်ကျောင်းအား တီးတိုးမေးလေ၏။

"အစ်ကိုထန်ကျင်း....အခြေအနေ ထူးခြားလာရင် ကျွန်တော်တို့ပါ ဝင်ပါကြရမှာလား"

ထန်ကျင်းက ခေါင်းခါပြ၏။

"ဟာ...ဘယ်ဖြစ်မလဲ၊ တတ်နိုင်သမျှ မပါအောင် ရှောင်ရမှာပေါ့"

သူတို့နှစ်ယောက် စကားပြောနေစဉ် တဲခါးချပ်ထဲသို့ ဓားကို ထိုးသွင်းနေသည့် ဓားသမား နှစ်ယောက်သည် ဓားကို ဆွဲနုတ်ပြီး တဖြည်းဖြည်း နောက်ဆုတ်လာလေ၏။ ထို နောက်ဓားသမားဆယ်ယောက်စလုံး ခေါင်းချင်းရိုက်တိုင်ပင် နေကြတော့၏။

အတန်ကြာသော် ဓားသမား နှစ်ယောက်သည် နောက်ကြောင်းပြန်လှည့်လျက် တောင်ထိပ်သို့ ပြန်ပြေးသွားကြလေတော့၏။ ဓားသမားများ၏ အခြေအနေကို ကြည့်ရသည်မှာ သူတို့ထိုးဖောက်မရသည့်အဖြစ်ဆိုးကို အဖွဲ့ခေါင်းဆောင်ချုပ်ကြီးထံ ပြန်လည်အစီရင်ခံကြမည့်ပုံရပေသည်။

ထိုအခါ ကျားအဖွဲ့ခွဲမှူးကြီးနှင့် ရန်ကြူမေတို့သည် တဲ တံခါးဝဆီသို့ တစ်လှမ်းချင်းလှမ်း၍ လျှောက်သွားကြတော့သည်။ ဓားသမားများ မဖြေရှင်းမရသည့်ကိစ္စကို သူတို့နှစ်ယောက် ဖြေရှင်းကြတော့မည့်ပုံပေတည်း။

ထန်ကျင်းနှင့် ရှဲကူလင်တို့သည် အခြေအနေအရ နောက်ချန်နေ၍ မဖြစ်တော့သဖြင့် ကျားအဖွဲ့ခွဲမှူးကြီးနှင့် ရန်ကြူမေတို့နောက်မှ ကပ်လိုက်သွားကြရတော့သည်။



တဲတံခါးရှေ့သို့ရောက်သောအခါ ကျားအဖွဲ့ခွဲမှူးကြီးက အော်ဟစ်ပြောကြားလိုက်၏။

"တဲထဲက ခေါင်းဆောင်ဖြစ်တဲ့လူ အပြင်ကို ထွက်ခဲ့ပါ၊ ကျုပ်တို့ချင်း ဆွေးနွေးကြရအောင်"

ကျားအဖွဲ့ခွဲမှူးကြီးသည် သုံးကြိမ်တိုင်တိုင် အော်ဟစ်ခေါ်ငင်သည်။ သို့သော် တဲအတွင်းမှ မည်သည့် တုံ့ပြန်မှုမျှ မရှိဘဲ ဖြစ်နေသည်။

ကျားအဖွဲ့ခွဲမှူးကြီးသည် ရုတ်တရက်ချက်ချင်း နောက်သို့ ပြန်လှည့်လာပြီး ရှဲကူလင်အား အမိန့်ပေးလိုက်သည်။

"ကဲ...မင်း တဲထဲဝင်ပြီး အကဲခတ်စမ်း"

ရှဲကူလင်သာမက ရန်ကြူမေနှင့် ထန်ကျင်းတို့ပါ ကြက်သေ သေသွားကြသည်။ သူ့စိတ်ထဲ၌ ကျားအဖွဲ့ခွဲမှူးကြီးသည် ကျွန်ုပ်ကို စေခိုင်းလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ချေ။ ယခုမူ အလစ်၌အရိုက်ကို အထိုးခံလိုက်ရသကဲ့သို့ ရှဲကူလင် ခံစားခဲ့ရပေသည်။

ရှဲကူလင်မှာ ကြက်သေ သေသွားရာမှ ဣန္ဒြေကိုထိန်းလိုက်ပြီး တဲတံခါးဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

ရန်ကြူမေက ကျားအဖွဲ့ခွဲမှူးကြီးအား အရေးတကြီး လှမ်းပြောလေ၏။

"အစ်ကိုကြီး ဘယ်နှယ်လုပ်တာလဲ၊ သူဟာ တစ်ဦးတည်း ကျန်ရစ်ခဲ့တဲ့ သစ္စာရှိတပည့်တစ်ယောက်ပါ၊ အစ်ကိုကြီးက

ကျွန်မတစ်ယောက်တည်း အထီးကျန်ဖြစ်အောင် လုပ်လိုက်တာလား”

ကျားအဖွဲ့ခေါင်းမှူးကြီးက အသံကိုနှိမ့်၍ ပြောလေ၏။

“မင်းက မင်းတပည့်ကို သိပ်ပြီးယုံနေတာကိုး၊ ဒီလောက်မဆိုးနဲ့ ညီမလေးရဲ့၊ သူ့အပြုအမူတွေဟာ အခုတော့ကလေး သံသယဖြစ်ရာကောင်းနေတာကို ငါရိပ်မိလိုက်လို့ အခုလို စမ်းသပ်လိုက်တာပါ”

ရန်ကြူမေမှာ ဆက်၍မပြောဝံ့တော့ပေ။ ကျားအဖွဲ့ခေါင်းမှူးကြီးက ရုံကူလင်၏ အခြေအနေမှန်ကို တပ်အပ် ထိုးဖောက်သိမြင်ခြင်းမရှိသေးကြောင်း သိရှိလိုက်ရသော်လည်း ရုံကူလင် တွေ့ကြုံရမည့် အန္တရာယ်အတွက် သူမသည် စိတ်မအေးနိုင်အောင် ဖြစ်နေရှာတော့သည်။

ရုံကူသင်မှာလည်း စိတ်ထဲ၌ လွန်စွာလှုပ်ရှားနေသည်၊ သူသည် ဝမ်လျှံ အဖွဲ့အကြောင်းကို သူများထက် ပိုသိသူဖြစ်ရာ အကျိုးရှိရှိ သေရမည်ကို မကြောက်သော်လည်း အချည်းအနှီးသေရမည့်ကိစ္စအတွက်မူ ရင်လေးနေမိသည်၊

ဝမ်လျှံ အဖွဲ့သားများသည် သူ၏ နဂိုရုပ်သွင်ကို သိမြင်ပြီး ရုံကူလင်အဖြစ်သိရှိပါက သူ့အား ညှာတာထောက်ထားကောင်း ထောက်ထားမည်ဖြစ်သော်လည်း ယခုကဲ့သို့ ရုပ်ဖျက်ထားသည့် မျက်နှာအသစ်နှင့်လူကိုမူ သက်ညှာကြလိမ့်မည် မဟုတ်ပေ။

သူသည် တံခါးနှင့် အနီးကပ်ဆုံးနေရာသို့ ရောက်သောအခါ ရုတ်တရက်နောက်လှည့်ကြည့်လိုက်၏။ သူသုံးယောက်



တို့သည် သူ့လှုပ်ရှားမှုကို မျက်တောင်မခတ် စူးစိုက်ကြည့်နေကြောင်း သူတွေ့လိုက်ရသည်။

ကျားအဖွဲ့ခေါင်းမှူးကြီး၏ မျက်နှာသည် မျက်လုံးတစ်ဖက်အလုတ်ခံထားရသဖြင့် ပို၍ အရုပ်ဆိုးသယောင် ထင်မှတ်ရသည်။

ရန်ကြူမေမှာမူ ဂနာမငြိမ်ဖြစ်နေပြီး သူ့အတွက်အလွန် တရာစိုးရိမ်နေကြောင်း သူမ၏ မျက်လုံးများက ဖော်ပြလျက် ရှိနေပေသည်။

ထန်ကျင်းကမူ စိတ်ပျက်အားလျော့သော မျက်နှာထားဖြင့် သူ့အား ငေးကြည့်လေ၏။

ကျားအဖွဲ့ခေါင်းမှူးကြီးသည် တံခါးဝ၌ရပ်ပြီး သူတို့အား ပြန်လှည့်ကြည့်နေသည့် ရုံကူသင်အား စိတ်အားဒေါသထွက်သွားလေ၏။ ထိုသို့လှည့်ကြည့်လိုက်ခြင်းက သူ၏ သံသယစိတ်ကို ပို၍တိုးပွားသွားစေတော့သည်။

“မင်း ဘာဖြစ်လို့ရပ်နေတာလဲ၊ မင်းကို ငါ ဘာအမိန့်ပေးထားသလဲ”

ထန်ကျင်းသည် နှုတ်ဘပြင်ပြင် ဖြစ်နေသော်လည်း ရုံကူလင်အတွက် မည်သို့မျှ မတောင်းပန်ရဲဘဲ ဖြစ်နေလေ၏။ ရန်ကြူမေမှာမူ တောင်းပန်လည်းအခက်၊ မတောင်းပန်လည်း အခက်၊ ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်နေသဖြင့် လက်သီးနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ရင်း ကြည့်နေမိတော့သည်။

ရုံကူလင်သည် သူ့ဦးခေါင်းကို တဲတံခါးရှေ့သို့ပြန်လှည့်ပြီးနောက် မည်သည့်စကားမျှ မပြောတော့ဘဲ တစ်ဟုန်ထိုးနှင့်ဝင်သွားလေတော့၏။

"ဝုန်း"

အံ့ဩစရာ ကောင်းလောက်အောင် တံခါးပွင့်သွား၏၊ ရုံကူလင် အထဲသို့ရောက်သောအခါ တံခါးလည်း ပြန်ပိတ်သွားလေသည်၊

ရုံကူလင်သည် သူ့ထံသို့အလင်းရောင်တန်းနှစ်ခု ပျံသန်းဝင်ရောက်လာသည်ကိုတွေ့လိုက်ရသဖြင့် သူ၏ လျင်မြန်လှသော ဓားသိုင်းကိုသုံးကာ ဝှေ့ယမ်းလိုက်၏၊

"ထန်း....ထန်း"

လက်နက်ပုန်းနှစ်ခုသည် ဝဲယာသို့ လွင့်စဉ်ထွက်သွားလေ၏။

ထိုအခိုက်မှာပင် ဓားရှည်နှစ်စင်းသည် သူ့ထံသို့ လျှပ်တပြက် ဝင်လာပြန်သဖြင့် ရုံကူလင်က လေမုန်တိုင်းဓားခွဲ အမည်ရှိသော ဓားသိုင်းဖြင့် ခုခံတိုက်ခိုက်လိုက်သည်။ ဓားနှစ်စင်းစလုံးနောက်သို့ ပြန်ဆုတ်သွားလေတော့သည်။

အခန်း (၉၉)

လူစား

ရုံကူလင်သည်ထက်မြက်သောဓားသိုင်းဖြင့် လျှပ်တစ်ပြက်ခုခံခဲ့ရာ လက်နက်ပုန်းနှစ်ခု၊ ဓားနှစ်ချောင်းတို့သည် ဘေးဘက်သို့ ရုတ်တရက် ဖယ်ရှားသွားခဲ့ကြသည်၊

သူသည် သူ့ခန္ဓာကိုယ်ဆီသို့ လှမ်းခြုံလာသည့် လက်နက်ကိုသာ အာရုံစိုက်နေရာ တဲအတွင်း မည်သည့်အရာရှိသည်ကို စေ့ငုခြင်း မရှိနိုင်ဘဲ ဖြစ်နေလေ၏၊

သို့သော် တဲအတွင်းမှ တိုက်ခိုက်မှုသည် ရုတ်ခြည်းရပ်တန့်သွားသဖြင့် သူ့ပတ်လည်ကို အကဲခတ်နိုင်ခွင့် ရရှိလာသည်၊

တဲ၏ အလယ်ကောင် တစ်နေရာ၌ ကုလားထိုင်တစ်လုံး ချထားရာ ထိုကုလားထိုင်ပေါ်၌ မျက်နှာကို ဇာပဝါအနက် အုပ်ထားသည့် မိန်းမတစ်ယောက် ထိုင်နေပေသည်၊ ထိုမိန်းမ၏ တစ်ဖက်တစ်ချက်၌ မိန်းမပျိုတစ်ယောက်စီ ရပ်နေလေ၏။

ကုလားထိုင်၏နောက်ဘက်တွင် လူငယ်နှစ်ဦး ဓားကိုယ်စီနှင့် ရပ်နေသည့်အပြင် မုတ်ဆိတ်ရှည် အဘိုးအိုတစ်ဦးနှင့်

အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် ဝမ်လျှံအဖွဲ့မှ ဘိုးဘိုးကျင်တို့ကို တွေ့ရှိလိုက်ရလေသည်။

သူ နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ဘံခါး၏ တစ်ဖက်တစ်ချက်၌ ခေါင်းသမားနှစ်ယောက် ရပ်နေကြသည်။ ဘံခါးအဖွင့်အပိတ်ကို ထိုနှစ်ယောက်က ပြုလုပ်နေခြင်း ဖြစ်ဟန်ရှိ၏။

တဲကြီး၏ ယာဘက်အရပ်၌မူ ကျားခွေးရှင်လေးယောက်ကို ခွေးကြီးသုံးကောင်နှင့်အတူ ဘုံးလုံးပက်လက်ဖြစ်နေကြောင်း တွေ့ရလေ၏။ ခွေးကြီးများကမူ သေနေဟန်တူပြီး ကျားခွေးရှင်လေးယောက်မူသေဟန်မတူပေ။အခကြာပိတ်ခံထားရဟန်တူသည်၊ အခြားခေါင်းသမား နှစ်ဦးကမူ သေဆုံးနေဟန်ရှိ၏။

"ဟင်း....ဝမ်လျှံအဖွဲ့ရှင်ဟာ ဒီတစ်ချီမှာ လူစုံဘက်စုံနဲ့ကို ရောက်လာတာကိုး၊ ဒီဝမ်လျှံအဖွဲ့ရှင်ကို ဟိုတစ်ကြိမ်မှာ တွေ့ကတည်းက ငါက အမျိုးသမီးလို့ ထင်ခဲ့မိတယ်၊ သူတို့အဖွဲ့သားတွေက 'အရှင်သခင်' 'အရှင်သခင်' ဆိုတဲ့အခေါ်အဝေါ်ကြောင့် အမျိုးသားများ ဖြစ်နေမလားလို့ အထင်မှားခဲ့တယ်၊ အခုတော့ အမျိုးသမီးဖြစ်ကြောင်း သေချာသွားပြီ"

ရှုံကူလင်တွေးတောနေစဉ်မှာပင် ဝမ်လျှံအဖွဲ့ရှင်၏ အမိန့်ပေးသံ ကြားလိုက်ရ၏။

"မင်းရဲ့လက်နက်ကို ချထားလိုက်ပါ"

"ဗျာ....ကျွန်တော့် လက်နက်ကို ချထားရမယ်ဟုတ်လား၊ ဘာလဲ....ခင်ဗျားတို့က ခြင်္သေ့ပါးစပ်ထဲ ခေါင်းထိုးခိုင်းနေတာလား"



ဝမ်လျှံအဖွဲ့ရှင်၏အသံကလေးနက်စွာထွက်ပေါ်လာသည်။

"မင်းဟာ ခြင်္သေ့ပါးစပ်ထဲ တစ်ကိုယ်လုံးတောင်ရောက်နေပါပြီ၊ မင်း ရှုံကူလင်မဟုတ်လား"

"ဗျာ....ကျွန်တော့်ကို ခင်ဗျားတို့သိတယ် ဟုတ်လား"

"ဒါ ဘာဆန်းသလဲ၊ မင်းရဲ့ ဓားကွက်က မင်းကိုဖော်ပြနေတာပဲ၊ စကားပြောတဲ့ လေသံကလဲ မင်းပဲဖြစ်တယ်ဆိုတာ သက်သေပြနေတယ်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ရှုံကူလင်ပါပဲ"

ထိုအခါ ဝမ်လျှံအဖွဲ့ရှင်၏ယာဘက်ဘေးမှ အမျိုးသမီးက ရှုံကူလင်အား တဲထောင့် တစ်ထောင့်သို့ ညွှန်ပြလိုက်ပြီး....

"ကဲ... ရှင့်အနေနဲ့ တဲအပြင်ကို ထွက်လို့ မဖြစ်တော့ဘူး၊ ဟိုဘက်ထောင့်မှာသွားပြီးခေတ္တခဏသဲလျှောင်းနေလိုက်ပါ"

ရှုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ လေသံနှင့် ဝမ်လျှံအဖွဲ့သားများ၏အပြုအမူကို နားလည်သဘောပေါက်သွားသည်။ သူတို့သည် ရှုံကူလင်မှန်း ရိပ်မိသဖြင့် တိုက်ခိုက်ခြင်း မရှိဘဲ နောက်ဆုတ်သွားခဲ့ကြခြင်း ဖြစ်ပေသည်၊ မိမိအား ရန်သူအဖြစ် သတ်မှတ်ခြင်းမရှိကြောင်း သေချာသွားသဖြင့် ရှုံကူလင်သည် အမျိုးသမီးညွှန်ပြသည့် တဲထောင့်သို့သွားကာ လှဲအိပ်လိုက်တော့၏။

တဲအတွင်း၌ ပြောနေကြသည့် စကားသံများမှာ လေသံမျှသာဖြစ်ရာ တဲအပြင်မှ လုံးဝ မကြားနိုင်ပေ၊ ရှုံကူလင်က တဲထောင့်၌ လှဲအိပ်နေစဉ်မှာပင် တဲအပြင်မှ စကားသံများကို

ခပ်တိုးတိုး ကြားလိုက်သည်။ လေသံတိုးသော်လည်း စကား
သံကား ပီသည်။

"ကူမေ...ဒီကောင် မင်းရဲ့ လက်အောက် ရောက်တာ
အတော်ကြာနေပြီလား"

"သိပ်တော့ မကြာသေးပါဘူး အစ်ကိုကြီး"

ထိုစကားသံများဆုံးသောအခါတွင်ဝါးအနီးသို့လျှောက်
လာသည့် ခြေသံများကို ကြားလိုက်ရတော့သည်။

ထိုခြေသံနှင့်အတူ ဘိုးဘိုးကျော်သည် ရုံကူလင်၏အနီးသို့
မီးခိုးများ လွင့်မျောလာသည့်နှယ် ရောက်ရှိလာပြီး ပြုံး၍
မေးလေ၏။

"မောင်ရင်, ဘာတွေ သံသယရှိသေးသလဲ"

ရုံကူလင်သည် အံ့ဩနေရာမှ....

"ဝမ်လျှံ အဖွဲ့ရှင်ဟာ အမျိုးသမီး ဖြစ်နိုင်တယ်ဆိုတာ
သံသယရှိခဲ့ပါတယ်၊ ခုတော့ ကျွန်တော် ရှင်းသွားပါပြီ"

"ဘာဖြစ်လို့ သံသယရှိခဲ့တာလဲ"

"ဆရာကြီးတို့က အရှင်သခင်၊ အရှင်သခင်လို့ ခေါ်ဝေါ်
ဆက်ဆံနေတော့ ယောကျ်ားများလားလို့ထင်မှတ်သံသယဝင်
ခဲ့တာပါ၊ အရင်က ခုလို ကွဲကွဲပြားပြားလဲ မမြင်ရဘူးလေ"

"ဒါကတော့ ကျုပ်တို့အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးကိုယ်
တိုင် တမင်ခေါ်ခိုင်းထားတာပါ၊ အပြင်ကလူတွေထင်ယောင်
ထင်မှားဖြစ်အောင် လုပ်ထားတဲ့ လှည့်ကွက်ပဲ ဆိုပါတော့"

"ဟုတ်ကဲ့...ကျွန်တော် အခုနားလည်ပါပြီ"



"အိမ်း....ကောင်းပြီ၊ မင်းကို ငါတို့ရန်သူလိုမဆက်ဆံပါ
ဘူး၊ ဒါပေမယ့် အခြေအနေအရ ခဏတော့အကြောပိတ်ရ
လိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ်၊ စိတ်ကြိုက်သာ
ဆောင်ရွက်ပါခင်ဗျာ"

ဘိုးဘိုးကျော်က အကြောပိတ်လိုက်လေတော့၏၊ ရုံကူလင်
အဖို့ မလှုပ်ရှားနိုင် စကားမပြောနိုင်တော့ပေ။

ဘိုးဘိုးကျော်သည် ဝမ်လျှံ အဖွဲ့ရှင် ရှိရာသို့ ပြန်လည်
လျှောက်သွားပြီး ခပ်တိုးတိုးပြောသည်။

"အဖွဲ့ရှင်ခင်ဗျား၊ ကျွန်တော်တို့ ဒီမှာပဲ ဒီအတိုင်းစောင့်
နေကြရမှာလားခင်ဗျာ"

ဝမ်လျှံ အဖွဲ့ရှင်က ဦးခေါင်းညိတ်ပြသည်။

"ဘာမှမစိုးရိမ်ပါနဲ့၊ ဘိုက်ပွဲကြီးတစ်ခုဖြစ်လဲ ကြောက်
စရာ မရှိပါဘူး"

ဘိုးဘိုးကျော်က...

"ကျွန်တော်တို့အင်အားက နည်းနေပါတယ်"

"အင်အားနည်းတာများတာဟာ အဓိကမဟုတ်ပါဘူး၊
ပရိယာယ်ကသာ အဓိကပါ"

ရုံကူလင်မှာ ဂူကြည့်ဘိုးဘိုးသည် ဘောင်ခုလတ်၌ စောင့်
နေကြောင်း၊ ဂူကြည့်ဘိုးဘိုး၏ အင်အားသည် အတော်
ကလေး ကောင်းနေကြောင်း၊ ဂူကြည့်ဘိုးဘိုးကိုယ်တိုင် ဆင်း
မလာသေးမီ ကျစခန်းကို ယခုအချိန် စွန့်ခွာသွားလျှင်
အကောင်းဆုံးဖြစ်ကြောင်း စသည့်အချက်များကို ဝမ်လျှံ

အဖွဲ့ရှင်အား ဖွင့်ဟအသိပေးလိုလှသည်၊ သို့သော် သူ့မှာ အကြောပိတ်ခံထားရသဖြင့် လုံးဝ ပြောခွင့်မရတော့ပေ။

ထိုစဉ် တဲအပြင်မှ အောင်ဟစ်မေးမြန်းလိုက်သည့် ကျားအဖွဲ့ခွဲမှူး၏ အသံကို ကြားလိုက်ရသည်။

"အထဲမှာ ဝမ်လျှံအဖွဲ့ရှင်ရှိရင် ကျေးဇူးပြုပြီး ထွက်ခဲ့ပါ၊ အပြင်မှာ ဆွေးနွေးညှိနှိုင်းချင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က ဘိုးဘိုးကျင်းအား လက်ဖြင့်အချက်ပြလိုက်သည်။ ဘိုးဘိုးကျင်သည် အဖွဲ့ရှင်အား ဦးညွှတ်အရိုအသေပေးပြီး တဲအပြင်သို့ ငြာန္တေရရ လျှောက်ထွက်သွားလေတော့၏။

တဲအပြင်ဝယ် ရန်ကြူမေ၊ ကျားအဖွဲ့ခွဲမှူးနှင့် ဝမ်လျှံအဖွဲ့၏ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျင်တို့ ကျားနှင့်ဆင် လယ်ပြင်မှာတွေ့သလို တွေ့ဆုံကြရလေပြီ၊

ထိုစဉ် တောင်ခြေမှ တရိပ်ရိပ်ပြေးလာသော လူတစ်ယောက်သည် မကြာမီသူတို့အနီးသို့ရောက်ရှိလာတော့သည်၊ ထိုလူကား အဝတ်အစား ကြောင်တိကြောင်ကျားဝတ်ဆင်ထားသည့် စေတမန်ပေတည်း။

"စေတမန်"

ကျားအဖွဲ့ခွဲမှူးကြီးက အော်လိုက်၏၊ စေတမန်က လက်ယာယက်ကို အပေါ်သို့မြှောက်လျက်....

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ကြွချီလာပြီ"

ကျားအဖွဲ့ခွဲမှူးကြီးသည် ဘိုးကိုးကျင်ဘက်သို့ လှည့်၍ ပြောလိုက်၏။



"ကဲ....ခုချိန်ကစပြီး ကျုပ်တို့ ပြောဆိုခွင့် မရှိတော့ဘူး၊ ကျုပ်တို့ရဲ့အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ကြွချီလာပါပြီ"

ကျားအဖွဲ့ခွဲမှူး၊ ရန်ကြူမေနှင့် ဓားသမားများသည် နောက်ဆုတ်သွားကြ၏။

ချက်ချင်းလိုလိုပင် လူလေးယောက် ထမ်းထားသည့် ထမ်းစင်တစ်ခုသည် သူတို့ရှေ့သို့ လျှင်မြန်စွာ ရောက်ရှိလာတော့၏။ ထမ်းစင်ပေါ်၌ ဝင်းရုံစိမ်း ဝတ်ဆင်ထားသည့် ဝူကြည့်ဘိုးဘိုး ပါရှိလာသည်။

ဝူကြည့်ဘိုးဘိုးသည် ထမ်းစင်ပေါ်မှ မဆင်းဘဲ လှမ်းမေး၏၊

"ခင်ဗျားက ဝမ်လျှံအဖွဲ့ရှင်လား"

ဘိုးဘိုးကျင်၏ စူးရှသော မျက်လုံးများသည် မြင်း၏ မျက်နှာနှင့်တူလှစွာသော ဝူကြည့်ဘိုးဘိုးအား စူးရှစွာလေ့လာ အကဲခတ်နေလေ၏၊ အတန်ကြာအကဲခတ်ပြီးမှ....

"ကျုပ်က ဝမ်လျှံအဖွဲ့ရဲ့ အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျင်ပါ၊ ဝမ်လျှံအဖွဲ့ရှင်ရဲ့ အမိန့်အရ ကျုပ်ထွက်ပြီးတွေ့ဆုံတာပါ"

ပူကြည့်ဘိုးဘိုးက လက်ကို ခါယမ်းရင်း....

"ဩော်....မင်းက ဝမ်လျှံအဖွဲ့ရှင်ရဲ့ တပည့်ပဲ ရှိသေးတာကိုး"

ဘိုးဘိုးကျင်က အမူအရာ မပျက်ချေ၊

"ကျုပ်ရဲ့ပညာက ဝမ်လျှံအဖွဲ့ရှင်ကိုခမီဘူး၊ မီဖို့လဲ အများကြီးလိုသေးတယ်၊ ခင်ဗျားတို့ဆွေးနွေးစရာရှိတယ်ဆို တဲ့ စကားကိုသာ ဆွေးနွေးပါ"

ဝူကြည်ဘိုးဘိုးက....

"မင်းနဲ့ မဆွေးနွေးနိုင်ဘူး၊ မင်းတို့ရဲ့ အဖွဲ့ရှင်ကို ခေါ် ထုတ်လိုက်ပါ၊ ဝူကြည်ဘိုးဘိုးကို ဟဲအပြင်မှာ လာရောက် တွေ့ဆုံပါလို့"

ဘိုးဘိုးကျင်က ထီမထင်သော အပြုံးဖြင့် ပြုံးလိုက်၏။

"ကျုပ်တို့အဖွဲ့ရှင်ကို တွေ့ချင်ရင် နည်းတစ်နည်းပဲရှိပါ တယ်"

"ဘာနည်းလဲ"

"ခင်ဗျားကိုယ်တိုင် တဲထဲဝင် ဆွေးနွေးဖို့နည်းပဲ"

"သားရဲတွင်းထဲကို ငါ ဝင်မယ်လို့ထင်သလား၊ သားရဲ တွင်းကိုရော ငါ ကြောက်မယ်လို့ ထင်သလား"

ဝူကြည်ဘိုးဘိုး၏စကားမှာ နှစ်ခွဖြစ်နေသည်။ မဝင်လိုဟု ဆိုလျှင်လည်း မဝင်ဖို့ ပြောရုံသာရှိသည်။ ဝင်ရဲလျှင်လည်း ဝင်လိုက်ရုံသာရှိသည်။ ယခုမူ ဘာ အဓိပ္ပာယ်ကောက်ရမှန်း မသိဘဲ ဖြစ်နေသည်။

သို့သော် ဘိုးဘိုးကျင်က...

"ကျုပ်တို့ဟာ အောက်လမ်းအဖွဲ့ မဟုတ်ဘူးဗျ၊ တိတ် တဆိတ် လုပ်ကြံတာတို့၊ အစားအစာထဲမှာ အဆိပ်ခပ်တာ တို့ ဘယ်တော့မှ မလုပ်ဘူး"

ဝူကြည်ဘိုးဘိုးသည် ခေတ္တမျှစဉ်းစားပြီးနောက်....



"ကောင်းပြီ၊ တဲထဲကို ဝင်မယ်"

ဘိုးဘိုးကျင်က...

"ဒီလိုဆိုယင် ခေတ္တခဏစောင့်ပါဦး၊ ကျုပ် အရင်ဆုံး တဲထဲကိုဝင်ပြီး အကြောင်းကြားပါဦးမယ်"

ဝူကြည်ဘိုးဘိုးက တဟားဟားရယ်လိုက်ပြီး သူ့လူများ ကို ကိုက်တစ်ရာခန့် ဆုတ်သွားရန် အမိန့်ပေးလိုက်သည်။ ကျားအဖွဲ့ခွဲမှူးကြီးနှင့် ရန်ကြူမေတို့သည် အဝေးတော်ဝေးဝေး နေရာသို့ ဆုတ်ခွာသွား၏။

ဝူကြည်ဘိုးဘိုးက....

"ကဲ....သွားအကြောင်းကြားစမ်း"

ထိုစဉ် တဲထဲမှ ကြည်လင်သော အသံ ပေါ်လာသည်။

"အပြင်ကပြောတဲ့စကားတွေအကုန်ကြားတယ်၊ ဝူကြည် ဘိုးဘိုးကို တဲထဲ ပင့်ဖိတ်လိုက်ပါ"

ဘိုးဘိုးကျင်က ဦးညွှတ်ဂါရဝပြုရင်း....

"ကျုပ်ကို အဖွဲ့ရှင်ကပင့်ဖိတ်လိုက်ပါပြီ၊ အထဲကိုကြွပါ"

ဝူကြည်ဘိုးဘိုးသည် ထမ်းစင်ပေါ်မှ ခုန်ဆင်းသွား၏။ အလွန်တရာပေါ့ပါးညင်သာစွာ ခုန်ဆင်းနိုင်ခြင်းကိုကြည့်၍ ဝူကြည်ဘိုးဘိုးကို အဘင်သေး၍မရကြောင်း ဘိုးဘိုးကျင်က မှတ်ချက်ချ ခန့်မှန်းမိသည်။

ဝမ်လျှံ အဖွဲ့ရှင်သည် သူ၏ လက်ယာဘက်မှ မိန်းမပျို တစ်ဦးအား တီးတိုးပြောလိုက်ရာ ထိုမိန်းမပျိုသည် ရုံကူလင် ရှိရာသို့ လျှောက်လာလေတော့၏။ သူမသည် ရုံကူလင်၏ အကြောမျှားကို ဖွင့်ပေးလိုက်သည်။

"ကျွန်မတို့အဖွဲ့ရှင်က တော်ကြာ မတော်တဆတို့ ကံပွဲကြီးဖြစ်ရင် ရှင် ဒုက္ခရောက်နေမှာစိုးလို့ အကြောင်းဖွင့်ပေးခိုင်းတာပဲ၊ ရှင့်အနေနဲ့ ဒီအတိုင်း ဣန္ဒြေမပျက် ကြည့်နေတာက ပိုကောင်းမယ်လို့ ကျွန်မ ထင်ပါတယ်"

"ဟုတ်ကဲ့...ကျေးဇူးပါပဲ၊ ကျွန်တော်လဲ သဘောပေါက်ပါတယ်"

ရုံကူလင်သည် အကြောင်းများပွင့်သွားပြီ ဖြစ်သော်လည်း ထိုမြေပုံပဲ၌သာ လဲ့အိပ်ပြီး စောင့်ကြည့်နေသည်။ ဤသို့နေခြင်းက သူ့ အတွက် များစွာ အခွင့်အလမ်းသာစေမည်ဖြစ်သည်ကို ရုံကူလင် နားလည်သည်။

ထိုစဉ်မှာပင် တဲတံခါးပွင့်သွားပြီး တဲအတွင်းသို့ဝတ်ရုံစိမ်း ဝတ်ဆင်သည့် အဘိုးအိုနှစ်ယောက် ရှေ့ဆောင်နောက်ဆင်ဝင်လာလေတော့၏။ ရှေ့မှအဘိုးအိုသည် ဝူကြည်အဘိုးအိုဖြစ်ပြီး နောက်မှပုဂ္ဂိုလ်မှာ ဝမ်းလျှံ အဖွဲ့မှ ဘိုးဘိုးကျော်ဖြစ်လေ၏။

ခါးသမားတစ်ဦးသည် ဝူကြည်ဘိုးဘိုး ထိုင်နိုင်ရန် ကုလားထိုင်တစ်လုံးလာချပေး၏။

ဝူကြည်ဘိုးဘိုးက....

"ကျုပ်ဟာ လျှိုဝှက်အဖွဲ့ဖြစ်တဲ့ ဝူကြည်အဖွဲ့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ် ဝူကြည်ဘိုးဘိုးပဲ"

ဝမ်လျှံ အဖွဲ့ရှင်က ပျော့ပျောင်းသောလေသံဖြင့်စကားဆိုသည်။



"ကျွန်မကတော့ ဝမ်လျှံ အဖွဲ့ရှင်ပါ၊ ကျွန်မ အဖွဲ့ကလဲ လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ပါပဲ"

ရုံကူလင် အနေဖြင့် ဝမ်လျှံ အဖွဲ့ရှင်ကိုယ်တိုင်အမျိုးသမီးဖြစ်ကြောင်း ဝန်ခံသည့် ပထမဆုံးသော ဝန်ခံစကားကို ကြားရခြင်းဖြစ်တော့သည်၊

ဝူကြည်ဘိုးဘိုးသည် ဝမ်လျှံ အဖွဲ့ရှင်အား ရင့်သီးစွာပြောလေ၏၊

"မင်းက ဘာဖြစ်လို့ ငါ့အဖွဲ့သားတွေကို လိုက်ပြီးနှောင့်ယှက်ရတာလဲ"

ဝမ်လျှံ အဖွဲ့ရှင်က ဘာခစ်ခစ်ရယ်မောလိုက်လေ၏၊

"ဒီမှာ မင်းတွေ ငါ့တွေနဲ့ အဘိုးကြီးအသံလုပ်ပြီး ငါ့ကို လာခြောက်မနေနဲ့၊ ဝတ်ရုံရှည်ကြီးဝတ်ပြီး မျက်နှာဖုံးတပ်ထားတဲ့ မင်းရဲ့ရုပ်သွင်ကို ငါ မခန့်မှန်းနိုင်ဘူး ထင်နေသလား"

"ဘာခပြောတယ်"

ဝူကြည်ဘိုးဘိုးက စူးရှစွာ အော်လေ၏၊

"ဘာလဲ...မင်းက ဆက်ညာချင်သေးသလား၊ မင်းကို ငါ သံသယရှိနေတာကြာပြီ၊ လူ့လောကထဲမှာ မြင်းမျက်နှာနဲ့ တူတဲ့လူ ဘယ်ရှိပါမလဲ"

ဝမ်လျှံ အဖွဲ့ရှင်ကစွဲချက်တင်လေ၏။ ဝူကြည်ဘိုးဘိုးသည် နောက်ဆုံး၌ ဟားဟားဟားရယ်ရင်း....

"အင်း....မင်းဘယ်သူလဲဆိုတာ ငါရိပ်မိနေပါပြီ"

မည်းနက်သော ဇာပဝါနောက်မှ ဝမ်လျှံအဖွဲ့ရှင်၏ အေးစက်သောစကားသံ ထွက်လာသည်။

"ငါ ဘယ်သူဆိုတာ ညည်းမှန်းဆနိုင်မှာမဟုတ်ပါဘူး"

ဝူကြည်ဘိုးဘိုးကလည်း...

"ငါ ဘယ်သူဆိုတာ ညည်းမှန်းဆနိုင်မှာမဟုတ်ပါဘူး"

ထို့နောက် ဝူကြည်ဘိုးဘိုးက ထပ်၍စကားပြောသည်။ ထိုစကားသံကြားလိုက်ရသောအခါ ရှံကူလင်မှာ အကြီးအကျယ် အံ့သြသွားခဲ့ရတော့သည်။ အဘယ်ကြောင့်ဆိုသော် ဝူကြည်ဘိုးဘိုး၏ လေသံမှာ တကယ့်မိန်းမသံ စစ်စစ်သို့ ပြောင်းလဲသွားသောကြောင့်ပေတည်း။

"ဟင်....တကယ့်မိန်းမပါပဲလား၊ အဘိုးကြီးတစ်ယောက်ရဲ့ လေသံမျိုးကို သူမို့လို့ တုပြီးပြောနိုင်တယ်"

ဝူကြည်ဘိုးဘိုးဟု အများကထင်မှတ်ထားသည့် အမျိုးသမီး ပြောလိုက်သည့် စကားသံမှာ....

"ရှင်ဟာ ရွှေဟင်္သာအဖွဲ့ကကျန်ကတော်ပဲမဟုတ်လား"

ဟူသတည်း။

ထိုစကားအဆုံးတွင် ဝမ်လျှံအဖွဲ့ရှင်က ဟားဟား ရယ်မောလေတော့၏။

"ဒါ ရယ်စရာလား"

ဝူကြည်ဘိုးဘိုး အယောင်ဆောင်ထားသည့် မိန်းမက ခက်ထန်စွာမေးလိုက်သည်။

ဝမ်လျှံအဖွဲ့ရှင်က ရယ်သံနှော၍ပြောလေ၏။



"အဲဒီလိုထင်လိမ့်မယ်လို့ ငါ ခန့်မှန်းပြီးသားပဲ၊ အခုတော့ ငါခန့်မှန်းထားတဲ့အတိုင်း မှန်နေပြီ"

ဝူကြည်ဘိုးဘိုးအဖြစ် အယောင်ဆောင်ထားသည့်မိန်းမက စူးရှစွာပြောသည်။

"ရှင်သာ ရွှေဟင်္သာအဖွဲ့က ကျန်ကတော် မဟုတ်ခဲ့ရင် ကျွန်မ ရှင့်ကို ချက်ချင်းအရှုံးပေးမယ်"

ဝမ်လျှံအဖွဲ့ရှင်က ကျေနပ်စွာ ရယ်မောပြန်လေ၏။

"မင်းက ငါ့မျက်နှာမှာဖုံးထားတဲ့ ဇာပဝါကို ဖယ်ချင်နေတာကိုး၊ ဒါက သိပ်မခက်ပါဘူး၊ မင်းသာ ငါ့တောင်းဆိုချက်တစ်ခုကို လိုက်လျောရင် ငါကလဲ ဒီဇာပဝါကိုဖြုတ်ချလိုက်မှာပါ"

ရှံကူလင်မှာ ဝူကြည်ဘိုးဘိုးဟု အယောင်ဆောင်ထားသည့် မိန်းမနှင့် ဝမ်လျှံအဖွဲ့ရှင်တို့ ပြောကြားနေသည့်စကားများကို နားထောင်ရင်း ခေါင်းရှုပ်လာသည်။

"ငါက အင်မတန်ရက်စက်တဲ့ အဘိုးကြီးလို့ ထင်ထားတဲ့ ဝူကြည်ဘိုးဘိုးက မိန်းမသားတစ်ယောက် ဖြစ်နေတယ်၊ ငါက ဝမ်လျှံအဖွဲ့ရှင်လို့ သိထားတဲ့မိန်းမကလဲ ဟိုမိန်းမပြောသလို တကယ်ပဲ ရွှေဟင်္သာအဖွဲ့က မမကြီးများဖြစ်နေမလားမသိဘူး၊ သိုင်းလောကကြီးဟာ သပွတ်အူလို ရှုပ်ထွေးနေတာပါပဲကလား"

ထိုစဉ် အယောင်ဆောင်မိန်းမက ပြန်မေးသည်။

"ရှင်က ဘာတောင်းဆိုချင်လို့လဲ"

“ငါ့တောင်းဆိုချက်က မဆန်းပါဘူး၊ မင်းမျက်နှာမှာ စွပ်ထားတဲ့ မျက်နှာဖုံးအတုကြီးကို ချွတ်ပစ်လိုက်စမ်းပါ”

“ကျွန်မမျက်နှာတုကိုချွတ်လို့မဖြစ်ပါဘူး၊ ရှင်သာကျွန်မရဲ့ လက်အောက်ကိုဝင်စမ်းပါ၊ ခြင်္သေ့နှစ်ကောင်ဟာ တစ်ဂူထဲမှာ ဘုရင်မလုပ်နိုင်ဘူး၊ ရှင့်အတွက် ရာထူးဌာနန္တရ ကောင်းကောင်း ရစေရပါ့မယ်”

ဝမ်လျှံအဖွဲ့ရှင်က ရယ်မောရင်း....

“မင်းရဲ့ ဝူကြည်အဖွဲ့ဟာ မကြာခင် ပျက်စီးရမှာသေချာတယ်၊ မင်းသာ အလျှော့ပေးလိုက်ပါ”

ဝူကြည်ဘိုးဘိုးနှင့် ဝမ်လျှံအဖွဲ့ရှင်တို့သည် အတန်ကြာမျှ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြ၏။ အတန်ကြာကြည့်ပြီးမှ ဝူကြည်ဘိုးဘိုးက စတင်စကားပြောသည်။

“ကျွန်မကို မနက်ဖြန်ည ဒီတဲမှာဆုံကြမယ်”

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းခါလိုက်လေသည်။

“ဒီနေရာက မကောင်းပါဘူး၊ ဟောဟို တောင်ကြောကြီးအတိုင်း လျှောက်သွားရင် အဆုံးမှာ ရေကန်တစ်ကန် ရှိတယ်၊ အဲဒီရေကန်ဟာ ကိုယ့်ဘက်ကိုယ်သိမ်းချင်တဲ့သူတွေ အတွက်အသင့်လျော်ဆုံးရေကန်ပဲ”

ဝူကြည်ဘိုးဘိုးအယောင်ဆောင်သူမိန်းမကထိတ်လန့်သည့် လေသံဖြင့်....

“ရှင်က အဲဒီနေရာမှာ ကျွန်မတို့ချင်းချိန်းတွေ့ကြမယ်လို့ ဆိုလိုတာလား”



“ဒါပေါ့....အဲဒီနေရာကြီးမှာ ချိန်းဆိုတွေ့ဆုံကြမယ်၊ ရှုံးတဲ့ လူဟာ ကန်ထဲခုန်ချပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ရမဲ့”

“ကောင်းပြီ၊ ကျွန်မသဘောတူတယ်၊ ဒါပေမယ့် ရှင် တစ်ခုတော့ ကတိပေးရမယ်”

“ဘာကတိလဲ”

“မနက်ဖြန် ချိန်းဆိုပွဲမှာ ရှင်ရောကျွန်မပါ မလိမ်တမ်း၊ မညာတမ်း ပကတိမျက်နှာနဲ့ တွေ့ဆုံကြရမယ်”

“ထူးတော့ မထူးပါဘူးလေ”

“ဘာဖြစ်လို့ မထူးရမှာလဲ”

“တစ်ယောက်ယောက် သေမှာပဲဥစ္စာ၊ သေပြီးတဲ့နောက် တစ်ယောက်ရဲ့မျက်နှာ အစစ်အမှန်ကိုသိလဲ ဘာထူးတော့ မှာလဲ”

“ထူးတာတွေ အများကြီး ရှိပါတယ်လေ၊ ကဲ... ဒီနေ့ တော့ ထိပ်တိုက်တွေ့စရာ မရှိတော့ဘူး၊ နက်ဖြန် ချိန်းထား တဲ့အတိုင်း ဆုံကြဖို့ပဲရှိတော့တယ်”

ဝူကြည်ဘိုးဘိုးအဖြစ် ဟန်ဆောင်ထားသော မိန်းမသည် တဲ၏ထောင့်၌ရှိသော သူ့ လူများဘက်သို့ လှမ်းကြည့်ရင်း တစ်ဆက်တည်း ပြောချလေ၏။

“ရှင်တို့ဖမ်းထားတဲ့ သူတွေကို ပြန်လွှတ်လိုက်ပါ”

ဝမ်လျှံအဖွဲ့ရှင်က...

“မင်းရဲ့ ခွေးတွေတော့ သေကုန်ပြီ၊ လူတွေကတော့ အသက်ကျန်ပါသေးတယ်၊ ကဲဟော....အဲဒီလူလေးယောက်ကို

အပြင်ဘက် ထုတ်ပေးလိုက်၊ ဟိုဓားသမား နှစ်ယောက်ရဲ့ အလောင်းကိုပါ ပြန်ထုတ်ပေးလိုက်ပါ”

ဝူကြည်ဘိုးဘိုးအဖြစ် ဟန်ဆောင်ထားသော မိန်းမကာ ရုံကူလင်အား လက်ညှိုးထိုးပြပြီး....

“သူ့ကိုကော ဘာဖြစ်လို့ ချန်ထားရမှာလဲ၊ သူ မသေသေးဘူးဆိုတာ ကျုပ်မသိတယ်”

ဝမ်လျှံ အဖွဲ့ရှင်က....

“မင်းလူတွေကို ဒီလောက်လွှတ်ပေးတာကိုကျေးဇူးတင်ဖို့ကောင်းနေပါပြီ၊ ဒီလူအတွက် မင်း ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့”

ထိုအချိန်၌တဲတံခါးကိုဖွင့်ပေးခိုက် ဖြစ်ရာဝူကြည်ဘိုးဘိုး၏ စေတမန်သည် တဲအတွင်းသို့လျှပ်တစ်ပြက်ဝင်ရောက်လာလေ၏။

တဲအတွင်းမှ အစောင့်များက ဝိုင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်သဖြင့် ဝမ်လျှံ အဖွဲ့ရှင်က လက်ကာပြပြီး တားဆီးလိုက်၏။

ဝူကြည်ဘိုးဘိုးသည် သူ၏ မူလယောကျ်ားသံဖြင့် ပြန်၍ အမိန့်ပေးလိုက်သည်။

“ဟို လဲကျနေတဲ့လူကို သွားချီလိုက်စမ်း၊ သူဟာ ငါ့ အဖွဲ့သားမဲ့”

စေတမန်သည် ရုံကူလင် လဲကျနေရာသို့ ခုန်ဝင်သွား၏။ သို့သော် သူ့ထက် အရင်ဦးစွာ ရောက်ရှိနေသူမှာ ဝမ်လျှံ အဖွဲ့ရှင်၏ လက်ယာဘက်မှ မိန်းမပျိုဖြစ်လေ၏။



စေတမန်သည် ရုံကူလင်ကို ကယ်တင်ခြင်းမပြုနိုင်တော့ဘဲ ထိုမိန်းမပျိုနှင့် အကြိတ်အနယ် တိုက်ခိုက်နေရတော့၏။ ထိုစဉ် ဝမ်လျှံ အဖွဲ့၏ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျင် ရောက်ရှိလာပြီးလက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်ရာစေတမန်မှာ သူ့သခင်ဝူကြည်ဘိုးဘိုးဘေးသို့ဆုတ်ခွာသွားရတော့၏။

ဝမ်လျှံ အဖွဲ့ရှင်က အေးစက်စက် ပြောလိုက်သည်။

“ကဲ....ဒါလောက်ဆိုရင် ငါတို့အဖွဲ့ရဲ့အစွမ်းကိုသိလောက်ပြီ၊ နက်ဖြန်ကျမှ တွေ့ကြသေးတာပေါ့”

ဝူကြည်ဘိုးဘိုးသည် ရုံကူလင်အား အပါခေါ်သွားနိုင်ရေးကိစ္စတွင် အလျှော့ပေးလိုက်၏။ စေတမန်အား လက်ဖြင့် အချက်ပြကာ တဲအပြင်သို့ ထွက်သွားလေ၏။

တဲအပြင်မှ ရပ်စောင့်နေသော ဝူကြည်ဘိုးဘိုး၏ ဓားသမားများသည် အကြောပိတ်ခံထားရသော ကျားခွေးရှင်လေးဦးနှင့် ဓားသမားနှစ်ဦး၏ အလောင်းကို လက်ခံယူလိုက်ကြသည်။

ဝူကြည်ဘိုးဘိုး ထမ်းစင်ပေါ်တက်လိုက်သည်နှင့် အထမ်းသမား လေးယောက်က ထမ်းစင်ကို ထမ်းလိုက်ကြသည်။ စေတမန်က ရှေ့ဆုံးမှ ပြေးထွက်သွား၏။ မကြာမီ ဝူကြည်အဖွဲ့သားအားလုံး တဲကြီးအနီးမှ ပျောက်ကွယ်သွားလေ၏။

ဝမ်လျှံ အဖွဲ့ရှင်က ဘိုးဘိုးကျင်အားအမိန့်ပေးလိုက်သည်။

“တဲအပြင်ထွက်ပြီးရန်သူတွေရဲ့အရိပ်အခြည်ကိုကြည့်ပါ”

ဘိုးဘိုးကျော်သည် စကားမဆုံးမီပင် တဲအပြင်သို့ ရောက်ရှိသွားလေ၏။ အတန်ကြာသော် ဘိုးဘိုးကျော် ပြန်လည်ရောက်ရှိလာလေ၏။

"အားလုံးဆုတ်ခွာသွားပါပြီအဖွဲ့ခေါင်းဆောင်ချုပ်ကြီး"

ဘိုးဘိုးကျော်ကအရိုအသေပေးပြီး အခြေအနေကို အစီရင်ခံသည်။

ဝမ်လျှံ အဖွဲ့ချုပ်က....

"ကောင်းပြီ ရှင်တို့လဲ ကိုယ့်နေရာကိုယ်သွားပြီးအနားယူကြပေတော့"

တဲအတွင်းမှအစောင့်အသီးသီး တဲအပြင်သို့ထွက်ခွာသွားကြရာ ဝမ်လျှံ အဖွဲ့ချုပ်၊ သူမ၏ အပါးတော်မြဲ မိန်းမပျိုနှစ်ဦးနှင့် ရုံကူလင်တို့သာ ကျန်ရစ်ခဲ့ကြတော့၏။

ဝမ်လျှံ အဖွဲ့ချုပ်က ရုံကူလင်ဘက်သို့ လှည့်လိုက်ပြီး....

"မင်း မတ်တတ်ရပ်လိုက်စမ်း"

ရုံကူလင်သည် လျင်မြန်စွာထ၍ မတ်တတ်ရပ်လိုက်၏။

ရုံကူလင်သည် ရုပ်ဖျက်ထားသောဆေးများကို ခက်ခဲစွာ ပွတ်သပ် ဖျက်ဆီးလိုက်ရသည်။ သူ၏နဂိုရုပ် ပြန်ပေါ်လာသည်။ ဝမ်လျှံ အဖွဲ့ချုပ်က...

"အင်း ငါတို့နှစ်ယောက် ပြောခဲ့တဲ့စကားတွေကို ကြားတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားပါတယ်"

"မင်းဟာ ဝူကြည်အဖွဲ့ထဲကို ထိုးဖောက် ဝင်ရောက်နိုင်ခဲ့တယ်၊ မဆိုးဘူးလို့ ဆိုရမယ်"



"ဒါက မထင်မှတ်ဘဲ ဖြစ်သွားရတာပါ၊ သေချာချာ စီစဉ်ပြီး ဝင်ရောက်သွားခဲ့တာ မဟုတ်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းဟာ ဝူကြည်အဖွဲ့ထဲက အခြေအနေ တော်တော်များများကို သိလာခဲ့ပြီးပြီ၊ ငါတို့အဖွဲ့ရဲ့ အခြေအနေကိုလဲ မင်း တော်တော်သိထားတယ်၊ မင်း ဘယ်ဘက်က ပါမလဲ"

ရုံကူလင်က စဉ်းစဉ်းစားစား ပြော၏။

"ဝူကြည်အဖွဲ့က ခင်ဗျားတို့လို သိုင်းပညာသက်သက် သုံးတဲ့ အဖွဲ့မဟုတ်ဘူး၊ အဆိပ်ဆေးဝါးတွေ သုံးမှုရတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဘယ်ဘက်မှ မပါဘူး၊ ကြားကပဲနေမယ်"

ဝမ်လျှံ အဖွဲ့ချုပ်သည် ရုံကူလင်၏ရဲရဲတောက် စကားများကို ကြားရသောအခါ ရုံကူလင်အား လေးစားသွားသည်။

ဝမ်လျှံ အဖွဲ့ချုပ်က မေးခွန်းထုတ်လိုက်၏။

"ကောင်းပြီ မင်းဟာ ပွဲကြည့်ပရိသတ်ပဲ ဖြစ်ပါစေတော့၊ နက်ဖြန်ပွဲမှာ ဘယ်သူရှုံးမလဲ၊ ဘယ်သူနိုင်မလဲ"

"အဖွဲ့ ခေါင်းဆောင်ချုပ်ကြီး နှစ်ယောက်စလုံး အင်မတန်လျှို့ဝှက်ပြီး အင်မတန် အသိရခက်တဲ့ လူတွေဖြစ်တဲ့ အတွက် ကျွန်တော် မခန့်မှန်းတတ်ပါဘူးဗျာ"

ဝမ်လျှံ အဖွဲ့ချုပ်ထံမှ သက်ပြင်းချသံ ကြားလိုက်ရသဖြင့် ရုံကူလင် အံ့အားသင့်သွားသည်။

ဝမ်လျှံ အဖွဲ့ချုပ်က....

"ဟင်း....အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် သူတို့ဟာ ငါတို့ထက် အင်အားအင်မတန်သာလွန်ပါတယ်"

ရှုံကူလင်က....

"ဟုတ်ပါတယ်၊ အခုအဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့လူစုက ဘာမှအင်အားမရှိဘူး၊ ဝူကြည်တိုးတိုးရဲ့ လူတွေက မနည်းဘူး၊ သူတို့အားလုံးဟာ ဒီတဲကို တရကြမ်း ဝင်တိုက်ရင် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့လူတွေ ကသောင်းကနင်း ဖြစ်သွားနိုင်ပါတယ်၊ ဒါတောင် ကျွန်တော် သတိပေးမလို့ ကြံပါသေးတယ်၊ အခုကြာပိတ်ခံထားရတော့ စကားပြောလို့ မရခဲ့ပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က ဦးခေါင်းကို ခါယမ်းလိုက်၏။

"သူတို့အင်အားက ဒါတင်မကဘူး၊ မင်း သိတာက အကုန်မဟုတ်သေးပါဘူး၊ ဒါကြောင့်မို့ မင်းကို ငါတို့ဘက်က တစ်ဘက်တစ်အား ပါဝင်စေဖို့ မျှော်လင့်ထားပါတယ်"

"ဗျာ....ကျွန်တော့်ကို"

"မှန်တယ်"

"ကျွန်တော် တတ်နိုင်ရင် ကူညီဖို့ဝန်မလေးပါဘူး၊ ဒီလို ကူညီဖို့ ကျွန်တော့်မှာအရည်အချင်းမရှိတာကတော့ ခက်နေပါတယ်ခင်ဗျာ"

"မင်း ကူညီရမယ့်ကိစ္စက သိပ်မခက်ပါဘူးကွယ့်"

"ဗျာ"



"ဟုတ်တယ်၊ မခက်ပါဘူး၊ ဝူကြည်အဖွဲ့ထဲတောင် အယောင်ဆောင် ဝင်ရောက်နိုင်တဲ့လူက ဝမ်လျှံအဖွဲ့ရှင် အဖြစ် ဘာဖြစ်လို့ အယောင်မဆောင်နိုင်ရမှာလဲ"

ရှုံကူလင်မှာ အကြီးအကျယ် အံ့အားသင့်သွားလေတော့သည်။

"ဗျာ....ကျွန်တော်က အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ကိုယ်စား အယောင်ဆောင်ပြီး ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ တွေ့ဆုံရမယ် ဟုတ်လား"

"မှန်သတော့ပေါ့"

"ဟာ....ဒါတော့ မဖြစ်နိုင်ဘူးထင်ပါတယ်၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဘယ်လောက် ရက်စက်တယ်ဆိုတာ ကျွန်တော် ကိုယ်တွေ့မျက်မြင် သိထားပါတယ်ခင်ဗျာ၊ နောက်ပြီး သူ့ သိုင်းပညာ ဘယ်လောက်အထိ အဆင့်မြင့်မယ်မှန်းလဲ ကျွန်တော် မခန့်မှန်းနိုင်ပါဘူး၊ တိုက်ပွဲဖြစ်တဲ့အခါမှာ ကျွန်တော်ဟာ မြက်ရိတ်သမားလက်ထဲ ဆုပ်ကိုင် အဆွဲခံရတဲ့ မြက်လို ဖြစ်သွားမှာ သေချာပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က....

"ဒီအတွက်တော့ မပူပါနဲ့၊ တိုက်ပွဲဖြစ်တာနဲ့ မင်းဘေးနားကို ငါ့လူတွေ ရောက်လာမှာပါ"

ရှုံကူလင်က စိတ်ညစ်ညူးစွာ ပြောသည်။

"ကျွန်တော် သေမှာတော့ မကြောက်ပါဘူးဗျာ၊ ဒါပေမယ့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ ဝမ်လျှံအဖွဲ့နဲ့ ဟိုဝူကြည်

အဖွဲ့တို့ ဘာဖြစ်လို့လျှို့ဝှက်ရန်ဖြစ်နေကြတယ်ဆိုတာ သဘော မပေါက်တာကတော့ အတော် ခက်နေပါတယ်"

"ငါဟာ သိုင်းလောကကြီးကို ကြီးစိုးချင်တဲ့စိတ်မရှိဘူး၊ အေး....ငါသာ ဝူကြည်အဖွဲ့ကို မနိုင်ဘူးဆိုရင်တော့ သိုင်းလောကကြီးတစ်ခုလုံး ရေတိမ်နစ်မှာပဲ"

ရှိုကူလင်သည် ဝမ်လျှံအဖွဲ့နှင့်လည်းကောင်း၊ ဝူကြည်အဖွဲ့နှင့်လည်းကောင်း အတော်ကလေး လက်ပွန်းတတီး ရင်းနှီးမှု ရရှိခဲ့သဖြင့် ထိုအဖွဲ့နှစ်ဖွဲ့၏ အပြုအမူ အလေ့အကျင့်များကို အတော်ကလေး နှိုင်းယှဉ်သိရှိခဲ့ပြီး ဖြစ်ပေသည်။

ဝမ်လျှံအဖွဲ့သည် သူကဲ့သို့သော လူစိမ်းတစ်ဦးကို ပင် မတရားပြုလုပ်ခဲ့ခြင်း မရှိသဖြင့် ဝူကြည်အဖွဲ့ထက် ဝမ်လျှံ အဖွဲ့က အကျင့်ကောင်းသည်ဟု တွက်ဆခဲ့ပြီး ဖြစ်ပေသည်။

သူက ခပ်ဖွဖွအေး ပြောသည်။

"ဟုတ်ကဲ့.... ကျွန်တော်လဲ ဒီလိုပဲ တွက်မိပါတယ်ဗျာ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့စိတ်ထား မှန်နဲ့မြတ်ပါပေတယ်လို့ ကျွန်တော် ချီးကျူးပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က မထိမဲ့မြင် ရယ်မောလိုက်ပြီး....

"မင်း ငါ့လိုသူမျိုးကို ချီးကျူးဖို့ မလိုပါဘူး၊ ငါပြောသလို ကူညီနိုင်မယ်၊ မကူညီနိုင်ဘူးဆိုတာကိုသာ ပြောပါ"

ရှိုကူလင်က ခေါင်းကို ခါယမ်းလိုက်ပြီး....

"ယောကျ်ားစင်စစ်က မိန်းမအဖြစ် ဟန်ဆောင်ဖို့ဆိုတာ မလွယ်ပါဘူးဗျာ၊ ဒီပြင် အကူအညီကို ပြောပါ၊ ကျွန်တော် ကူညီပါ့မယ်"



"မင်းအနေနဲ့ မိန်းမအဖြစ် ဟန်ဆောင်ဖို့ မလိုပါဘူး၊ ဒီမျက်နှာကို နည်းနည်းပါးပါး ပြုပြင်ပေးပြီး ဟဲဒီမျက်နှာ အတိုင်း သွားတွေ့လို့ ရပါတယ်"

"ဗျာ... ကျွန်တော်တော့ ဘာမှနားမလည်တော့ဘူး"

ဝမ်လျှံအဖွဲ့ရှင်က မရယ်ချင့် ရယ်ချင် ရယ်လိုက်ပြီး....

"အေး....ဘာမှနားမလည်တာအကောင်းဆုံးပဲ၊နားလည်ရင် သိုင်းလောကကြီးအတွက် မင်းအများကြီး ရင်လေးနေရလိမ့်မယ်၊ ငါတစ်ခုပြောချင်တာကတော့ ငါ့ကိုယ်စား လူစားတစ်ယောက် ဝင်စေချင်ရင် မင်းလို ယောကျ်ားတစ်ယောက်ကို ခက်ခက်ခဲခဲရှာပြီး ဝင်ခိုင်းနေဖို့မလိုဘူး၊ ငါ့တပည့်တွေထဲမှာ ငါနဲ့ အလုံးအရင်တူတဲ့ မိန်းကလေးတွေ အများကြီး ရှိတယ်၊ဒါဆိုရင် မင်းနည်းနည်းတော့ သဘောပေါက်နိုင်ပြီ"

## အခန်း ( ၁၀၀ )

### အယောင်ဆောင် သူရဲကောင်း

ရုံကူလင် စဉ်းစားသည်။ ဟုတ်ပေသည်၊ ဝမ်လျှံအဖွဲ့၏ အပါးတော်မြဲ မိန်းမပျို့နှစ်ယောက်အနက်မှ တစ်ယောက်ကို ဝတ်ရုံရှည်ကြီး ဝတ်ခိုင်းပြီး မျက်နှာကို ဇာပဝါလွှမ်းခြုံထားရုံမျှဖြင့် ဝမ်လျှံအဖွဲ့ရှင်အဖြစ် ဟန်ဆောင်၍ရပေသည်၊ သူ့အား ဝမ်လျှံအဖွဲ့ရှင်အဖြစ် ဟန်ဆောင်၍ ကိုယ်စားတွေ့ခိုင်းခြင်း၏ နောက်ကွယ်၌ အခြား လေးနက်သော အကြောင်းအရာများ ရှိရပေလိမ့်မည်။

ရုံကူလင်သည် ဝမ်လျှံ အဖွဲ့ရှင်အား အကဲခတ်လိုက်၏၊ ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားခြင်းနှင့် ဇာပဝါလွှမ်းခြုံထားခြင်းကြောင့် ဝမ်လျှံအဖွဲ့ရှင်၏ ရုပ်သွင်အချိုးအစားကို



ခန့်မှန်း၍ မရနိုင်ပေ။ သို့သော် သူမ၏ အလွန်တရာ တိကျပြတ်သားခြင်းကြောင့် သာမန်မိန်းမများထက် ထူးချွန်ထက်မြက်သည့် မိန်းမတစ်ယောက်ဖြစ်ကြောင်းကိုမူ ခန့်မှန်းတွေးတောနိုင်ပေသည်။

ဝမ်လျှံအဖွဲ့ရှင်က....

"မင်း တကာယ်လို့ ကူညီချင်စိတ် ပေါက်လာလျှင် အဲဒီကူညီခြင်းဟာ ငါ့ကိုကူညီခြင်းမဟုတ်ပါဘူး၊ သိုင်းလောကကြီး တစ်ခုလုံးကို ကူညီခြင်းပဲ ဖြစ်တယ်"

ရုံကူလင်က လေးနက်စွာ ပြောလေ၏၊

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးလုပ်နေတဲ့ အလုပ်တွေဟာ လေးနက်မှန်း၊ မှန်မြတ်မှန်းသိပါတယ်၊ ကျွန်တော်ကတော့ ဘေးလူဖြစ်နေတဲ့အတွက် ဒီပြဿနာရဲ့ အတိမ်အနက်ကို မခန့်မှန်းနိုင်ပါဘူး၊ ကျွန်တော့်ကို နည်းနည်းလောက် ရှင်းပြနိုင်ရင်တော့ သိပ်ကောင်းမှာပါပဲ"

ဝမ်လျှံအဖွဲ့ရှင်က....

"ပြဿနာအတိမ်အနက်ကို ပြောနေရရင် အရှည်ကြီးပဲ၊ ငါ့အနေနဲ့ အရှင်းဆုံးပြောနိုင်တဲ့ အချက်တစ်ချက်ရှိတယ်၊ မင်းမျက်နှာဟာ လူတစ်ယောက်ရဲ့မျက်နှာနဲ့ သိပ်တူနေတယ်၊ သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က သေဆုံးသွားခဲ့ပြီ"

"ဗျာ....ကျွန်တော်က အဲဒီလူကိုယ်စား ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ တွေ့ဆုံရမှာပေါ့၊ ဟုတ်လား"

"မှန်တယ်၊ ဒီအတိုင်းပဲ၊ မင်းရဲ့ရုပ်ရည်ဟာ ဟိုလူနဲ့ တထေရာတည်းပဲ၊ အေး....အသက်ချင်း အရွယ်ချင်းတော့ ကွာနေတာပေါ့လေ၊ ဒါကလဲ သိပ်ခက်တာ မဟုတ်ပါဘူး၊ ငါ့ဆီမှာ ရုပ်ပြောင်းရုပ်လွှဲ လုပ်ပေးနိုင်တဲ့ အတတ်ပညာရှင်တွေ ရှိပါတယ်၊ မင်းရဲ့ရုပ်ရည်ကို နည်းနည်းရင့်သွားအောင် ပြုပြင်ပေးလိုက်ရင် ပြီးတာပဲ"

"သူ့ သံသယ မဝင်နိုင်ဘူးလားဗျာ"

"သံသယ ဝင်စရာအကြောင်း မရှိဘူး"

"ဒါဆိုရင် ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ် ဘယ်သူဆိုတာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး သိပြီးပြီ ဆိုပါတော့"

"ဘယ်သူဆိုတာတော့ တွေးထားပါတယ်၊ သေချာပေါက်မှန်မယ်လို့တော့ မပြောနိုင်ဘူးပေါ့လေ"

"ဘယ်သူလို့ ခန့်မှန်းထားပါသလဲ ခင်ဗျာ"

"မင်း ငါ့ကိုကူညီဖို့ သဘောတူမယ်ဆိုရင်တော့ ငါဖွင့်ပြောမယ်၊ တကယ်တော့ ခုကိစ္စက လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့လဲ သက်ဆိုင်နေတယ်၊ လွဲသွားရင်တော့ မကောင်းဘူးပေါ့"

"ဟို....ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးဟာ အတော်ကြောက်စရာကောင်းသလို သိုင်းပညာလဲ ထက်မြက်ပုံ ရပါတယ်၊ ဒါပေမယ့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို ခန့်မှန်းပုံကျတော့ လွဲတယ်၊ ဘူ ညှံ့ဘယ်လို့ ပြောရမလားမသိဘူး"

"လူဆိုတာ မှားတတ်တာပဲ့"



"ကျွန်တော်က ကိုယ်စားဟန်ဆောင် သွားပေးရမယ့်သူဟာ သေနေပြီလို့ပြောတယ်၊ ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးက မသိဘူးလား"

"ဒါလဲ ငါ့ရဲ့ စမ်းသပ်ချက်တစ်ခုပဲ ဆိုပါတော့"

"အဲဒီလူဟာ ဘယ်လိုလူမျိုးလဲ"

"အဲဒီသူဟာ သိုင်းလောကရဲ့ ထိပ်သီးတစ်ယောက်ပေါ့၊ သူဟာ အခမဲ့တန် ရုပ်ရည်ချောမောတဲ့အတွက် မိန်းမတိုင်းလိုလိုက ကြိုက်ခဲ့ကြတယ်"

"ကျွန်တော်နဲ့ တကယ်ဘူလို့လား"

"တော်တော်တူဘယ်လို့ ဆိုရမယ်"

သူမသည် ပြောရင်း မျက်ရည်ဝဲလာသည်၊ ဝမ်လျှိုအဖွဲ့ရှင်၏မျက်နှာ၌ ဇာပဝါအနက် လွှမ်းခြုံထားသဖြင့် ထိုအဖြစ်ကို ရှုံကူလင် မသိမြင်နိုင်ပါချေ။

ရှုံကူလင်သည် ဝမ်လျှိုအဖွဲ့ရှင်၏ မျက်နှာအမူအရာကို မတွေ့ရသော်လည်း တုန်ယင်လိုက်လှသောအသံကိုမူ သတိပြုမိသွားသည်။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် တစ်ခုလောက် မေးချင်ပါတယ်"

"ဘာမေးမလဲ....မေး"

"အဲဒီလူဟာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ ပတ်သက်ခဲ့ဖူးသလား"

ဝမ်လျှိုအဖွဲ့ရှင်ထံမှ ဖြေကြားသံ ထွက်ပေါ်မလာသဖြင့် ဘဲထဲ၌ တိတ်ဆိတ်သွားတော့သည်။

"ခင်း....ထကယ်သိချင်သလား"

ဝမ်လျှံအဖွဲ့ရှင်သည် ထိုစကားကို အတန်ကြာမှ ထုတ်ပြောနိုင်ခဲ့၏၊ ရုံကူလင်သည် မေးသက်စနှင့်ဆက်မေးတော့၏။

"အဲဒီလိုသိထားရင် ကျွန်တော်ကူညီတာ ပိုပြီးအဆင်ပြေသွားနိုင်တာပေါ့ ခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က ခပ်ပြတ်ပြတ် ဖြေလိုက်သည်၊ ရုံကူလင်မှာလည်း အံ့ဩသွားရတော့သည်။

"အဲဒီလူဟာ ငါ့ယောက်ျားပဲ"

"ဗျာ....ကျွန်တော် စိတ်မကောင်းပါဘူးခင်ဗျာ၊ မေးမိတဲ့အတွက် ခွင့်လွှတ်ပါ"

"ကိစ္စမရှိဘူး၊ ငါ့ကိုကူညီဖို့ မင်းသဘောတူပြီပေါ့"

ရုံကူလင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့....တူပါတယ်"

"ကောင်းပြီ၊ မင်းရုပ်ကို နည်းနည်းပါးပါး ပြုပြင်ပေးလိုက်မယ်၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်နဲ့တွေ့ရင် ဘယ်လိုဆက်ဆံရမယ်ဆိုတာလဲ သင်ပေးလိုက်မယ်"

"ဟုတ်ကဲ့"

ဝမ်လျှံအဖွဲ့ရှင်က လက်ကိုဝှေ့ယမ်းပြီး အချက်ပြလိုက်ရာ ဝမ်လျှံအဖွဲ့ရှင်၏ အပါးတော်မြဲ မိန်းမပျိုတစ်ယောက်က ရုံကူလင်အား လာရောက်ခေါ်ငင်လေ၏။

"ကျွန်မနောက်ကို တစ်ဆိတ်လောက် လိုက်ခဲ့ပါနော်"

ရုံကူလင်က ဝမ်လျှံအဖွဲ့ရှင်အား အဖြေတောင်းသကဲ့သို့ လှမ်းကြည့်လိုက်၏။



ဝမ်လျှံအဖွဲ့ရှင်က....

"လိုက်သွားပါ၊ မင်းကို ရုပ်ပြောင်းပေးရဦးမယ်"

ရုံကူလင်သည် စကားမပြောတော့ဘဲထိုမိန်းမပျိုနောက်မှ ထက်ကြပ်မကွာ လိုက်သွားတော့၏၊ တဲကြီးအနောက်ဘက်တွင် အဆောင်များဖွဲ့ပြီး အခန်းဟစ်ခုစီ ကာခြားထားသည်၊

မိန်းမပျိုက အခန်းတစ်ခုအတွင်း ဝင်သွားသဖြင့် သူလည်း လိုက်ဝင်သွားသည်၊ ထိုအခန်းထဲ၌ သန့်ရှင်းသပ်ရပ်သော ခုတင်တစ်လုံး ခင်းကျင်းထား၏။

မိန်းမပျိုက....

"ဆရာလေး....ဒီခုတင်ပေါ်မှာ ခေတ္တခဏ အိပ်လိုက်ပါနော်၊ သိပ်မကြာပါဘူး"

ရုံကူလင်သည် အပိုစကား မပြောတော့ဘဲ ခုတင်ပေါ်တက်လှဲ၍ အိပ်ချလိုက်တော့၏၊ မိန်းမပျိုက ခုတင်ဘေးသို့ လျှောက်လာပြီး ညင်သာစွာ ပြောသည်၊

"ရုပ်ပြောင်းရုပ်လွှဲလုပ်ဖို့ ဆရာလေးရဲ့အကြောကို ခေတ္တပိတ်ခွင့်ပြုပါနော်"

ရုံကူလင်က ခေါင်းညိတ်ပြ၏၊ မိန်းမပျိုက ချက်ချင်းပင် အကြောထိုးပိတ်လိုက်သည်၊ ရုံကူလင် မေ့သွားလေတော့၏၊

အချိန်မည်မျှ ကြာညောင်းသွားသည် မသိပေ၊ ရုံကူလင် ပြန်လည်သတိရလာသောအခါတွင် အခန်း၏ အပြင်အဆင် ပြောင်းလဲနေသည်ကိုတွေ့ရ၏၊ ဖယောင်းတိုင်မီးများကလည်း လင်းထိန်နေသည်။

သူ့အား အကြောယိုးပိတ်သည့် မိန်းမပျိုရောက်လာသဖြင့် ရုံကူလင်က လှမ်းမေးသည်။

"အခု ဘယ်အချိန်ရှိနေပြီလဲ"

"ညသန်းခေါင်ယံ ရောက်နေပါပြီ"

"ကျွန်တော့်ကို ရုပ်ပြောင်းပေးပြီးပြီလား"

"ဟုတ်ကဲ့ ... ရုပ်ပြောင်းပေးပြီးရုံတင်မကဘူး၊ အဝတ်အစားတွေကိုပါ လဲပေးပြီးပါပြီရှင်"

"ဩ....ဟုတ်လား"

ရုံကူလင်သည် သူ့အင်္ကျီအဝတ်အစားများကို ကြည့်လိုက်သောအခါ အတောင်ပင်တောက်တောက်ပြောင်ပြောင်ဖြစ်နေကြောင်း တွေ့ရသော်၏။

"ကျွန်တော့် ရုပ်ကို ကြည့်ချင်တယ်၊ မှန်တစ်ချပ်လောက် မရနိုင်ဘူးလား"

မိန်းမပျိုက အသင့်ရှိနေသောမှန်တစ်ချပ်ကိုထိုးပေးရင်း....

"အဆင်သင့်ပါပဲ ဆရာလေး၊ ကြည့်ပါဦး.... နဂိုရုပ်နဲ့ ဘယ်လိုကွာသလဲဆိုတာ"

ရုံကူလင်သည် မှန်ကို ယူကြည့်လိုက်ရာ သူ၏နားသယ်ဆံများ ဖြူနေပြီး ပါးအနည်းငယ် ချိုင့်နေသည်မှလွဲ၍ မူလနဂိုရုပ်ရည်နှင့် သိပ်မကွာခြားလှကြောင်း တွေ့ရှိလိုက်ရသည်။

ရုံကူလင်က....

"နေစမ်းပါဦးဗျာ....အခုရုပ်ရည်က ကျွန်တော် အသက်နည်းနည်းကြီးလာသလို ထင်ရတာကလွဲလို့ တခြား ဘာမှ ထူးခြားချက် မတွေ့ရဘူး၊ ကျွန်တော်က ဘယ်သူ့ကိုယ်စားပြု ဟန်ဆောင်ရမှာလဲဗျ"

"ဒါတော့ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကိုပဲ မေးကြည့်ပါရှင်၊ အတွင်းရေး ကိစ္စတွေကိုတော့ ကျွန်မလဲ သိပဲမသိပါဘူး"

မိန်းမပျို၏စကားမဆုံးမီပင် ဝမ်လျှံအဖွဲ့ရှင်သည် သူ၏ အခန်းထဲသို့ရောက်ရှိလာတော့၏။ မိန်းမပျိုက ဝမ်လျှံအဖွဲ့ရှင်ကို ဦးညွှတ်ဂါရဝပြုပြီး ထွက်ခွာသွားလေ၏။

ဝမ်လျှံအဖွဲ့ရှင်သည် မျက်နှာ၌ ဇာပဝါအနက်ကို လွှမ်းခြုံထားပြီ လွှမ်းခြုံထားသဖြင့် သူမ၏ နဂိုရုပ်ရည်ကိုတွေ့မြင်ခွင့်မရဘဲရှိနေသည်။ သို့သော် သူမသည် ခုတင်အနီးအသို့ ရောက်လာသောအခါ သူမ၏ဇာပဝါအနက်ကို ဖယ်ရှားပစ်လိုက်၏။

ပိပြားသောနှုတ်ခမ်း၊ ရှူးရှူးသောမျက်လုံးတို့ဖြင့် အသက်လေးဆယ်ကျော်ခန့်ရှိသည့် တည်ငြိမ်လှပသည့် မျက်နှာထားပိုင်ရှင်ကို ရုံကူလင် တွေ့လိုက်ရသည်။

ဝမ်လျှံအဖွဲ့ရှင်က....

"ကဲ....ထပေတော့၊ ဟိုကုလားထိုင်ကြီးနှစ်လုံးမှာ ထိုင်ပြီး စကားပြောကြရအောင်"

ရုံကူလင်လည်း မဆိုင်းမတွမင် ထ၍ ကုလားထိုင်၌ ဝင်ထိုင်လိုက်လေ၏။

"မင်း ဘာမှ မစားရသေးဘူးမဟုတ်လား၊ မဆာဘူးလား"

မှန်ပါသည်။ ရုံကူလင်သည် မည်သည့် အစားအစာမှ မစားခဲ့ရသေးချေ။ ဝမ်လျှံအဖွဲ့ရှင် မပြောခင်က သူ့အနေဖြင့် ဆာလောင်မှုကို မခံစားရသေးချေ။ ယခုကဲ့သို့သတိပေးလိုက်သောအခါမှ ဝမ်းထဲ၌ တကြုတ်ကြုတ် ဆာလောင်လာတော့သည်။

ဝမ်လျှံအဖွဲ့ရှင်၏ စကားမဆုံးမီပင် မိန်းမပျိုကလေးနှစ်ယောက်သည် အစားအသောက်များကို လင်ဗန်းဖြင့် ထည့်ယူလာကာ စားပွဲပေါ်သို့ချပေး၏။ ထို့နောက် မိန်းမပျိုကလေးများ ပြန်ထွက်ခွာသွားသည်။

ရုံကူလင်သည် ဆာလောင်မွတ်သိပ်နေပြီဖြစ်၍ လင်ဗန်းပေါ်မှ စားစရာများကို အကုန်အစင် စားသောက်ပစ်လိုက်တော့သည်။

သူ စားသောက်ပြီးချိန်တွင် အစေခံအမျိုးသမီးကလေးတစ်ယောက်သည် အရက်အိုးတစ်လုံးနှင့် အရက်ခွက်များ ချလာပေးသည်။ ဝမ်လျှံအဖွဲ့ရှင်က အရက်ခွက်ထဲ အရက်ငှဲ့ပေးပြီး ရုံကူလင်အား ကမ်းပေးလိုက်၏။ ရုံကူလင်က မော့ချလိုက်သည်။ နောက်တစ်ကြိမ် ထပ်ပေးသောအခါတွင်မူ ရုံကူလင် မသောက်တော့ချေ။

ထိုအခါ သူမသည် သူမဘာသာ ငှဲ့ပြီး အရက်များကို တစ်ခွက်ပြီး တစ်ခွက်သောက်ချနေတော့၏။ မကြာမီ သူမ၏ မျက်နှာတစ်ပြင်လုံး နီမြန်းလာသည်။ ဝမ်လျှံအဖွဲ့ရှင်သည် သူမ၏ပါးကို ပွတ်သပ်ပြီး ညည်းညည်းညူညူ ပြောလိုက်သည်။



"အင်း....လူက အသက်ကြီးလာတော့ အရက်ကိုတောင် မနိုင်ချင်တော့ဘူးကွယ်"

မိန်းမဆိုသည်ကား မိန်းမပင်ဖြစ်တော့၏။ ဝမ်လျှံအဖွဲ့ရှင်အဖြစ် ဂုဏ်ကြီးဒြပ်ကြီးဖြင့် နေစဉ်အခါက သူ၏ လေသံမှာ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတစ်ယောက်၏လေသံအတိုင်း အမိန့်ဩဇာသံပါလှသည်။ သူ၏အပြုအမူမှာ နယ်ရှင်ပယ်ရှင်တစ်ယောက်ကဲ့သို့ ရာဇမာန်ပါလှ၏။

ယခုသော် တကယ့် မိန်းမသားတစ်ယောက်၏ လေသံသို့ ပြောင်းလဲသွားခဲ့ချေပြီ။ တကယ့် မိန်းမတစ်ယောက်တွင် တွေ့ရတတ်သည့် ပျော့ညံ့သည့်အပြုအမူမျိုးကို တွေ့နေရပေသည်။

သူမသည် ငယ်စဉ်အခါက အလွန်တရာ ချောမောခဲ့ကြောင်းကို ယခုတိုင် အလှမပြယ်သေးခြင်းက သက်သေပြနေ၏။

ရုံကူလင်က....

"သိပ် မသောက်နဲ့ပေါ့ခင်ဗျာ၊ သိပ်သောက်ရင် သိပ်မူးမှာပဲ၊ အရက်ဟာ လူကို ကောင်းကျိုးပေးတာ မဟုတ်ပါဘူး၊ အရက်မူးလွန်တဲ့ လူဟာ အရိုးအတိုင်း ဖြစ်သွားတတ်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က သူမ၏ ဆံစများကို သပ်တင်ရင်း လှမ်းမေ့ာ့ကြည့်ကာ ပြောလေ၏။

"ငါဟာ ဒီဘဝထဲ နှစ်မြုပ်ခဲ့ရတာ ဆယ်နှစ်ကျော်ခဲ့ပါပြီ၊ ဒီဘဝဆိုတာ မင်းလဲ သိတဲ့အတိုင်း ဟိတ်နဲ့ဟန်နဲ့ကိုယ့်

ကိုယ်ကို စည်းဘောင်ခတ်ပြီး တင်းတင်းကျပ်ကျပ် နေရတဲ့ ဘ၀ကွယ့်၊ ဒီလိုနေခဲ့လို့ ဝမ်လျှံအဖွဲ့ရှင်ကို အဖွဲ့သားတွေက ဖိန့်ဖိန့်တုန် ကြောက်ခဲ့ကြတာပေါ့ကွယ်၊ ဟင်း....အခုတော့ ဒီဘ၀နဲ့ပဲ ငါ အတော်အိုလာခဲ့ပါပကော"

ရှုံကူလင်က ရီသားစွာ ပြောလေ၏။

"ဒါက အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ အထင်ကိုးဗျ"

"ဘာကွယ့်"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ကိုယ့်ကိုယ်ကို အိုမင်းပြီလို့ ထင်နေတာကိုး၊ တကယ်တော့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး မအိုသေးပါဘူး၊ ငယ်စဉ်တုန်းကလို မြူးကြွတဲ့အလှနဲ့ မဟုတ်ပေမယ့် တည်ငြိမ်တဲ့အလှတော့ ကျန်ပါသေးတယ်"

ဝမ်လျှံအဖွဲ့ရှင်သည် စိတ်လွတ်ကိုယ်လွတ် ရယ်မောလေတော့၏။ သယ်နှစ်ကျော်မကျော်အတွင်း သူမအနေဖြင့် ဤသက်ကြီးမ်သည်သာ လွတ်လပ်စွာ ရယ်မောနိုင်ခဲ့ပေသည်။

"အင်း....မင်းဒီစကားပြောဖော်ရတဲ့အတွက် ငါ မျှားကြီး စိတ်ချမ်းသာပါတယ်"

ရှုံကူလင်က....

"ကျွန်တော်က သူတစ်ပါးစိတ်ချမ်းသာပါစေတော့ဆိုတဲ့ စိတ်မျိုးနဲ့ တမင်လီဆယ်ပြီး မုသားမပြောတတ်ပါဘူးခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က ရယ်မောရင်း....



"ငါသိပါတယ်ကွယ်၊ မင်းအပြုအမူက မင်းစိတ်ဓာတ်ကို ဖော်ပြနေတာပဲ၊ မင်းငါ့လက်ထဲမှာ သုံးသေးကြိမ်အဖမ်းခံရတယ်၊ ဒါပေမယ့် မင်းကို ငါ လုံး၀ အနာတရမဖြစ်စေခဲ့ပါဘူး၊ ဒါတင်မကသေးဘူး၊ မင်းရဲ့ လုံခြုံမှုအတွက် မင်းနောက်ကွယ်ကနေတောင် အစောင့်အရှောက်အကာအကွယ်ပေးခဲ့သေးတာပဲ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်လဲ အဲဒါကို စဉ်းစားမိပါတယ်၊ ဝမ်လျှံအဖွဲ့ရဲ့ အဖွဲ့သားတွေဟာ အတော်အစွမ်းထက်မြက်တာတွေ့ရပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အပေါ်မှာ ရန်သူလိုမဆက်ဆံဘူးဆိုတဲ့ အချက်ကိုတော့ ကျွန်တော် ကောင်းကောင်းကြီး ရိပ်မိပါတယ်၊ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော် နားမလည်ခဲ့ပါဘူးခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က ပြုံး၍ပြောသည်၊

"ဒါလား"

သူမသည် မမြင်ရသော အတိတ်ဆီသို့ မျှော်ကြည့်ရင်း ဆွေးမြည့်စွာ ဆက်ပြောလေ၏၊

"အကြောင်းရှိတာပေါ့ကွယ်၊ သူဟာ မင်းနဲ့ သိပ်တူတယ်ကွယ့်"

ရှုံကူလင် အံ့သြသွားသည်၊

"ဗျာ....သူနဲ့တူတယ်၊ ဘယ်သူနဲ့ တူတာလဲဗျာ"

"ဘယ်သူရှိရမလဲကွယ်၊ သူဆိုတာ မင်းကိုယ်စားပြု ဟန်ဆောင်ပေးမယ့်သူပဲပေါ့"

"သူ့အမည် မသိရဘူးလား ခင်ဗျာ"

"ဘာဖြစ်လို့ မသိရမှာလဲ၊ သိရတာပေါ့ကွယ်၊ သူကတော့ သူ့တစ်သက်လုံး မိန်းမတွေ ဝိုင်းဝိုင်းလည်နေခဲ့တဲ့ တိန်ရီလုံဆိုတဲ့သူပဲပေါ့"

"ဗျာ....တိန်ရီလုံတဲ့ ဟုတ်လား"

"မှန်တယ်၊ ရုပ်ချောသလောက် မိန်းမတွေ ဝိုင်းကြိုက်ကြတဲ့ အကျော်ကြားဆုံး သိုင်းသမား တိန်ရီလုံဟာ ငါ့ယောက်ျားပဲလေ"

"ဟုတ်ကဲ့....သိုင်းအကျော်အမော်တိန်ရီလုံအကြောင်းကို မေမေ့ပြောစကားအရ ကျွန်တော် ကြားသိခဲ့ဖူးပါတယ်၊ သူ့သိုင်းပညာက သိုင်းလောကမှာ ပြိုင်စံရှားလောက်အောင်ကောင်းတယ်ဆိုပဲ"

"မှန်တယ်၊ သူ့လိုကျော်ကြားတဲ့လူမျိုးကို မသိတဲ့လူမရှိပါဘူး၊ ဒါပေမယ့် သူသိုင်းလောကက ပျောက်ဆုံးသွားတာကတော့ ဘယ်သူမှ တိတိကျကျသိလိုက်တဲ့လူမရှိပါဘူးကွယ်"

"ဗျာ....ဟုတ်လား"

"သူဟာ အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့ လူမျိုးပေါ့ကွယ်၊ ဒါပေမယ့် သူက ခြေဆေးဖို့ အိုင်တွေကို တကူးတကရှာတဲ့လူ မဟုတ်ပါဘူး၊ အိုင်တွေက သူ့အလိုအလျောက် သူ့ခြေထောက်အောက် ရောက်လာကြတာပါ၊ ဒီအချက်ဟာ သူ့အတွက် အတော့်ကို ဆိုးခဲ့ပါတယ်၊ သူဟာ သိုင်းလောကရဲ့ကောင်းကျိုး တော်တော်များများကို ဆောင်ရွက်



ပေးခဲ့ပေမယ့် မိန်းမတိုင်း ဝိုင်းကြိုက်ခံရတဲ့အဖြစ်က လူတော်တော်များများကို မျက်မုန်းကျိုးစေခဲ့တယ်"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအနေနဲ့ဘာကြောင့်ဒီလောက်လူတော်လူကောင်းတွေကိုစုရုံးထားနိုင်တယ်ဆိုတာကျွန်တော်သဘောပေါက်ပါပြီဗျာ၊တိန်ရီလုံရဲ့ကတော်အနေနဲ့ဒီလောက်ကတော့ လုပ်နိုင်မှာဖပါပဲ"

"ငါ့စကားကို ဆုံးအောင် နားထောင်ပါဦး၊ တိန်ရီလုံနဲ့ငါနဲ့ဟာ ဘယ်လိုရေစက် ရှိလို့လဲမသိဘူး၊ မိန်းမချောတွေ ဝိုင်းဝိုင်းလည်နေတဲ့ တိန်ရီလုံဟာ မိကောင်းဖခင် သားသမီးပီပီ ငါ့ကို လာရောက်တောင်းရမ်းယူခဲ့တယ်၊ မင်္ဂလာဆောင်ခဲ့တယ်၊ ဒါပေမယ့် မင်္ဂလာဆောင်ပြီး ဆယ်ရက်ပဲ ရှိသေးတယ်၊ သူက ထွက်သွားပါလေရော"

"ဗျာ....ထွက်သွားတယ် ဟုတ်လား၊ ပြန်မလာတော့တာလား"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်၏။

"ဟုတ်တယ်....ပြန်မလာတော့တာပဲ၊ သမုဒ္ဒရာထဲ ခဲကျသွားသလိုပဲ၊ သူဟာ စုံးစုံးမြုပ် ပျောက်ကွယ်သွားခဲ့တယ်"

"ဖြစ်ရဖြစ်ရလေဗျာ၊ ကျွန်တော် စိတ်မကောင်းပါဘူး"

"ငါ့ဘဝကို အားကျတဲ့ မိန်းမတွေဟာ အတော့်ကို များတယ်၊ ဒါပေမယ့် ငါတို့ပေါင်းသင်းခဲ့တဲ့ ရက်ကတော့ ဆယ်ရက်ပဲရှိတယ်၊ဒီဆယ်ရက်ရဲ့ နောက်ပိုင်းမှာတော့ ငါဟာ မုဆိုးမတစ်ပိုင်း ဖြစ်သွားခဲ့ရတယ်၊အဲ့ဒီဘဝက သူတို့အားကျနေတဲ့ ဘဝပဲလေ"

"ဒါကြောင့်မို့အဖွဲ့ခေါင်းဆောင်ချုပ်ကြီး အရက်သောက်နေတာလား ခင်ဗျာ"

ဝမ်လျှံ အဖွဲ့ရှင်က တခစ်ခစ် ရယ်မောလေ၏။

"ငါ အရက်သောက်တာ ဆယ်နှစ်ကျော်နေပါပြီကွယ့်၊ အခုမှသောက်တယ်လို့ ထင်မနေပါနဲ့"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ ခင်ပွန်းသည်အကြောင်းဘာမှ ထပ်မကြားရတော့ဘူးလား ခင်ဗျာ"

"ကြားရပါတယ်၊ တိန်ရှီလုံ ထွက်သွားပြီး တဲ့နောက်တစ်နှစ်အကြာမှာ သူ့သတင်း ကြားလိုက်ရတာပါပဲကွယ်"

"ဘာသတင်းများလဲ ခင်ဗျာ"

"သူ လုပ်ကြံခံရတယ်ဆိုတဲ့ သတင်းလေ"

"ဗျာ....ကျွန်တော် ကြားဖူးထားတာကတော့ တိန်ရှီလုံဟာ အင်မတန် သိုင်းပညာ ထက်မြက်တဲ့လူလို့ ကြားထားတာပါပဲ၊ ဘယ့်နှယ် လုပ်ကြံခံလိုက်ရတာလဲဗျာ"

"သိုင်းလောကထဲမှာ သိုင်းပညာ တော်ရုံနဲ့ မပြီးဘူးကွယ့်၊ နည်းနည်းကလေး ခြေချော်လက်ချော်ဖြစ်သွားတာနဲ့ အသက်ဆုံးရှုံးနိုင်တာချည်းပဲ၊ သူ့ဆီမှာက ဖျောက်ဖျက်မရတဲ့ အကျင့်ဆိုးကြီးတစ်ခု ရှိနေတော့ သူ့အတွက် အသက်အန္တရာယ်ဟာ အမြဲတမ်း ရှိနေတာပေါ့ကွယ်"

"ခင်ဗျာ....ဘာအကျင့်ဆိုးများပါလဲ ခင်ဗျာ"

"သူဟာ အလှကို သိပ်မက်မောတယ်လေ"

"ခင်ဗျာ....ဒါ အကျင့်ဆိုးလား ခင်ဗျာ"



"အေး....အကျင့်ဆိုးပဲ၊ အလှတိုင်းကို တပ်မက်မောရင်တော့ အကျင့်ဆိုးလို့ပြောရ ခက်ခက်ပေါ့ကွယ်၊ မိန်းမလှတွေချည်းကို တပ်မက်မောနေရင်တော့ အကျင့်ဆိုးလို့ ခေါ်ရမှာပေါ့၊ ကိုယ့်ယောကျ်ားရဲ့ ချွတ်ယွင်းချက်ကို ဖွင့်ပြောရတာလဲ ကောင်းတော့ မကောင်းဘူး၊ ဒါပေမယ့် သူ သေနိုင်တဲ့ ချွတ်ယွင်းချက်က ဒါပဲဖြစ်နေတော့ ခုလို ဖွင့်ပြောရတာပဲကွယ်"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ညားပြီးတဲ့အခါမှာ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး သူ့ကို မဖျောင်းဖျဘူးလား ခင်ဗျာ"

"ဖျောင်းဖျဖို့ကိစ္စဆိုတာ အင်မတန် ခက်တာပဲ"

"ခင်ဗျာ....ဘာဖြစ်လို့လဲ ခင်ဗျာ"

"သူက မကြိုက်တာတောင် မိန်းမလှတွေက သူ့ကို ဝိုင်းကြိုက်နေကြလို့ပဲ"

"ဒါဆိုရင်တော့ သူ့ကို အပြစ်တင်လို့ ဘယ်ရတော့မလဲ ခင်ဗျာ၊ ဒါကတော့ သူ့ကုသိုလ်နဲ့သူ ဖြစ်လာတာပဲ ခင်ဗျာ၊ ကျွန်တော့်စကားက အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအပေါ် စော်ကားသလိုဖြစ်သွားရင်တော့ ခွင့်လွှတ်ပါ"

"အို....ခွင့်လွှတ်ပါတယ်၊ စော်ကားတယ်လို့လဲ မထင်ပါဘူး၊ မင်းဟာ အခုလို ရင်ဖျက်ဆေးနဲ့ ပြုပြင်ပြီးတဲ့အခါမှာ တကယ့်ငါ့ယောကျ်ားနဲ့ တူသွားတယ်"

"ဟုတ်ရဲ့လားခင်ဗျာ"

"ငါ မမှန်တာမပြောဘူးကွယ့်၊ မင်းအသက် ဘယ်လောက်ရှိနေပြီလဲ"

"ကျွန်တော် အသက်နှစ်ဆယ်ရှိပါပြီ"

ဝမ်လျူ အဖွဲ့ချုပ်၏မျက်နှာသည် ချက်တရက် တည်ကြည်သွားလေ၏။

"မင်းဓားဆွဲနုတ်ပုံက အင်မတန်လျှင်မြန်တယ်၊ သိုင်းလောကထဲမှာ ကျော်ကြားနေတဲ့ အဖွဲ့ကြီးငါးဖွဲ့ရဲ့ ဓားထုတ်ပုံက မင်းဓားထုတ်ပုံနဲ့ လုံးဝမတူဘူး၊ ဒီတော့ မင်းရဲ့ဓားသိုင်းဟာ သိုင်းအဖွဲ့ကြီးငါးဖွဲ့ထဲက ဘယ်အဖွဲ့ကမှ ဆင်းသက်လာတာ မဟုတ်ဘူးဆိုတာ ထင်ရှားနေတယ်"

ဝမ်လျူ အဖွဲ့ချုပ်သည် ရုံကူလင်၏ချက်နှာကို စူးစိုက်ကြည့်လိုက်ပြီး....

"ဒီဓား သိုင်းပညာကို မင်း ဘယ်က သင်လာတာလဲ"

ရုံကူလင်မှာ မပြောလျှင် မဖြစ်တော့သဖြင့် မတတ်သာဘဲ ဖြေလိုက်ရသည်။

"ကျွန်တော် ဘယ်အဖွဲ့ထဲမှ မဝင်ခဲ့ဖူးပါဘူး ခင်ဗျာ၊ ကျွန်တော့် မေမေက ကျွန်တော့်ကို သင်ပေးခဲ့တာပါ"

ဝမ်လျူ အဖွဲ့ချုပ်၏မျက်နှာ၌ အံ့သြသည့်အရိပ်အယောင် တစ်ချက်သမ်းသွားသည်။

"အင်း....ဒါဆိုရင် မင်းရဲ့မေမေဟာ ထူးချွန်ပြောင်မြောက်တဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်မယ်ဆိုတာ ထင်ရှားနေပြီ"

ရုံကူလင်က ခေါင်းကို တွင်တွင်ခါယမ်းရင်း....

"မေမေ သိုင်းပညာတတ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် မေမေဟာ သိုင်းလောကသားထဲက မဟုတ်ပါဘူး"



"ဒါကို မင်းမသိလို့ ဖြစ်ပါလိမ့်မယ်"

"ဟင့်အင်း....သေချာပါတယ်၊ မေမေဟာ သိုင်းလောကထဲကို လုံးဝခြေမချခဲ့ရဘူး ခင်ဗျ"

"မင်း မေမေအနေနဲ့ သူတတ်ထားတဲ့ ဓားသိုင်းပညာကို ဘယ်ကတတ်လာတယ်ဆိုတာ မင်း သိမှာပေါ့နော်"

"ဟင့်အင်း....ဒါလဲ မသိရပါဘူးခင်ဗျာ၊ မေမေဟာ ကျွန်တော့် အပေါ် စည်းကမ်း အင်မတန်တင်းကျပ်ပါတယ်၊ ကျွန်တော်နဲ့ မေမေဟာ တစ်အိမ်တည်းမှာနေပေမယ့် မေမေနဲ့ အမြဲတမ်း စကားပြောခွင့် ရတာမဟုတ်ဘူး၊ အိမ်မှာလဲ မေမေ အစေခံအချိုးသမီးတစ်ယောက်ပဲ ရှိပါတယ် သူကပဲ အားလုံးကိစ္စဝိစ္စတွေကို ဆောင်ရွက်ပေးပါတယ်"

"မိခင်နဲ့သားဆက်ဆံရေးဟာ ဒီလောက်စိမ်းကားစရာ မရှိပါဘူးကွယ်၊ မင်းကိုယ်အိပ်ကို ဧည့်သည်တွေ ဘာတွေ မလာဘူးလား"

"ကျွန်တော် သိရသလောက်တော့ ဘယ်ဧည့်သည်မှမလာပါဘူး"

"ဒါလဲ မဟုတ်သေးဘူး၊ ဧည့်သည်လာတဲ့အခါ မင်းမသိအောင် ဖုံးထားတာမျိုးပဲဖြစ်မယ်"

ရုံကူလင်က သက်ပြင်းချလိုက်၏။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည် မဟုတ်ပါလော၊ မိမိတို့၏အိမ်တွင်းရေး အခြေအနေကို မိမိသာ အသိဆုံးဖြစ်ပေသည်၊ ထို့ကြောင့် သူသည် ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

"ဟင်း....အခုပြောတာတွေဟာ ကျွန်တော်နဲ့ ကျွန်တော့် မေမေ ဆက်ဆံရေးကိစ္စ အကုန်လုံးပါပဲ အခြား ကျွန်တော် ဘာမှမသိပါဘူး"

ဝမ်လျှံ အဖွဲ့ရှင်က စဉ်းစဉ်းစားစား ပြောသည်။

"သိပ်အံ့သြစရာကောင်းတယ်၊ မင်းဘဝရဲ့ ဇာတိဇာစ်မြစ်ကို အမေဖြစ်တဲ့လူက သားဖြစ်တဲ့လူကို ဘာမှပြောမပြဘူးဆိုတော့ အတော့်ကို အံ့သြစရာကောင်းတာပဲ"

ရှံကူလင်က ချက်ချင်းဖြေကြားသည်။

"ဒီလိုမဟုတ်ပါဘူးခင်ဗျာ၊ မေမေက အကြောင်းတစ်စုံတရာကြောင့် ကျွန်တော့်ကို ဒီအကြောင်းတွေကို ဖွင့်မပြောသေးဘဲ နေနေတာပါ၊ တစ်နေ့ကျရင် အကြောင်းအရာအားလုံးကို ဖွင့်ဟအသိပေးမယ်လို့တော့ ကတိပေးထားပါတယ်"

ဝမ်လျှံ အဖွဲ့ရှင်က....

"မင်းမေမေက ငါနဲ့ပတ်သက်စရာများ အကြောင်းရှိနေဦးမလား"

ရှံကူလင် အံ့သြသွားသည်။ ထိုစကားကို ဝမ်လျှံ အဖွဲ့ရှင်က အဘယ်ကြောင့်ပြောသည်ကို ရှံကူလင် နားမလည်ပေ။ ဝမ်လျှံ အဖွဲ့ရှင်နှင့် သူ၏မိခင်တို့၏ အဆက်အစပ်ကလည်း ဝေးလှပေတော့သည်။

"ဟာ....ဒါတော့ မဖြစ်နိုင်ပါဘူး"

"ဒီလိုအပြတ်ပြောလို့ မရသေးဘူးကွယ့်"



"ကျွန်တော့်မိသားစုအကြောင်းကတော့ ဒါအကုန်ပါပဲ၊ ကျွန်တော် မသိတာရှိရင်တော့ မပြောတတ်ဘူး၊ ကျွန်တော် ပြောတာတွေကတော့ ကျွန်တော်သိသမျှ အကုန်ပဲ"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်ရင်း....

"ကဲ....ဒါတွေ ထားပါဦးကွာ၊ တို့ရဲ့ လိုရင်းကိစ္စကို ပြောကြသေးတာပေါ့"

"ဟုတ်ကဲ့....ကောင်းပါတယ်ခင်ဗျာ၊ ကျွန်တော် မသိတဲ့ အကြောင်းတွေကို အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက မေးနေတော့ ကျွန်တော်လဲ ဦးနှောက်ခြောက်ပါတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ပြောချင်တဲ့ကိစ္စကိုသာ ပြောပါတော့"

"ငါ့ယောကျ်ားသေဆုံးတဲ့ ကိစ္စကို လူတော်တော်များများ မသိကြပါဘူး"

"ဗျာ... ဒီလောက်ကျော်ကြားတဲ့ ဆရာကြီးတစ်ယောက် ပျောက်ဆုံးသွားတာကို လူများများမသိဘူးဆိုတာ ဟုတ်နိုင်ပါ့မလားခင်ဗျာ"

"အမှန်ပဲ၊ တချို့က သူ ပျောက်ဆုံးနေတာဟာ တမင်သက်သက် ဇာတ်မြှုပ်နေတာလို့ ထင်နေကြတယ်၊ တချို့ကျတော့လဲ သေပြီလို့ ခန့်မှန်းကြတယ်၊ တိတိကျကျသိတဲ့လူဆိုလို့ သက်တစ်ဆုပ်စာလောက်ပဲ ရှိလိမ့်မယ်"

"ကျွန်တော်တစ်ခုမေးပါရစေ"

"မေး"

"သိုင်းသမားလူစွမ်းကောင်းကြီး တိန်ရိုလုံသေပြီဆိုတာကို အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကကော ဘယ်လို သိပါသလဲ"

"သူဟာ ငါနဲ့ ထိမ်းမြားပြီးလို့ ဆယ်ရက်လောက်ကတည်းက ထွက်သွားပေမယ့် ငါ့ကို ဇနီးတစ်ယောက်အဖြစ်တော့ သတိရပါသေးတယ်ကွယ်၊ ငါ့ဆီ လူလွှတ်ပြီး အကြောင်းကြားခိုင်းတာပေါ့"

"အဲဒီအချက်ကို ပြောချင်တာပဲခင်ဗျာ"

"ဘာ....ဘာအချက်လဲ"

"သူ့ရဲကောင်း တိန်ရိုလုံ သေတဲ့အကြောင်း အဲဒီလူဆီက သတင်းရတယ်၊ အဲဒီလူကပဲ တခြားလူတွေကိုသတင်းဖြန့်ပေးလိမ့်မယ်၊ ဒီတော့ သူ့ရဲကောင်း တိန်ရိုလုံ သေတဲ့အကြောင်း မသိတဲ့လူ ဘယ်ရှိနိုင်တော့မလဲခင်ဗျာ"

ဝင်လျှံအဖွဲ့ရှင်က ရယ်မောလိုက်၏။

"အဲဒီသတင်းပေးပို့တဲ့လူက ငါ့ဆီကို ဒီသတင်းအခမဲ့လာပို့တယ်လို့ မင်းထင်သလား"

"ခင်ဗျာ... သူက အခကြေးငွေယူပြီးသတင်းလာပို့တာပေါ့ ဟုတ်လား"

"အဖိုးအခဆိုတာတော့ မှန်တယ်၊ ဒီအဖိုးအခက ငွေကြေးတန်ဖိုးနဲ့စက်တဲ့ အဖိုးအခ မဟုတ်ဘူး၊ သိုင်းပညာနဲ့စက်တဲ့အဖိုးအခကွယ်"

"ခင်ဗျာ....ဒီစကားကို ကျွန်တော် နားမလည်ဘူး"



"ရှင်းပါတယ်၊ ငါ့ယောကျ်ားဟာ သူမသေခင် အဲဒီလူကို သိုင်းကွက်ဆယ့်သုံးကွက် သင်ပေးလိုက်ရတယ်၊ နောက်ပြီး အဲဒီ သတင်းပေးသူဟာ ငါ့အဖွဲ့ထဲမှာပဲ ရှိပါသေးတယ်၊ ငါ့ယောကျ်ားသေတဲ့ သတင်းကို တခြား ဖြန့်ချိရဲလောက်အောင်တော့ သတ္တိမရှိသေးဘူးလို့ ငါထင်တယ်"

"ဪ...ဒါဆိုရင်တော့ ဖြစ်နိုင်ပါတယ်ခင်ဗျာ၊ သူ့ရဲကောင်း တိန်ရိုလုံရဲ့အဖြစ်အပျက်ကို ပြောပြနိုင်မယ်ဆိုရင်တော့ နားထောင်လိုပါတယ်"

"ငါ့ယောကျ်ားသေပြီဆိုတဲ့သတင်း ကြားကြားချင်း ငါ အပြေးအလွှားသွားတာပဲ၊ ဒါပေမယ့် အခါနှောင်းသွားခဲ့တယ်၊ ငါ့ယောကျ်ားမျက်နှာကို လုံးဝ မြင်ခွင့်မရလိုက်ပါဘူးကွယ်"

"ကျွတ်....ကျွတ်... ကျွတ်၊ဘယ်သူသတ်သွားတယ်ဆိုတာတော့ ဆက်လက်ဖုံးဖိမ်းမှာပေါ့နော်၊ သူ့ရဲကောင်း ထိန်ရိုလုံကရော သဲလွန်စအချက်အလက်တွေ ထားမပစ်ခဲ့ဘူးလား"

"ငါ့ယောကျ်ားဟာ သူ့ကို ဘယ်သူသတ်သွားတယ်ဆိုတဲ့ အကြောင်း လုံးဝ မပြောခဲ့ဘူး၊ ဒီလို မပြောခဲ့တာ အကြောင်းနှစ်ချက် ရှိမယ်လို့ ငါထင်တယ်၊ငါ့စိတ်ထင်သိုပါတော့ကွယ်"

"ပြောပါခင်ဗျာ၊ ကျွန်တော် ကြားချင်ပါတယ်"

"ပထမအချက်ကတော့ သူ့ကိုသတ်သွားတဲ့ ရန်သူဟာ သူ့ထက် အတော်ကလေးအင်အားကြီးမားပုံရတယ်၊ ငါ့ကို အသိပေးရင် ငါက လိုက်ပြီးလက်တုံ့ပြန်မယ်၊ ဒီအခါမှာ

ငါ့ပါ သူ သွားတဲ့နောက်ကို လိုက်ရလိမ့်မယ်လို့သူထင်ထားပုံရတယ်"

"ဒုတိယအချက်ကကော ခင်ဗျာ"

"ဒုတိယအချက်ကတော့ သူဟာ သူ့ကိုယ် သူ အင်မတန်ယုံကြည်စိတ်ချလို့ဖြစ်လိမ့်မယ်၊ သူဒဏ်ရာအပြင်းအထန်ရနေပေမယ့် ရန်သူကို ပြန်ပြီးလက်တုံ့ပြန်နိုင်ဦးမယ်လို့ထင်နေပုံရတယ်"

"အခုပုံအတိုင်းဆိုရင် သူ့ရဲ့ကောင်းတိန်ရီလုံဟာ အထင်နဲ့ အမြင် လွဲသွားပြီလို့ ဆိုရမှာပေါ့နော်"

"သူ့ အထင်ကတော့လွဲသွားပုံပါပဲ၊ ဒါပေမယ့် ငါက တော့ ရန်သူ့နောက်ကို အခုအထိ ခြေရာခံနေတုန်းပါပဲ၊ သဲလွန်စလဲ ရသင့်သလောက်ရနေပါပြီ"

"ကျွန်တော့် အထင်အဖွဲ့ခေါင်းဆောင်ချုပ်ကြီး အနေနဲ့ သူ့ရဲ့ကောင်း တိန်ရီလုံကို သတ်တဲ့တရားခံဟာ နီဂူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးဖြစ်နေလိမ့်မယ်လို့ခန့်မှန်းထားတယ်နဲ့ တူတယ်"

ဝမ်လျှံ့အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"မှန်တယ်၊ ဒါပေမယ့် ဘာသက်သေအထောက်အထားမှတော့ မရသေးပါဘူး"

ရှံကူလင်က သဘောပေါက်သွားဟန်နှင့်ပြော၏။

"ကျွန်တော်သိပြီ၊ ကျွန်တော့်ကိုသူ့ရဲ့ကောင်း တိန်ရီလုံ အစား ဟန်ဆောင်ခိုင်းတာဟာ ဒီအမှုကိုပါအောင် တမင်



ထောင်ချောက်ဆင်လိုက်တဲ့ သဘောပေါ့၊ ဟုတ်ရဲ့လား ခင်ဗျာ"

ဝမ်လျှံ့အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်၊ မင်းအနေနဲ့ နီဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို တွေ့ပြီးပြီ ဘယ်လိုသဘောရသလဲ"

"အင်မတန် ရက်စက်တဲ့လူပါပဲ၊ အဲ....မိန်းမပါပဲဗျာ၊ ကျွန်တော့် စိတ်ထဲမှာ သူ့ကို မြင်းမျက်နှာရှိတဲ့အရုပ်ဆိုးဆိုး အဘိုးကြီးလို့ထင်မိခဲ့ပါတယ်၊ အသံကလဲတကယ့် ယောကျ်ားကြီး အသံကိုးဗျ၊ နောက်ပိုင်း ဝမ်လျှံ့အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့တွေ့တော့မှပဲ မိန်းမမှန်း သိရတော့တယ်၊ အဲဒီမိန်းမဟာ ဉာဏ်ရည်အင်မတန်ကောင်းတာတော့ အမှန်ပဲ ခင်ဗျ"

ဝမ်လျှံ့အဖွဲ့ရှင်က ခေါင်းညိတ်ပြသည်။

"ငါပြောချင်တာလဲဒါပါပဲ၊ သူဟာ ဉာဏ်ရည်ကောင်းတယ်၊ စကားပြောကောင်းတဲ့သူနဲ့ မင်း ရင်ဆိုင်တွေ့တဲ့အခါမှာ သူက မင်းကို လုပ်ဇာတ်တစ်ခု ခင်းပြနိုင်တယ်၊ သူ့ စကားကို မင်းမယုံဘူးလို့ ဘယ်သူမှ အာမ မခံနိုင်ဘူး"

"ဟုတ်ကဲ့၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအနေနဲ့ ဘယ်လို ဆောင်ရွက်ပေးချင်ပါသလဲခင်ဗျာ၊ လိုချင်တဲ့အချက်ကိုသာ ပြောပါ၊ အဲဒီအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

"အေး....ဒီလိုအာမခံတဲ့စကား ကြားရလို့ အင်မတန်ပဲ ဝမ်းသာပါတယ်"

"ထင်ရတော့ရှိပါတယ် ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးလိုချင်တဲ့ ပုံစံကို ဆောင်ရွက်ပေးတဲ့နေရာမှာ အမှားအယွင်းမရှိဖို့ ခြေချော်လက်ချော်မဖြစ်ဖို့ ခြုံပြောရရင်တော့ အားလုံး ပိပိရိရိရှိဖို့ လိုအင်တာယ်ပေါ့ ခင်ဗျာ၊ သူရဲကောင်းတိန်ရီလုံရဲ့အကြောင်း သိသင့်သိထိုက်သမျှသိထားရင် ကျွန်တော့်အတွက် အတော်ကလေးတန်ဖိုးရှိပါလိမ့်မယ်"

ဝမ်လျှံအဖွဲ့ရှင်သည် လွန်လေခဲ့သော အတိတ်ကို လှမ်းခွဲတ် ဆွေးမြည့်သွားဟန်ဖြင့် ငေးမောသွားသည်။

အတန်ကြာမှ...

"ငါ့သေကျွား တိန်ရီလုံဟာ ရုပ်ရည်ချောမောသလို အလှအပကိုလဲ အင်မတန်မက်မောပါတယ်၊ သူ့ကိုလဲ မိန်းမတိုင်းလိုလိုကနှုတ်ဆက်ကြတယ်၊ သူဟာ စကားနည်းတယ်၊ ဒါပေမယ့် ပြောလိုက်တဲ့ စကားလုံး နည်းနည်းကလေးဟာ မိန်းမတွေရဲ့ အာရုံနှလုံးကို ဆွဲကိုင်လှုပ်ရှားနိုင်စွမ်းရှိတယ်၊ သူ့လေသံက နူးညံ့ပျော့ပျောင်းပေမယ့် တစ်ဖက်လူငြင်းဆန်ခြင်းမပြုနိုင်စေလောက်တဲ့ သြဇာရှိပါတယ်"

"ဟင်း....ဒီလိုဆိုရင် သူရဲကောင်းကြီးတိန်ရီလုံဟာ ကျော်ကြားသလောက် ထူးခြားမှုရှိတယ်လို့ ပြောရမှာပေါ့နော်၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ ဆက်ဆံတဲ့အခါမှာလဲဒီအတိုင်းပါပဲလား ခင်ဗျာ"

"ဒီအတိုင်းပါပဲ၊ သူက အင်မတန် စကားနည်းတယ်၊ ဒါပေမယ့် သူ့အပြုံးက အင်မတန်အသက်ပါတယ်၊ သူ



တစ်ချက်ပြုံးလိုက်ရင် စကားအခွန်း လေးငါးဆယ် ပြောတာလောက် အရာရောက်ပါတယ်၊ သူ့အပြုံးကို ကြည့်ပြီး သူဟာ ငါ့ကို တကယ်ပဲ စွဲစွဲလမ်းလမ်း ချစ်ခင်တဲ့လူ ဖြစ်တယ်လို့ ငါယူဆခဲ့ပါတယ်"

"ဒါဖြင့် သူ့အပြုံးဟာ တကယ်ပဲ ထူးခြားနေတယ်ပေါ့"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်၏။

"တကယ်ပဲကွယ်၊ သူ့လိုအပြုံးနဲ့စကားပြောတတ်မယ့်သူ ဒီလောကထဲမှာ ရှိမှာမဟုတ်ဘူး၊ အဲဒီ အပြုံးလေးတွေကြောင့်ပဲ မိန်းမတွေ သူ့ကို အရူးအမူးဖြစ်ခဲ့ရတာပေါ့ကွယ်၊ သူ့အပြုံးကို ဘာသာစကားတစ်ခုလို့ ဆိုနိုင်ပါတယ်"

ရုံကူလင်က စဉ်းစဉ်းစားစားဖြင့်ခေါင်းညိတ်၏။

"အင်း....သူက ဒီအပြုံးလေးတွေနဲ့ မိန်းမတွေကြားမှာ တာစားသွားတာပေါ့နော်၊ စကားပြောတာထက် အပြုံးတစ်ချက်ပြုံးပြလိုက်တာက ပိုသာလဲ ပြောရမကျဘူးပေါ့"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"အေးပေါ့၊ ဒါကြောင့်ပဲ သူဟာ ငါနဲ့လက်ထပ်ပြီး ငါ့နားမှာ ဆယ်ရက်လောက်ပဲ နေခဲ့တာပဲပေါ့၊ ငါ့အစား သူ့ကို ပြုစုမယ့်မိန်းမတွေက သူ့အဖို့ ဒုနဲ့ဒေးမဟုတ်လား"

ရုံကူလင်က....

"ဒီလို ပြုံးတတ်တဲ့ အကျင့်ဟာလဲ မှတ်သားစရာပဲပေါ့လေ"

ဝမ်လျှံအဖွဲ့ရှင်က အရေးတကြီးပြောလေ၏။

''ဘယ့်နှယ် ပြောပါလိမ့်ကွယ်၊ ဒီအပြုံးဟာ အင်မတန် အရေးကြီးတဲ့ အပြုံးပေါ့''

''ဘာဖြစ်လို့လဲခင်ဗျာ၊ သိပ် အရေးကြီးလို့လား''

''သိပ် အရေးကြီးတာပေါ့၊ မင်းဟာ သူနဲ့ ရုပ်ရည်ချင်း တော့ တူသွားပြီ၊ ဒါပေမယ့် ဒီအပြုံးကို မပြုံးနိုင်ရင် မင်း အပေါ် ငှက်ကြည်အဖွဲ့ ခေါင်းဆောင်ချုပ်က သံသယရှိသွား လိမ့်မယ်''

ရုံကူလင် စိတ်ညစ်သွားလေ၏။

''ဒါကတော့ ကမ္ဘာ့သကာပေါ့ဗျာ၊ ကျွန်တော်လဲ သူ့လို ဘယ်ပြုံးတတ်ပါ့မလဲ''

ဝမ်လျှ အဖွဲ့ရှင်က ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက် လေ၏။

''ဒီလိုတော့လဲ ဘယ်ဟုတ်ပါ့မလဲကွယ်၊ ဒီတစ်ညလုံး မင်းကို လေ့ကျင့်ပေးရမှာပေါ့''

သူမသည် လက်ခုပ်တစ်ချက်တီး၍ အော်ဟစ်အမိန့်ပေး လိုက်လေ၏။

''မှန်ယူလာခဲ့စမ်းဟေ့''

ဝမ်လျှ အဖွဲ့ရှင်သည် ထိုတစ်ညလုံးရုံကူလင်အား တိန်ရီလို မည်သို့ပြုံးတတ်ပုံနှင့် မည်သို့ ပြောဆိုတတ်ပုံကို သင်ကြား ပြသပေးသည်။ တိုးတက်မှုလည်း ရှိပေသည်။



ဝမ်လျှ အဖွဲ့ရှင်သည် ရုံကူလင်အား ဆွေးရိပ်လွှမ်းသော မျက်လုံးများဖြင့် မှိုဝေစွာကြည့်နေသည်။ ရုံကူလင်၏ ဟန်ပန် အမူအရာမှာ တိန်ရီလုံးနှင့် အလွန်တရာတူနေသဖြင့် သူမ၏ သေဆုံးခဲ့လေပြီးသော ယောကျ်ားကို ပြန်လည်သတိရဟန် တူနေပေသည်။

ရုံကူလင်သည် ဝမ်လျှ အဖွဲ့ရှင်သင်ပေးသမျှကို စိတ်ရှည် လက်ရှည် လေ့လာလိုက်သဖြင့် အတော်ကလေးစိတ်ပင်ပန်း သွားသည်။

ဝမ်လျှ အဖွဲ့ရှင်သည် နူးညံ့ပျော့ပျောင်းသော လက်ဖြင့် ရုံကူလင်၏ပခုံးပေါ်သို့ အသာအယာတင်လိုက်သည်။

''မင်းအများကြီး ကြိုးစားပါဘယ်၊ ဒါကြောင့်မို့ နက်ဖြန်တွေ့ဆုံမယ့်ပွဲဟာ အောင်မြင်မှာ သေချာပါတယ်၊ ဒီပွဲဟာ အင်မတန် အရေးကြီးပါတယ်၊ ငါတို့အတွက်သာ မကဘူး၊ သိုင်းလောကကြီး တစ်ခုလုံးအတွက်လဲ သေရေး ရှင်ရေးလို အရေးကြီးပါတယ်၊ အခုတော့ မင်းလဲ အတော် ပင်ပန်းသွားပြီ၊ ကောင်းကောင်းအနားယူပေတော့''

''ဟုတ်ကဲ့...အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့ စိတ်ကျေနပ် တယ်ဆိုရင် ပြီးတာပါပဲဗျာ''

ဝမ်လျှ အဖွဲ့ရှင်က သက်ပြင်းချရင်း....

''ဟင်း...မင်းကိုသာ ငှက်ကြည် အဖွဲ့ ခေါင်းဆောင်ချုပ် တွေ့ရင် ပါးစပ်အဟောင်းသားဖြစ်သွားမှာ သေချာပါတယ်၊

ဘာဖြစ်လို့လဲဆိုတော့မင်းကိုတွေ့ကာစကငါ့ယောကျ်ားများ အသက်ပြန်ရှင်လာသလားလို့ အထိတ်တလန့်နဲ့ အောက်မေ့မိခဲ့တယ်၊ မင်းရုပ်ရည်က ငယ်ရွယ်နုပျိုနေတော့ ဘယ်နည်းနဲ့မှ ငါ့ယောကျ်ားမဟုတ်နိုင်ဘူးလို့ တွက်မိလို့သာ ငါ့အံ့သြမှုကို ဖြေဖျောက်ခဲ့ရတယ်''

''ဟုတ်ကဲ့....ကျွန်တော်လဲ ဒီနေလာက် ခိုင်ခိုင်မာမာပြောနေလို့သာ ယုံရတာပါ၊ လူတစ်ယောက်နဲ့ တစ်ယောက် အရုပ်တူညီနေသိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိပါဘူး''

''အေးလေ....အခုတော့ မင်း ယုံပြီမဟုတ်လား၊ ဒီဂူကြည် အဖွဲ့ဆိုတာ သိုင်းလောကကို တကယ်ဒုက္ခပေးမယ့်အဖွဲ့ဆိုတာ မင်းလဲ တချို့တစ်ဝက်တော့ တွေ့ကြုံပြီးနေလို့ ငါ့ထပ်မပြောလိုတော့ဘူး၊ ဒီတစ်ကြိမ်ကူညီပြီးတဲ့နောက် နောက်တစ်ကြိမ်လဲ ကူညီပါဦးလို့ မေတ္တာရပ်ခံပါတယ်ကွယ်''

ရှုံကူလင် အံ့သြသွားသည်၊

''ဗျာ....ဘာတွေများ ဖြေရှင်းစရာတွေ ကျန်နေသေးလို့လဲခင်ဗျာ''

''နောလာသောအခါတော့ မပြောနိုင်သေးဘူး၊ ပြောလို့လဲ မဖြစ်သေးဘူးလို့ ဆိုပါတော့''

''ဘာအကြောင်းတွေ ရှိလို့လဲခင်ဗျာ''

''အိုကွယ်...ဒါတွေကို မင်းမကြာခင် သိလာမှာပါ''



ဝမ်လျှံ အဖွဲ့ရှင်သည့် ရှုံကူလင်အား အားပေးနှစ်သိမ့်သောအပြုံးကို ပြုံးပြလျက် အခန်းထဲမှ ထွက်ခွာသွားလေတော့၏။

စာစဉ် - ၅ ပြီး၏။

(စာစဉ် - ၆ ဆက်လက်ဖတ်ရှုပါရန်)